


# ရှေးရှေးတုန်းက
# ကိုကြက်ပွင့်တွေ...

စိယ် မြင့်

www.facebook.com/NyisayEbookCreator

www.nyisay.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - အောက်တိုဘာလ၊ ၂၀၁၅ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၅၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်(၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်(၀၀၄၁၁)
အမှတ် (၁၄၇)၊ (၅၁) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း - နေမျိုးဆေး
တန်ဖိုး - ၂၈၀၀ ကျပ်

၈၉၅.၈၃
စံပယ်ဖြူနု
ရှေးရှေးတုန်းက ကံ့ကော်ပွင့်တွေ / စံပယ်ဖြူနု။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်။
စာမျက်နှာ-၂၂၀၊ ၁၃×၂၀ စင်တီမီတာ။
(၁) ရှေးရှေးတုန်းက ကံ့ကော်ပွင့်တွေ

www.nyisay.com

# ရှေးရှေးတုန်းက ကံ့ကော်ပွင့်တွေ . . .

## ခံ့ပယ်ဖြူနု

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၀ ၊ ၀၉ ၂၅၉၂၉၁၈၃၇ ၊ ၀၉ ၇၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

www.nyisay.com

# ဖတ်သူသို့ တစ်ဆောင်

၂၀၁၅ နှစ်ဦးပိုင်းက ထင်ပါတယ်။

ပင်ကိုက ဘာသာစကားအပေါ် စိတ်မညွတ်လို့ အင်္ဂလိပ်လို ရေးသားထုတ်ဝေတဲ့ ဝတ္ထုတို၊ ဝတ္ထုရှည်တွေကို မူရင်းအတိုင်း ဖတ်ရမှာ ပျင်းရိ ရှောင်ပြေးလေ့ရှိတဲ့ ကျွန်မဆီ ဝတ္ထုတိုပေါင်းချုပ်တစ်အုပ် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပါတယ်။ Jhumpa Lahiri ရဲ့ Unaccustomed Earth ပါ။ အစ်မ မေမေကြည်က ယူလာပေးတာပါ။ ဖတ်ဖြစ်အောင် ဖတ်ပါ၊ ဖတ်သင့်တယ်လို့လည်း ကျွန်မကို တိုက်တွန်းပါတယ်။ 'သိပ်အံ့သြစရာကောင်းတဲ့ အမျိုးသမီး၊ လူ့ဘဝရဲ့ ဟာလာဟင်းလင်းဖြစ်မှုကို တကယ့် အသေးစိတ် အသေးစိတ် ရေးပြတာများ သိပ်လှတယ်' လို့ Jhumpa Lahiri ကို ညွှန်းတတ်တယ်။ စာရေးတာကို တစိုက်မတ်မတ် လုပ်မယ်ဆို ရပ်နေလို့ မဖြစ်ဘူးလို့ ကျွန်မကို အမြဲ ပြောလေ့ရှိသူ၊ စေတနာစိတ်လည်း ရှိသူမို့ စာအုပ်ကိုယူထားလိုက်ပါတယ်။ ဒါပေမဲ့ တောင်လှည့် မြောက်လှည့်နဲ့ တော်တော်ကြာကြာ မဖတ်မိပါဘူး။

တွေ့တိုင်းလည်း 'ဖတ်ပြီးပြီလား' မေးတဲ့အခါ ကျွန်မက 'ဟင့်အင်း' ပေါ့။ 'ဖတ်စေချင်တယ်၊ မြန်မြန်ကို ဖတ်စေချင်တယ်'လို့ပဲ အစ်မက ပြောမြဲလို ပြောတာပဲ။ ဖတ်ပါမယ် ကတိခံတယ်။ မဖတ်ဖြစ်ပြန်ဘူး။

ဟော…'ခေတ်ရယ် အချစ်ရယ်'ကို တည်းဖြတ်ပြီးတဲ့အခါ၊ ထုတ်ဝေသူ မမဝိုင်းလက် အပ်ပြီးတဲ့အခါကျတော့ ကျွန်မမှာ အားလပ်ချိန်တွေ ရှိလာပြီ။ စာဖတ်မှပဲလို့ စိတ်တစ်ကျော့လည်တယ်။ Unaccustomed Earth ကို ကောက်ကိုင်တယ်။ တကယ့်တကယ် ဖတ်လည်းဖတ်မိရော ကိုယ် ထိတ်တဲ့

www.nyisay.com



ဘာသာစကား တည်ဆောက်ပုံတွေတောင် မေ့လို့ ဇာတ်ကောင်တွေရဲ့သက်ဝင်မှု နောက်ကို မျောပါတော့တာပါပဲ။ လှလိုက်တဲ့ အနုပညာ။ ဒီအမျိုးသမီးဟာ စာရေးဖို့ရာ လူဖြစ်လာသလိုပဲ၊ ရေးတတ်လိုက်တာလို့ တွေးရတယ်။

ပထမဆုံးအကြိမ်အနေနဲ့ မူရင်း စာအုပ်တစ်အုပ်ကုန်အောင် ဖွဲ့ရှိရှိ ဖတ်လာလိုက်တာ တစ်ပုဒ်ပြီး တစ်ပုဒ် ကျွန်မစိတ်မှာ ငြိတယ်။ အထိနိုက်ဆုံး တစ်ပုဒ်ကတော့ Hell-Heaven အမည်ရတဲ့ ဝတ္ထုတိုပါပဲ။ ဇာတ်ကြောင်း ပြောသူက သမီးလေး။ သူ ပြောပြသွားတဲ့ ဇာတ်ကြောင်းတစ်လျှောက်မှာ အဓိက ဇာတ်ကောင်ဖြစ်တဲ့ သူ့မိခင်ဟာ ကြွေနေတယ်။ ချစ်ခြင်းမေတ္တာဟာ မျက်စိလည် လမ်းမှားတတ်တဲ့ ခံစားချက်တစ်မျိုးလား။ ဇနီးမယားတစ်ယောက် ဟာ တာဝန်ဝတ္တရားတွေရဲ့အပြင် ချစ်ခြင်းမေတ္တာကို၊ ကြင်နာမှုကို ရယူပိုင်ဆိုင် ခွင့် မရှိပေဘူးလား။ ထွက်ပေါက်မရှိတဲ့ နေ့ရက်တွေဟာ လူတစ်ယောက်ကို ဘယ်လောက်တောင် ပိတ်လှောင်စေမလဲ။ ချစ်ခြင်းတစ်စတောင် သူ့ကမ္ဘာမှာ မရှိခဲ့ဘူးဆိုရင်လေ။ ဒီလိုနဲ့ စာဖတ်သူ ကျွန်မမှာ ဇာတ်ကောင်မိခင် မွန်းကျပ် တဲ့အခါ လိုက်ပါမွန်းကျပ်၊ သူ လှုပ်ခတ်တဲ့အခါ လိုက်ပါလှုပ်ခတ်လို့ တရိပ်ရိပ် မျောပါလာလိုက်တာ အဆုံးသတ်မှာတော့ ဟာခနဲ။

အဲဒီခံစားမှုဟာ ရက်ပေါင်း တော်တော်ကြာတဲ့အထိ ပျောက်မသွား ဘူး။ စိတ်ထဲ ရှိရာ ဇာတ်လမ်းတွေ၊ သဘောကျမိတဲ့ ဇာတ်လမ်းတွေဆို မမဝိုင်း ကို ပြန်ပြန်ပြောနေကျမို့ ဒီဇာတ်လမ်းလေးကိုလည်း ပြောပြမိပါတယ်။ သမားရိုးကျ ဟုတ်မနေတဲ့ ဇာတ်ကြောင်းတစ်ခုမို့ အစ်မက 'ဘာသာပြန်ပါလား' လို့ ဆိုတယ်။ ဘာသာပြန်ဖို့ဆိုရင် ကျွန်မ လုပ်နိုင်မယ် မဟုတ်ဘူး။ ကျွန်မက ဘာသာစကား အဲဒီလောက် အားကောင်းတဲ့သူ မဟုတ်။ ပြီးတော့ သူ့အနုပညာကို ပြန်ဆိုနိုင် ဖို့ရာ ခက်မယ်။ ဒီလိုပဲ တွေးတယ်။ အစ်မက ထပ်ပြောတယ်၊ 'မိုးပါ' တဲ့။ ကျွန်မ ခေါင်းခါရပြန်တယ်။ သူ့ပတ်ဝန်းကျင်နဲ့ ကိုယ့်ပတ်ဝန်းကျင် မတူညီရာ ကို ဆက်စပ်ဖန်တီးဖို့ရာ တတ်နိုင်မှာ မဟုတ်ဘူး။

နောက်ဆုံးတော့ ဒီဝတ္ထု ဖတ်ပြီးတဲ့နောက်ပိုင်း ကျန်ခဲ့တဲ့ အတွေးတစ်စ နဲ့ပဲ၊ ရေးချင်စိတ်ပေါ်လာတဲ့ ပုံစံမျိုးကိုပဲ ကိုယ့်ဇာတ်ကောင်တွေနဲ့သာ လွတ်လွတ် လပ်လပ် ရေးဖို့ ဆုံးဖြတ်လိုက်တယ်။ Hell-Heaven ကလို သမီးလေးကနေပဲ တစ်ဆင့်ချင်း ပြောပြသွားတဲ့ ခင်းကျင်းပုံကို ယူတယ်။ Hell-Heaven မှာ မထင်မရှားလောက်သာလို့ ဆိုရမယ့် ဇာတ်ပုံလေးတစ်ပုံကို အဓိကနေရာဆီ

www.nyisay.com



ဆွဲယူတယ်။ ကျွန်တာကတော့ ဖတ်ခဲ့ဖူးသမျှ တတ်နိုင်သလောက် မေ့ထားပြီး ဒီဝတ္ထုကို ဖန်တီးခဲ့ပါတယ်။

ဇာတ်ကောင်တွေကို စိတ်ထဲမှာတင် အဖန်ဖန် အသက်သွင်း ချခင်း နေတုန်း ကျွန်မ စိတ်ကို ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်က ညို့နေကျလို ညို့တယ်။ အခါခါ ရောက်မြဲရောက်တယ်။ ဒီလမ်းကလေးမှာ သူတို့ လျှောက်ခဲ့မှာပဲ၊ ဒီပတ်ဝန်းကျင်မှာတော့ သူတို့ ကျင်လည်ခဲ့မှာပဲ စသဖြင့် ဇာတ်ကောင်တွေကို ပုံဖော်မြင်ယောင်တယ်။ ကျောင်းဝင်းထဲ တစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေခဲ့တဲ့ နေ့ရက်တချို့ ရှိဖူးတယ်။ ဇာတ်ကောင်ကို ထားဖို့ရာ စိတ်ကြိုက်အိမ်လေးတစ်အိမ် ရှာတွေ့တဲ့အခါ အိမ်ရှင်ကို ခွင့်တောင်းပြီး ခြံထဲက မြက်ပင်ပါမချန် လိုက်ကြည့်တယ်။ ကြည့်ခွင့်ရခဲ့တဲ့အတွက်လည်း ကျေးဇူးစကား ဆိုရတယ်။ အိမ်ကို ရောက်ခါမှပဲ ဇာတ်ကောင် 'လင်း'ဟာ ကျွန်မရှေ့မှာ ခုန်ပေါက် ပြေးလွှားနေတော့သလိုပဲ။ ရပြီ၊ စရေးတော့မယ်လို့ အဲဒီအိမ်ကလေးဆီက အပြန်မှာပဲ မမဝိုင်းကို ပြောခဲ့တယ်။

ဝတ္ထုရေးတော့ ကျွန်မက ပဲခူးမြို့နယ်၊ ကျောက်တန်းရွာက ပန်းပျိုးလက် တောစခန်းမှာ။ ပန်းပျိုးလက် ဆရာတော် အရှင်ပညောဘာသနဲ့ ပရဟိတ အဖွဲ့သားများရဲ့ စေတနာရိပ်မှာ၊ သစ်ပင်သစ်တော စိမ်းစိမ်းမြမြ ရှိရာ ဝန်းကျင်မှာပဲ ခေါင်းစဉ် အတိအကျ မပေးရသေးတဲ့ဝတ္ထုရှည်ကို ကျွန်မ စရေးခဲ့ပါတယ်။

ဒီဝတ္ထု ရေးနေစဉ် တစ်လျှောက်လုံးမှာ ကျွန်မအပေါ် လွှမ်းမိုးမှု အရှိဆုံးကတော့ ထူးအိမ်သင်ရဲ့ 'နွေဦးကံ့ကော်' သီချင်းပါပဲ။ လိုချင်တဲ့ စိတ်ခံစားမှုမျိုး မရမချင်း ဒီသီချင်းတစ်ပုဒ်တည်းကို အဖန်တလဲလဲ နားထောင်ခဲ့တယ်။ ကျွန်မ စိတ်မှာ ကံ့ကော်ရနံ့ကို ရတယ်။ လင်းကို ရင်းနှီးရတယ်။ လင်းရဲ့ မေမေဟာ ကျွန်မ စိတ်နှလုံးမှာ ခိုနေတယ်။ သူတို့ ပျော်ရွှင်မှုဟာ ကျွန်မ ပျော်ရွှင်မှုပဲ။ သူတို့ နာကျင်မှုဟာ ကျွန်မ နာကျင်မှုပဲ။ အသွေးစုံတဲ့ ခံစားမှု စုတ်ချက်ဟာ စာလုံးတွေအဖြစ် ပြောင်းခဲ့ပါတော့တယ်။

ဝတ္ထုကို အဆုံးသတ်တော့ ဇူလိုင် ၂၂။ စာရေးတဲ့ တစ်လျှောက်လုံး ကျွန်မကို စိုးမိုးခဲ့တဲ့ ကံ့ကော်ကို အစွဲပြုပြီး 'ရှေးရှေးတုန်းက ကံ့ကော်ပွင့်တွေ'လို့ အမည်ပေးတယ်။ ရင်က မွေးတဲ့ သားသမီးတိုင်း လုတယ်ထင်တဲ့ မိဘလိုပဲ ကိုယ့်ဘာသာတော့ တစိမ့်စိမ့် ကျေနပ်ရတာပါပဲ။ ဖတ်သူဘက်မှာတော့ လင်း

www.nyisay.com



ကို ဘယ်လို မြင်ရမလဲ၊ လင်းရဲ့ မေမေကို ဘယ်လို တွေ့ရလေမလဲ။ မြင်ခွင့် တံခါးက ဖတ်သူ့လက်မှာပါ။

မူလကတော့ ဒီဝတ္ထုမှာ အမှာစာ မပါပါဘူး။ *Jhumpa Lahiri ၏ "Hell-Heaven" ဝတ္ထုတို့မှ ရရှိသော စိတ်ကူးကွန့်မြူးမှုဖြင့် ဤဝတ္ထုကို ဖန်တီးပါသည်* လို့သာ ဝန်ခံချက် ထည့်ထားတာပါ။ ပထမအကြိမ် တည်းဖြတ်ပြီးတဲ့ စာမူကို အကြမ်းဖတ်တဲ့အခါ ဆရာဦးဝင်းငြိမ်းက 'စိတ်ကူး ကွန့်မြူးမှုဖြင့်' ဆိုတဲ့ စကားလုံးအစား *inspiration* လို့သာ သုံးဖို့ အကြံပေးပါတယ်။ ဝန်ခံချက်ကို ချောအောင် ကျွန်မ ပြင်ရေးလိုက်ပြန်ပါတယ်။ အမှာစာ ဆိုတာ ခေါင်းထဲ ရေးရေးရိပ်ရိပ်တောင် မရှိသေးပါဘူး။


ဝတ္ထုရှည်ကို ဒုတိယအကြိမ် တည်းဖြတ်မှု ပြီးတဲ့အခါမှာတော့ မမဖိုင်းက ဒီတစ်အုပ်တော့ အမှာစာရေးပါတဲ့။ ဝန်ခံချက်အစား အမှာစာ ရေးပါတဲ့။ ဘယ်လို ရေးဖြစ်တယ် ဆိုတာတော့ ပြောပြဖို့လိုမယ် ထင်တယ်တဲ့။

ဘုရား…ဘုရား။ အမှာစာ ဘယ်လို ရေးရမှာပါလိမ့်။ မရေးတတ်ဘဲ ရေးလိုက်တဲ့အခါ ရယ်စရာများ ဖြစ်နေမလား။ ဝတ္ထုသာ တစ်ပုဒ် ဆုံးအောင် ရေးဆို ရေးလိုက်ချင်ပါရဲ့၊ အမှာစာ သုံး၊ လေး မျက်နှာတော့ မရေးချင်ဘူးရယ်။ တစ်ပတ်လောက် နေ့ရေးမလို၊ ညရေးမလို အချိန်ဆွဲပြီးတဲ့ နောက်မှာတော့ အမှာစာလို့ အားနာပါးနာ အမည်တပ်ရမယ့် 'ဖတ်သူသို့ စာတစ်စောင်' ကျွန်မ ရေးခဲ့ပါပြီ။

'ရှေးရှေးတုန်းက ကံ့ကော်ပွင့်တွေ'ဟာ ကျွန်မရဲ့ ဝတ္ထုရှည်ခရီးမှာ တတိယမြောက် ခြေလှမ်းပါ။ စိတ်ကူး စုတ်ချက် ကျရာကို လွှင့်ပါ ရေးခြယ်ထားတဲ့ ပန်းချီကားတစ်ချပ်ပါ။

ဒီပန်းချီကားကနေ ကံ့ကော်ရနံ့ တစ်စွန်းတစ်စ ရလိုက်တယ်ဆိုရင်ပဲ ဝမ်းမြောက်လှပါပြီ။

ချစ်ခင်စွာ



စံပယ်ဖြူနု

၃၀·၉·၂၀၁၅

www.nyisay.com

တွေ့လိမ့်မည် မျှော်လင့်မထားသော အချိန်၊ မျှော်လင့်မထားသော နေရာတွင်မှ ဦးဦးကို လင်း ပြန်တွေ့ရသည်။

သြော်…'ဦးဦးကို ပြန်တွေ့သည်'ဟု သုံးရန် မသင့်၊ ဦးဦး မဟုတ်၊ ဦးဦးနှင့် ပတ်သက်ဆက်နွယ်သော တစ်စုံတစ်ရာဟု သုံးနှုန်းမှ မှန်ပေမည်။ လင်းသည် ဦးဦးနှင့် ဆုံရခြင်း မဟုတ်။ ဦးဦး၏ အရိပ်ကိုသာ ဆုံရခြင်း။

ထိုနေ့က ပုံမှန်မဟုတ်ပါဘဲ တနင်္ဂနွေလိုနေ့မျိုးတွင် လင်းတစ်ယောက် ပြခန်းသို့ ရောက်နေရသည်။ စင်စစ် တနင်္ဂနွေသည် အနုပညာပြခန်းတာဝန်ခံ လင်း၏ အားလပ်ရက်။ တနင်္လာတွင် စတင်မည့် ပြပွဲရှိစေကာမူ တနင်္ဂနွေ၌ လင်း လာရောက် ကြီးကြပ်လေ့မရှိ။ စနေတွင် အားလပ်ရက်ယူသည့် ခင်စန္ဒာ က စီစဉ်ပေးလိမ့်မည်။

သို့သော် သည်တနင်္ဂနွေကတော့ ခြွင်းချက် ဖြစ်ရသည်။ မိခင် နေမကောင်း၍ ခင်စန္ဒာ တောင်ကြီး ပြန်တော့ ကျန်ရစ်သော တာဝန်ဟူသမျှမှာ လင်းထံသို့သာ ပုံကျလာသည်။ စနေနေ့တွင် အဆုံးသတ်သည့် ဓာတ်ပုံပြပွဲက ဓာတ်ပုံကားချပ်များအား တနင်္ဂနွေ မနက် လာရောက်သိမ်းဆည်းချိန် လင်း ရှိနေရမည်။ တနင်္လာတွင် စမည့် ပန်းချီပြပွဲသစ်အတွက် တနင်္ဂနွေ နေ့ခင်း ကတည်းက ပန်းချီကားများ ပို့ဆောင်နေရာချချိန်မှာ လင်း ရှိနေရမည်။

လင်းသည် အားလပ်ရက် ပျောက်၍ ငြူစူခြင်း အလျှင်း မရှိ။ ခုတစ်လောတော့ အားလပ်ချိန် မရှိလေရအောင် အလုပ်ရှုပ်နေရတာကိုပင် သဘောတကျ ဖြစ်နေသည်။ နို့မို့ဆို သူသည် စိတ်ဒဏ်ရာများအကြားက ဘယ်တော့မှ လွတ်မည် မဟုတ်။

www.nyisay.com



လင်းသည် ကွန်ပျူတာ ဖန်သားပြင်ကို ငေးစိုက်နေရာက တစ်ချက် ပြုံးလိုက်သည်။ နှုတ်ခမ်းထောင့်စွန်းသာ ဆတ်ခနဲ လှုပ်ခါရုံ။ မျက်လုံးကမူ မှိုင်းမှုန်ရိပ်နှင့် ကျန်ရစ်သည်။

တော်ပြီ..။ ဒီအကြောင်းတွေ ထပ်မတွေးနဲ့...မတွေးပါရစေနဲ့။

လင်း၏ အကြည့်သည် ကွန်ပျူတာ မျက်နှာပြင်မှသည် ပြခန်းဘက်ဆီ ရွေ့၏။

လင်း ရှိနေရာ အခန်းငယ်၏ မှန်တံခါးကို ထွင်းဖောက် လှမ်းကြည့်လျှင် ပြခန်းကို ကောင်းစွာ မြင်နိုင်ပါသည်။ 'အစိမ်းရောင်သစ်ရွက်များ' ဟု အမည်ပေးထားသည့် အနုပညာပြခန်းသည် ရန်ကုန်မြို့ ဒဂုံမြို့နယ်တွင် တည်ရှိသော၊ အသင့်အတင့်ကျယ်ဝန်းသော ပြခန်းတစ်ခု ဖြစ်သည်။ နံရံလေးဖက်လေးတန်သာမက ခန်းမအလယ်တွင်ပါ ပန်းချီများ၊ ဓာတ်ပုံများ ချိတ်ဆွဲပြသနိုင်ရန်၊ တင်ဆက်မှုအနုပညာဖန်တီးမှုများ ပြုလုပ်နိုင်ရန် နေရာပေးထားသည့် ကျယ်ဝန်းသော ခန်းမမျိုး ဖြစ်သည်။ လင်းလင်းထင်းထင်း မဟုတ်လှသော၊ ကဗျာဆန်သော မမှိန့်တမှိန် အလင်းရောင်သည် ခန်းမကို လွှမ်းလျက်။

ပြပွဲနေ့များတွင်တော့ ပြခန်းတစ်ခုလုံး၌ ငြိမ့်ညောင်းသော အတီးသက်သက် ဂီတသံတစ်စက လွှမ်းခြုံထားမည်။ ပြင်ပရာသီဥတု ဘယ်လို ရှိပါစေ၊ အခန်းထဲမှာတော့ နေထိုင်ကောင်းရုံ အေးမြသော ဝန်းကျင်တစ်ခု ဖြစ်နေမည်။

သည်အနုပညာပြခန်းမှာ လင်း အလုပ်စဝင်တော့ ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်း။ လုပ်သက် နှစ်နှစ်ကျော်၊ သုံးနှစ်နီးပါးကာလအတွင်း လင်းကို အဆွဲဆောင်နိုင်ဆုံးသော အရာမှာ ပန်းချီများ၊ ဓာတ်ပုံများ ပြီးလျှင် ပြခန်းရှိရာ ခြံဝင်းထဲက သစ်ပင် ပန်းပင်တို့၏ အလှတရားသာ ဖြစ်သည်။

အစိမ်းရောင်လွှမ်းသော ခြံမြင်ကွင်းသည် ဘတ်စ်ကား တိုးစီးကာ အလုပ်ထဲ ရောက်လာရသည့် လင်းအား အစဉ် အမောပြေစေသည်။ နွေလည်း နွေအလျောက်၊ မိုးလည်း မိုးအလျောက်၊ ဆောင်းလည်း ဆောင်းအလျောက် ပန်းရောင်စုံ ပွင့်ဖူးကာ သစ်ရွက်လေးများကအစ စိမ်းစိမ်းမြမြ လှရက်သော ဝန်းကျင်ပေ။

ပြခန်းအဝင်တွင်လည်း တံခါး၏ ဘေးတစ်ဖက်တစ်ချက်၌ ရေညှိစိမ်းရောင် စဥ့်အိုးရှည်ရှည်နှင့် စိုက်ပျိုးထားသည့် ပန်းအလှပင်တစ်ပင်စီ ချထား

www.nyisay.com



သည်။ မှန်တံခါးကို တွန်းဖွင့်၍ဝင်ခဲ့လျှင်ကား အနုပညာလွှမ်းခြုံသော၊ သာယာနွေးထွေးသော အလုပ်ခွင်က လင်းအား ဆီးကြိုပေပြီ။

အနုပညာပြခန်း ဝန်ထမ်းဘဝကို မက်မက်မောမော ရွေးချယ်တော့ ဖေဖေသည် ထုံးစံမပျက်ပင် လင်းအား နားမလည်။ လင်းကို နားလည်သူမှာ မေမေတစ်ယောက်သာ။ သည်တစ်ကြိမ်တော့ ဖေဖေ့ကို အလျှော့ပေးရန် စိုးစဉ်းမျှ စိတ်မကူး။ တော်ပြီလေ..။ ဖေဖေ့အကြိုက် အင်္ဂလိပ်စာနဲ့ လင်း ဘွဲ့ရခဲ့ပြီပဲ..။

နောက်ဆုံးတော့ ဖေဖေသည် သူနှင့် ထပ်တူထပ်မျှ ခေါင်းမာချင်သော သမီးအား အလျှော့ပေးရသည်။ ဖေဖေ့ဘဝတွင် မိသားစုဝင်အပေါ် ပထမဆုံးအကြိမ် အလျှော့ပေးခြင်း မည်လေသလား။

မည်သို့ဆိုစေ ဖေဖေ့သမီး လင်းမြရည်လွင် တစ်ယောက် ဖေဖေမလိုလားသော အနုပညာနှင့် နီးစပ်ရာ နယ်မြေသို့ ခြေချခွင့်ရလာသည်။

ငယ်အိပ်မက်၌ ပန်းချီဆရာ ဖြစ်ချင်ခဲ့ဖူးသော လင်းသည် ပန်းချီကားချပ်များ၊ ဓာတ်ပုံများ၊ အနုပညာ တင်ဆက်မှုများနှင့် ထိတွေ့ခွင့်ရလာသည်။ ပန်းချီဆွဲလိုစိတ်ကတော့ ဘာကြောင့်မှန်းမသိ ငယ်တုန်းကလောက် မထက်သန်တော့ပြီ။ သည်လိုဆို ဦးဦး အံ့ဩလေမလား..။

လင်းသည် ပြီးခဲ့သည့် ညနေမှ အစပြုကာ ဦးဦးအကြောင်း အမှတ်မထင် ခေါင်းထဲ ရောက်ရောက်လာပုံကို သတိပြုမိနေသည်။ စင်စစ် ဦးဦးနှင့် ပတ်သက်သမျှ အမှတ်တရများအား အစဉ် တွေးတော အောက်မေ့နေတတ်သည် မဟုတ်။ အကြောင်းတိုက်ဆိုင်မှ..။

ခုတော့ အကြောင်းတိုက်ဆိုင်လို့ပဲ ဆိုရမည်။

*

ပြီးခဲ့သည့် ညနေက မြင်တွေ့ခဲ့သော ပုံရိပ်တို့ကို လင်း ခုထိ မမေ့။

တိုက်ခန်းလှေကားထစ်များကို တဖျပ်ဖျပ် နင်းကာ ဆင်းလာချိန်၊ သော့ပိတ်သည့် သံပန်းတံခါးကို ဖွင့်ရန် ပြင်လိုက်ချိန်မှာပင် သူတို့နှင့် လင်း ဆုံရသည်။ အမျိုးသားတစ်ဦး၊ ကလေးမလေးတစ်ဦး။ ကလေးမလေးသည် အမျိုးသား၏လက်ကို ဆုပ်ကိုင်ကာ လင်းအား စူးစမ်းကြည့်နှင့် မော့ကြည့်နေသည်။

www.nyisay.com



အသက် ဘယ်လောက်ပဲ ရှိဦးမှာပါလိမ့်။ အလွန်ဆုံးရှိလှမှ ငါးနှစ်ကျော်ကျော် ခြောက်နှစ်ပေါ့။ မျက်လုံးလေးများက ဝိုင်းဝိုင်းလဲ့လဲ့။ ပခုံး မထိတထိ ဆံပင်ပျော့ပျော့လေးများကို နှစ်ဖက် ခွဲစည်းထားသည်။ အသားဖြူဖြူ ပါး ဖောင်းဖောင်း မို့မို့။

လင်းသည် ကိုယ်က လက်ဦးနေသူမို့ သံပန်းတံခါးသော့ကို ဖွင့်၏။ ပွားယူထားသည့် သော့တူမို့ ရုတ်ခြည်း မပွင့်။ သုံးကြိမ်လောက် ကြိုးစားယူရသည်။ မရေမရာ တစ်ချက် ပြုံးပြမိသည်။ တံခါးပွင့်တော့ လင်း အရင်ထွက်သည်။ သူတို့ ဝင်ပြီးမှ သော့ပိတ်ရန်ပင်။

လူတစ်ကိုယ်စာ ပွင့်နေသည့် နေရာလပ်မှ ကလေးမလေးက ဦးအောင်ဝင်သည်။ လှေကားရင်း ရောက်သည်နှင့် နောက်က လိုက်ဝင်လာသော အမျိုးသားအား 'ဦးဦး၊ သမီးကို ချီ'ဟု ဆိုလိုက်သည်။ လေသံမှာ ချွဲချွဲနွဲ့နွဲ့။ ခု မချီလျှင် ခုပင် ခြေဆောင့်တော့မလို နှုတ်ခမ်းလေးက စူနေသည်။

လင်းသည် သံပန်းတံခါးကို ကိုင်ကာ အတန်ကြာ ငေးနေမိသည်။ ဦးဦး… တဲ့။ သည်အခေါ်အဝေါ်နှင့် ဝေးခဲ့တာ ဘယ်လောက် ကြာပြီနည်း။ ဆယ်နှစ်လောက် ရှိရော့မည်။

ထိုသူသည် ဦးဦးလိုပင် ပိန်ပိန်ပါးပါး ဖြစ်သည်။ အရပ်ရှည်ရှည်။ တိုတိုကပ်ကပ် ညှပ်ထားသော ဆံပင်ပုံစံလည်း တူသည်။ တူမလေးဟု ယူဆရသူအား ညင်ညင်သာသာ ပြုံးပြလိုက်ပုံလည်း တူသည်။ ဦးဦးထံမှာ ရှိဖူးသော အဖြူနှင့် မီးခိုးရောရော အကွက်ဆင်မျိုးကိုပင် ရှပ်လက်ရှည် ဝတ်ထားသည်။

လင်း ငေးနေစဉ်မှာပင် ကလေးကို သူ ပွေ့ချီလိုက်သည်။ လင်း၏ ငေးကြောင်ကြောင် မျက်ဝန်းများထံ တစ်ချက် လှမ်းကြည့်သည်။ ကလေးမလေးနှင့် ဆင်လှသော မျက်ဝန်းများ။ ထိုမျက်ဝန်း၌ နားမလည်ဟန် အရိပ်အချို့ ပေါ်ပေါက်လျှင် လင်း အကြည့်လွှဲလိုက်ပါသည်။

နောက် လှေကားတစ်လျှောက် တဖျပ်ဖျပ် ခြေသံများ။ အပြင်သို့တိုင် လွင့်ကျလာသော ရယ်သံများ။ သံပန်းတံခါးကို အကျင့်ပါသော လက်များနှင့် အမှတ်မဲ့ ပိတ်သည်။ လျှောက်နေကျ လမ်းပေါ်သို့ ရောက်ရသည်။ လင်းသည် ခုနစ်ထပ်တိုက်ဆီ လည်ပြန်လှည့်ကြည့်မိသည်။ လင်း နေထိုင်သော အခန်းက လေးလွှာမှာ။ သူတို့ ဘယ်အလွှာမှာ နေကြပါလိမ့်။

www.nyisay.com



ကလေးမလေးနဲ့ သူ့ဦးဦးဟာ တူဝရီးလား၊ ဒါမှမဟုတ် ခင်မင်ရာ ခင်မင်ကြောင်း ပတ်သက်ရသူတွေလား..။ အို...ငါနဲ့ ဘာဆိုင်လို့လဲ..။

လင်းသည် ခေါင်းတစ်ချက် ခါယမ်းကာ ခြေလှမ်းဆက်ခဲ့ရသည်။ ညနေသည် တိမ်တိုက်များ တရွေ့ရွေ့ လွင့်ပါး အရောင်ပြောင်းခြင်း၊ နေရောင် ဖျော့တော့ခြင်းနှင့်အတူ ကုန်ဆုံးခဲ့သည်။ ညသည်လည်း ပုံမှန်လိုပင် ဆိုက် ရောက်လာခဲ့သည်။

စင်စစ်တော့ သည်ညနေ၊ ညချမ်း၊ ညတို့မှာ လင်းအတွက် ခြောက် အိပ်မက်မှ လွတ်မြောက်ရန် အားယူဆဲ အချိန်ကာလ၏ အစိတ်အပိုင်းများသာ ဖြစ်သည်။

လင်း၏ ညများစွာသည် အိပ်ခန်းမီးကို လင်းထိန်အောင် ဖွင့်ထား သည့်တိုင် အမှောင်လွှမ်းသည့်ပမာ ရှိတတ်သည်။ အိပ်ရမည်ကို လင်း ကြောက် သည်။ ခြောက်အိပ်မက်ကို မုန်းတီးသည်။ အလှတရားဟု သူ ယုံမှတ်သော ချစ်ခြင်းမေတ္တာသည် ဘာကြောင့် သူ့အား တွေဝေခြင်း ဆေးခါးရောသည့် ခြောက်အိပ်မက်ကိုသာ ပေးခဲ့လေသနည်း။

လင်းသည် ခြောက်အိပ်မက်၌ အခါခါ လန့်နိုးလာတတ်သည်။ နိုး တစ်ဝက် အိပ်တစ်ဝက် ဖြတ်သန်းခဲ့ရသော ညများစွာ။

သည်ရက်ပိုင်းမှာတော့ စိတ်ကို အအားမပေးသော နည်းလမ်းသည် အမှောင်တွင်းမှ လင်းအား ကယ်တင်ခဲ့သည်။ လုံးလုံး လွတ်မြောက်ပြီတော့ မဆိုနိုင်။ ယခင့်ယခင်နှင့် စာလျှင်တော့ အတောင်နှစ်ဖက်ကို အနည်းငယ် လှုပ်နိုင်ပြီ။ လှုပ်ခတ်စ ပြုသော အတောင်ပံတစ်စုံနှင့် ငှက်ငယ်သည် လှောင်အိမ် ကို ငဲ့ကြည့်လျက်။ လှောင်အိမ်တံခါး ပွင့်နေခဲ့ပြီ။ သို့သော် မဖွင့်သေး။

တွေဝေခြင်းကမ္ဘာက တစ်ညနေခင်းမှာပင် ဦးဦးကို သတိရစရာ အကြောင်းက ဖန်၏။ ကလေးမလေးနှင့် သူ့ဦးဦးကို မြင်ယောင်ပြန်တော့ လင်း၏ ဦးဦးသည် မတွေးပါဘဲ ခေါင်းထဲ ရောက်ရောက်လာသည်။ ရွှင်ပြုံး သော၊ ကရုဏာပြည့်သော မျက်နှာသည် စိတ်အမှောင်ကမ္ဘာမှ လွတ်လပ်စ လင်းအား ပြုံးလာစေသည်။ ထိုအပြုံးသည် အိပ်မက်သို့တိုင် မြဲလေသည်။

နံနက်ဦးတွင် လင်း ရွှင်လန်းစွာ နိုးထလာသည်။ နောက် ပြခန်းသို့ ရောက်လာသည်။ ညစ်ညူးသော အာရုံဟောင်း ရုံခါ စိုးမိုးသည်မှအပ စိတ်မှာ

www.nyisay.com



ပေါ့ပါးလျက်။ ဝေဝေဝါးဝါး တွေးချိန် နည်းရလေအောင် ကိုယ့်ကိုယ်ကိုယ် ခိုင်းထားသော အလုပ်များစွာကလည်း လင်းအား စောင့်စားလျက်။

ဓာတ်ပုံကားချပ်များ ဖြုတ်သိမ်းပြီးနောက် ပန်းချီကားချပ်များ နေရာချလျှင် ကြီးကြပ်မည်။ လိုအပ်လျှင် ကူမည်။ ပြပွဲအတွက် မီဒီယာအပါအဝင် ဖိတ်ကြားနေကျ ဧည့်သည်များထံ အီးမေးလ် ပို့ရမည်။ ပြခန်းရှိရာ ခြံဝတွင် ဗီနိုင်းအသစ် ချိတ်ရမည်။ အစားအစာ ကျွေးမွေးခြင်းအတွက် အပ်နှံမထားသော်လည်း လိုအပ်လျှင် အဆင်သင့် ရှိနေရန် ပြင်ဆင်ထားရမည်။ တေးဂီတပိုင်းလို အခြား အသေးစိတ် စီမံစရာလည်း မရှား။

'အစိမ်းရောင် သစ်ရွက်များ' အနုပညာပြခန်းသည် စိတ်နှင့်ကိုယ် ကပ်စပြုသည့် လင်းအား ကျေနပ်အားရ ရှိနေပေမည်။

*

လင်းသည် ရုံးခန်းငယ်၏ မှန်တံခါးကို တွန်းဖွင့်ကာ ပြခန်းအတွင်းသို့ လှမ်းဝင်လိုက်ပါသည်။

မနေ့ကအထိ ဓာတ်ပုံပြပွဲအဖြစ် ရှိနေသော ပြခန်းသည် မနက်ဖြန်ဆိုလျှင် ပန်းချီပြပွဲအဖြစ် အသွင်ပြောင်းတော့မည်။ ပြပွဲအမည်က 'နွေနှောင်းမှတ်သုံဦး'။ ၂၀၁၅ ခုနှစ် မေလ နောက်ဆုံးပတ်၌ ငါးရက်တိုင်တိုင် ပြုလုပ်မည့် ပန်းချီပြပွဲသည် တစ်ကိုယ်တော်ပြပွဲတော့ မဟုတ်။ ပန်းချီဆရာ ခုနစ်ဦး ပါဝင်ပေသည်။

ပန်းချီကားချပ်တို့သည် နံရံလေးဖက် အောက်ခြေနှင့် ကြမ်းပြင်ထိစပ်ရာမှာ သူ့နေရာနှင့်သူ ထပ်လျက်သား ရှိနေသည်။ ဘယ်နေရာတွင် ဘယ်ကား ချိတ်မည် စသည်ဖြင့် ပြပွဲစီစဉ်သူနှင့် စောစောကပင် လင်းတို့ တိုင်ပင် ပြီးစီးခဲ့သည်။

လင်းအပါအဝင် ပြခန်းဝန်ထမ်းများ၏ ထုံးစံမှာ ပြပွဲစီစဉ်သူ ပြင်ဆင်လိုသမျှ ဦးစွာ နားထောင်မည်။ နောက် အကြံဉာဏ် ပံ့ပိုးဖို့ လိုအပ်လျှင် ပံ့ပိုးမည်။ ပန်းချီကား၊ ဓာတ်ပုံတို့ကို ခြုံကြည့်ကာ ဘယ်တစ်ခုကို ဘယ်နေရာတွင် ချိတ်ဆွဲလိုက်မည် စသည်ဖြင့် တွေးဆစီစဉ်နိုင်ခြင်းကတော့ အလုပ်ခွင်က သင်ကြားပေးလိုက်တာ ဖြစ်သလို လင်းတို့ကိုယ်၌က အနုပညာအပေါ် အာရုံဝင်စားတာလည်း ပါပေမည်။

www.nyisay.com



လင်းသည် သစ်သားခုံတန်းထက် ဝင်ထိုင်ကာ အရှေ့ဘက် နံရံ တစ်လျှောက် ဝန်ထမ်းလူငယ်လေး ပန်းချီကား ချိတ်ဆွဲပုံကို လှမ်းကြည့်နေသည်။ ဖြူသော နံရံထက် အစိမ်းလွင်လွင် ပန်းချီကားချပ် နေရာယူလိုက်ပုံမှာ လင်း၏ အမြင်တွင် ရှုမဆုံး။ တောတန်း ညို့ညို့ လယ်ပြင်စိမ်းစိမ်း..။

ထိုဝန်းကျင်သည် လင်းနှင့် စိမ်းသော ဝန်းကျင်..။ သို့သော် စိမ်းမြမြ ဝန်းကျင်တစ်ခုကတော့ လင်းနှင့် ကျွမ်းဝင်ပါပေသည်။ ရန်ကုန်တက္ကသိုလ် လေ..။

ရန်ကုန်တက္ကသိုလ်ဝန်းကျင်တွင် ငယ်ဘဝ ဖြတ်သန်းခဲ့ရသော လင်းအတွက် အစိမ်းရောင်မှာ အညှို့နိုင်ဆုံးသော အရောင်။ မြက်ပင်စိမ်းစိမ်း လေးတွေကို လင်း သိပ်ချစ်တာပဲဆိုတော့ မေမေက ရယ်လိုက်တာ၊ ပြီးတော့ အရူးမလေး ဆိုလား။

လင်းသည် မေမေ့ကို မြင်ယောင်တော့ ဖွဖွပြုံးမိသည်။ မနေ့ညနေက မေမေ့ထံ သူ ဖုန်းဆက်သေးသည်။ သားအမိနှစ်ယောက် ထုံးစံအတိုင်း စကားလက်ဆုံ ပြောမကုန်သလို အကြောင်းအရာများစွာ တောင်စဉ်ရေမရ ပြောမိသည်။ အထူးသဖြင့်တော့ လင်းက ပြောသူ၊ မေမေက နားထောင်သူ။

"မေမေ၊ လင်းနဲ့ တစ်လှည့် လာနေပါဦးလား၊ အခု အန်တီကြည်ကြည့် အခန်းမှာ ကေသီနဲ့ လင်းနဲ့ နှစ်ယောက်တည်း ဆိုတော့လည်း တစ်ခါတလေ ပျင်းသားပဲ။ ပြီးတော့ မေမေရှိရင် လင်း ဟင်းကောင်းကောင်း စားရမှာ။ အများကြီးတော့ မဟုတ်ပါဘူး၊ တစ်နှစ်လောက်ပေါ့၊ နော် မေမေရယ်"

"သမီးဖေဖေ မေမေ့ကို ပြောမှာပေါ့"

"အို.. ဖေဖေနဲ့ နေတဲ့ နှစ်က လင်းနဲ့ မေမေ နေရတဲ့နှစ်ထက် ပိုများတယ်လို့ ပြောလိုက်"

"သမီး ပြောမလား၊ မေမေ ခေါ်ပေးမယ်လေ"

မေမေ့လေသံမှာ ချစ်ခင်ရိပ်နှင့် ရွှင်လျက်။ 'မပြောပါဘူး' ဟု ရယ်လျက်ပင် လျှော့ချရသည်။

"မေမေ့ကို ဖေဖေ တစ်ယောက်တည်း အပိုင်စီးထားလို့ ရမလား၊ ရန်ကုန်လည်း လာရဦးမှာပေါ့၊ လင်း ရှိတာပဲ"

"ဒါဖြင့် သမီးကိုလည်း မော်လမြိုင် ပြန်လာခဲ့လို့ သမီးဖေဖေ ပြောမှာပေါ့"

www.nyisay.com



''ဟင့်အင်း၊ လင်း ရန်ကုန်မှာပဲ ပျော်တယ်''

စင်စစ် မော်လမြိုင်သည် လင်း မွေးဖွားရာ ဇာတိမြေ။ သို့သော် ရန်ကုန်ကတော့ လင်း ကြီးပြင်းရင့်ကျက်ခဲ့ရာ မြေပါ…။ လင်း ချစ်သော သက်ရှိ၊ သက်မဲ့များစွာ ရှိရာမြေပါ။ ထိုမြေကို လောလောဆယ်တော့ စွန့်ခွာနိုင်စွမ်း မရှိသေး။ အထူးသဖြင့် ဖေဖေ့အရိပ်အောက် နေ့စဉ်ရက်ဆက် ကျဉ်းကျပ်စွာ နေထိုင်ရန် လင်း အဆင်သင့် မဖြစ်သေး။

မေမေသည် အဖြေသိပြီးသား မေးခွန်းတစ်ခုပမာ အိမ်ပြန်လာမလား ဆိုသည့် စကားကို ဘယ်တော့မှ မဆို။ သမီးစိတ်ကို နားလည်လှတဲ့ မေမေ။

ဖုန်းချပြီးမှပင် မေမေ့ကို ပြောစရာ စကားတစ်ခု ကျန်ရစ်ကြောင်း လင်း သတိရတော့သည်။ ဖုန်း ပြန်ခေါ်ရန် လက်ရွယ်သည်။ နောက်တော့ စိတ်ကူးပြောင်းသည်။ မခေါ်တော့ပါဘူး၊ မပြောတော့ပါဘူး။

ဦးဦးကို ထူးထူးဆန်းဆန်း သတိရနေကြောင်း လင်း ဆိုမိလျှင် မေမေ ဘယ်သို့ တုံ့ပြန်မည်လဲ၊ လင်း မသိချေ။

''စန္ဒာ ဘယ်တော့ ပြန်လာမတဲ့လဲ မမလင်း''

လင်းသည် သူ့ကို ကျောပေးကာ ပန်းချီကား ချိတ်ဆွဲနေသော ကျော်ဦးထံ လှမ်းကြည့်သည်။ ပန်းချီကားမှာ သူ့ကိုယ်နှင့် အနည်းငယ်ကွယ်လျက်။ မြင်ရသမျှတော့ ဒီပန်းချီသည်လည်း အစိမ်းရောင်ရောသော ပန်းချီပါပဲ။

''မသိသေးဘူး ကျော်ဦးရဲ့၊ သူ့အမေတော့ နေကောင်းပြီတဲ့၊ တစ်ရက်နှစ်ရက်နေရင် ပြန်ဆင်းလာမယ်ထင်တာပဲ၊ ဘာတုံး အဆူအငေါက်လေးတွေ မကြားရတာကြာတော့ သတိရနေတယ်ပေါ့၊ သိချင် ကိုယ့်ဘာသာ မေးပါတော့လား''

ခင်စန္ဒာ့အပေါ် သံယောဇဉ်ကြီးသလောက် ရှေ့တစ်လှမ်းမျှ မတိုးဝံ့သော ကျော်ဦးက ရှက်ရယ် ရယ်နေပေသည်။

''မမေးရဲပါဘူး၊ ဘာလို့ ဆက်တုံးဆို ဘယ်လို ပြောမလဲ''

''သတိရလို့ပေါ့၊ ကဲ''

''ဟာ- ပြန်လာရင် ကျွန်တော့် သတ်မှာပေါ့၊ မဆက်ရတာ ဘာမှ မဖြစ်ဘူး၊ ပြန်လာလို့ စကားမပြောတော့ရင် ကျွန်တော် သေမှာ''

www.nyisay.com



လင်းသည် ကျော်ဦး၏ မျက်နှာပေးကို မမြင်ရစေကာမူ ချစ်ခြင်းနှင့် ရောသော အကြောက်တရား ခိုနေမည့် ရိုးရိုးစင်းစင်း မျက်နှာရိပ်ကို မြင်ယောင်ကာ ပြုံးရယ်မိသည်။

''ကဲ- လာဟော့ နောက်တစ်ကား''

ကျော်ဦးသည် အရယ်ရောသော စကားသံနှင့်ပင် ပန်းချီကားအထပ်ထဲမှ ပန်းချီတစ်ချပ်ကို ယူကာ ခေါက်လှေကားပေါ် တက်ရန် ပြင်သည်။

လင်း၏ အကြည့်သည် စောစောကမှ ချိတ်ပြီးသော ပန်းချီကားဆီ ရောက်သည်။ ဂျပ်ဆင်...မြက်ခင်းပြင်..လူရိပ်အချို့..။

ဟင်... သိလိုက်တာ...ဒီပုံကို သိလိုက်တာ..။

ထိုင်နေရာမှ လင်း ရုတ်ခနဲ ထသည်။ ပန်းချီကားအနီးသို့ ခပ်သွက်သွက် ချဉ်းကပ်သည်။

''မမလင်း ဘာဖြစ်လို့လဲ၊ နေရာပြောင်းချင်လို့လား''

''မဟုတ်ပါဘူး ကျော်ဦးရယ်၊ လုပ်ပါ၊ မင်း လုပ်စရာရှိတာ လုပ်''

လင်းသည် နံရံဖြူပေါ် လက်ထောက်ကာ ပန်းချီကားကို အနီးကပ် မော့ကြည့်နေသည်။ မျက်လုံးများ ဝိုင်းလျက်၊ နှုတ်ခမ်းများ ပွင့်ဟလျက်။ အခန်းတစ်နေရာမှာ ရှိနေသော ပြပွဲစီစဉ်သူ၏ ဖုန်းပြောသံကိုပင် ကျော်တော့ မယောင် သွေ့နှလုံးခုန်သံမှာ တဒိတ်ဒိတ် တိုးလျက်။ လက်ဝါးပြင်သည် နံရံအေးမြမြ၌ တင်းတင်းကျပ်ကျပ် ထိကပ်မိနေသည်။ လက်ချောင်းထိပ်များမှာ တစ်စုံတစ်ရာ အားယူသလို လက်ဝါးပြင်သည် အနည်းငယ် ခုံးကာနေသည်။

ပန်းချီကားချပ်ထဲမှာတော့ ဂျပ်ဆင်ဘုရားကျောင်းရှေ့ မြက်ခင်းပြင်ပေါ် ထိုင်နေကြသော သားအမိနှစ်ဦး။ သမီးလေးကတော့ မိခင်ရင်ခွင်ထဲ ခေါင်းထိုးရယ်မောလျက်။ မိခင်သည် သိမ်သိမ်မွေ့မွေ့ ပြုံးလျက် သမီးလေး၏ ခေါင်းကို လက်ဝါးဖြင့် အသာအုပ်ထားသည်။

လင်းသည် ပန်းချီကား မျက်နှာပြင်အား လက်နှင့် ထိကိုင်မိတော့မလို ရှိပြီးခါမှ လက်ကို ရုပ်လိုက်သည်။ ခပ်ဆဆ ဆုတ်လာသော လက်သည် ပွင့်ဟဆဲဖြစ်သော နှုတ်ခမ်းကို အုပ်မိသည်။ မျက်ဝန်းများသည် ပန်းချီကားထက် စူးစိုက်ဆဲ။

ဂျပ်ဆင်ထက်က ကောင်းကင်သည် အပြာကြည်ကြည် ဖြစ်သည်။ တိမ်တို့သည် ဖြူဖြူဆုပ်ဆုပ် ဖြစ်သည်။ ဘေးဘီက သစ်ပင်တို့သည် စိမ်းစိမ်း

www.nyisay.com



မြမြ။ ဝင်လုဆဲနေ၏ ရောင်ခြည်ဖျော့ဖျော့သည် သားအမိ နှစ်ဦးအပေါ်သို့ ဖြာနေသည်။ နှစ်ဦးစလုံး ဆည်းဆာရောင် တောက်သော အပြုံးအရယ်နှင့်··။

ဟင့်အင်း···ပန်းချီကားထဲမှာ လူနှစ်ဦး မကပါဘူး။ သုံးဦးပါ···။

မြက်ခင်းပြင်ထက်က သားအမိနှစ်ဦးဘေး···အတိအကျ ဆိုရလျှင် သမီးလေးနှင့် မလှမ်းမကမ်းမှာ အရိပ်တစ်ခု ထိုးဖြာကျလျက်။ အသေအချာ သတိပြုကြည့်လျှင်တော့ လက်နှစ်ဖက်ကို ပင့်ထားသော (ကင်မရာ ကိုင်ထားသော) အမျိုးသားတစ်ဦး၏ အရိပ်ဖြစ်ကြောင်း သိနိုင်သည်။

အဲဒါ ဦးဦးလေ··။ ဦးဦး အရိပ်လေ··။

အတိတ်တစ်ချိန်က မေမေနှင့် လင်းအား ဦးဦး ရိုက်ပေးခဲ့ဖူးသော ဓာတ်ပုံတစ်ပုံ၊ လင်း ကောင်းစွာ မှတ်မိသော ဓာတ်ပုံတစ်ပုံသည် ပန်းချီကား အဖြစ်သို့ ဘယ်သို့ဘယ်ပုံ ရောက်လာပါသနည်း။ ဦးဦးကိုယ်တိုင် သည်ပန်းချီကို ဆွဲခဲ့သလား။ မဖြစ်နိုင်ပါ။

ဦးဦးသည် ပန်းချီပညာကို ဓာတ်ပုံပညာလောက် စိတ်ဝင်တစားရှိသူ မဟုတ်ပါ။ လင်း သိသလောက် ဦးဦးသည်လည်း မြန်မာပြည်တွင် မရှိပါ။

သို့ဆိုလျှင် သည်ပန်းချီကား ဘယ်လိုများ ပေါ်ပေါက်လာရပါသနည်း။

လင်းသည် ပန်းချီကားအား ငေးမြဲငေးလျက်။

မျက်ရည်ရစ်သော အမြင်၌ ပန်းချီကားချပ်သည် လည်းကောင်း၊ ပန်းချီကားချပ်ထဲက လူပုံသွင်နှင့် အရိပ်တို့သည် လည်းကောင်း တစ်စစ ဝေဝါးခဲ့ရပြီတည်း။

* * *

www.nyisay.com

~~~ ၂၀၀၁ နွေဦးမှ အစပြုသည်... ~~~
~~~

www.nyisay.com

ဖေဖေ၊ မေမေနှင့် မမအုံတို့သာ ရှိခဲ့သော ကမ္ဘာငယ်လေးသို့ ဦးဦး စတင် ရောက်ရှိလာချိန်သည် ဒုတိယတန်း စာမေးပွဲဖြေပြီးစ နေ့ရက်များထဲက တစ်ရက်ဖြစ်ကြောင်း လင်း ကောင်းစွာ မှတ်မိပါသည်။

လွန်ခဲ့သော ၁၄ နှစ်ဝန်းကျင်ကို ပြန်မြင်ယောင်လျှင် အချို့ပုံရိပ်များ သည် လင်း၏ စိတ်၌ မှုန်ဝါးပြီဖြစ်ကာ အချို့မှာမူ ကွက်၍ ထင်ရှားဆဲ။ ကလေးတစ်ယောက်၏ မှတ်ဉာဏ်သည် စိတ်ဝင်တစားရှိရာ အလိုရှိရာကိုသာ သိမ်းမှတ်တတ်လေသလား၊ လင်း မသိပါ။

ဦးဦးအကြောင်း ပြန်တွေးလျှင် လင်း မှတ်မိသမျှသည် စီကာစဉ်ကာ မဟုတ်။ သို့သော် ထိုထိုသော အပိုင်းအစတို့ကို ဆက်လိုက်လျှင်ကား ဦးဦး ဆိုသော လူတစ်ယောက်၏ ပုံသွင်က ပီပြင်လာတော့သည်။ ဦးဦးနှင့် လင်းတို့ အကြားက ဆက်နွယ်မှုမှာ ရုပ်လုံးပေါ်လာတော့သည်။

ထိုစဉ်က လင်း၏ အသက်မှာ ရှစ်နှစ်ပြည့်ပြီးစ ဖြစ်သည်။ လောကကို စူးစမ်းလျက် အိမ်နှင့် ကျောင်းဝန်းကျင်ကို ချစ်ခင်တွယ်မက်သော အရွယ်တွင် ဦးဦးနှင့် စဆုံရသည်။

ကလေးအရွယ်သာ ဖြစ်သော်လည်း ဟိုနေရာ စပ်စပ်၊ သည်နေရာ စပ်စပ် ပါလိုသော စရိုက် မရှိခဲ့လျှင်၊ မောင်နှမ မရှိသူမို့ အနေနီးသော သူစိမ်း အပေါ် ခင်တွယ်တတ်သောစိတ်အခြေခံမရှိခဲ့လျှင် လင်းသည် ဦးဦးနှင့် ရင်းနှီး လွယ်မည် မဟုတ်။ ဦးဦးသည်လည်း ကလေးတစ်ယောက်အပေါ် စိတ်ရှည် လက်ရှည် ရှိတတ်သူ မဟုတ်လျှင် လင်းနှင့် အကျွမ်းတဝင် ရှိခဲ့မည် မဟုတ်။

www.nyisay.com



ခုတော့ လင်းတို့တစ်တွေသည် ကံအကြောင်းက ဖန်ပေးလိုက်သည့် ပမာ ဆုံကြရသည်။

ဦးဦးနှင့် စတင် ခင်မင် ပတ်သက်ရတော့ လင်းတို့ မိသားစု ရန်ကုန် တက္ကသိုလ်နယ်မြေသို့ ပြောင်းရွှေ့ရောက်ရှိခဲ့တာ တစ်နှစ်နီးပါးရှိခဲ့ပြီ။ ဖေဖေ့ အတွက်ဆိုလျှင် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနမှာ တစ်နှစ်နီးပါး တာဝန် ထမ်းဆောင်ပြီးချိန်။

လင်းအတွက်တော့ ရန်ကုန်မြေနှင့် နေသားတကျ ရှိလာချိန်။

*

ဖေဖေ ရန်ကုန်တက္ကသိုလ် ပြောင်းရွှေ့သည့်နောက် မေမေနှင့်အတူ လိုက်ပါရစဉ်ကမူ နေရာသစ်မို့ လင်း မပျော်ပိုက်ပေ။ ကျောင်းသစ်၊ အတန်း သစ်၊ သူငယ်ချင်းသစ်။ အရာရာသည် သူ့အတွက် အသစ်သာတည်း။

လင်းသည် မော်လမြိုင် တက္ကသိုလ်မှာ ဖေဖေ တာဝန်ကျစဉ် မွေးဖွား ခဲ့သူ ဖြစ်ပေသည်။ ကြီးပြင်းရာကတော့ စစ်တွေတက္ကသိုလ်နယ်မြေဖြစ်သည်။ စစ်တွေမှာပင် ပထမတန်းအထိ ကျောင်းနေခဲ့ရသည်။ ငယ်သူငယ်ချင်း ကစားဖော် ကစားဖက်များကို ခွဲခွာချန်ထားရမည်ဆိုတော့ ကလေးတန်မဲ့ ဝမ်းနည်းမဆုံးချေ။

ဖေဖေ ပြောင်းရွှေ့ရာတစ်လျှောက် လိုက်ပါမြဲ မေမေကတော့ လင်းကို နှစ်သိမ့်တတ်သည်။ 'ရန်ကုန်မှာလည်း လင်း ပျော်သွားမှာပါ'တဲ့..။ 'ဥမ္မာ ကိုလည်း ခေါ်သွားမှာပဲ'တဲ့..။

မမအုံ လိုက်မည်ဆိုတာ တစ်ခုနှင့်ပင် နောက်ပိုင်း မေမေတို့ ပစ္စည်း သိမ်းခိုက် ငြူငြူစူစူ မပြောတတ်တော့ပြီ။ မမအုံသည် လင်း၏ အထိန်း ဖြစ်သည်။ လင်းထက် လေးနှစ်ကျော် ကြီးသည်။ အသက် ဆယ့်နှစ်နှစ်လောက် ရှိပြီ။ မော်လမြိုင်က ဖေဖေ့အမေ ဘွားဘွားတို့ ထည့်ပေးလိုက်တာကြောင့် လင်း သူငယ်တန်း မတက်မီကတည်းက အတူနေလာရသည်။ အထိန်းအပြင် ကစားဖော်လည်း ဖြစ်နေသည်။

မမအုံသည် အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်း၊ လူကလည်း ခပ်လုံးလုံးမို့ အလိုလိုပင် ချစ်စရာကောင်းနေတတ်သူ။ လင်းကိုလည်း ညီမလေးပမာ ဂရု စိုက်တတ်သူ။ လင်းသည် ဆိုးတေသော ကလေးတစ်ယောက် မဟုတ်သော်

www.nyisay.com



လည်း စိတ်မထင်လျှင် အကျင့်ဆိုးကလေးများ ပေါ်တတ်ရာ မမအုံလို သည်းခံ စိတ်ရှည်သူမို့သာ အနေမြဲတော့သည်။

မေမေသည် မမအုံကို သမီးနှင့်မခြား ချစ်သူ ဖြစ်ပေသည်။ လင်း ကျောင်းသွားချိန်တွင် မမအုံသည် မေမေ့ကူဖော်လောင်ဖက် ဖြစ်ရသည်။ မေမေ သည် မမအုံကို အလုပ်များစွာ ခိုင်းလေ့ မရှိ။ သို့သော် မမအုံကတော့ အလွန် အလိုက်သိသူ။

သို့နှင့် လင်း၏ အချစ်တော်၊ မေမေ့လူယုံတော် ဖြစ်သော မမအုံသည် မော်လမြိုင် ပြန်ရန် မလိုဘဲ လင်းတို့နှင့်အတူ ရန်ကုန်သို့ လိုက်လာရသည်။ ဖေဖေ့အတွက် ရသော အိမ်မှာ လင်းနှင့် တစ်ခန်းတည်း နေကြရသည်။

ရန်ကုန်တက္ကသိုလ်နှင့် မလှမ်းမကမ်းမှာရှိသော၊ တက္ကသိုလ် စာတိုက်၊ အမှတ် (၂) အခြေခံပညာမူလတန်းကျောင်း(ကမာရွတ်)တို့နှင့် မလှမ်းမကမ်းမှာ ရှိသော အိမ်သည် ချစ်စရာ တစ်ထပ်တိုက်နီနီလေး ဖြစ်သည်။ အုတ်ကြွပ်မိုးနှင့် ဖြစ်သည်။

ခြံက အသင့်အတင့် ကျယ်ဝန်းသည်။ ယခင် နေခဲ့သော ဆရာမ၏ လက်ရာ ပန်းပင်အချို့ ကျန်ရစ်ခဲ့သော ခြံမြေသည် လင်းတို့ ရောက်စမှာပင် စိမ်းစိုလှပလျက်ရှိသည်။ သစ်ပင်ကြီး ငယ်များလည်း ရှိ၊ မြေပြင်ကျယ်လည်း ရှိသော၊ ပန်းစုံပွင့်သော ခြံသည် များမကြာမီပင် လင်းအား စ၍ညို့တော့သည်။

လင်းသည် နေအိမ်သစ်၌ မေမေ ပစ္စည်းများ နေသားတကျ ပြင်ဆင် ဆဲ နေ့ရက်များမှာပင် ခြံထဲ မမောနိုင်မပန်းနိုင် ဆော့တော့သည်။ ကျောင်းဖွင့်ရန် နှစ်ပတ်ကျော်လိုသေးသော ကာလ။ ကျူရှင်လည်း တက်ရန် မလို။ စားချိန်၊ အိပ်ချိန်မှအပ ကစားခွင့် အပြည့်အဝ ရသည်။ နေရာသစ်သည် လင်းနှင့် တစ်သားတည်း ဖြစ်စပြုခဲ့ပြီ။

နောက် ကျောင်းဖွင့်တော့လည်း ကျောင်းသစ်မှာ လင်း ပျော်တတ်လာ ခဲ့သည်။ သူငယ်ချင်းသစ်အချို့ ရလာသည်။ သူတို့သည် လင်း၏ အိမ်နီးနား ချင်းများတော့မဟုတ်။ အိမ်နီးချင်း ဆရာ၊ ဆရာမအိမ်များတွင် လင်းနှင့် သက်တူရွယ်တူ ကလေးငယ် မရှိ။ လင်းကို ထည့်မတွက်လျှင် အငယ်ဆုံး သောကလေးမှာ ခြောက်တန်းကျောင်းသူ ဖြစ်သည်။

လင်းသည် သူငယ်ချင်းတို့နှင့် ကျောင်းချိန်မှာသာ တွေ့ရသည်။ သည်အထဲက လှည်းတန်းမှာ နေသော သက်သက်ကို အချစ်ဆုံးဖြစ်ရသည်။

www.nyisay.com



ငယ်ရွယ်သလောက် စိတ်အပြောင်းအလဲမြန်သော အရွယ်မို့ လင်းသည် သူငယ်ချင်းသစ်နှင့် ပျော်ကာ ကျောင်းဟောင်းကိုလည်း လွမ်းမနေတတ်တော့ပေ။

စာသင်နှစ် တစ်နှစ်တာသည် တရွေ့ရွေ့ပင် ကုန်ဆုံးသည်။

နွေဦး ဆိုက်ရောက်လာသည်။ ကျောင်းပိတ်ရက် စပြီမို့ ကလေးများ ပျော်ပိုက်သော နွေဦးရာသီ။ လင်း ချစ်သော နွေဦးရာသီ။

ဆော့ကစားရန် ပန်းပွင့်လေးများ၊ သစ်ရွက်လေးများ ပေါပေါများများရသည်။ မြေပြင်က ခြောက်သွေ့သွေ့မို့ စိတ်လိုလျှင် ထိုင်ချကာ ဈေးရောင်းတမ်းကစားနိုင်သည်။ ပြေးတမ်းလိုက်တမ်း ဆော့နိုင်သည်။ လင်း၏ ကစားနည်းများတွင် ကြားဖူးနားဝ ဆော့ကစားဖူးသော ကစားနည်းများလည်း ပါသည်။ စိတ်ကူးပေါက်ရာ ကစားသော ကစားနည်းများလည်း ပါသည်။

ရံဖန်ရံခါတော့ မမအုံသည် သူ့ကစားဖော်။ မမအုံ မေမေ့ကို အလုပ်ကူလျှင်တော့ လင်းဘာသာ ကစားရတော့သည်။

ဦးဦးကို စတွေ့ရသော နေ့ကလည်း လင်းတစ်ယောက်တည်း ခြံထဲရှိနေချိန် ဖြစ်ပါသည်။

*

ညနေ စောင်းတော့မည်။

နေရောင်ခြည်သည် ခြံထဲသို့ ခပ်ရိပ်ရိပ် ဖြာကျလျက်ရှိသည်။ သို့သော် မစူးရှချေ။ နှင်းဆီပွင့်များပေါ်မှာ၊ ရွက်လှပင်များပေါ်မှာ၊ ဂမုန်းပင်များပေါ်မှာ နေရောင်ထိုးဖြာ၍ ကျနေပုံသည် လင်း၏စိတ်ကို အလိုလို ရွှင်မြူးလာစေသည်။

လင်းသည် အစိမ်းရင့်ရင့် ရွက်လှရွက်တွင် နေရောင်တင်နေပုံကို သဘောကျနေသည်။ နေရောင်အကွက်ကလေးကို လက်နှင့် တို့ထိလိုက်သည်။ အစိမ်းမှာ စိုလျက်။ အစိမ်းနှင့် အဝါ အပြောက် အပြောက် ရောနေသော ရွက်လှရွက်ကတော့ အဝါကလည်း ပိုဝါလျက်၊ အစိမ်းကလည်း ပိုစိမ်းလျက်။ ရှည်ရှည်သွယ်သွယ် ရွက်လှများ၊ မဝိုင်းမရှည် ရွက်လှများ။ အိမ်ဘုရားစင်တွင် နှင်းဆီ၊ သစ္စာ၊ မေမြို့ စသည့် ပန်းများနှင့် ရောစပ်ကာ မေမေ ဝေနေအောင် ထိုးတတ်သော ရွက်လှများ ဖြစ်လေသည်။

ရွက်လှပင်များ နံဘေးက ဂမုန်းအိုး၌ ပန်းပွင့်ဖြူဖြူ နှစ်ပွင့် တိုးထွက်ပွင့်နေသည်။ မေမေ မခူးသေးဘူးလား မသိ။

www.nyisay.com



သည်လို ဂမုန်းပန်းဖြူဖြူ၊ နီနီများ၊ နှင်းဆီရောင်စုံတို့ကိုတော့ ဘုရား တင်ရန် မေမေ သုံးတတ်သည်မို့ လင်း ယောင်၍ပင် မခူး။ လေးနာရီပန်းဟု ခေါ်သော အဖြူရောင်၊ ပန်းနုရောင်၊ ခရမ်းရောင် ပန်းရောင်စုံများ၊ အခြားအခြား သော အမည် မပြောတတ်သည့် နွယ်ပန်းပွင့်အသေးများကိုတော့ မေမေ့အလစ် မှာ လင်း ခူးယူတတ်သည်။ နွေမိုး တစ်ပြိုက် နှစ်ပြိုက်ကျခိုက် မြေပြင်တစ်လျှောက် ကွက်တိကွက်ကျား ပေါ်ထွက်စပြုသော မြက်ပင်များကိုတော့ လွတ်လပ်စွာ ထိနိုင်သည်။

လင်းသည် ဂမုန်းပွင့်မှသည် အာရုံပြောင်းကာ ခြံနောက်ဘက်သို့ လွင့်ခနဲ ပြေးလာသည်။ ငှက်ပျောပင်ပျိုတို့သည် ရေကန်နှင့် မလှမ်းမကမ်း မှာ စိမ်းစိမ်းမြမြ ရှိနေကြသည်။

လက်လှမ်းမီရာ ငှက်ပျောဖက်အသေးကို ဆုတ်ယူရန် ကြိုးစားသော် လည်း မအောင်မြင်။ အဝတ်လှန်းနေသော မမအုံ ဝင်ပါတော့မှ တစ်တောင် ခန့်ရှိသည့် ငှက်ပျောဖက်တစ်ခု လက်ထဲ ရောက်တော့သည်။

လူကြီးများ လုပ်ပုံအတိုင်း မမအုံက ကတော့ချိုး ချိုးပေးလိုက် သည်။ လင်း ဘာလုပ်တော့မည်ကို ကောင်းစွာ သိပေသည်။

လင်းသည် ငှက်ပျောဖက်ကတော့နှင့် အိမ်ရှေ့သို့ ခုန်ဆွဆွ လျှောက် လာသည်။ တညင်းပင်ကို ဖြတ်သည်။ သရက်ပင်ကို ဖြတ်သည်။ အပင်တို့ သည် မြင့်မား ရိပ်မိုးလျက်။

မီးဖိုကို ဖြတ်တော့ မေမေ ဟင်းချက်နေပုံကို မြင်သည်။ သံဆန်ခါ အကွက် အကွက်ကြားက မေမေ့ကို မြင်သည်။ မေမေသည် လင်းကို မတွေ့။

'မေမေ ဘာချက်နေသလဲမသိဘူး' ဟု စပ်စပ်စုစု တွေးလိုက်သေး သော အတွေးတစ်စမှာ မြေပြင်ပေါ် ငုတ်တုတ်ထိုင်လျက် မြက်ပင်အဖျားအနား၊ ပန်းရောင်စုံပွင့်အချို့၊ နွယ်ရွက်အချို့ကို ငှက်ပျောဖက်ခွက်ထဲ ထည့်ခိုက် မေ့လျော့စပြုလေသည်။

ပန်းစုံ အရွက်စုံရလျှင်တော့ မြေပြင် အပြန့်ကျယ်ကျယ်သို့ လာမည်။ ပန်းစုံ အရွက်စုံကို မြေပြင်ပေါ် မှောက်ချမည်။ ငှက်ပျောဖက်ကို ခင်းမည်။ ပြီးလျှင်တော့ ပန်းပွင့်များ၊ မြက်များ၊ အရွက်များကို စိတ်ကူးပေါက်ရာ နေရာချမည်။

ငှက်ပျောဖက်စိမ်းစိမ်းထဲ မြက်စိမ်း၊ ရောင်စုံပန်းပွင့်များ၊ ဖက်ဖူး ရောင်နွယ်ရွက်တို့ ရောနှောရှိနေပုံသည် လင်း၏ မျက်စိထဲ ကြည့်ကောင်းလှ

www.nyisay.com



ပေသည်။ အရွက်၊ ပန်းပွင့်တို့ကို ဟိုနေရာ သည်နေရာ အခါခါရွှေ့သည်။ ဒါသည် လင်း၏ ကစားနည်းတစ်မျိုး။

သည်ကစားနည်းမှာ လင်းတစ်ဦးတည်း၏ စိတ်ကြိုက် ကစားနည်း ဖြစ်သည်။ အရွက်၊ ပန်းပွင့် အရောင်စုံလေ သဘောကျလေ ဖြစ်သည်။ တစ်ခါတလေတော့ ရန်ကုန်တက္ကသိုလ်ဝင်းထဲ ရောက်လျှင် တွေ့ရာသစ်ရွက်၊ မြက်ပင်တို့ကို ယူလာချင်သည်။ မေမေသည် လင်းကို ရယ်မော တားမြစ်ရမြဲ။ ကစားနည်းတွင် နာမည် မရှိချေ။

လင်းသည် ငှက်ပျောဖက်ကတော့ကို ယူကာ ဖေဖေတို့ အိပ်ခန်း ရှေ့မျက်နှာစာ မြေပြင်သို့ ရောက်လာ၏။ ထို့နောက် ငှက်ပျောဖက်ကို ဖြန့်ကာ ခင်းကာ စိတ်ကြိုက်ပြင်တော့သည်။

တစ်ကြိမ်နေရာချပြီး နောက်တစ်ကြိမ် ပုံစံပြောင်းတော့ ပန်းရောင်စုံတို့ကို အလယ်ဗဟိုမှာ၊ မြက်နှင့် သစ်ရွက်တို့ကို ထောင့်စွန်းများမှာ နေရာချမိသည်။ အင်း..ဒါ အလှဆုံးပဲ..။

ပြီးခဲ့သည့် ဆောင်းရာသီကမှ တက္ကသိုလ်ဝင်းထဲက လင်း ခေါ်လာကာ မွေးထားသော ခွေးကလေး ရန်လုံသည် လင်း၏ အနီးတွင် တအီအီ ပြုနေသည်။

သည်မှာပင် ခြံတံခါးဝက ခေါင်းလောင်းလှုပ်သံကို လင်း ကြားရပေသည်။

ခြံတံခါးမှာ သံပန်းတံခါးဖြစ်သည်။ သိပ်မမြင့်။ လူတစ်ရပ်နီးပါး မြင့်သည့် ပုဏ္ဏရိက်စည်းရိုးနှင့် တန်းတူဖြစ်သည်။ အတွင်းတွင် သော့ခတ်မထား။ ကန့်လန့်လေး တစ်ခုသာ ခံ၍ပိတ်ထားပါသည်။ အိမ်သူအိမ်သားများ ဆိုလျှင်တော့ လက်နှိုက်လျှိုကာ ဖွင့်တတ်ကြသည်။ ဧည့်သည်များကတော့ ခေါင်းလောင်း လှုပ်ကာ အသံပြုတတ်ကြပေသည်။

ခြံဝတွင် အမျိုးသားတစ်ဦးရပ်လျက် ရှိသည်။ ဖေဖေ့ဧည့်သည်လား။

ရံဖန်ရံခါတော့ ကျောင်းသားတို့သည် ဖေဖေ့ထံ စာဆွေးနွေးရန် ရောက်လာတတ်သည်။ ဖေဖေ့ဌာနက ဆရာအချို့လည်း အလည်လာတတ်ကြသည်။ 'ဘယ်သူနဲ့ တွေ့ချင်လို့လဲ'ဟု ပြောနေကျလို ပြောကာ ခြံဝသို့ လင်း လျှောက်လာပါသည်။

''မမွန်မွန်သန့်တို့ အိမ်လား ခင်ဗျာ''

www.nyisay.com



ထိုသူသည် သံပန်းကွက်အကြားမှပင် လင်းအား ခပ်ပြုံးပြုံး ငုံ့ကြည့်လျက် ရှိသည်။

လင်းသည် ဇဝေဇဝါဟန်နှင့် မျက်မှောင်လေးကြုတ်ကာ ညှော့သည်ကို မော့ကြည့်နေသည်။ သည်လူ့ကို လင်း တစ်ခါမှ မမြင်တွေ့စဖူး။

''ဟုတ်တယ်၊ ဘာလို့လဲ''

''ကျွန်တော် မမွန်မွန်သန့်နဲ့ တွေ့ချင်လို့ပါ ခင်ဗျာ''

ချစ်စနိုး ပြောသံဟု လင်း နားမလည်။ ပြုံးပြုံးမြမြ ပြောပုံကိုလည်း နားမလည်ချေ။ သူ့ကို နောက်နေတာပဲဟု စိတ်တိုခြေဆောင့်ချင်သည်။

သို့သော် ညှော့သည် မေးလျှင် ယဉ်ယဉ်ကျေးကျေး စကားပြန်ရမည်ဟု မေမေ့အမှာကို သတိရကာ''ဘယ်သူလို့ ပြောရမလဲ''ဟု ဆက်မေးလိုက်ပါသည်။

''ဗန်းမော်က မသီဂီမော်ရဲ့ မောင်လေးလို့ ပြောပေးပါ သမီး''

''သမီး မဟုတ်ဘူး၊ လင်းနာမည် လင်းလို့ ခေါ်တယ်''

'ဦးဦး'ဟု နောင်သောအခါ လင်း ချစ်ခင်တွယ်တာစွာ ခေါ်ဆိုမည့် ထိုလူသည် အသံထွက်အောင်ပင် ရယ်မောနေသည်။ လင်းသည် ထိုရယ်ပုံကိုပင် မျက်ခုံးတွန့်ချိုးလျက် စောင့်ကြည့်နေသည်။ 'ဆိုးပေလေး'ဟု စိတ်လိုလက်ရ ရှိတိုင်း ဦးဦး ခေါ်တတ်ခဲ့တာ စတွေ့ပုံ တွေ့နည်းကြောင့်ပါပဲ။

အဲသည်နေ့က လင်းတို့၏ အပြန်အလှန် စကားသံများကို မေမေ နားစွန်နားဖျား ကြားခဲ့သလား၊ သို့တည်းမဟုတ် လင်းကို ခေါ်ရန် အိမ်ရှေ့ထွက်လာသည်လား သေချာစွာ မမှတ်မိပြီ။ ထိုသူ့ရယ်သံမဆုံးမီပင် 'ဘယ်သူလဲ လင်း'ဟု မေးမြန်းသံနှင့်အတူ ခြံတံခါးအနီး မေမေ ရောက်လာတာတော့ မှတ်မိနေသည်။

''ကျွန်တော်က ဗန်းမော်က မသီဂီမော်ရဲ့ မောင်လေးပါ ခင်ဗျာ။ နိုင်မင်းညီပါ။ အစ်မတော့ ကျွန်တော့်ကို မှတ်မိမှာ မဟုတ်ဘူး။ ကျွန်တော်တို့ အတန်းငယ်ငယ်မှာပဲ အစ်မ ပြောင်းသွားတာ ဆိုတော့''

''ဪ… သီဂီ၊ သီဂီ့မောင်လေးပေါ့၊ ဒါနဲ့ သီဂီတစ်ယောက်ကော နေကောင်းရဲ့လား၊ လာလေ မောင်လေး ဝင်''

မေမေ့အပြုံးမှာ လှိုင်နေသည်။ ပြောရင်းဆိုရင်း သံပန်းတံခါးကို လှပ်ဖွင့်လိုက်သည်။ ညှော့သည် ဝင်သာအောင် ကိုယ်ကို နောက်သို့ ယို့ပေးလိုက်

www.nyisay.com



ပါသည်။ ထိုသူသည် ခြံထဲ လှမ်းဝင်လာသည်။ မေမေ့အနီး ပေကတ်ကတ် ရပ်ကာ မော့ကြည့်နေဆဲဖြစ်သော လင်းကို ပြုံးပြလိုက်သည်။

''နေကောင်းပါတယ် အစ်မ၊ အခုတော့ မမက ဂျပန်မှာပါ၊ ဟိုမှာပဲ အိမ်ထောင်ကျနေပါတယ်၊ အစ်မနဲ့လည်း အဆက်အသွယ် ပြတ်နေတယ် ပြောတယ်၊ အခုတောင် ပညာတော်သင် ရောက်လာတဲ့ သူငယ်ချင်းတစ်ယောက် ဆီက လိပ်စာရလို့တဲ့ ကျွန်တော့်ကို သွားလိုက်ပါဦးဆိုလို့ လာရတာ''

မေမေသည် ခြံဝင်းတံခါးကို စေ့ပိတ်ကာ စကားတပြောပြောနှင့် အိမ်ဘက်သို့ ဦးဆောင်ခေါ်ယူသွားသည်။ နောက်မှ မယောင်မလည်ပါလာ သော လင်းကို လက်တွဲခေါ်ယူလိုက်သည်။

လင်းသည် ငှက်ပျောရွက်ပန်းချီကားကို သတိမရတော့။ ညွှန့်သည်ကို သာ စိတ်ဝင်စားနေသည်။ လင်း၏တစ်သက်တွင် မေမေ့ထံ ညွှန့်သည်လာပုံကို သိပ်မတွေ့စဖူး။ မန္တလေးမှာနေသော မေမေ့သူငယ်ချင်း အန်တီကြည်ကြည်တစ် ယောက်သာ လာတတ်သည်။ များသောအားဖြင့် လာသမျှ ညွှန့်သည်တို့သည် ဖေဖေ့ညွှန့်သည်သာ။

မေမေသည် စကားလက်စ မပြတ် ပြောရင်း ညွှန့်သည်ဘက် တစ် ချက်လှည့်ကာ လင်းကို ခပ်တိုတိုပင် မိတ်ဆက်ပေးလိုက်ပါသည်။

''ဒါ အစ်မသမီးလေးလေ၊ လင်းမြရည်လွင်တဲ့၊ တစ်အိမ်လုံးကတော့ လင်းလို့ပဲ ခေါ်ကြတယ်''

ညွှန့်သည်က ရယ်မောလိုက်ပြန်သည်။

''ပြောပါတယ်ဗျာ၊ သူ့ကို သမီးခေါ်လို့ သူနာမည် လင်းတဲ့''

လင်းသည် သူ့ကို တိုင်နေသည် ထင်ကာ ခြေတစ်ချက် ဆောင့်လိုက် သည်။ ပေစောင်းစောင်း ငဲ့ကြည့်လိုက်ပါသည်။

လင်း၏ မျက်နှာမှာ ရန်လိုသော မျက်နှာ။ သူ့အပေါ် တွေ့လျှင် တွေ့ချင်း ချစ်ခင်ပုံပြသော သူစိမ်းကတော့ ပြုံးမြဲပြုံးလျက်။

နောင်တွင် ဦးဦးနှင့် စတွေ့သည့် နေ့အကြောင်း ပြန်တွေးတိုင်း ငှက်ပျောဖက်ပန်းချီကားအား တစ်ညနေခင်းလုံး၊ တစ်ညလုံးလုံး မေ့လျော့ ထားရစ်ခဲ့သည်ကို လည်းကောင်း၊ ဦးဦးရှိရာ ညွှန့်ခန်းတစ်ဝိုက်တွင်သာ ယောင်လည်လည် လုပ်နေမိခြင်းကို လည်းကောင်း မှတ်မှတ်ရရ ရှိရလေသည်။

*

www.nyisay.com



''မမအုံ''

''ဘာလဲ လင်းရဲ့၊ ပြော''

''မမအုံမှာ ဦးဦးရှိလား''

''ရှိသားပဲ''

''မမအုံဦးဦးကို မမအုံ ချစ်လား''

''ချစ်ပါဘူး၊ ဦးဦး··အဲ···ဦးဦးလို့တော့ မခေါ်ဘူး၊ ဦးလေးလို့ ခေါ်တယ်၊ ဘယ်ချစ်မလဲ မူး မူးနေတာပဲ၊ ခုတော့ သေပြီလေ''

လင်းသည် စက္ကူဖြူပေါ်တွင် ခဲတံဖြင့် မိန်းကလေးရုပ်ပုံတစ်ပုံ စိတ်ရှည် လက်ရှည် ဆွဲနေရာက မမအုံကို မော့ကြည့်လိုက်ပါသည်။ 'သေပြီ'ဆိုသော စကားကို လင်း နားလည်စပြုပြီ။ ဘယ်တော့မှ မတွေ့ရတော့တာကို ခေါ်တာပဲ ဟု နားလည်သလို ဘာသာပြန်တတ်ပြီ။

မမအုံတွင် အမေ မရှိတော့ချေ။ ငယ်စဉ်ကပင် ဆုံးပါးခဲ့သည် ဆို၏။ ဖခင်မှာ နောက်အိမ်ထောင်ထူခဲ့ပြီမို့ ဘွားအေလက်ထဲမှသည် နောက်ဆုံး တော့ လင်းတို့နှင့် ရေစက်ဆုံလာရသည်။

''လင်းမှာလည်း အခု ဦးဦး ရပြီ''

''အင်း၊ အဲဒီဦးဦးက လင်းကို တော်တော်ချစ်တာပဲ၊ တူမအရင်းလေး ကျလို့''

''ဟင်၊ လင်းက ဦးဦးတူမပါ''

မမအုံက ရယ်နေသည်။

သည်စကားကိုတော့ လင်း ရိုးသားစွာ ပြောခြင်းမျှသာတည်း။

တစ်လဆိုသော အချိန်အတွင်း အိမ်သို့ ဦးဦး ရံဖန်ရံခါ ရောက် တတ်သည်။ မေမေနှင့်ရော ဖေဖေနှင့်ပါ ရင်းနှီးသော၊ လင်းကို စိတ်ရှည် ပေါင်းသင်းသော ဦးဦးဟာ အမျိုးအဆွေတစ်ဦးဦးပါပဲဟု လင်း ထင်နေသည်။

ဖေဖေ့ထက်ရော မေမေ့ထက်ပါ ငယ်သော ဦးဦးသည် မေမေ့လို၊ လင်းလိုပင် အသားဖြူသူ ဖြစ်သည်။ အရပ်က ခပ်ရှည်ရှည်။ ပိန်သွယ်တော့ ခပ်ကိုင်းကိုင်း ထင်ရသည်။ သို့သော် ဦးဦးက ခပ်မတ်မတ် လမ်းလျှောက် တတ်သည်။ မျက်နှာထား ကြည်သည်။ 'အဲဒီဦးဦးက စိုးသူနဲ့တူတယ်'ဟု မမအုံ ပြောတတ်လေသည်။

www.nyisay.com



ဦးဦးသည် ရောက်ရောက်ချင်းနေ့မှာပင် မိသားစုတစ်စုလုံးနှင့် ရင်းနှီးတော့သည်။ အိမ်ထမင်းဟင်းကောင်းနှင့် ကြုံကြိုက်သည်ဆိုကာ မေမေက ညစာထမင်းဝင်စားပါ ဆိုသည်။ ဦးဦးသည် အားနာဟန်နှင့် ငြင်း၏။ ဖေဖေပါ ဝင်ခေါ်တော့မှ ထမင်းစားပွဲသို့ ရောက်တော့သည်။

ချဉ်ပေါင်နှင့် ငါး ရောနှောချက်ကာ မေမေ့အကြိုက် ပင်စိမ်းခတ်သည့်ဟင်းကိုတော့ လင်း မှတ်မိသည်။ ကျန်သည့် ဟင်းနှစ်ခွက်ကိုတော့ မမှတ်မိ။ ပင်စိမ်းအနံ့အရသာကို ဦးဦးလည်း ကြိုက်ပုံရသည်။

ခေါင်းမဖော်စတမ်း စားသော ဦးဦးကို မြင်တော့ ထမင်းစားနည်းသော လင်းပင် ထမင်းတစ်ဇွန်း နှစ်ဇွန်းလောက် အပိုစားလိုက်လေသည်။ ထမင်းစားချိန်အပြီး ဧည့်ခန်းမှာ နေရာယူကာ စကားဝိုင်းဖွဲ့ကြတော့ လင်းနှင့် ဦးဦးက သင့်မြတ်ခဲ့ပြီ။

လင်းတို့အိမ်က ဦးဦး ပြန်တော့ လမ်းမီးပင် လင်းနေပြီ။ ခြံဝအထိ မေမေ လိုက်ပို့တော့ လင်းပါ ကပ်လိုက်လာသည်။ တွေ့စတုန်းကလို မျက်နှာ ခပ်ပုပ်ပုပ် မဟုတ်တော့။ ပြုံးပြုံးရွှင်ရွှင်။ 'နောက်လည်း လာပါကွယ်၊ ရန်ကုန်မှာ အမျိုးမရှိဘူးဆိုပေမယ့် အစ်မတို့အိမ်ကို အမျိုးအိမ်လို့ သဘောထားပေါ့နော့'ဟု မေမေက ခြံတံခါး ဖွင့်ရင်း ဆိုသည်။ 'လာခဲ့နော် ဦးဦး'ဟု လင်းက အားကျမခံ ဖိတ်လိုက်သည်။ ဦးဦးက ရယ်မောနေတာ။

ဦးဦးသည် လှည်းတန်းတွင် အဆောင်နေသည်။ မန္တလေးမှာ ကျောင်းတက်ခဲ့သည်ဟု မေမေ ပြောပြသည်။ နည်းပညာလို့ ဆိုတာပဲ‥။ ခုလည်း ရန်ကုန်မှာ သင်တန်းတက်နေသတဲ့။ အလုပ်ဝင်မတဲ့။ တစ်နေ့နေ့ နိုင်ငံခြား သွားမလို့ဟု မေမေက ဆိုပြန်သည်။ နိုင်ငံခြားဆိုတာ ဘယ်မှာ ရှိလေသလဲ။ မော်လမြိုင်လို၊ စစ်တွေလို ဝေးဝေးသွားရဦးမလား။ လင်း မသိတတ်ချေ။

လင်းသည် စာရွက်ပန်းချီကားချပ်ဆီ အာရုံပြောင်းပြန်သည်။ မိန်းကလေး၏ ဆံပင်များကို နှစ်ဖက်ခွဲစည်းပုံ ရေးလိုက်သည်။ ပခုံးကျော်ကျော်။ မိန်းကလေးရုပ်ဆွဲတိုင်း မေမေ့ကို သူ မြင်ယောင် ရေးဆွဲတတ်သည်။

လင်း၏ ပန်းချီထဲက မိန်းကလေးတို့သည် အရပ်ရှည်ရှည် ခန္ဓာကိုယ် သွယ်လျလျဖြစ်သည်။ ကိုယ်နေဟန် လှသည်။ မျက်နှာ သွယ်သည်။ နှုတ်ခမ်း၊ မျက်လုံး လှပသည်။ ဆံပင်ရှည်ရှည် ဖြစ်သည်။

www.nyisay.com



အပြင်ဘက်က လင်း၏မေမေသည် လင်းဆွဲတတ်သော ပန်းချီများထဲက မိန်းကလေးထက် အပုံကြီးလှသည်။ လှသည်ဟု လင်း ထင်ပေသည်။ လင်းသူငယ်ချင်း သက်သက်ကတော့ 'မာမီ လှတယ် မဟုတ်လား ဒက်ဒီ' စသည်ဖြင့် စနောက်တတ်သတဲ့။ သူ့ဖေဖေက ရယ်တတ်သတဲ့။ လင်းမှာတော့ 'မေမေက လှတယ်နော်'ဟု ဖေဖေ့အား တစ်ကြိမ်ပင် မပြောစဖူး။ လင်းတို့ သားအဖသည် အချို့ သားအဖများလို တရင်းတနှီး မရှိလှချေ။

လင်းနှင့်သာမဟုတ်။ မေမေနှင့်လည်း ရင်းနှီးချစ်ခင်စွာ ရယ်ရယ်မောမောနေတာမျိုး လင်း တစ်ကြိမ်ပင် မမြင်စဖူး။ ဖေဖေသည် ကျောင်းချိန်မှအပ ကျန်အားလပ်ချိန်များကို စာကြည့်ခန်းမှာသာ ကုန်ဆုံးတတ်သည်။ 'ခုတစ်လော ဘာသာပြန်တာပါ လုပ်နေတာ'ဟု မေမေ ပြောပြသည်။ ဖေဖေ ဘာသာပြန်နေသော အင်္ဂလိပ်စာအုပ်များကို လင်း တွေ့ဖူးသည်။ လင်းတို့ထက် ပိုအချစ်ခံရပုံရသော စာအုပ်ထူထူများ။

"မမအုံ၊ ရောင်စုံခဲတံ ယူပေးပါ"

မမအုံသည် ခဲတံကတ်ကို လှမ်းယူလိုက်သည်။ အညိုရောင်၊ အနီရောင်၊ အစိမ်းရောင်၊ အဝါရောင် စသည့်ခဲတံလေးများသည် ခဲတံကတ်တွင် လဲလျောင်းလျက် ရှိလေသည်။

"ဘာအရောင်လဲ လင်း"

"အစိမ်းရောင်"

"အစိမ်းရောင်က ဘာကို ခြယ်ဖို့လဲ"

"ဂါဝန်လေ၊ ကောင်မလေးရဲ့ ဂါဝန်ကို အစိမ်းရောင် ခြယ်မလို့လေ"

"အပြာလေး ခြယ်ပါလား လင်းရယ်၊ အပြာက လှကလှနဲ့"

'အစိမ်းပါဆို'ဟု လင်း ခပ်ဆတ်ဆတ် ပြောတော့မှ လက်ထဲသို့ ခဲတံစိမ်း ကမ်းပေးသည်။

အပြင်က မေမေသည် ဂါဝန် မဝတ်။ လင်း၏ ပန်းချီထဲက ကောင်မလေးကတော့ ဂါဝန်အစိမ်း ဝတ်ထားသည်။

လင်းသည် ဂါဝန်ကို စိတ်ရှည်လက်ရှည် ဆေးခြယ်သည်။ ပဝါ အဝါရောင် ခြုံပေးသည်။ ရွက်လှပင်ကလို အစိမ်းနဲ့အဝါ။

ဆံပင်လေး ချည်လျက်၊ နှုတ်ခမ်းနီနီလေး ဆိုးလျက်၊ နှင်းဆီပန်း တစ်ပွင့် ပန်ပေးလျက် ပန်းချီကို လက်စသတ်တော့ မေမေ့ကို ပြရန် သတိရ

www.nyisay.com



သည်။ မေမေသည် လင်း မည်သို့ ဆွဲထားစေကာမူ 'သိပ်လှတာပဲ၊ ငါ့သမီးလေး သိပ်တော်တာပဲ' ဟု ပြောလိမ့်မည်။

ဖေဖေကတော့ ထိုသို့ ပြောမည် မဟုတ်။ အဲ...ပြဖို့လည်း လင်း စိတ်မကူး။

လင်း ပန်းချီဆွဲလိုစိတ်ရှိပုံကို ဖေဖေ နည်းနည်းမျှ မကြိုက်ချေ။ နွေရာသီ ပန်းချီ သင်တန်းသို့ သက်သက်နှင့်အတူ လိုက်တက်ရန် ကြိုးစားတုန်းက အဆူခံရသည်။ ဖေဖေ့ကို ရှိန်သော မေမေလည်း ဝင်မပြောသာ။

နောက်ဆုံးတော့ ဖေဖေ ဝယ်ပေးသော အင်္ဂလိပ်ပုံပြင်စာအုပ်ထဲက ရုပ်ပုံလေးများ၊ မေမေ ဝယ်တတ်သည့် ရွှေသွေးထဲက ကာတွန်းပုံလေးများကိုပင် တစ်ထပ်တည်းတူအောင် လိုက်ဆွဲရလေသည်။

* * *

www.nyisay.com

လင်းသည် မမအုံ ချိတ်ထားသော လက်ကို ဖြုတ်ကာ ကျောင်းဝင်း တံခါးဆီ ပြေးထွက်လာသည်။ 'လင်း မပြေးနဲ့ ချော်လဲမယ်'ဟု အော်သံနှင့် အတူ မမအုံ ပြေးလိုက်လာပုံကို တစ်ချက် လှည့်ကြည့်သည်။ သို့သော် အပြေးကိုမူ မရပ်။

အောင်စာရင်းကြည့်သော လူအုပ်သည် ကျောင်းဝင်းအတွင်း၌ ကျန် ရစ်ခဲ့သည်။ လင်း လမ်းပေါ် ရောက်ပြီ။ အိမ်အပြန်လမ်းသို့ ကဆုန်စိုင်းပြေးရန် ပြင်သည်။ အိမ်နှင့် ကျောင်းသည် သိပ်မဝေး။ သို့သော် ဝေးသည်ဟု ထင်နေ သည်။ အိမ်ရောက်ချင်လှပြီ။

''လင်းရယ် နေပါဦးဆို''

မမအုံသည် မောဟိုက်သံနှင့်အတူ အနီးသို့ ရောက်လာသည်။ ပြေး နေရာမှ ရပ်ကာ လင်း ခြေဆောင့်လိုက်ပါသည်။

''မမအုံက နှေးတာကိုး၊ လင်း အိမ် မြန်မြန် ရောက်ချင်ပြီ''

''အတူတူ သွားမယ် လင်းရယ်၊ တော်ကြာ မမအုံကို မမကြီးက ဆူမှာပေါ့''

''ပြီးရော၊ မြန်မြန်တော့လျှောက်၊ မမြန်ရင် လင်း ပြေးမှာပဲ''

လင်း၏ မျက်လုံးလေးများသည် တလက်လက် တောက်လျက်။ နှုတ်ခမ်းလေးများတွင် အပြုံးထင်လျက်။ ခြေလှမ်းများမှာ အလိုလိုနေရင်း မြောက်ကြွကြွ။ ပထမရပြီလေ။ ဒုတိယတန်းမှာ ပထမ ရခဲ့ပြီလေ··။

www.nyisay.com



စင်စစ် ပထမဆု ဆိုတာသည် လင်းနှင့် မစိမ်း။ သူငယ်တန်းမှစကာ ပထမ စွဲခဲ့သူပင်။ သို့သော် သည်တစ်နှစ်ကတော့ ရန်ကုန်ပြောင်းစနှစ် မဟုတ်လား။ စာတော်သူများ၍ မေမေပင် လင်းအား သည်မျှ မျှော်လင့်မထားခဲ့ချေ။ ခုတော့ လင်း ပထမရပြီ။

သည်သတင်းကို မေမေ့ထံ အပြေးပြောချင်သည်။ ပြီးလျှင်တော့ ဖေဖေ့ကို ပြောပြချင်သည်။ စာကျက်နေလျှင် အသံထွက်အမှားပြင်ပေးသည်မှအပ မေမေ့လို ဝင်မပါတတ်သော ဖေဖေသည် လင်း စာ မည်မျှတော်ကြောင်းပင် ကောင်းစွာ သိပုံ မရပေ။

"မမအုံ၊ မြန်မြန် လျှောက်ပါဆို"

"လင်းရယ် ရောက်တော့မှာပဲ၊ ရှေ့မှာ ခြံကိုတောင် မြင်နေရပြီလေ"

လင်းသည် မမအုံလက်ကို တင်းတင်းဆုပ်ကာ တက္ကသိုလ်ဝန်ထမ်းအိမ်ဝင်းများကို ခပ်သွက်သွက် ဖြတ်သည်။ လမ်း၏ ဘယ်ဘက် ထောင့်ချိုးမရောက်မီ နောက်ဆုံးတွေ့ရသည့်ခြံမှာ လင်းတို့ခြံဖြစ်သည်။ အုတ်ကြွပ်မိုးသော အိမ်နီနီတစ်ဝိုက် ပန်းပင်၊ သစ်ပင်ပေါ်များ၍ အစိမ်းရောင် လွှမ်းနေပုံမှာ မြင်သူတိုင်း လည်ပြန် ငေးရတတ်လေသည်။

ခြံတံခါးကို လင်း ဦးဆောင် တွန်းဖွင့်လိုက်သည်။ ခေါင်းလောင်းက တချွင်ချွင် မြည်သည်။ ရန်လုံသည် လင်းကို မြင်သည်နှင့် အမြီးလေးနှန့်ကာ ပြေးလာသည်။ 'ငါ ပထမ ရတယ် သိလား' ဟု ရန်လုံကို ငုံ့ကိုင်းကာ ပြောတော့ ခြံတံခါး စေ့ပိတ်နေသည့် မမအုံက ရယ်သည်။

လျင်သော မျက်စိဖြင့် ခြံရှေ့တစ်ဝိုက် လင်း ဖြန့်ကြည့်လိုက်သည်။ ပန်းအိုးများ၊ ပန်းပင်များအကြား ရံဖန်ရံခါ တွေ့ရတတ်သည့် မေမေ မရှိ။

ဖိနပ်ချွတ်က လှမ်းတက်တော့ ရောက်ရောက်ချင်း တွေ့ရသည့် ဧည့်ခန်းမှာလည်း မေမေ မရှိ။ အိမ်ဧည့်ခန်းသည် တစ်အိမ်လုံးကို သပ်သပ်ရပ်ရပ် ထားတတ်သည့် မေမေ့လက်ရာနှင့် လှမြ လှလျက်။ နံနက်တွင်မှ အသစ် ထိုးထားပုံရသော နှင်းဆီတစ်ပွင့်သည် ဖန်ပန်းအိုးရှည်ထဲတွင် ငြိမ်လျက်။

ထမင်းစားခန်းထောင့်တွင် ချထားသော အပ်ချုပ်စက်ခုံ၌ မေမေ မရှိ။ မီးဖိုထဲမှာကော။

မီးဖိုခန်းတွင်တော့ ချက်ပြုတ်ပြီးစ ဟင်းအိုးမှ အနံ့သာ လှိုင်လျက်။ မေမေ မရှိချေ။

www.nyisay.com



"ဟင်၊ မေမေ ဘယ်သွားလဲမသိဘူး မမအုံ"

တံမြက်စည်းတစ်ချောင်း ကောက်ကိုင်ကာ တံမြက်လှည်းရန် ပြင်နေသည့် မမအုံက 'မသိဘူးလေ'ဟု ခပ်တိုတိုဆိုသည်။ ထမင်းစားခန်း ဘေးပြတင်းမှ ခြံထဲ လှမ်းကြည့်တော့လည်း မေမေ့အရိပ် မတွေ့။

ရေချိုးခန်းဘက်ဆီ လျှောက်လာတော့မှ ရေသံကြားရသည်။ ရေချိုးနေတာ မေမေ ဖြစ်မှာပေါ့။ မေမေသည် နေ့လယ်စာ ထမင်းဟင်းချက်ပြီးမှ ရေချိုးလေ့ရှိတတ်သူ ဖြစ်ပေသည်။

'ဖေဖေ့ကို အရင်ပြောမှပဲ'ဟု ရေရွတ်ကာ စာကြည့်ခန်းအနီးသို့ လင်း ချဉ်းကပ်လာသည်။ နေ့လယ်စားချိန် မတိုင်သေးတော့ စာကြည့်ခန်းမှာပင် ဖေဖေ ရှိလိမ့်မည်။ လင်းသည် မေမေ့လို တံခါးတစ်ချက်ပင် မခေါက်ဘဲ တံခါးကို သည်အတိုင်း တွန်းဖွင့်လိုက်ပါသည်။

စာကြည့်ခန်းသည် ပြတင်းမှ ဝင်သော အလင်းရောင်အောက်ဝယ် လင်း မြင်နေကျလို ခံ့ညားငြိမ်သက်လျက် ရှိသည်။ စာကြည့်စားပွဲ၌ ထိုင်လျက်ရှိသော ဖေဖေ့ကို ဘေးတစောင်း မြင်ရသည်။ စာအုပ်ထူကြီးတစ်အုပ် ရှေ့ချကာ ဗလာစာအုပ်တစ်အုပ်၊ ဘောပဲန်တစ်ချောင်းနှင့် အလုပ်ရှုပ်နေပုံရသည့် ဖေဖေသည် တံခါးဖွင့်သံကြောင့် ဆတ်ကနဲ လှည့်ကြည့်ပါသည်။

လင်းကို မြင်တော့ တစ်ဆက်တည်း မျက်မှောင်ကြုတ်သည်။ ဘောပဲန်ကို ကိုင်လျက်သားပင် လင်းအား လှမ်းကြည့်နေသည်။

လင်းသည် စာကြည့်စားပွဲအနီးသို့ တွန့်ဆုတ်ဆုတ်ပင် ကပ်လာသည်။

"ဖေဖေ"

ဘယ်လိုပြောလိုက်မည်၊ ဘယ်လိုဆိုလိုက်မည်ဟု ပြေးရင်းလွှားရင်း အားခဲလာသော လင်း၏ အသံမှာ ခုတော့ တုန်ယင်နေပေသည်။ ဖေဖေသည် မျက်မှောင်ကြုတ်နေပုံကို မပြောင်း။ 'ဘာလဲ ပြော'ဟု ဆိုလိုက်သည်။

"လင်း ပထမ ရတယ်"

လင်း၏ စကားသံမှာ ခပ်တိုးတိုး တွန့်ဆုတ်ဆုတ်။

"ဩော်- အေး အေး ကောင်းသားပဲ"

ဖေဖေ ပြုံးမည်၊ နောက်တော့ 'သိပ်တော်တာပဲ' စသည်ဖြင့် ပြောမည်၊ သူ့ကို ပွေ့ဖက်လိုက်မည်ဟု လင်း ထင်ခဲ့ပေသည်။ တစ်ကြိမ်ပင် မပြောဖူးသော စကား၊ မပြုဖူးသော အပြုအမူ ဖြစ်သော်လည်း သည်တစ်နှစ်

www.nyisay.com



တော့ ရန်ကုန်ကျောင်းမို့ ဖေဖေ ပြောလိမ့်မည် ထင်ခဲ့သည်။ ခုတော့ ဖေဖေသည် အစဉ်အလာ မပျက်ပင်တည်း။

အပြန်လမ်းတစ်လျှောက်လုံး လင်း၌ ကပ်ပါလာသော ဝမ်းသာရွှင်မြူးခြင်းသည် ခုတော့ အငွေ့ပျံပျောက်တော့မည့်ပမာ မျက်လုံးမှာပင် အရိပ်ဖျော့ဖျော့သာ ထင်တော့သည်။

"ဘာပြောဦးမလဲ လင်း၊ ဖေဖေ ဒီမှာ စာရေးလက်စဖြစ်နေလို့"

ဟင့်အင်း…။

လင်းသည် စာမျက်နှာထက်သို့ ဖေဖေ့အကြည့် တစ်ဖန်ရွှေ့ခိုက် စာကြည့်ခန်းအတွင်းမှ လေးတိလေးကန် ထွက်လာပါသည်။ ဖေဖေ့အချစ်ကို လင်းထက် ပိုရခဲ့သော၊ ရနေသော စာအုပ်ထူကြီးများရှိရာ စာအုပ်စင်ကို တစ်ချက်မျှ ငဲ့စောင်းကြည့်ခဲ့သည်။ တံခါးကိုလည်း အသံမမြည်စေရန် သတိထား၍ ပိတ်ခဲ့သည်။

လေးလံဆဲ ခြေလှမ်းများသည် စကြံသို့ ချနင်းမိသည်။ စကြံတည့်တည့်လျှောက်လျှင် ရေချိုးခန်း ရောက်မည်။ မေမေ ရေချိုးပြီးပြီလား‥။

မမအုံ ဖွင့်ထားပုံရသည့် ရေဒီယိုသံသည် ဧည့်ခန်းဘက်မှ လွင့်လာသည်။ မမအုံ ဘာလုပ်နေပါလိမ့်။ တံမြက်စည်း လှည်းနေတုန်းလား။ အဝတ်တွေ မီးပူတိုက်နေသလား။ ခုနေ လင်းကို မြင်လျှင်တော့ မမအုံက ရယ်ပေမည်။ လမ်းတစ်လျှောက် အပြေးလာခဲ့သော လင်းနှင့် အိမ်ရောက်ခိုက် တွေ့ရသည့်လင်းက ကွာခြားခဲ့ပြီ။ အထူးသဖြင့် စာကြည့်ခန်းက ထွက်လာသော၊ ဖေဖေ့ရှေ့က ထွက်လာသော လင်းက ပြောင်းလဲခဲ့ပြီ။

စကြံတွင် လင်း တွေတွေဝေဝေ ရပ်နေဆဲ ရေချိုးခန်းတံခါး ဖွင့်သံကြားရသည်။ မေမေ‥။

လင်းသည် လွင့်ခနဲပင် မေမေ့အနီးသို့ အပြေးရောက်သည်။ ထဘီရင်ရှားကာ သဘက်ရုံထားသော၊ ရေစက်လက်ရှိဆဲဖြစ်သော မေမေ့ထံ ပြေးသည်။ မေမေသည် လင်းကို အလိုက်သင့် ပွေ့ဖက်လိုက်ပေသည်။

"ငါ့သမီးလေး အဆင့် ဘယ်လောက် ရသလဲ ပြော"

"ပထမ မေမေ၊ လင်း ပထမ ရတယ်"

မေမေသည် လင်း၏ နဖူးကို ရွှတ်ခနဲ ငုံ့နမ်းလိုက်သည်။

www.nyisay.com



''အမယ်လေး တော်လိုက်တာကွယ်၊ ထင်သားပဲ၊ မေမေ သိသားပဲ၊ ငါ့သမီးလေး ပထမ မဟုတ်ရင်တောင် ဆုရမှာပဲ ဆိုတာ''

မေမေ့အပြုံးသည် လင်းအား ရွှင်မြူးလာစေသည်။ အသံလေး ထွက်အောင်ပင် တဟက်ဟက်ရယ်မောသည်။ သို့သော် ခဏချင်းမှာပင် ဖေဖေ့ကို မကျေနပ်သော စိတ်က ခေါင်းပြူလာပေသည်။

''မေမေ၊ လင်းလေ ဖေဖေ့ကို ဆုရတဲ့အကြောင်း သွားပြောတယ် သိလား''

မေမေသည် လင်း၏ မျက်လုံးလေးများကို တိတ်ဆိတ်စွာ စိုက်ကြည့်နေသည်။ လင်း၏ မျက်ဝန်းများထဲ၌ ဝမ်းနည်းအားငယ်ခြင်းသည် ဖိတ်ဖိတ်လက်လျက်။ မေမေ့ သက်ပြင်းချသံမှာ တိုးတိုးသဲ့သဲ့။ မပြောမီပင် အဖြေကြိုသိနေသလို။

''အဲဒါ ဖေဖေက ကောင်းသားပဲတဲ့၊ ရယ်လည်း မရယ်ဘူး၊ ခု မေမေ့လိုလည်း မရယ်ဘူး''

မေမေသည် လင်း၏ မေးဖျားလေးကို ပင့်မလိုက်သည်။ ဆံပင်ကိုလည်း ခပ်ဖွဖွ သပ်ပေးလိုက်ပါသည်။

''စိတ်ထဲကတော့ ဝမ်းသာမှာပေါ့ သမီးလေးရဲ့၊ ပါးစပ်ကသာ ထုတ်မပြောတာ နေမှာပါ''

လင်းသည် မျက်တောင် ပုတ်ခတ် ပုတ်ခတ် ပြုကာ မေမေ့မျက်နှာကို မော့ကြည့်နေသည်။ နှစ်သိမ့်စကားသံ ချိုချိုအေးအေးကို ကြားရတော့လည်း 'ဟုတ်မှာပဲ'ဟု တိတ်တဆိတ်တွေးသည်။ သို့သော် မျက်လုံးမှာပင် ဝမ်းသာရိပ်မထင်သော ဖေဖေ့ကို မြင်ယောင်ပြန်တော့ နှုတ်ခမ်းလေး တစ်ချက် မဲ့သည်။

''သမီးဖေဖေ ငယ်ငယ်တုန်းကဆို သမီးဘွားဘွားတို့က သားသမီးကို ရောင့်တက်မှာစိုးလို့ တစ်ခါမှ ရှေ့တင် မချီးမွမ်းဘူးတဲ့၊ ချစ်မပြဘူးတဲ့၊ သမီးကြီးကြီးတို့ နှစ်ယောက်ကိုရော၊ ဖေဖေ့ကိုရော အဲဒီလိုပဲ ထားခဲ့တာတဲ့၊ ခု လင်းအလှည့်ကျတော့လည်း သမီးဖေဖေက ဘွားဘွားလို လုပ်နေတာ နေမှာပေါ့…ပြီးတော့ ဖေဖေက အလုပ်ရှုပ်နေတာကိုး သမီးရဲ့၊ ဖေဖေ့ကို စိတ်မဆိုးကောင်းဘူး နော် မေမေ့သမီးလေး လိမ္မာပါတယ်''

''ဖေဖေက အမြဲ အလုပ်ရှုပ်နေတာပဲ''

''ပြီးတော့ ဖေဖေ လင်းကို မချစ်ပါဘူး…''

www.nyisay.com



နောက်ဆက်တွဲ သည့်စကားကိုတော့ မေမေ မကြားအောင် ပါးစပ်လှုပ်ရုံသာ လင်း ပြောလိုက်ပါသည်။

*

မိုးကြိုမိုးဟု မေမေ ပြောသော မိုးသည် တစ်နေ့ခင်းလုံး သဲသဲမဲမဲ ရွာနေခဲ့လေသည်။ သစ်ကိုင်းများပင် ယိမ်းထိုးသည့်အထိ လေလည်း တိုက်သေးသည်။ ညနေ သုံးနာရီသာသာမှာတော့ မိုးစဲခဲ့ပြီ။ နေရောင် ထွက်လာပြီ။ လင်း သဘောအကျဆုံးအချိန် ရောက်လေပြီ။

လင်းသည် နေ့လယ်ခင်းတစ်လျှောက် ရုပ်ပုံဆွဲခြင်း၊ ပုံပြင်ဖတ်ခြင်းနှင့် အိမ်ထဲတွင် ပျင်းပျင်းရိရိ ကုပ်နေကာ နေပွင့်သည်နှင့် ခြံထဲ ဆင်းရန် ပြင်သည်။ 'ရေအရင်ချိုးရအောင် သမီးရယ်'ဟု မေမေ ပြောလည်း မရ။ 'ဆော့ပြီးရင် ပေဦးမှာပဲ မေမေရဲ့၊ ဆော့ပြီးတော့မှ ချိုးမယ်နော်'ဟု စောဒကတက်သည်။

သူ့လက်စွဲတော် မမအုံမှာ စက်အနင်းသင်နေလေသည်။ မေမေ ထုတ်ပေးထားသော ပုဆိုးဟောင်းတစ်ထည်ကို စက်ကြောင်းဖြောင့်ရန် အပြန်ပြန်အလှန်လှန် နင်း၍နေသည်။ စက်သံ တဂျောင်းဂျောင်း မြည်နေဆဲ လင်း တစ်ယောက် ခြံထဲ ရောက်ပြီ။

ခြံထဲတွင် မိုးရေများစွာ မတင်ပေ။ ခြံမြေမှာ ဂဝံခင်း၏။ ဂဝံလွတ်သော နေရာလေးအချို့တွင်သာ ရေအိုင်သေးသေးလေးများ တင်နေသည်။ မြေနံ့မှာ သင်းနေပေသည်။

မိုးရေစက်တို့သည် ပန်းပင်များပေါ်မှာ သစ်ရွက်တို့ပေါ်မှာ တင်ကျန်ဆဲရှိသည်။ လက်လှမ်းမီသော သစ်ရွက်များကို လက်နှင့်တောက်လျှင် ရေစက်များ ထောက်ခနဲ ကြွေကျပုံကို လင်း သဘောကျလှသည်။

ရေစပ်စပ် အိုင်နေသော နေရာတွင်တော့ လက်ဝါးလေးနှင့် တဖြန်းဖြန်း ရိုက်ဆော့သည်။ ခြေထောက်ကိုလည်း ရေထဲ ချလိုက် နှုတ်လိုက် လုပ်သည်။ ဂါဝန်အင်္ကျီ အဝါနုသို့ပင် ရေစက်များ စဉ်၍နေသည်။

မေမေသာ ညှော်ခန်းတစ်ဝိုက်ရှိလျှင်တော့ ဖိနပ်ချွတ်အထိ အရောက်လာကာ လင်းကို မာန်တော့မည်။ ခုတော့ မေမေက မီးဖိုချောင်မှာ။ အိမ်ရှေ့သို့ တော်တော်နှင့် ထွက်လာမည် မဟုတ်သေး။

www.nyisay.com



သည်နေ့ ညနေ ဦးဦး လာမည်။ ဦးဦး လာမည် ဆိုသည်ကို မမအုံ အပြောနှင့် လင်း သိရသည်။ မေမေ ဟင်းစီစဉ်ပုံနှင့်ပင် မမအုံ သိသည်တဲ့။

မေမေသည် တစ်နေ့ခင်းလုံးနီးပါး မီးဖိုချောင်မှာ အချိန်ကုန်နေပေသည်။ မေမေ့အနီးသို့ လင်း စပ်စပ် စပ်စပ် ရောက်လျှင် ပိန်းဥများ ရေဆူဆူနှင့် ပြုတ်တာ တွေ့ရသည်။ မုန်ညင်းစိမ်းများ အသင့် သင်ထားသည်။ ပိန်းဥကိုသာ ဟင်းချိုချက်နှင့်ပြီး ညနေစောင်းတော့မှ မုန်ညင်းခတ်မတဲ့။ ငါး ချင်းထောင်းထောင်းမတဲ့။ ဟင်းရွက်စုံကို ဆန်မှုန့် နည်းနည်းထည့်ကာ လော်ကာ ပင်စိမ်းအုပ်မတဲ့။

မေမေ့ဖခင် လင်း၏ ဘိုးဘိုးသည် သစ်တောဝန်ထမ်းတစ်ဦးဖြစ်ရာ ဘိုးဘိုး ပြောင်းရွှေ့ရာ နယ်ဒေသတစ်လျှောက် မေမေတို့သားအမိ လိုက်ခဲ့ရသည်။ ဦးဦးတို့မြို့တွင် ငါးတန်းမှစကာ ကိုးတန်းကျောင်းသူဘဝအထိ မေမေ နေခဲ့ရသည်။ ဘိုးဘိုး အလုပ်တစ်ဖန်ပြောင်းရွှေ့တော့မှပင် မေမေတို့ ထိုမြို့က ခွာလာရသည်။ သည်တော့ ကချင်ပြည်နယ်တစ်ဝိုက် စားသုံးတတ်သော အစားအစာမျိုးကို မေမေ စွဲလှပေသည်။

မော်လမြိုင်သား ဖေဖေကမူ မေမေ မက်မောသော အထက်ဒေသက ဟင်းစပ်များကို နည်းနည်းပင် မကြိုက်။

လင်းသည်လည်း ဖေဖေ့ခြေရာနင်းကာ သိပ်မကြိုက်။ ဖေဖေ့လိုတော့ လုံးလုံး မစားတာ မဟုတ်။ စားတော့ စားသေးသည်။

လင်းနှင့် ဖေဖေ့ကြောင့် စားဖော်မရှိသလို ဖြစ်ရသော မေမေသည် သူ့အကြိုက်ဟင်းများကို အထူးတလည် လုပ်မစားတတ်ပါပေ။ မွန်ဟင်း၊ ရခိုင်ဟင်း၊ ဗမာဟင်းများကိုသာ ချက်တတ်သည်။ ငါးပိရည်၊ သို့မဟုတ် ငါးပိထောင်းနှင့် တို့စရာ အစုံကတော့ ဟင်းပွဲတိုင်း ပါမြဲ။

ခုတော့ဖြင့် မေမေချက်သမျှ နှစ်နှစ်ခြိုက်ခြိုက် အားပေးမည့် ဦးဦး ပေါ်လာသည်။ အိမ်လွမ်းသော ဦးဦးလည်း အလွမ်းပြေ စားရသလို မေမေ့မှာလည်း ချက်ကျွေးသမျှ အားပါးတရ စားပုံနှင့်ပင် ပြုံးရွှင်ကျေနပ်လျက်။

ဦးဦးသည် တနင်္ဂနွေတွင် ပုံမှန်လို ရောက်လာတတ်သည်။ ကျန်နေ့များမှာလည်း စိတ်ကူးပေါက်လျှင် ပေါက်သလို ရောက်လာတတ်သည်။ ဦးဦး အဆောင်နှင့် လင်းတို့အိမ်သည် အေးအေးလူလူ လမ်းလျှောက်ရုံမျှနှင့် ရောက်သော အကွာအဝေးဖြစ်ရာ ခြံတံခါးဝ၌ 'မမမွန်ရေ၊ လင်းရေ' ဟု ခေါ်သံကြား

www.nyisay.com



လျှင်ပင် ဦးဦး ရောက်ကြောင်း သိနိုင်ပြီ။ ခုနေခါ သူစိမ်း မဟုတ်တော့သော်လည်း ခြံရှေ့ရောက်လျှင် သည်အတိုင်း မဝင်။ ခေါင်းလောင်းကို အရင် လှုပ်တတ်သည်။

တနင်္ဂနွေ၌ ခြံဝက ခေါင်းလောင်းသံ ကြားလျှင် လုပ်လက်စ၊ ကစားလက်စကို ရပ်ကာ လင်း အပြေးထွက်၍ ကြိုရသည်။ မလာမီလည်း ဦးဦးကို မျှော်ရသည်။ 'အနည်းဆုံးတော့ အိမ်ထမင်း ဟင်း စားရတာပေါ့ကွာ၊ မကြာမကြာ လာပါ'ဟု ဖေဖေကိုယ်တိုင်က ဖိတ်ခေါ်ရာ ကျန်အိမ်သားများကတော့ ဆိုဖွယ် မရှိပြီ။ လင်းက ကစားဖော် မျှော်သည်။ မေမေက စကားပြောဖော် မျှော်သည်။

မေမေနှင့် ဦးဦးတွင် ပြောစရာ စကားများစွာ ရှိပေသည်။ လင်း တစ်ကြိမ်ပင် မရောက်ဖူးသော မြို့ကလေးအကြောင်း ပြောကြသည်။ ဧရာဝတီမြစ်အကြောင်း၊ မြို့၏ ဘယ်နေရာက ကြည့်ကြည့် မြင်နိုင်သော တောင်တန်းများအကြောင်း၊ လှသော ဆိပ်ကမ်းနှင့် သက်တမ်းရင့် ကုက္ကိုပင်များအကြောင်း၊ မြွေလိမ်မြွေကောက် ကုန်ဆင်းကုန်းတက် လမ်းသွယ်များအကြောင်း၊ မျှစ်ချဉ် ခေါက်ဆွဲ၊ ခေါပုတ်၊ ပတဲကောမုန့်တီ စသော စားစရာများအကြောင်း မမောတမ်း ပြောကြသည်။

တပေါင်းလ၌ ပြုလုပ်တတ်သော ရွှေကျေးနားဘုရားပွဲ၊ သီတင်းကျွတ်လ၌ ပြုလုပ်တတ်သော သိမ်တော်ကြီးဘုရားပွဲများအကြောင်းလည်း ပါသည်။ မေမေက ဇာတ်ကြိုက်သည်။ ကန်တော့ခန်း၊ အပျိုတော်ယိမ်းတို့မှစကာ နောက်ပိုင်းဇာတ်အထိ ကြည့်ချင်သည်။ ဘုရားပွဲ ရောက်ပြီဆို အနည်းဆုံးတော့ သုံးညလောက် ကြည့်သတဲ့။ ဦးဦးကမူ သည်မျှ ဇာတ်ကြိုက်သူ မဟုတ်။ သို့သော် ဇာတ်ကြည့်ဖူးသူ၊ သဘောကျသူပင်ဖြစ်ရာ မေမေ ပြောသမျှ အလိုက်သင့် စကားပြန်နိုင်သည်။

သည်မျှမက ဦးဦးသည် မေမေ့လိုပင် စာအလွန်ဖတ်သူ ဖြစ်ပေသည်။ မေမေ ဝယ်ထားတတ်သော ဝတ္ထုစာအုပ်များ၊ မဂ္ဂဇင်းများကို တနင်္ဂနွေ လာတိုင်း ငှားတတ်သည်။ တစ်ပတ်မျှအကြာ ပြန်ရောက်လျှင် သူ ဖတ်ခဲ့သော စာအုပ်များအကြောင်းလည်း မေမေနှင့် ပြောတတ်ပြန်သည်။

ရံဖန်ရံခါတော့ ရောက်တတ်ရာရာ ပြောကြသည်။ သီချင်းအကြောင်းလည်းပါသည်။ ရုပ်ရှင်အကြောင်းလည်း ပါသည်။ ကျောင်းသားဘဝအကြောင်း

www.nyisay.com



လည်း ပါသည်။ အထက်တန်းကျောင်းသားဘဝ၊ တက္ကသိုလ် ကျောင်းသား ဘဝ။

လင်းသည် ဆော့ကစားရန် အာရုံကျနေချိန် မဟုတ်ဘူးဆိုလျှင် မေမေတို့နှင့် မလှမ်းမကမ်း၌ အစဉ် ငေးမောနားထောင်တတ်လေသည်။

"အဲဒီတုန်းက ဖေဖေ ပြောင်းရလို့သာ ပြန်ပြောင်းလာရတယ်၊ ငယ်ကတည်းက နေလာရလို့ ထင်ပါရဲ့ သိပ်ပျော်ခဲ့တာပဲ၊ မန္တလေး ရောက်စက မပျော်ဘူး၊ သီဂီတို့လို သူငယ်ချင်းတွေကိုလည်းလွမ်းရတာပေါ့ကွယ်၊ မျက်ရည်နဲ့ မျက်ခွက်ပေါ့၊ ဘာပြောကောင်းမလဲ"

"ဒါဆို မမမွန် မန္တလေးမှာပဲ ဆယ်တန်းအောင်တာပေါ့"

"အင်းပေါ့၊ ၈၈ မှာ ဆယ်တန်းဖြေတာလေ၊ တကယ့်နှစ်မှာ၊ မတ်လမှာ ဖုန်းမော်အရေးအခင်းရှိလို့တဲ့ ဧပြီကျမှ ဖြေရတယ်၊ အင်း- ဆယ်တန်းလည်း အောင်ရော တက္ကသိုလ်တွေလည်း ပိတ်သွားတော့တာပဲ၊ ကျောင်းပြန်မဖွင့်ခင် ဖေဖေ ဆုံးတယ်...ကျောင်းလည်း ပြန်ဖွင့်ရော မေမေ အိပ်ရာထဲ လဲနေတဲ့အချိန် ဖြစ်နေတော့ ပြုစုမယ့် သားသမီးကလည်း ကိုယ်တစ်ယောက်တည်းမို့ မတက်ဖြစ်တော့ပါဘူး၊ နောက်တော့ လင်းတို့ ဖေဖေနဲ့ အိမ်ထောင်ကျတာပဲ"

'ဖေဖေနဲ့ အိမ်ထောင်ကျရော လင်းကို မွေးရော' ဟု နားလည်သလောက် လင်း စကားဝင်ထောက်လျှင် မေမေရော ဦးဦးရော ရယ်ကြသည်။

"အခု မမမွန် အမေရော မန္တလေးမှာပဲပေါ့၊ နေကောင်းတယ် မဟုတ်လား"

မေမေ့မျက်နှာ ညှိုးသွားပါသည်။

"မေမေ ဆုံးပြီ ညီညီရဲ့၊ မမမွန် လက်ထပ်ပြီး နောက်တစ်နှစ် ဆုံးတာပဲ လင်းကိုတောင် မေမေ မတွေ့လိုက်ရဘူး၊ လင်းဟာ သူ့အဖေဘက်က အဘွားတစ်ယောက်ကိုပဲ ဘွားဘွား ခေါ်ရရှာတယ်"

ဦးဦးသည် မျက်နှာ တစ်ချက် ပျက်သွားသည်။ အပြီး တိခနဲ ရပ်သွားသည်။ မေမေ့ထံက အကြည့်လွှဲကာ လင်းကို လှမ်းကြည့်သည်။ "ကျွန်တော် မသိလို့ မမမွန်" ဟု ခပ်တိုးတိုး ဆိုပါသည်။

"ရပါတယ် ညီညီရယ်၊ ဖေဖေ့ကိုရော မေမေ့ကိုပါ လက်လွှတ်ခဲ့ရ တဲ့နောက်တော့ တရားနဲ့ပဲ ဖြေရတော့တာပဲ၊ သင်္ခါရပဲလေ၊ သံသရာမဆုံးမချင်း ဒီလိုပဲ သွားကြရမှာပဲ"

www.nyisay.com



ဦးဦးသည် ခေါင်းညိတ်ကာ ခဏမျှ ငြိမ်နေသည်။ နောက် စကား ဆက်ပြန်ပါသည်။

''ကျွန်တော်တို့ ဆယ်တန်းအောင်တော့လည်း တက္ကသိုလ်တွေ ပိတ်သေးတာပဲ အစ်မရ၊ ကျွန်တော်အောင်တော့ ၉၇၊ ဘယ်အချိန်အထိ ပိတ်သလဲဆို ၂၀၀၀ အထိ သုံးနှစ်တောင်၊ အဲဒီကြားထဲ ဆယ်တန်းအောင်တဲ့သူ အားလုံး ကူမောက်ကမ ဖြစ်ကုန်တာပဲ''

''အေးပေါ့ကွယ်၊ လင်းဖေဖေ ပြောသလို ပြောရရင် ၁၉၈၈ နောက်ပိုင်းမှာ ပညာရေးက ပိုပြီးပျက်စီးနိမ့်ကျသွားတာပဲတဲ့၊ အဲ- ၁၉၉၆ မှာ တစ်ကြိမ် ကျောင်းပိတ်ပြီး ပြန်ဖွင့်ကတည်းက တက္ကသိုလ်တွေ နေရာအနှံ့လျှောက်ဖွင့်ပြီး လူစုခွဲလိုက်တာ ပညာရေးလည်း တောက်လျှောက် နိမ့်ကျသွားတာပဲတဲ့''

ဦးဦးက ခေါင်းညိတ်လိုက်ပါသည်။

''တစ်ခါတစ်ခါကျတော့လည်း ၁၉၈၈ အရှေ့ပိုင်းလောက်မှာ တက္ကသိုလ်ရောက်နေရင် သိပ်ကောင်းမှာပဲ စဉ်းစားဖူးတယ် အစ်မရယ်၊ ကျွန်တော်တို့ မမီလိုက်တဲ့ အစောပိုင်း တက္ကသိုလ်ကျောင်းသားဘဝကို ဝတ္ထုတွေထဲမှာ ဖတ်ရရင် သိပ်အားကျဖို့ ကောင်းတာပဲ''

''၁၉၈၈ အရှေ့မှာ တက္ကသိုလ်ရောက်နေရင် ခုလောက်ရှိ အစ်မတို့မင်းကို ဒီလိုတောင် တွေ့ချင်မှ တွေ့ရမှာ၊ ဘယ်ရောက်နေမလဲ မပြောတတ်''

မေမေ့စကားကို လင်း နားမလည်၍ ဦးဦးလို လိုက်မရယ်ပါ။ ပြုံးနေသော မေမေ့မျက်နှာကိုသာ ငေးနေခဲ့သည်။

ဖေဖေနှင့် မေမေ ပြုံးပြုံးရွှင်ရွှင် စကားလက်ဆုံကျပုံအား သိတတ်စ အရွယ်ကတည်းကပင် မမြင်ဖူးကြောင်း သတိရသည်။ တစ်ခါတော့ မေမေ စိတ်လိုလက်ရ ပြောဖူးသားပဲ။ 'သမီးဖေဖေမှာ မေမေ့ကို ပြောဖို့ စကားအများကြီး မရှိဘူး သမီးရဲ့၊ အိမ်ထောင်မကျခင်ကရော၊ ကျပြီးတော့ရော' တဲ့။

မေမေ ဘာပြောသနည်း။ လင်း နားမလည်ချေ။

ဘာပဲဖြစ်ဖြစ် ဦးဦး ရောက်လာလျှင် လင်း ပျော်ပါသည်။ ဦးဦးနှင့် မေမေ စားရန် ဟင်းက သတ်သတ်၊ ဖေဖေနှင့် လင်း စားရန် ဟင်းက သတ်သတ် စသည်ဖြင့် မေမေ မီးဖိုဆောင် ဝင်ချိန် ပိုသော်လည်း လင်းကတော့ဖြင့် ကလေး တစ်ယောက်အပေါ် စိတ်ရှည်သော ဦးဦးကို မျှော်ပါသည်။

www.nyisay.com

ခုလည်း ခြံထဲက ရေအိုင်စပ်စပ်ဆီတွင် ခြေ၊ လက်တို့ နှစ်ဆော့ရင်း ဦးဦးကို လင်း မျှော်နေသည်။ ခြံတံခါးက ခေါင်းလောင်းမြည်လျှင် ခြံဝသို့ ပြေးမည်။ ဦးဦးသည် လင်းကို တွေ့လျှင် လှိုက်လှိုက်လှဲလှဲ ပြုံးလိမ့်မည်။

လင်းသည် ခြံတံခါးဘက်သို့ လှည့်ကြည့်လိုက်သည်။ ရန်လုံသည် ခြံပြင်သို့ ထွက်လိုသည်လား၊ ခြံတံခါးအနီးတွင် တရစ်ဝဲဝဲ လုပ်နေသည်။ 'ရန်လုံ လာ··လာ'ဟု ခေါ်ကာ ခြံနောက်ဘက်သို့ လင်း လျှောက်လာသည်။

သရက်ပင်အောက်က ခုံတန်းတွင် ထိုင်ရန် ပြင်သော်လည်း ရေစိုလျက် ရှိသည်။ ခြေဖျားလေး ထောက်ကာ ထောက်ကာ ဆက်လျှောက်လာသည်။ မီးဖိုကို မြင်နေရသည့် နေရာ ရောက်တော့ ရပ်လိုက်သည်။ နံရံအနီးသို့ တိုးကပ် လာသည်။

အိမ်၏ ပြတင်းပေါက်တိုင်းတွင် ဆန္ဒင်းမကင်းအကွက် ပုံဖော်သည့် သံဆန်ခါ ပိတ်ကာထားသည်။ သံဆန်ခါကွက် အကြီး၊ အသေး စုံသည်။ မီးဖိုခန်းပြတင်းပေါက်ကတော့ သံခန်ခါအကွက်ကြီးများ ဖြစ်သည်။ ထိုသံ ဆန်ခါကွက်ကြားမှပင် မေမေ့ကို လင်း တွေ့နေရပါသည်။ မေမေသည် ဟင်းအိုး ကို မွှေလျက်။ ဟင်းနံ့မှာ မွှေးပျံ့လျက်။

ဖေဖေနှင့် လင်းအတွက် ငါးရံ့နှင့် ဒန့်သလွန်သီး ချက်မည်၊ ပုစွန်ခြောက် ကြော်မည်၊ ပဲဝါလေးဟင်းချို ချက်ပေးမည်ဟု မေမေ ပြောထားသည်။

"မေမေ"

www.nyisay.com



မေမေသည် အပြင်ဘက်သို့ လှမ်းကြည့်၏။ လင်းကို တွေ့လျှင် 'ကြည့်စမ်း ရေစိုနေပြီ'ဟု ဆိုလိုက်ပါသည်။ ခါးတွင် လက်တစ်ဖက် ထောက်ကာ၊ မျက်မှောင်ကြုတ်ကာ။

လင်းသည် အပြစ်ရှိသူပမာ ဟီးခနဲ မျက်နှာချိုသွေး ပြုံးပြလိုက်သည်။ ခုနေ မည်သည့်စကားပြောလျှင် မေမေ စိတ်ပြောင်းမည်မှန်း ကောင်းစွာ သိပေသည်။

''မေမေ၊ လင်း ဗိုက်ဆာပြီ''

''ဆာမှာပေါ့ ခုန်ပေါက်နေတာကိုး''

မေမေသည် အင်္ကျီရေစိုသည့်အကြောင်း ထပ်မပြောတော့ချေ။ ဟင်းအိုးဆီ အကြည့် ရွှေ့ပြီ။ ဟင်းအိုးမှတက်သည့် အပူငွေ့သည် မေမေ့မျက်နှာသို့ ဟပ်လျက်။ ဟင်းအိုးတွေ အများကြီး တည်ရတာ မေမေ ပူနေမှာပဲ။

မေမေ့မျက်နှာမှာ အဆီပြန်လျက်ရှိသည်။ သနပ်ခါး မကပ်တော့ပြီ။

သို့သော် လင်းအမြင်၌ မေမေသည် လှမြဲ။ ပြက္ခဒိန်များထဲမှ မင်းသမီးများ ခဲနှင့် ဆွဲထားသလို နဂိုနေ ပုံကျသော မျက်ခုံးမှာ ဆံပင်အပြောင်သိမ်းထားတာကြောင့် ထင်း၍နေသည်။ မေမေသည် မျက်လုံးလည်း လှ၏။ မျက်တောင်လည်း လှ၏။ နှုတ်ခမ်းသည် ပြုံးလျှင် ဖြစ်စေ၊ တည်နေလျှင် ဖြစ်စေ ကြည့်ကောင်းလှသည်။

လင်းမှာတော့ မျက်နှာသွယ်ပုံသာ မေမေနှင့်တူသည်။ ဖေဖေ့မျက်နှာက လေးထောင့်မကျတကျ။ မျက်လုံးမှအပ ကျန်သော အစိတ်အပိုင်းများမှာ ဖေဖေနှင့် တစ်ထပ်တည်းနီးပါး တူသည်။ နှာတံ မပေါ်။ မျက်တောင် ခပ်တိုတို ခပ်စိပ်စိပ်။ နှုတ်ခမ်းပါးပါး ကျယ်ကျယ်။ နှုတ်ခမ်းစေ့နေလျှင် တစ်စုံတစ်ဦးအား မကျေမနပ်ရှိသယောင် တင်းနေသည်။

ဖေဖေ့လို အသားမညိုဘဲ မေမေ့ဘက်လိုက်၍ အသားဖြူတာကြောင့်သာ လင်းတစ်ယောက် အရုပ်ဆိုးဆိုးလေး ဖြစ်မလာချေ။

''မေမေ''

''ပြော''ဟု စဉ်းနှီးတုံးထက် တစ်စုံတစ်ရာ လှီးချုတ်နေရာက မေမေ ထူးပါသည်။

''ဦးဦး လာရင် ထမင်းစားရတော့မလား''

www.nyisay.com



"ရေအရင်ချိုးရမယ်လေ မိရွှေလင်းရဲ့၊ ငါးနာရီလောက်မှ စားတာပေါ့"

"ဦးဦးလာရင် လင်းလေ…ဟော…ဟော"

လင်းသည် ခေါင်းလောင်းသံကို အကြား၌ ပြုံးရွှင်သွားသည်။

မေမေ့ မျက်နှာတွင်လည်း အပြုံးကို တွေ့ရသည်။ မေမေ့မျက်လုံးသည် လင်း အောင်စာရင်း ထွက်သည့်နေ့က ပထမဆုရကြောင်း သိလိုက်ရသလို ရွှင်ကြည်လျက် ရှိသည်။

ထိုမျက်လုံးနှင့် ပြုံးလျက်ပင် မေမေ ဟင်းအိုးမွှေဆဲ အိမ်ရှေ့သို့ လင်း ပြေးထွက်လာသည်။ သမင်ရောင် အမွေးလေးများ ရှိသော ရန့်လုံသည် လင်း၏နောက်မှ လုံးလုံး လုံးလုံးနှင့် ပြေးလိုက်လာပေသည်။

* * *

မေမေတို့ အိပ်ခန်းနှင့် ကပ်လျက်မှာရှိသော လင်းနှင့် မမအုံ၏ အိပ်ခန်းသည် စင်စစ် များစွာ မကျယ်ဝန်း။ သို့သော် ခုတင်ခြေရင်းတွင်တော့ နေရာလွတ်နေသည်။ လင်း ကြောက်သည့်နေရာမှာလည်း ထိုခုတင်ခြေရင်းသာ ဖြစ်သည်။

လင်းသည် ခုတင်ခြေရင်းတွင် တစ်စုံတစ်ယောက် ဘွားခနဲ ပေါ်ကာ ခြေထောက် လာဆွဲမလို ထင်နေသည်။ ခုတင်ခြေရင်းကိုပင် မကြာ မကြာ လှမ်းကြည့်နေသည်။ ကြားဖူးနားဝ သရဲဇာတ်လမ်းများထဲ ခြေထောက် ဆွဲသော ဇာတ်ဝင်ခန်းက အတော်ပါတတ်သည် မဟုတ်လား။

'မကြောက်ပါဘူး မမအုံရဲ့'ဟု တာဝန်ခံကာ ပြောခိုင်းခဲ့ဖူးသော သရဲဇာတ်လမ်းတို့သည် ခုညမှပင် တစ်စခန်းထလာပေသည်။

အရင့်အရင်ညများကတော့ မမအုံနှင့် နှစ်ယောက် အတူအိပ်ရသည်။ တိုးကပ် အိပ်ရသည်။ အပြင်ဘက်မှာ မိုးတဝုန်းဝုန်း ရွာလည်း ဘာအရေးလဲ။ လေတိုက်၍ ပြတင်းသို့ သစ်ကိုင်း ရိုက်သံ တဖုတ်ဖုတ် ကြားရလျှင်လည်း ကြောက်စရာ မလို။ မမအုံအနီး ပူးကပ်ကာ စောင်ကို ခြေဖျားလုံအောင် ခြုံလိုက်လျှင်ပင် မိုးသံ လေသံကြားထဲ လင်း ကောင်းကောင်း အိပ်ပျော်တတ်သည်။

ခုတော့ သည်လို မဟုတ်ပြီ။ အခန်းထဲမှာ မမအုံ မရှိပြီလေ။

မမအုံသည် သူ့ဖခင် နေမကောင်းတာကြောင့် မော်လမြိုင် ခဏ ပြန်ရသည်။ မေမေနှင့် လင်းပင် ဘူတာသို့ လိုက်ပို့ခဲ့ရသည်။ အဝတ်အိတ်လေး တစ်ဖက်က ကိုင်ကာ၊ မေမေ ပေးထားသော ငွေလေး ပါသည့် လွယ်အိတ်

www.nyisay.com



ကို လွယ်ကာ ရထားပေါ် တက်သွားရှာသော မမအုံ၏ ညှိုးညှိုးငယ်ငယ် ဟန်သည် လင်း၏ စိတ်မှာ စွဲနေပေသည်။

'မမအုံ မရှိရင် ညညဆို လင်း ကြောက်နေမှာပဲ၊ သနားပါတယ်၊ မိုးတွေရွာရင် မကြီးတို့အခန်း သွားအိပ်နော်'ဟု မမအုံ မှာခဲ့သည်။ 'မကြောက်ပါဘူး၊ လင်းဘာသာ အိပ်မယ်'ဟု လင်းက ဆိုခဲ့သည်။

ခုတော့ ကြောက်လှသည်မှာ ပြောစရာ မရှိပြီ။ မိုးနှောင်းမိုးသည် တဖြုန်းဖြုန်း တဒိုင်းဒိုင်း သည်းလှသည်။ သစ်ကိုင်းခြစ်သံမှာလည်း ပြင်းလှသည်။ ထိတ်လန့်ကာ လှည့်ကြည့်လျှင်တော့ သစ်ကိုင်း၏ အရိပ်မည်းသည် လင်းအား ခြောက်လှန့်နေသလို၊ လက်ပြနေသလို ရှိလေသည်။ အခန်းမီးကို ဖွင့်သော်လည်း အကြောက်မပြေ။

လင်းသည် စောင်ကို ခေါင်းမြီးခြုံ၏။ ပြတင်းကို ကျောပေးကာ လှည့်မကြည့်ဘူး ဆုံးဖြတ်သည်။ သည်မှာပင် ခြေထောက်ကို ပွယန်လာပြန်သည်။ ခုနေများ ခြေထောက်ကို လက်အေးကြီးနဲ့ ဆွဲလိုက်ရင်…အမယ်လေး…။

နောက်ဆုံးတော့ ကိုယ့်ဘာသာ အိပ်မယ် ကြွေးကြော်ခဲ့သူမှာ အခန်းမီးပိတ်ရသည်။ အခန်းထဲက ခပ်ကုပ်ကုပ် ထွက်လာရသည်။ တံခါးကို ခပ်သာသာ ပြန်ပိတ်သည်။ စာကြည့်ခန်းက မီးရောင်သည် ပြင်ပသို့ပင် လျှံ၍ နေလေသည်။ ဖေဖေ မအိပ်သေးဘူး။

လင်းသည် သူ့အခန်းနှင့်ကပ်လျက်က မေမေတို့အိပ်ခန်းဆီ ခပ်သွက်သွက်ပင် ပြေးကပ်လိုက်သည်။ စကြံရှည်မှောင်မှောင်ကိုလည်း ကြောက်ရသည်။

'မေမေ‥မေမေရေ'ဟူသော လင်း၏ ခေါ်သံမှာ ထိတ်လန့်ခြင်းနှင့် ရောနေပေသည်။

တံခါးဖွင့်သံနှင့်အတူ မေမေ့မျက်နှာ ပေါ်လာသည်။ အားကိုးရာရသလိုပင် မေမေ့အား လင်း တိုးဖက်လိုက်သည်။ မေမေသည် လင်း၏ ဆံပင်လေးများအား သပ်ပေးသည်။ နဖူးလေးကို ဖွဖွနမ်းသည်။ အခန်းထဲ ခေါ်ကာ ခုတင်ပေါ် ချီတင်လိုက်သည်။

မေမေသည် ဖေဖေ့ခေါင်းအုံးနှင့် မေမေ့ခေါင်းအုံး အကြားမှာ ခေါင်းအုံးအသေးတစ်လုံး ချပေးပြီး လင်းကို လဲလျောင်းစေသည်။

ခုတော့လည်း စောစောက အကြောက်တရားသည် ဘယ်သို့ လွင့်လေပြီမသိ။ လင်းသည် မီးရောင်အောက်တွင် ချိုကြည်နေသော မေမေ့အပြုံး

www.nyisay.com



ကို ငေးကာ ပြုံးပြုံးရွှင်ရွှင် ဖြစ်လာသည်။ မေမေ စနောက်သည်ကို ရယ်မောနိုင်လာသည်။

"မကြောက်ပါဘူးဆို၊ အိပ်ရဲတယ်ဆို၊ ဒါကြောင့် အစကတည်းက မေမေ ခေါ်သားပဲ၊ မလာဘဲနဲ့"

"လင်း မကြောက်ပါဘူး၊ မေမေနဲ့ မအိပ်ရတာ ကြာလို့ပဲဟာ"

"လူလည်မလေး"

မေမေ တစ်ချက် နှစ်ချက် ကလိထိုးတော့ လင်းက တွန့်လိမ်လျက် တခစ်ခစ်ရယ်သည်။ ဖေဖေ မရှိချိန်မို့ လင်း၏ ရယ်သံမှာ ခပ်ကျယ်ကျယ်။ အားပါးတရ ရယ်မိပြီးမှ ဖေဖေ ဘယ်အချိန် ဝင်လာမှာပါလိမ့်ဟု သတိရသည်။ မမအုံ အိမ်ရောက်လာကတည်းက မေမေတို့အခန်းထဲ ဝင်မအိပ်ခဲ့တာ တော်တော်ကြာပြီ။ လင်းကို တွေ့ရင် ဖေဖေ ဘာပြောမလဲ။

"ဖေဖေ လာအိပ်တော့မှာလား ဟင်"

မေမေသည် လင်း၏ နဖူးလေးကို သပ်ပေးရင်းက ပြုံးလိုက်ပါသည်။ သက်ပြင်းတစ်ချက်လည်း ချလိုက်သေးသလား မသိ။

"မနက်ဖြန် ကျောင်းပိတ်ရက်လေ လင်းရဲ့၊ လင်းဖေဖေက မိုးလင်းပေါက်နီးပါး အဲဒီစာကြည့်ခန်းမှာ နေမှာ၊ မနက် သုံးနာရီလောက်မှ အိပ်ခန်းထဲ ဝင်လာမှာ၊ ပြီးရင် နေ့ခင်းအထိ တစ်ချိုးတည်း အိပ်တော့တာပဲ"

မေမေသည် ညဥ့်နက်သန်းခေါင် မအိပ်မီ အချိန်မှာပင် ဖေဖေ့အတွက် ရေနွေးဓာတ်ဘူးတစ်ဘူး အပြည့်ဖြည့်ကာ အဆာပြေ စားစရာတစ်မျိုးမျိုး စီစဉ်ပေးခဲ့တတ်သည်။ တစ်ခါတစ်ရံ ညဘက် ၉ နာရီလောက် မေမေ စာကြည့်ခန်းထဲ စားစရာပို့လျှင် ဟနေသောတံခါးမှ လင်း ချောင်းကြည့်သည်။ မျက်မှန်ထူထူ တပ်သော မျက်လုံးအကြည့်သည် လင်ဗန်းသို့သာ တစ်ချက်ရွေ့သည်။ 'အေးအေး အဲဒီနား ချထားခဲ့' တဲ့။

အေးတိအေးစက်နိုင်သော ဖေဖေနှင့် ဘေးချင်းယှဉ် အိပ်ရမည်ကို လင်း စိတ်ကျဉ်းကျပ်နေသည်။ လင်း တအားအိပ်ပျော်နေမှ ရောက်လာတော့ ကောင်းသားပဲနော်။

"ကောင်းသားပဲ၊ လင်းက မေမေနဲ့ပဲ နေချင်တာ"

စိတ်ကူးက စကားသံအဖြစ် ထွက်ကျလေသည်။

www.nyisay.com



မေမေသည် ခုတင်ခေါင်းရင်းနှင့် နံရံ ထိစပ်နေသော နေရာကို ခပ်လျှော့လျှော့လေး မှီထားသည်။ ခေါင်းအုံးပေါ်က ကြွကာ မေမေ့ပေါင်ထက် လင်း ခေါင်းအုံးအိပ်လိုက်ပါသည်။ မေမေသည် သူ့ထုံးစံအတိုင်း လင်းကို လက်တစ်ဖက်နှင့် သိုင်းဖက်ကာ နောက်တစ်ဖက်ကတော့ ဆံစ၊ လက်မောင်း၊ ပုခုံးတို့ကို ဖွဖွသပ်နေသည်။

လင်းသည် စင်းကျလုလု မျက်လုံးနှင့် ငေးမိငေးရာ ငေးရင်းက ခုတင်ဘေး ဗီရိုပုပေါ်က ဓာတ်ပုံတစ်ပုံထံ အကြည့်ရောက်သည်။

ထိုဓာတ်ပုံသည် မေမေတို့ မင်္ဂလာဆောင်စဉ်က ရှားရှားပါးပါး ရိုက်ထားသော ဓာတ်ပုံများထဲက တစ်ပုံ ဖြစ်သည်။ ဖေဖေက ဓာတ်ပုံရိုက်ရတာ စိတ်မရှည်ပါတဲ့။ ရွှေဝါရောင် ပိုးပုဆိုး၊ ရွှေဝါရောင်ဖျော့ဖျော့တိုက်ပုံ ဝတ်ဆင်ထားသော ဖေဖေသည် မင်္ဂလာဆောင်စဉ်က အသက် ၂၉ နှစ်ရှိပြီ။ မန္တလေးတက္ကသိုလ်မှာ လက်ထောက်ကထိက တာဝန် ထမ်းဆောင်နေချိန် ဖြစ်သည်။

မေမေကမူ ထိုစဉ်က အသက် ၁၉ နှစ်သာ ရှိပါသေးသည်။ ယခုလည်းပဲ လှနေသေးသော မေမေသည် မင်္ဂလာဆောင်စဉ်က သည့်ထက်များစွာ လှသည်ဟု မေမေ့သူငယ်ချင်း အန်တီကြည်ကြည်က ပြောပြတတ်သည်။ အန်တီကြည်ကြည် မန္တလေးက သယ်လာသော လက်ဆောင်မုန့်ထုပ်ထဲက ထိုးမုန့်ကို လက်များ ပေကျံသည်အထိ တစွပ်စွပ် ယူစားရင်းက မေမေတို့ မင်္ဂလာပွဲအကြောင်း ပထမဆုံး ကြားခဲ့ဖူးပုံကို စွဲမြဲမှတ်မိနေပါသည်။

"အဲဒီနေ့ကလေ မွန်မွန်ဟာ ရွှေဖလားရောင် ထိုင်မသိမ်းဝတ်စုံလေး ဝတ်လို့၊ ဘီးဆံထုံးလေး ထုံး၊ ဆံမြိတ်လေး ချ၊ ပဝါလေး ခြုံချလိုက်တာ အို- သမီးရယ်၊ မင်းသမီးလေး ကျနေတာပါပဲ။ ဒီသတို့သား ကံကောင်းလိုက်တာလို့ မင်္ဂလာဆောင် လာတဲ့ သူတိုင်းက ပြောကြတယ်။ ဒါနဲ့များ သတို့သားကတော့ မျက်နှာတင်းလိုက်တာ ဆိုတာ ပြောမနေပါနဲ့"

"ဘာလို့လဲဟင် အန်တီကြည်ကြည်၊ ဖေဖေက မင်္ဂလာဆောင်တာ မပျော်ဘူးလား၊ မင်္ဂလာဆောင်ဆိုတာ မုန့်တွေ အများကြီး စားရတဲ့ဟာကို"

နားလည်သလို ပြောသော လင်းအား အန်တီကြည်ကြည်က ရယ်နေပေသည်။

www.nyisay.com



''မသိပါဘူးအေ၊ ကြားရတာတော့ ရည်းစား ရှိတာကို သမီးတို့ မော်လမြိုင်က ဘွားဘွားက သဘောမတူဘဲ မွန်မွန်နဲ့ ပေးစားတယ် ဆိုလားပဲ၊ သမီးတို့ အဘွားနှစ်ယောက်က သူငယ်ချင်းတွေတဲ့၊ မွန်မွန်ကတော့ ရည်းစား ဘယ်ရှိဦးမလဲ၊ အမေက ယူဆိုတော့ ယူရတာပေါ့၊ ဩော်..ငါ့သူငယ်ချင်းလေး သနားပါတယ်၊ အချစ်ဆိုတာ ဘာမှန်းတောင် မသိဘဲ ယောကျ်ားယူရရှာတယ်၊ သူ ယူရတဲ့ ယောကျ်ားကလည်း မင်္ဂလာဆောင်မှာတောင် မျက်နှာကြီးတည်လို့၊ ခုထိလည်း သမီးသာ ဒီအရွယ်ရောက်လာတယ်၊ မျက်နှာကြီး တည်တုန်းပဲ၊ ဩော်- ဦးမျိုးလွင် ကျောင်းသွားတုန်း အတင်းပြောရတာ တယ်အရသာ ရှိသကိုးလို့ ဟိ ဟိ''

''ကြည်ကြည်ကလည်း ကလေးကို ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး၊ အလကား...သမီး၊ မေမေ လှတယ်ဆိုတာက လွဲပြီး ကျန်တာတွေ တစ်ခုမှ မဟုတ်ဘူး''

အန်တီကြည်ကြည့်အား မေမေ မျက်စောင်းချိလိုက်ပုံကို လည်းကောင်း၊ အန်တီကြည်ကြည် မျက်နှာချိုသွေး ရယ်မောပုံကို လည်းကောင်း ဓာတ်ပုံထက် အကြည့်ရောက်နေရင်းမှာပင် လင်း သတိရပါသေးသည်။

''သမီး အိပ်ချင်ရင် အိပ်လေ၊ ဘာငေးနေတာတုံး''

''မအိပ်ချင်ပါဘူး၊ စဉ်းစားနေတာ''

''ဘာတွေများ စဉ်းစားနေတုံး''

''မေမေတို့ မင်္ဂလာဆောင်တဲ့အကြောင်း''

''ဟောတော်''ဟု ရေရွတ်ကာ မေမေ ရယ်ပါသည်။

''လင်းက အဲဒီတုန်းက မေမေ့ဗိုက်ထဲမှာလား''

''ဘယ်ဟုတ်မလဲ သမီးရဲ့၊ သမီးကို ၉၃ ကျမှ မွေးတာ၊ မေမေတို့ ယူတာ ၉၁ လေ၊ အဲဒီတုန်းက သမီးက မေမေ့ဆီ လာဖို့ စောင့်နေတာ နေမှာပေါ့''

လင်းသည် နှာခေါင်းရှုံ့ကာ လူကြီးများ ဟန်ပန်အတိုင်း သက်ပြင်း လေး ချလိုက်ပါသည်။

''ဟင်၊ လင်းက ဘယ်မှာများ သွားစောင့်နေရသလဲ မသိဘူး၊ နို့မို့ဆို ရေခဲမုန့်တွေ အဝစားရမှာ၊ ကိုယ့်အဖေ၊ အမေ မင်္ဂလာဆောင်ဆိုတော့ တစ်ခု မက စားရမယ့်ဟာနော်''

www.nyisay.com



မေမေသည် လင်း၏ စိတ်ကူးတည့်ရာ ပြောပုံကြောင့် ဟက်ဟက်ပက်ပက် ရယ်ပါတော့သည်။

ရယ်နေသော မေမေ့မျက်နှာအား လင်း မော့ငေးသည်။ မေမေ့ခါးအား တိုးဖက်လိုက်ပါသည်။ မေမေ့ကို လင်း သိပ်ချစ်သည်။ ဖေဖေ့ထက်ပိုချစ်သည်။ မေမေ ပြုံးနေလျှင် လင်း ပျော်သည်။ ဘာကြောင့်မှန်းမသိ၊ မေမေ့မျက်နှာ နည်းနည်းလောက် ညှိုးလျှင်ပင် မဆီမဆိုင် ငိုမဲ့မဲ့ ဖြစ်ချင်လာသည်အထိ မေမေ့ကို လင်း ချစ်ပါသည်။

*

သည်ညနေခင်း လမ်းလျှောက်ထွက်ရန် အိမ်ကအထွက်မှာပင် ဦးဦးနှင့် ဆုံတော့ လင်း ပျော်ရွှင်ရသည်။

မူလကတော့ မေမေနှင့် လင်း နှစ်ယောက်တည်းသာ လမ်းလျှောက်ထွက်ရန်၊ မမအုံက အိမ်စောင့်နေရန် စီစဉ်ခဲ့ကြသည်။ ဖေဖေကတော့ အိမ်မှာမရှိ။ လှိုင်နယ်မြေရှိ သူ့မိတ်ဆွေထံ သွားနေသည်။ အမှတ်မထင် ဦးဦး ရောက်လာတော့ လင်းမှာ ခုန်ဆွဆွ လုပ်မိသည်အထိ ပျော်ရပေသည်။

သူတို့သည် အိမ်ဘက်မှသည် ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းဆီသို့ ဖြည်းဖြည်းချင်းပင် လျှောက်လာကြသည်။ ဆောင်းကာလမို့ ညနေ နေခြည်မှာ နွေးသည်။ ကောင်းကင်က ကြည်ကြည်လင်လင်။ လိမ္မော်နှင့် မီးခိုးရောသော တိမ်တို့သည် အနောက်ဘက် ကောင်းကင်ဆီတွင် ပန်းချီရုပ်ပုံ အစုံစုံ ပေါ်၍ နေသည်။

ရန်ကုန်တက္ကသိုလ်နယ်မြေသည် သူနှင့် မစိမ်းလှသော ကလေးမလေးအား နွေးနွေးထွေးထွေး နှုတ်ဆက်မြဲနှုတ်ဆက်သည်။ အဓိပတိလမ်းနံဘေး ပလက်ဖောင်း တစ်လျှောက် ပြေးလွှားဝင်လာသော အသက် ကိုးနှစ် ဝန်းကျင် ကလေးမလေးတစ်ယောက်ကို တွေ့သည်နှင့် ကျောင်းဝင်းထဲက ကုံကော်ပင်၊ စိန်ပန်းပင်၊ သဘော်တည်ပင်၊ ရေတမာပင်များသည် သစ်ကိုင်းများ ဝှေ့ယမ်း နှုတ်ဆက်သည့်ပမာ ရှိလေသည်။

'လင်းရေ စောင့်ဦး'ဟု မေမေ အော်သည့်တိုင် အပြေးမရပ်။ ပဲခူးဆောင်ကို ကျော်သည်။ ပင်းယဆောင်ကို ဖြတ်ခဲ့သည်။ စစ်ကိုင်းလမ်းထောင့်

www.nyisay.com



က ဖျဉ်းမပင်ကြီးကို မြင်ရချိန်တွင်မှ ခြေလှမ်းများကို ရပ်လိုက်သည်။ သူ့မှာ ဟောဟဲဆိုက်၍နေသည်။

အတန်ကြာမှ မေမေ လင်းကို မီလာပေသည်။ လင်းသည် မေမေ့ လက်ကို ဆွဲကာ ဦးဦးကို လှည့်ကြည့် ပြုံးရယ်ကာ လမ်းဆက်လျှောက်သည်။ မေမေနှင့်အတူ အဓိပတိလမ်း၏ တစ်ဖက် ပလက်ဖောင်းသို့ ကူးလိုက်ပါသည်။

ဝိဇ္ဇာခန်းမရှိရာ ဝင်းဝင်ပေါက်က တရုတ်စံကားပင်ကြီးများထံ မေမေ ဦးတည်နေကြောင်း လင်း သိသည်။ ထိုစံကားပင်များကို မေမေ အလွန်သဘော ကျသည်။ ပင်စည်ကျနေပုံက သိပ်လှသတဲ့။ စံကားပင်နှင့် မလှမ်းမကမ်းက ရေမြောင်းထက်မှာ အုတ်ခုံလေးတွေ ရှိနေပုံကလည်း ကဗျာဆန်သတဲ့။

မေမေသည် စိတ်လိုလက်ရရှိသော ညနေခင်းများတွင် တက္ကသိုလ် ကျောင်းဝင်းသို့ လာတတ်သည်။ လင်းကို လက်ဆွဲကာ တရုတ်စံကားပင်ကြီး များအနီးသို့ ချဉ်းတတ်သည်။ အဓိပတိလမ်းတစ်ဆုံးလျှောက်ကာ ပြန်လှည့် လာသည့်အခါလည်း ရှိသည်။ တစ်ခါတစ်ရံတော့ ဂျပ်ဆင်ရှေ့က မြက်ခင်း ဆီရောက်သည်။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှာ မေမေ စာဖတ်လျှင် တော့ လင်းသည် အိမ်က အသင့်ယူလာသော ပုံဆွဲစာအုပ်ထဲ အရုပ်ပုံများ ဆွဲနေတတ်သည်။

တောင်ငူဆောင်တစ်ဝိုက် ဦးချစ်ဆိုင်တစ်ဝိုက်ရောက်လျှင်တော့ ဖေဖေ့ ဌာနသို့ ဝင်ရန် လင်းရော မေမေပါ စိတ်မကူးကြပေ။ ဒဂုံလမ်းဘက် ပတ် လျှောက်ကာ ကံ့ကော်ပင်ကြီးများထံ မော့ငေးကာ ကျေးငှက်သံ နားစွင့်ကာ ပြန်လာတတ်ကြပေသည်။

မေမေသည် လင်း အုတ်ခုံပေါ် တက်ထိုင်သည်ကို စောင့်ပြီးတော့မှ အနီးတွင် ကပ်ထိုင်လိုက်သည်။ မေမေ့ကိုယ်မှ ရေမွှေးနံ့ရပါသည်။

"မွေးနေ့ကျရင် လင်းကို ဦးဦး ဘာလက်ဆောင် ပေးရမလဲ"

လင်းသည် အုတ်ခုံလေးပေါ် ခြေတွဲလောင်းချကာ ခြေထောက်များ ကို လှုပ်ယမ်းဆော့နေရာက မျက်နှာချင်းဆိုင်မှာ ရပ်နေမြဲ ဦးဦးကို မော့ကြည့် လိုက်ပါသည်။ ဦးဦးသည် မြင်နေကျလို ပြုံးရွှင်လျက်။ အဖြူပြောင်ပေါ် မီးခိုးရောင် အကွက်စိပ်စိပ် ကွက်ထားသော ရှပ်အင်္ကျီလက်တိုနှင့် ကချင်ပုဆိုး တွဲဝတ်ထားသော ဦးဦးသည် မျက်နှာမှာပင် အဖြူရိပ် ဟပ်ကာ ကြည်လင် နေသည်။

www.nyisay.com



''လင်း မွေးနေ့ကို ဦးဦး သိတယ်လား''

''သိတာပေါ့ လင်းရ၊ မမမွန် ပြောတာပဲ၊ ဖေဖော်ဝါရီ ၉ ရက်တဲ့၊ ဒီနှစ် ကိုးနှစ်ပြည့်ပြီ၊ ဟုတ်တယ် မဟုတ်လား''

''ဟိ ဟိ ဟုတ်တယ်''

''ဘာယူမလဲ ပြောလေ လင်း၊ ဦးဦး အလုပ်ဝင်နေပြီကွ၊ အရင်လို ဘိုင်မပြတ်တော့ဘူး၊ ဘာလိုချင်လဲ ပြော၊ ဝယ်ပေးမယ်''

ပြီးခဲ့သည့် မိုးနှောင်းကပင် ဦးဦး အလုပ်ရသည်။ ဆောက်လုပ်ရေး လုပ်ငန်းမှာတဲ့··။ လစာတော့ ဝင်စမို့ သိပ်မများပါတဲ့··။ အလုပ်ရသည့်နေ့က ဦးဦးတစ်ယောက် ဖေဖေနှင့် မေမေ့ထံ သတင်းလာပို့တာ လင်း သတိရသည်။ 'လစာတော့ ဘယ် သိပ်ကောင်းဦးမလဲကွာ၊ နောက်တော့ လုပ်သက်ရလာတဲ့ အခါ အဆင်ပြေသွားမှာပေါ့၊ လုပ်ငန်းအတွေ့အကြုံက ကိုယ့်အတွက် ပိုတန်ဖိုး ရှိတယ်၊ ကြိုးစား'ဟု ဖေဖေက ပြောလေသည်။

''ကျွန်တော်လည်း အဲဒါပဲ တွက်တာပါပဲ အစ်ကိုရာ၊ အလုပ်လည်း တစ်ဖက်က ဝင်ထား၊ သင်တန်းတွေ ဘာတွေလည်း ထပ်တက်ပေါ့၊ နောက် တော့ ဒီမှာပဲလုပ်လုပ် အပြင်ပဲ ထွက်ထွက် ကိုယ့်ဘက်က ပြည့်နေတော့ ကောင်းတာပေါ့''

ဦးဦး၏ အမူအရာမှာ တက်ကြွရွှင်လန်းလျက်။

''မင်းက အပြင်ထွက်ဦးမှာလား ညီညီရ''

''မမသီဂီကတော့ ဂျပန်စာ တက်ထားတဲ့၊ အလုပ်ကတော့ တန်းရှာ ဖို့ မလွယ်လောက်ဘူးပေါ့၊ ဒါပေမဲ့ ကြိုးစားရမှာပေါ့ အစ်ကိုရာ''

''အေးပါကွာ ကြိုးစား၊ ဒီကြားထဲလည်း အရေးရယ် အကြောင်းရယ် ဆို တို့မိသားစု ရှိတာပဲ၊ ရန်ကုန်မှာ မင်း ဘာပဲလိုလို တတ်နိုင်တာဆို ကူညီ တာပေါ့ကွာ''ဟု ဖေဖေက ပြုံးပြုံးရွှင်ရွှင် ဆိုလိုက်သည်။

''ဟုတ်ကဲ့၊ အခုတောင် အစ်ကိုရော၊ မမမွန်ရော ကျွန်တော့် အပေါ် တော်တော် ကျေးဇူးကြီးလှပြီ၊ အစ်ကိုတို့နဲ့ စတွေ့တဲ့အချိန်က ကျွန်တော့်မှာ ရောက်စကလည်းဖြစ်၊ ပါလာတဲ့ငွေလေး ကုန်ခါနီးမှာ အိမ်က တောင်းရ ကောင်းနိုး မတောင်းရကောင်းနိုး စဉ်းစားနေတာ၊ အလုပ်ကလည်း မရနိုင်တာ အိမ်ကိုလည်း မပြောရဲဘူး၊ ပြောလိုက်ရင် နဂိုကမှ အိမ်မှာပဲ နေစေချင်တဲ့ အမေက ပြန်လာခဲ့ပြောမှာ၊ ကျွန်တော်က ဆီစက်၊ ဆန်စက်ကြားမှာ ကြီးလာ

www.nyisay.com



ပေမယ့် အဲဒီအလုပ်တွေမှာ မပျော်ဘူးဗျ။ အဲ…ကျွန်တော် စိတ်ဓာတ်ကျလွန်းလို့ ပြန်ရင် ကောင်းမလား တွေဝေနေတဲ့အချိန်မှာ အစ်ကိုတို့နဲ့ တွေ့ရတာ တော်တော်အားတက်တာပဲ၊ အနည်းဆုံးတော့ ဒီမှာလည်း ကိုယ့်ကို ချစ်တဲ့ မိသားစု ရှိတယ်ဆိုပြီး ကျွန်တော် အားရှိတာပေါ့လေ''

ထိုတစ်နေ့က ဖေဖေနှင့် ဦးဦးသည် ညဉ့်ခန်း၌ အတန်ကြာ စကား လက်ဆုံကျနေကြသည်။ နိုင်ငံရေး၊ စီးပွားရေးအကြောင်းဆီ ရောက်တော့ ဦးဦးက နားထောင်သမားသက်သက်။ ဦးဦးကို အင်္ဂလိပ်စာ သင်ပေးဦးမည်ဟု ဖေဖေ ကတိခံသည်။ ခုထိတော့ စာသင်ကြားခြင်းအမှု အစမပြုသေး။

အလုပ်ရသည့်နောက်တော့ တစ်ပတ်လျှင် တစ်ကြိမ် တနင်္ဂနွေနေ့မျိုးတွင်သာ ဦးဦး ပုံမှန်ရောက်လာတတ်တော့သည်။ ရံဖန်ရံခါတော့ အလုပ်က စောပြန်သည့်အခါ အဆောင်မဝင်သေးဘဲ လင်းတို့အိမ်ဆီ ဦးစွာ ရောက်လာတတ်သည်။

လင်းသည် ဦးဦး လစာ များသည်၊ မများသည်ကို နားမလည်။ ဘိုင်မပြတ်တော့ဘူးဆိုတာ ငွေပိုလျှံနေတာပဲ ထင်သည်။ ဘာပြောရင် ကောင်းပါ့ဟု တွေးနေသည်။

''ကိုယ့်ဘာသာပဲ သုံးပါ ညီညီရယ်''

မေမေ့ထံမှ စကားသံ ထွက်ပေါ်လာပါသည်။

မေမေသည် ဆံပင်ရှည်များကို သည်အတိုင်း ချထား၏။ သနပ်ခါး ပါးကွက်ကွက်ထားသည်။ ချည်ထည်လုံချည်၊ ချည်ထည်အင်္ကျီနှင့် ခပ်ရိုးရိုးသာ ဆင်ထားစေကာမူ ရန်ကုန်တက္ကသိုလ်ကျောင်းဝင်း၏ ညနေဆည်းဆာအောက်တွင် အလှကြီး လှနေပေသည်။

''သုံးပါတယ် မမွန်ရဲ့၊ တစ်ပတ် နှစ်နပ် သုံးနပ်လောက် ထမင်းကျွေးတဲ့အိမ်၊ တစ်ခါတလေ ပါဆယ်တောင် ထည့်ပေးတဲ့အိမ်ရှိတော့ စားစရိတ်တောင် သိပ်မကုန်ဘဲဟာ၊ ကလေးတစ်ယောက်အတွက် လက်ဆောင်က ဘယ်လောက် ကုန်မှာမို့လို့လဲ''

အင်း‥ ဦးဦးက ထမင်းလည်း ဝယ်စားရဦးမှာပဲ။ ပိုက်ဆံမကုန်တာ ဘာပြောလျှင် ကောင်းမည်နည်း။

လင်း၏ မျက်လုံးလေး တစ်ချက် လက်ခနဲ ဖြစ်သွားသည်။ လက်ခုပ်လေးလည်း တီးလိုက်ပါသည်။

www.nyisay.com



''ဦးဦး၊ လင်း ဘာလုပ်ချင်လဲ ပြောရမလား''

''ပြောဗျာ ပြော''

မေမေသည် မတတ်သာသလို လက်လျှော့ရယ်မောနေသည်။

''လင်းလေ တခြားဟာတော့ ဘာမှ မရချင်ပါဘူး၊ ပန်းချီသင်တန်းပဲ တက်ချင်တာ၊ နွေရာသီကျရင် တက်ချင်တာ၊ အဲဒါ ဖေဖေ့ကို ဦးဦး ပြောပေးမလား၊ ဦးဦး ပြောရင် ရမှာပါနော် နော် ဦးဦးရယ်''

''အံမယ်လေး လင်းရယ်၊ အဲဒါကတော့ သမီးဦးဦးလည်း ပြောနိုင်မှာ မဟုတ်ဘူး၊ မေမေလည်း ပြောနိုင်မှာ မဟုတ်ဘူး၊ ဘယ်သူမှ ပြောနိုင်မှာ မဟုတ်ဘူး၊ သူ့သမီး တောင်မရောက် မြောက်မရောက် အနုပညာအလုပ်တွေ စိတ်ဝင်စားမှာ သူ့အဖေက သိပ်ပူတာ ညီညီရေ၊ ဝင်မပါနဲ့၊ သမီးလည်း တခြားဟာ ပူဆာ''ဟု ဦးဦး မတုံ့ပြန်မီပင် မေမေက ဝင်ပြောပါသည်။

''အဲဒါဆိုလည်း တော်ပြီ၊ ဘာမှ မလိုချင်တော့ဘူး''

လင်းသည် အုတ်ခုံပေါ်မှ ခုန်ချလိုက်သည်။ တရုတ်စံကားပင်အောက်သို့ ခြေဆောင့်၍လျှောက်သည်။ မြက်ပင်စိမ်းစိမ်းပေါ် ကြွေနေသော စံကားပွင့်ဖြူဖြူ တစ်ပွင့်ကို ကောက်ယူလိုက်သည်။ တစ်ချက် မွှေးလိုက်သည်။ နောက် စကားဆိုရယ်မောနေဆဲ မေမေတို့နှစ်ဦးထံ အမှတ်မဲ့ လှည့်ကြည့်လိုက်သည်။ သူ့ထံ ပြိုင်တူကြည့်နေကြသော အကြည့်တို့ကြောင့် သူ့အကြောင်း ပြောနေကြမှန်း လင်း ရိပ်မိပါသည်။

မေမေ့ဆံပင်ရှည်သည် ထိုင်နေရာ အုတ်ခုံမျက်နှာပြင်နှင့် ထိစပ်လျက်ရှိသည်။ ချည်ထည်စ၏ အရောင်မှာ အဝါနှင့် အညိုရောပေရာ ဆည်းဆာနေခြည်အောက်ဝယ် တည်တည်ငြိမ်ငြိမ် လှလျက်။ မေမေ့မျက်နှာပေါ်သို့ နေရောင်နည်းနည်း ကျနေသည်။ သို့သော် စူးပုံ မရပါ။ လက်တစ်ဖက်ကို အုတ်ခုံသို့ ထောက်လျက် ကျန်တစ်ဖက်ကိုမူ ဒူးတစ်ဖက်ကို အုပ်ကိုင်ထားပါသည်။

ဦးဦးသည် မေမေ့စကားကို နားထောင်လိုက် လင်းထံ လှမ်းကြည့်လိုက်နှင့် ရယ်နေသည်။ မေမေ ပြောနေမှာပေါ့…လင်း ဘယ်လောက် ပန်းချီဆွဲချင်ကြောင်း၊ မေမေ့လို သီချင်း၊ ကဗျာ ချစ်ကြောင်း၊ ရုပ်ရှင်ကြိုက်ကြောင်း၊ ဖေဖေနဲ့ ဘယ်လောက် ဆန့်ကျင်ဘက်ဖြစ်ကြောင်း‥။

အုတ်ခုံလေးဆီ ငေးနေရာက လင်း တစ်ချက်မျှ တွေသွားသည်။ ဖေဖေရှိရာ ကျောင်းဝင်းထဲ သူတို့ မကြာမကြာ ရောက်ကြသော်လည်း ဖေဖေ့

www.nyisay.com



ထံ သွားရန် ဘယ်သူမျှ စိတ်မကူး။ ဖေဖေကလည်း တစ်ခါမျှပင် မဖိတ်ခေါ်။ သည်အုတ်ခုံထက် အတူထိုင်ရန် မဆိုနှင့်။ အဓိပတိလမ်းထက်မှာပင် ဖေဖေနှင့် လင်းတို့သားအမိ အတူတကွ လမ်းမလျှောက်ဖူးကြချေ။

ခု ဦးဦးနှင့် မေမေ့ကို မြင်နေရသလို ဖေဖေနှင့် မေမေ့ကို မြင်တွေ့ခွင့်ရလျှင် ဘယ်လောက် ကောင်းမည်နည်း။

စံကားပန်းဖြူဖြူကို လင်း မွှေးကြူလိုက်သည်။ ရနံ့မှာ သင်းသည်။ ပွင့်ဖတ်ဖြူဖြူတို့သည် အတွင်းဘက်တွင်တော့ ဝါဝါရိပ်ရိပ်ဖြစ်သွားကြသည်။ သိပ်လှတာပဲ၊ ခုနေ မေမေ ဒီပန်းပန်ရင် သိပ်လှမှာပဲ။ အုတ်ခုံထက် မေမေထိုင်နေပုံမှာ ဓာတ်ပုံရိုက်လျှင် သို့မဟုတ် ပန်းချီဆွဲလျှင် အလွန်လှမည့်ပုံမျိုးဖြစ်သည်။ အိမ်ရောက်မှ ဆွဲယူတော့မည်။

လင်းသည် စောစောက ငြူစူစိတ်ကို မေ့လျော့ကာ ပန်းဖြူပွင့်ကို ယူလျက် ခုန်ဆွဆွ ပြန်ပြေးလာသည်။

"ရော့ မေမေ"

"ဟင်- ဘာလုပ်ဖို့လဲ"

"ပန်ဖို့ပေါ့"

"မေမေမှ ပန်းမပန်တာ သမီးရဲ့"

"ပန်ပါ မေမေရယ်၊ မေမေပန်ရင် လှမှာ"

"ဟုတ်သားပဲ မမမွန်ရယ် ပန်လိုက်ပါ"

မေမေသည် ဦးဦးအား တစ်ချက် မော့ကြည့်လိုက်သည်။ နောက် လင်း ကမ်းပေးနေသော စံကားဖြူပွင့်ကို လှမ်းယူကာ ညာဘက် နားရွက်ကြား၌ ထိုးညှပ်လိုက်သည်။

ဆံပင်နက်မှောင်မှောင်အကြား၌ စံကားပန်းဖြူဖြူမှာ ထင်းနေသည်။ စောစောက နွဲ့နွဲ့ကလေး လှနေသော မေမေသည် ခုတော့ ပို၍ပင် ယဉ်၏။ လင်းသည် 'လှသွားပြီ၊ လှသွားပြီ' ဟု လက်ခုပ်လက်ဝါးတီးကာ အော်ရသည်။ ခုန်လည်း ခုန်ရသည်။

မေမေသည် လင်းကို ထွေးဖက်လိုက်သည်။ ထို့နောက် သစ်ပင်ရိပ်များအကြားက နီဝါညို့သော အနောက်ဘက်ကောင်းကင်ကို ငေးကာ ပြုံးနေလေသည်။

* * *

www.nyisay.com

"တစ်ခါတုန်းကတဲ့ ပုရွက်ဆိတ်တစ်ကောင်ဟာ ရေငတ်တော့ ချောင်းကို သွားပြီး ရေသောက်တယ်တဲ့၊ ရေက ကြည်နေတော့ ဝမ်းသာအားရနဲ့ သောက်ဖို့ ဆင်းလိုက်တဲ့အခါ ရေစီးနဲ့ မျောပါသွားရောတဲ့"

"အဲဒီတော့ သေကောလား"

"မမအုံကလည်း ပုံပြင်က မဆုံးသေးဘူးလေ၊ ဆက်နားထောင်မှ ပေါ့"

မမအုံသည် ခေါင်းကလေး ပုကာ လျှာတစ်လစ် ထုတ်လိုက်သည်။ မေမေ့ စက်ချုပ်သံ တဂျောင်းဂျောင်းမှာ ဧည့်ခန်းသို့ပင် လွင့်လာသည်။

လင်းသည် ကမ္ဘာကျော် အီစွတ်ပုံပြင်များ(မြန်မာဘာသာပြန်)စာအုပ်ကို ကိုင်ကာ သူ သဘောကျရာပုံပြင်ကို ပြောပြနေခြင်း ဖြစ်သည်။ သည်စာအုပ်ကို အသက် ကိုးနှစ်ပြည့်မွေးနေ့က ရသည်။ ပန်းချီသင်တန်း တက်ခွင့်မရရန် သေချာသလောက်ရှိရာ ဦးဦးသည် ဖေဖေ့အား ပြောမပေး။ ပုံပြင်စာအုပ် သုံးအုပ်ကိုသာ လင်း၏လက်သို့ ထည့်ပေးခဲ့သည်။

အီစွတ်ပုံပြင်များကိုတော့ လင်း အကြိုက်ဆုံး ဖြစ်ပေသည်။ ဇာတ်ကောင်အများစုသည် တိရစ္ဆာန်များ ဖြစ်နေ၍ သဘောကျရသည်။ ကလေးတစ်ယောက် နားလည်လွယ်သည့် အပိုဒ်များကိုတော့ ဖြည်းဖြည်းမှန်မှန် အသံတိတ် ဖတ်ကာ အနည်းငယ် မရှင်းလင်းသော စာလုံးများ တွေ့လျှင်မူ မေမေ့ထံ ပြေးတတ်သည်။

www.nyisay.com



ကိုယ်တိုင် နားလည်ပြီဆိုလျှင်ကား ပုံပြင်နားထောင်သူမှာ မမအုံ ဖြစ်ရတော့သည်။ လင်းသည် မေမေ ပုံပြောသိပ်သည့် ငယ်နုစဉ် ညများစွာ ကို ယခုတိုင် သတိရမြဲ။ ဆယ်နှစ်ထဲ ဝင်လာပြီမို့ ဘာသာပြန် စုံထောက် ဇာတ်လမ်းများအား စိတ်ဝင်တစား ဖတ်ပြီဖြစ်သော်လည်း တစ်ဖက်မှာတော့ ပုံပြင်ကြိုက်မြဲ။

သည်တစ်နှစ်တွင် လင်းသည် ပုံနားထောင်သူအဖြစ်မှ ပုံပြောသူ အဖြစ်သို့ ပြောင်းလာသည်။

''အဲဒီလိုလည်း မျောပါသွားရော ချောင်းကမ်းပါးမှာ ရှိတဲ့ ချိုးငှက် တစ်ကောင်က နားနေတဲ့နေရာကနေ မြင်နေရတယ်တဲ့၊ ချိုးငှက်ဟာ ပုရွက် ဆိတ်ကို သနားလို့ သစ်ကိုင်းသေးသေး တစ်ခုကို နှုတ်သီးနဲ့ချီးပြီး ရေထဲ ပစ်ချပေးတယ်တဲ့''

''ရေထဲကို ချိုးက ဘယ်လို မြင်သလဲ လင်းရယ်၊ ပုရွက်ဆိတ်ပါဆို သေးသေးလေး နေမှာပေါ့''

''မမအုံကလည်း ပုံပြင်ပါဆို နားထောင်မှပေါ့၊ လင်း ဆက်မပြောဘဲ နေလိုက်ရမလား''

''လင်း''ဟု လှမ်းခေါ်သော မေမေ့အသံမှာ အနည်းငယ် မာထန် သည်။ မေမေသည် စိတ်မကြည်လျှင် နာမည်သာ ခေါ်တတ်သူပေ။

''စကားပြောရင် ဒီလိုလေသံနဲ့ မပြောရဘူးလို့ မေမေ ပြောထားတယ် မဟုတ်လား၊ လူကြီးကို လူကြီးမှန်း သိရမယ်လို့ ပြောထားတယ် မဟုတ်လား၊ ချိုချိုသာသာပြောလည်း ဒီစကားပဲ၊ ကြမ်းကြမ်းတမ်းတမ်း ပြောလည်း ဒီစကားပဲ၊ စကားကို ချိုချို ပြောရမယ်လို့ သမီးကို မေမေ ခဏ ခဏ သင်တယ်နော်''

သည်တစ်ကြိမ်တော့ လျှာတစ်လစ် ထုတ်ရသူမှာ လင်း ဖြစ်ပါသည်။

''ဟုတ်ကဲ့ မေမေ…ကဲ‥ကဲ မမအုံ လင်း ဆက်ပြောမယ်၊ နားထောင်၊ အဲဒီသစ်ကိုင်းပေါ်ကို ပုရွက်ဆိတ်လေးက တက်ပြီး အသက်ချမ်းသာရာ ရသွား ရောတဲ့၊ အသက်ချမ်းသာရာရတယ် ဆိုတာ မသေတော့တာကို ပြောတာ၊ မသေဘူး ဆိုတာကော မမအုံ သိတယ် မဟုတ်လား''

မမအုံသည် ရယ်လျက်နှင့်ပင် ခေါင်းညိတ်သည်။ ကြမ်းပေါ် ခင်းထား သော ဖျာပေါ်တွင် ပုံပြောသူ လင်းက ခေါင်းအုံးပေါ်၌ တံတောင်ထောက်ကာ မှောက်ခုံလဲလျောင်းနေသည်။ မမအုံကတော့ ပုံပြင်စာအုပ်ကို ငေးနေသည်။

www.nyisay.com



နှုတ်ခမ်း တရွရွ လှုပ်နေသည်။ အိမ်ရောက်စက မမအုံ စာမတတ်ဟု မေမေ ပြောပြဖူးသည်။ ခုတော့ မေမေ သင်ပေး၍ ရေးနိုင်၊ ဖတ်နိုင်သည်။ စာဖတ်လျှင် နှုတ်ခမ်း တလှုပ်လှုပ် ဖြစ်နေသည်။ အသံတိတ် စာလုံးပေါင်းနေတာ ဖြစ်ပေမည်။

''အဲဒီလို ဖြစ်ပြီးတော့တဲ့ တစ်နေ့ကျတော့ မုဆိုးတစ်ယောက်ဟာ ချိုးငှက်ကို ဖမ်းဖို့ တောထဲကို လာရောတဲ့၊ ထောင်ချောက်ထောင်ရောတဲ့၊ ထောင်ချောက် ဆိုတာ ဟိုလေ ကြွက်ထောင်သလိုဟာ၊ အင်း·· အဲဒီလို ထောင်ချောက် ထောင်ထားတဲ့အနားကို ချိုးငှက်က ရောက်လာတာပေါ့၊ ပုရွက်ဆိတ်ဟာ အဲဒါကို မြင်တဲ့အခါကျတော့ မုဆိုးရဲ့ ခြေဖနောင့်၊ ခြေဖနောင့် ဆိုတာ ဒီနား၊ အဲဒီခြေဖနောင့်ကို ကိုက်လိုက်တော့ မုဆိုးက အော်တယ်တဲ့၊ ချိုးငှက်လေးလည်း အဲဒီအော်သံကို ကြားတဲ့အခါ ထောင်ချောက်နဲ့ ဝေးတဲ့နေရာကို ပျံသွားတော့ အသက်ဘေးက ချမ်းသာရာရသွားရောတဲ့၊ ပုံပြင်လေးကတော့ ဒါပါပဲ ကွယ်၊ ဒန် တန့် တန်''

လင်းသည် စာအုပ်ကို ပိတ်လိုက်သည်။ မှောက်ခုံ လှဲနေရာက ပက်လက်အနေအထားသို့ ပြောင်းလိုက်သည်။ မျက်နှာကြက်ဖြူဖြူကို မြင်ရသည်။ သစ်သားချောင်း အနက်များဖြင့် ဘောင်ကွပ်လျက် စတုရန်းကွက်များ ဖော်ထားသည်။ လင်းသည် မျက်နှာကြက် တစ်ကွက်ချင်းကို ပန်းချီကား တစ်ချပ်လို စိတ်ကူးနှင့် ဖော်ကြည့်တတ်သည်။

ဟောဟိုနားက အကွက်ကလေးက တောင်တန်းတွေ၊ ဟိုအကွက်လေးတွေက တိရစ္ဆာန်ပေါင်းစုံ။

လင်း၏ အရပ်မှာ ခု သုံးပေကျော် လေးပေနီးပါး ရှိပြီ။ ဖေဖေ့လို အရပ်ရှည်ဦးမည်ဟုတော့ မေမေ ပြောတတ်သည်။ မျက်နှာကြက်နီးပါး အရပ်ရှည်လာရင် သိပ်ကောင်းမှာပဲ။ ခုံတစ်လုံး ချကာ မျက်နှာကြက်အကွက်တိုင်းမှာ အရုပ်ပုံများ တက်ဆွဲပစ်မည်။ ဖေဖေ ဆူရင်တော့ အရပ် အင်မတန်ရှည်တဲ့ လူသန်ကြီး လင်းက သရက်ပင်ပေါ် ခြေလှမ်း သုံးလှမ်းလောက်နဲ့ အရောက် တက်ပုန်းနိုင်မှာပဲ။

စိတ်ကူးက ကူးစက်တော့ ရယ်သံ တဟိဟိ ထွက်လာလေသည်။

''လင်းကို ကြည့်ပါဦး မမကြီးရယ်၊ သူ့ဟာသူ ပြောပြီး သူ့ဟာသူ ရယ်နေတယ်''

www.nyisay.com



မေမေသည် စက်ခုံမှ ထလာသည်။

နေ့လယ်စာ ထမင်းစားပြီးကတည်းက မေမေ စက်ချုပ်နေခဲ့သည်။ ရုပ်အင်္ကျီတစ်ထည် ဖြစ်သည်။ လက်တိုလား၊ လက်ရှည်လား လင်း မသိ။ နီညိုနှင့် အနက်ရောသော အကွက်ကလေး လှ၍ အစညှပ်နေတုန်းကတော့ မေမေ့အနီးမှာ မယောင်မလည် လုပ်နေသေးသည်။ ကော်ကပ်ကာ စက်စနင်းတော့မှ မလှမ်းမကမ်းသို့ ခွာလာသည်။

သည့်ထက်ငယ်တုန်းကတော့ မေမေ စက်နင်းလျှင် ခြေနင်းခုံပေါ် လိုက်တက်ချင်တာ ဘာကြောင့်မှန်း မသိပါတဲ့။ တဝီဝီ လည်တဲ့ ဘီးကိုလည်း ကိုင်ချင်တာပဲတဲ့၊ မမအုံက လိုက်လိုက်ဆွဲရသတဲ့။

မေမေ၊ သို့မဟုတ် မမအုံ ပြန်ပြောပြတိုင်းမှာပင် ဆယ်နှစ်သမီး လင်းသည် လင်းပေါက်စကလေးကို ရယ်ချင်သည်။

ခုတော့ လင်းသည် ကိုးရိုးကားရား အလုပ်များ မလုပ်တတ်တော့။ သည့်အစား ရောက်တတ်ရာ မေးခွန်းများကိုသာ မဆုံးနိုင်အောင် မေးတတ်လာပေသည်။

"ပုံပြင်တစ်ပုဒ် ဖတ်ပြီးတဲ့အခါ၊ ဒါမှမဟုတ် နားထောင်ပြီးတဲ့အခါ ဘယ်လိုအသိမျိုး ရသလဲ စဉ်းစားရမယ်လို့ သမီးကို မေမေ ပြောထားတယ် မဟုတ်လား၊ ကဲ- အခု ပုံပြင်လေးကနေ သမီး ဘာရသလဲ၊ ဘယ်လို နားလည်သလဲ ပြောပါဦး"

လင်းသည် ပက်လက်အနေအထားမှ ငုတ်တုတ်ထထိုင်သည်။ သူပိုက်ထားဆဲ စာအုပ်လေးကို ငုံ့ကြည့်သည်။ စာအုပ်ကတော့ ပိတ်ထားပြီ။

လင်း အသက် ခြောက်နှစ်၊ ခုနစ်နှစ်အရွယ်မှာပင် မေမေသည် ပုံပြင်များ စိတ်ရှည်လက်ရှည် ပြောပြကာ ဦးနှောက်နုနုလေးထဲသို့ အသိများ ထည့်ပေးနေခဲ့သည်။ တစ်ခါ တစ်ခါတော့လည်း မေမေ ပေးချင်သည့် အသိက တစ်မျိုး၊ လင်းဘာသာ နားလည်ခံစားပုံက တစ်မျိုး ဖြစ်တတ်သည်။ ဥပမာ- ရွှေယုန် ရွှေကျား ဆိုပါစို့။

လင်းသည် အချို့ ကလေးများလို အသော ထုံသော ကျားအား မသနား။ ယုန်ကိုသာ သဘောကျနေသည်။ အင်အားကြီးသော၊ ရက်စက်သော ကျားကို အကောင်ငယ်သော ယုန်က နိုင်သည် ဆိုတာကိုပင် သဘောကျနေသည်။

www.nyisay.com



ယုန်နှင့်လိပ် ပုံပြင်ကိုလည်း ယုန်က ဘာကြောင့် အိပ်ရမှာလဲ၊ မနိုင်ချင်ဘူးလား ဆိုတာမျိုး မေးခွန်း ထုတ်ချင်သည်။

''ကဲ- ပြောပါဦး မိရွှေလင်း''

အခါခါ ဖတ်၍ အလွတ်ရမတတ် ဖြစ်သော ပုံပြင်လေးကို လင်း စိတ်မှာ ပုံဖော်လိုက်သည်။ မျက်လုံးလေးများပင် ပြူးနေပေသည်။

''ပုရွက်ဆိတ်လေးကို ချိုးငှက်က ကယ်လိုက်တယ်၊ အဲဒီတော့ ပုရွက်ဆိတ်လေးက မသေတော့ဘူး၊ ပြီးတော့ ချိုးငှက်လေး ထောင်ချောက်ထဲ ရောက်တော့မယ်ဆိုတော့လည်း ပုရွက်ဆိတ်လေးက ကယ်ပြီးတော့ အင်း··· ကျေးဇူးဆပ်လိုက်တယ်နော် မေမေ၊ ပြီးတော့ သူတို့က သူငယ်ချင်းတွေနော်၊ မေမေ သူငယ်ချင်းဆိုတာ အဲဒီလို ကူညီကြရတယ်ဆို၊ ကျောင်းမှာ လင်းနဲ့ သက်သက်ဆို အဲဒီလိုပဲ ကူညီကြတာပဲ၊ သက်သက်ကို လင်း ချစ်တယ်''

လင်းသည် ကျေးဇူးရှင်ကို ကျေးဇူးသိတတ်ခြင်း၊ သူ့အသက် ကယ် ခြင်း စသော စကားလုံးများ မပါဘဲ နားလည်သလိုသာ ပြောသည်။ ချည် အစအနများကို ကတ်ကြေးနှင့် ဖြတ်နေရာက မေမေ ရယ်ပါသည်။

''ပုရွက်ဆိတ်နဲ့ ချိုးနဲ့က သူငယ်ချင်းဆိုတာ ပါလို့လား လင်းရယ်''

ဟု မမအုံက စောဒကတက်ပါသည်။

''မမအုံကလည်း ကယ်တယ်ဆိုမှတော့ သူငယ်ချင်းဖြစ်သွားတာပေါ့ လို့၊ သူတို့ ခင်သွားတာပေါ့လို့''

မမအုံရော မေမေပါ ရယ်ကြသည်။

''လင်းက အကောင်းပြောတဲ့ဥစ္စာ ရယ်တယ်''

''ဩော်- မေမေတို့က သမီး ချဲ့တွေးလိုက်တာကို သဘောကျတာပါ၊ နော် ဥစ္စာ''

မမအုံက ခေါင်းညိတ်ထောက်ခံသည်။ နောက် ချည်ဖြတ်စလေးများ ကို သိမ်းဆည်းကာ အိမ်အနောက်ဘက်သို့ ထွက်သွားပါသည်။

မေမေသည် ရှပ်အင်္ကျီကို ဖြန့်ချကာ ကြယ်သီးပေါက် ဖောက်မည့် နေရာများကို ခဲဖြင့် မှတ်နေသည်။ အင်္ကျီမှာ လက်တို ဖြစ်သည်။ ဖေဖေသည် အိမ်နေရင်း တီရှပ်လက်တိုများ ဝတ်သည်မှအပ ရှပ်အင်္ကျီလက်တို ဝတ်လေ့ ဝတ်ထ မရှိပါ။

''ဘယ်သူ့အတွက်လဲ မေမေ''

www.nyisay.com



''ဦးဦးအတွက်လေ လင်းရဲ့၊ သူကြည့်လိုက်ရင် အင်္ကျီအသစ် မဝယ်သလောက်ပဲ ဆိုတော့ အင်္ကျီလေး ပေးချင်တာနဲ့''

ခဲမှတ်ပြီးသော နေရာလေးများကို မေမေ ကတ်ကြေးဖြင့် အရာပေးသည်။ နောက် အပ်တွင် ချည်အနက် တပ်လိုက်သည်။ မေမေ့နှုတ်ခမ်းရော မျက်လုံးပါ ပြုံးနေပါသည်။

''အင်း- လှတယ်နော် မေမေ၊ ဦးဦး ကြိုက်မှာပါ''

အင်္ကျီအကွက်မှာ မစိပ်မကျဲ ဖြစ်သည်။ ဦးဦး ဝတ်တတ်သော အကွက်မျိုး ဖြစ်သည်။

''မေမေရေ၊ မနက်ဖြန်ကျရင်လေ ဦးဦး လာရင် ဒီပုံပြင်ထဲက ပုံပြင်သုံးပုဒ်လောက် ပြောပြရမယ်၊ ပြီးရင် ဦးဦး ဘာရသလဲလို့ မေးမယ်''

''ကောင်းရော''ဟု ဆိုကာ မေမေက ရယ်နေသည်။

''သမီးဖေဖေကိုရော သွားပြောပါလား''

လင်းသည် တစ်ချက်မျှ တွေခနဲ ဖြစ်သည်။ နောက် လူကြီးများထံက အတုခိုး၍ မကြာမကြာ လိုက်လုပ်တတ်သလို သက်ပြင်းလေး ချလိုက်ပါသည်။

''ဟင့်အင်း…ဖေဖေတောင် လင်းကို ပုံပြင်တစ်ခါမှ ပြောမပြဖူးဘဲ ဟာ၊ ဖေဖေ ပုံပြင်ကြိုက်မှာ မဟုတ်ပါဘူး မေမေရယ်''

*

၂၀၀၂ နှစ်ကုန်ပိုင်း၌ ဦးဦးထံသို့ ကင်မရာတစ်လုံး ရောက်လာခြင်းသည် လင်းအတွက် အမှတ်တရများစွာကို ဖန်ဆင်းပေးလိုက်သည့်ပမာတည်း။

ကင်မရာကို ဂျပန်ရှိ ဦးဦးအစ်မက ပို့လိုက်သည်။ ဖလင်ကင်မရာဖြစ်သည်။ ဦးဦးသည် ဓာတ်ပုံပညာကို သည်လောက် ဝါသနာပါမှန်း အရင့်အရင်က လင်း မသိချေ။

ပြက္ခဒိန်များထဲက ရှုခင်းဓာတ်ပုံများကို ကြည့်သည့်အခါ၊ မဂ္ဂဇင်းများထဲက ဓာတ်ပုံများကို ကြည့်သည့်အခါ သာမန်ထက် ပို၍ စိတ်ဝင်တစား အကြည့်စိုက်တတ်ကြောင်း နောက်တော့မှ မေမေ ပြောပြပါသည်။ ရိုက်ယူချင်သော ဓာတ်ပုံများအကြောင်းလည်း မေမေ့ကို ပြောပြသည်တဲ့။

ဦးဦးသည် လင်းတို့အိမ်လာတိုင်း ကင်မရာကို ကျောပိုးအိတ်ထဲ ထည့်ယူလာတတ်သည်။ လင်းတို့ခြံတွင် ပန်း တစ်မျိုးမဟုတ် တစ်မျိုး အစဉ်

www.nyisay.com



ပွင့်နေခြင်း၊ အရောင်စုံ ရွက်လှပင်များ၊ ဂမုန်းများ၊ အပင်ကြီးများ၊ ဝါးရုံအုပ် ရှိခြင်းတို့က ဦးဦးကို အလုပ်များစေသည်။ ဖလင်နှင့်ဖြစ်၍ တစ်ပုံ၊ တစ်ပုံကိုတော့ အလွယ်တကူ မရိုက်။ စိမ်ပြေနပြေ အချိန်ယူတတ်သည်။ အလင်းအမှောင် အနေအထား၊ ရိုက်ယူမည့်နေရာ သို့မဟုတ် အရာဝတ္ထု၊ သက်ရှိသက်မဲ့တို့၏ အနေအထား စိတ်ကြိုက်ဖြစ်မှသာ ရိုက်သည်ဆိုပါသည်။

ကင်မရာ ရောက်လာပြီး နောက်ပိုင်း၌ ဦးဦးကို လင်း ပို၍မျှော်ပါသည်။ 'ပန်းပွင့်လေး ကိုင်လိုက်ပါဦး'ဟု ဦးဦး ဆိုလျှင် အပြေးအလွှား လုပ်ပြီးသား။ 'ရယ်လိုက်ပါဦး'ဟု တစ်ခွန်း ဆိုသည်နှင့် သွားအကုန်ပေါ်အောင် ရယ်ပစ်တတ်သည်။

ဓာတ်ပုံ သုံးပုံလောက် ပထမဆုံးအကြိမ် ဦးဦး ကူးပေးတုန်းက လင်းမှာ ထားစရာ နေရာပင် မရှိ။ မေမေက မှန်ဘောင်သွင်းပေးသည်။ ပထမတော့ ဓာတ်ပုံကို ဧည့်ခန်းက စားပွဲတွင် လင်း တင်မည် ပြင်သည်။ နောက်တော့ စိတ်ပြောင်းပြန်ကာ အိပ်ခန်းထဲ ယူသွင်းသည်။ စားပွဲပေါ် တင်သည်။ 'မထိနဲ့နော်'ဟု မမအုံကို ပူပင်စွာ မှာရသည်။ အားတိုင်း အရိပ်တကြည့်ကြည့် လုပ်နေလေသည်။

ပထမတစ်ပုံကား အိမ်ရှေ့လမ်းပေါ်မှာ ဖြစ်သည်။ 'ဒီအတိုင်း မရပ်ဘဲ လမ်းလျှောက်လာ'ဟု ဦးဦး ဆိုတော့ တဟိဟိ ရယ်ကာ လမ်းလျှောက်လာသော ဓာတ်ပုံ ဖြစ်သည်။ အိမ်ရှေ့အိမ်က ဖေဖေ့မိတ်ဆွေ ဆရာကတောင် စနောက်ခဲ့သေးတာ မှတ်မိပါသည်။

နောက်တစ်ပုံကတော့ အိမ်ခေါင်းရင်းက ဇီဇဝါပင်အနီးမှာ ဖြစ်သည်။ ဇီဇဝါတွေ မြိုင်နေအောင် ပွင့်သောနေ့။ လင်း၏ ခေါင်းနှင့် ပခုံးတစ်ဝိုက်ကို ကွက်၍ ရိုက်ထားသည်။ ပန်းပွင့်များနှင့် လင်း မျက်နှာပေါ်သို့ပါ ဆည်းဆာနေခြည် ဖြာနေသည်။ ထိုပုံတွင်လည်း လင်းသည် ပင်ကို ကျယ်သော ပါးစပ်ကို အစွမ်းကုန် ဖွင့်ဟကာ ရယ်မောနေသည်။ (ထိုပုံကို လင်းအကြိုက်ဆုံးဖြစ်သည်)

နောက်ဆုံးပုံမှာ ရန်လုံနှင့် လင်း ဆော့ကစားနေပုံဖြစ်သည်။ ထိုပုံကတော့ အမှတ်တမဲ့ဟန် ဖြစ်သည်။ လင်း မသိမီ ရိုက်လိုက်သော ဓာတ်ပုံဖြစ်သည်။ ရန်လုံသည် ရှေ့ခြေနှစ်ဖက်ကို မြှောက်ထား၏။ လင်းကမူ စနောက်ဟန်နှင့် သူ့ကို ပတ်ပြေးနေသည်။ ဟက်ဟက်ပက်ပက်လည်း ရယ်နေသည်။ မေမေ့အကြိုက် ဓာတ်ပုံ ဖြစ်ပေသည်။

www.nyisay.com



လင်းနှင့် မေမေ၊ သို့မဟုတ် လင်းနှင့် မမအုံသည် တနင်္ဂနွေ နေ့ခင်း ဦးဦး ရောက်လာလျှင် အိမ်မှထွက်ကာ တက္ကသိုလ်ရိပ်သာလမ်းမှသည် ပြည်လမ်းကို ဖြတ်ကူးလျက် ဂျပ်ဆင်ဘုရားကျောင်းဘက်သို့ ဝင်ကြသည်။ ကျောင်းဝင်းထဲ၌ ဘွဲ့နှင်းသဘင်ခန်းမ၊ အဓိပတိလမ်းတို့ပြီးလျှင် ဦးဦး သဘောအကျဆုံး နေရာမှာ ဂျပ်ဆင် ဖြစ်လေသည်။

ဂျပ်ဆင်ရှေ့ မြက်ခင်းပြင်ရောက်သည်နှင့် ဦးဦးသည် သူ့ကင်မရာနှင့် အလုပ်ရှုပ်တော့သည်။ 'လင်းရေ လုပ်ပါဦးဟ' ဆိုလျှင် လင်းမှာ အပြေးအလွှား သရုပ်ဆောင်ရသည်။ မြက်ခင်းပြင်ထက် နားနားနေနေ ထိုင်လျှင်တော့ ဦးဦးက ရောက်တတ်ရာရာ ပြောတတ်ပေသည်။

မေမေပါလာလျှင်တော့ ဦးဦး ပြောသော စကားများက အရာရောက်လောက်သော်လည်း လင်းနှင့် မမအုံသာ ပါလာသော နေ့မျိုးဆိုလျှင်တော့ ပြောသူသာ အမောကြီး မောရပေသည်။

''ဦးဦးတို့ အထက်တန်းကျောင်းသားဘဝကပေါ့ လင်းရာ၊ 'ဂျပ်ဆင်ထိပ်က လရိပ်ပြာရယ် လွမ်းမိတယ်··' တို့၊ 'ဂျပ်ဆင်လေးလည်း တို့နဲ့ဝေး·· လိုင်ဘရီလေးလည်း သတိရမိတယ်··' တို့ နားထောင်ပြီး တစ်နေ့ ငါ ရန်ကုန်တက္ကသိုလ်ကို ရောက်ကို ရောက်ရမယ်လို့ ဆုံးဖြတ်ထားတာ၊ ဦးဦးလည်း ဆယ်တန်းအောင်ရော ဂျပ်ဆင်လေးလည်း တို့နဲ့ တကယ်ဝေးတော့တာပါပဲကွာ''

''ဟင်- ဦးဦးကလည်း အခုလည်း လာလို့ရတာပဲလို့၊ ဘယ်မှာ ဝေးလို့လဲ၊ လင်းတို့ လမ်းလျှောက်လာရတာ ဘယ်လောက်ဝေးလို့လဲ နော် မမအုံ''

မမအုံသည် မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် ခေါင်းညိတ်ရနိုး၊ ခေါင်းခါရနိုး ဖြစ်နေသည်။

''ကျောင်းတံခါးကြီး ပိတ်သွားတယ် ဆိုးပေလေးရ''

''ဦးဦးကလည်း လုပ်ပြန်ပြီ၊ အရှေ့ဂိတ် လင်းတို့ ဝင်နေကျ ဂိတ်ကလည်း ဝင်လို့ ရတယ်၊ ဂျပ်ဆင်ကလည်း ဝင်လို့ ရတာပဲဟာ''

ဦးဦးသည် လင်းကို လက်လျှော့ဟန်နှင့် ရယ်နေပါသည်။

လင်းတို့ ထိုင်နေရာ မြက်ခင်းပြင်က မျှော်ကြည့်လျှင် အနောက်ဘက်ကောင်းကင်ကို ဆည်းဆာရောင်ခြည် ရဲလျက်၊ တိမ်ရောင်စုံလျက် မြင်ရ

www.nyisay.com



ပါသည်။ ညနေ နေခြည်ကို ဦးဦးက အင်မတန် နှစ်ခြိုက်သည်။ ဆည်းဆာ နေခြည် မပျောက်သေးသည့်အချိန်အထိ ဓာတ်ပုံရိုက်ရတာ သဘောကျသတဲ့။

လင်းကတော့ တက္ကသိုလ်ကျောင်းများ၏ ပတ်ဝန်းကျင်မှာ ကြီးပြင်းခဲ့ရသူပီပီ တက္ကသိုလ်ကျောင်းဝင်းတစ်ဝိုက် ရောက်လျှင်ပင် ပျော်နေတတ်ပေသည်။

မြင့်မားခံ့ထည်သလောက် ကျက်သရေအပြည့်နှင့် ငြိမ်သက်လှပသော ဂျပ်ဆင်ကို ဦးဦး သဘောကျသလို လင်းလည်း သဘောကျသည်။ တနင်္ဂနွေညနေခင်းများတွင် သာသော ခေါင်းလောင်းသံကို ကြားရလိမ့်မည်။ ခေါင်းလောင်းသံသည် လေပြည်ကို ဟီးလေးခိုကာ လင်းတို့ထံပါးသို့ပင် ပျံ့လွင့်လာတတ်သည်။ ရံဖန်ရံခါတော့ လေပြည်တွင် ဓမ္မသီချင်းသံများပါ ခိုတွယ်လိုက်ပါလာတတ်သည်။ ထိုသီချင်းများအား မဆိုတတ်စေကာမူ အသံသာသည်ဖြစ်၍ သည်အတိုင်း နားထောင်ရခြင်းကိုပင် လင်း နှစ်ခြိုက်လှပါသည်။

ဦးဦးသည် ဂျပ်ဆင်သို့ အပြိုင်ဝင်လာသည့် လမ်းနှစ်သွယ်အား အစအဆုံး ကွေ့ပတ်လျှောက်တတ်သည်။ သူ ဓာတ်ပုံရိုက်လိုသည့်နေရာကို အသေအချာ ရွေးကာ ဂျပ်ဆင်ကို ရိုက်ယူတတ်သည်။

ဦးဦး အလုပ်ရှုပ်နေချိန်၌ လင်းသည်လည်း မမအုံ့ မည်မျှ ဟန့်စေကာမူ တစ်ချက်ပင် အငြိမ်မနေ။ မြက်ခင်းပြင်ထဲ ပြေးလွှားနေတတ်သည်။ ဂါဝန်အဖျားအနား၌ မြက်သီးများ ကပ်သည်အထိ မြက်ပင်ကြားထဲပါ မကျန် တိုးဝင်ပြေးလွှားသည်။ အပင်ထက် ရှိနေချိန် ခရမ်းဖျော့ဖျော့အသွေးနှင့် လှသလောက် အဝတ်ပေါ် ကပ်လာလျှင်တော့ မြက်သီးတို့မှာ မုန်းစရာ မြဲလှသည်။ မမအုံ့ကတော့ တစ်ခုချင်း စိတ်ရှည်လက်ရှည် ခွာပေးတတ်သည်။

ထိပ်ဖျားတွင် အစိမ်းဘက်ကဲသော အဖြူလုံးလေး တစ်လုံး ပါသည့် မြက်ပင်များကို တွေ့လျှင်တော့ အိမ်အပြန် သယ်ရန်အတွက် လင်း ချိုးယူသည်။ သုံး၊ လေးပင် မကပေ။ မြက်ပန်းဟု သူ့ဘာသာ အမည်ပေးထားသည်။ တံမြက်စည်းဖျားလို အစလေးများ ဖွာထွက်နေသည့် မြက်ပင်များလည်း မချန်။ လက်ထဲတွင် မြက်တစ်ဆုပ်လောက် ကိုင်ကာ လင်း အိမ်ပြန်လာပြီဆိုလျှင် ကျောင်းဝင်းထဲ ဆော့ခဲ့ပြီဖြစ်ကြောင်း အိမ်သားများ အလွယ်သိနိုင်လေသည်။

"ဦးဦး၊ ထိကရုန်းတွေ လာကြည့်ပါဦး ဒီမှာ ဒီမှာ"

"လင်းရယ် ဦးဦးက အလုပ်များနေတဲ့ဟာ"

www.nyisay.com



ဦးဦး မကြားမီ လင်းနှင့် မလှမ်းမကမ်းတွင် ထိုင်နေသော မမအုံက ဝင်ပြောလိုက်သည်။ မေမေ မမြင်နိုင်သည်ဖြစ်၍ လင်း လွတ်လပ်စွာ ခြေဆောင့်လိုက်ပါသည်။

''မမအုံကလည်း လင်းက ကြည့်စေချင်လို့ဟာ''

မမအုံက ထပ်မပြောရဲ။ ရယ်နေပေသည်။ ''ဦးဦးရေ''ဟု အသံမြှင့်ခေါ်တော့မှ ကျောပိုးအိတ်ကို လွယ်ကာ၊ လက်တစ်ဖက်ကတော့ ကင်မရာကို ကိုင်ကာ ဦးဦး ရောက်လာသည်။

ဦးဦးသည် သည်နေ့တော့ ထူးထူးခြားခြား ဘောင်းဘီရှည်ဝတ်လာသည်။ ဂျင်းဘောင်းဘီပြာဖျော့ဖျော့...။ တစ်ခါတုန်းက မေမေ ချုပ်ပေးသော အင်္ကျီဝတ်လာသည်။ ဦးဦးနှင့် လိုက်ဖက်သည့်အဆင်ဟုများ မေမေ ကြိုရွေးလေသလား မသိ။ သည်တစ်နေ့ ဦးဦး၏ ရုပ်သွင်မှာ လင်းမျက်စိထဲ ကြည့်ကောင်းလှသည်။

လင်းတစ်ယောက်တည်းတင် မဟုတ်နိုင်..။ ကင်မရာတစ်လုံးနှင့် ဦးဦး အလုပ်ရှုပ်နေတုန်းက အနီးက ဖြတ်သော မမတစ်သိုက် ရယ်လိုက် နောက်လိုက်လုပ်သွားကြသေးတာ မဟုတ်လား။

''ဘာတုံး ဆိုးပေလေး ပြောပါဦး''

ဦးဦးမျက်နှာမှာ မြင်နေကျအပြုံးက ထင်းနေသည်။ ဆံပင်အချို့မှာ နဖူးထက် ခပ်စင်းစင်းကျနေလေသည်။

''ဒီမှာ ကြည့်''

''ဩော်- ထိကရုန်းပါလား၊ ဦးဦး သိသားပဲ''

''အဲဒီအပင်တွေကလေ ထိလိုက်ရင် ခဏ ငြိမ်သွားရော၊ နောက်တော့ နဂိုအတိုင်း ပြန်ဖြစ်လာရော၊ လင်း လုပ်ပြမယ်၊ ကြည့်နေ''

''စိတ်ချမ်းသာအောင် ကြည့်ပေးလိုက် ဦးဦးရေ''ဟု မမအုံက လှမ်းအော်ပါသည်။ ဦးဦးသည် ရယ်သံနှင့်ပင် ထိကရုန်းပင်ကို မမြင်ဖူးသလို အလိုက်သင့် ကြည့်နေသည်။

''ဒီမှာကြည့် တွေ့လား''

လင်းသည် ကိုယ်ကလေး ငုံ့ကိုင်းကာ ထိကရုန်းပင်ကို ထိခတ်လိုက်သည်။ အရွက်ကလေးများ ကုပ်ကျသည်အထိ ငြိမ်သက်သွားသော အပင်လေးများကို ခဏစောင့်ကြည့်သည်။ ဦးဦးလည်း စောင့်ကြည့်သည်။ တအောင့်မျှ

www.nyisay.com



ကြာလျှင်တော့ ထိကရုန်းပင်လေးများသည် နဂိုနေပင် လန်းဆန်းလာကြပေသည်။

"ဦးဦး တွေ့တယ်နော်"

"အေးပါကွာ၊ တွေ့ပါတယ်၊ လင်း သိပ်တော်တာပဲ"

"မေမေက ပြောတယ် ဦးဦးရဲ့"

"မမမွန်က ဘာပြောလဲ၊ ပြောပါဦး"

ဦးဦးသည် လင်း ရပ်နေရာနှင့် မလှမ်းမကမ်းမှာ ထိုင်ချလိုက်သည်။ ဦးဦး၏ မျက်နှာမှာ ပြုံးမြဲ ပြုံးဆဲ။

"လူတွေဟာ ထိကရုန်းလိုပဲတဲ့၊ အကြာကြီး၊ အင်း… အကြာကြီး ဘာမလုပ်နိုင်ဘူး ဆိုလားပဲ"

လင်းသည် အားပါးတရနှင့် ပြောမည် ပြင်ပြီးခါမှ စကားလုံး မေ့လျော့ကာ ဟီးခနဲ တစ်ချက် ရယ်လိုက်ပါသည်။

"ဦးဦး မှန်းကြည့်မယ်၊ အကြာကြီး မဖိနှိပ်ထားနိုင်ဘူးလို့ ပြောတာ မို့လား"

"အင်း ဟုတ်တယ် ဟုတ်တယ်၊ အဲဒါ ဖိနှိပ်တယ် ဖိနှိပ်တယ်‥အခု လင်းက အားရှိတယ်တဲ့၊ နင်းလိုက်ရောတဲ့ သူတို့ ပြားကပ်သွားရော ပျက်စီးသွားရော မထင်နဲ့တဲ့၊ အဲ…ဟို‥ဟို‥"

မျက်လုံးလေး ပေကလပ် ပေကလပ်ပြုကာ လင်း စဉ်းစားရသည်။ ဦးဦးကလည်း စောင့်၍နားထောင်နေသည်။ ခဏအကြာတွင်မှ အဖြေရကာ လက်ခုပ်လေး တီးလိုက်သည်။

"အချိန်စောင့်နေတာတဲ့၊ အချိန်တန်ရင် သူ့ပုံစံသူ ပြန်ရောက်လာရောတဲ့"

"ပြန်ကြွလာရောလို့ သုံးရတယ် လင်းရဲ့"

လင်းသည် ဦးဦး သုံးလိုက်သည့် စကားလုံးကို နှစ်ခါ သုံးခါမျှ ရွတ်ကာ သဘောကျနေပေသည်။ ခုတစ်လော စာအဖတ်များလာသည် ဖြစ်ရာ စကားလုံး အသစ်များက နေ့စဉ် တိုးနေသည်။ စာစီစာကုံး ရေးရာတွင် အတန်းထဲ၌ လင်းကို ဘယ်သူမှ မမီ။ 'သူ့အဖေက ဆရာကိုး'ဟု အချို့က ကွယ်ရာမှာ ပြောကြသည်တဲ့။ သက်သက် ပြန်ပြောပြလျှင်တော့ လင်းမှာ ရယ်၍သာ နေရပေသည်။

www.nyisay.com



''လင်း''

''ဟုတ်ကဲ့ ဦးဦး''

ထိကရုန်းရွက်လေးများကို တစ်ဖန် ထိခတ်ကာ လင်းက ထူးသည်။

''မမမွန်ကို တစ်ရက်လောက် ဓာတ်ပုံ ရိုက်ဖို့ ခေါ်လာရအောင်''

''မေမေက ဓာတ်ပုံ မရိုက်ချင်ဘူးတဲ့ ဦးဦးရဲ့''

''အဲဒါကြောင့် အခုထိ မမမွန့်ပုံ တစ်ပုံတောင် မရိုက်ရသေးဘူးလေ၊ လင်းတို့ဖေဖေကိုလည်း စာကြည့်ခန်းမှာ ရိုက်ပေးပြီးပြီ၊ ဥမ္မာ့ကိုလည်း ခြံထဲမှာ ရိုက်ပေးပြီးပြီ၊ မရိုက်ပေးရသေးတာ မမမွန်တစ်ယောက်ပဲ ကျန်တော့တာ''

''ဦးဦး ခေါ်ကြည့်လေ''

ဦးဦးသည် ကင်မရာကို တစ်ချက် ငုံ့ကြည့်သည်။ နောက် ဂျပ်ဆင်ဘက်ဆီ ငေးသည်။ ငေးရင်းပင် စကားဆိုသည်။

''ဦးဦး ခေါ်တာ မရဘူး လင်းရဲ့၊ နောက်တစ်ခါ လင်း ခေါ်ပေး''

မေမေ ဘာကြောင့် ဓာတ်ပုံ မရိုက်ချင်ပါလိမ့်။ အန်တီကြည်ကြည် လာရင်တော့ သူငယ်ချင်းနှစ်ယောက် အလည်သွားရင်း ရိုက်ရိုက်လာသားပဲ။

ဦးဦး၏ ကင်မရာရှေ့ ရပ်ရန် မေမေ အစဉ် ငြင်းတတ်ပေသည်။ တစ်ခါကလည်း မေမေ စာဖတ်နေတုန်း ဦးဦး ဓာတ်ပုံရိုက်ဖို့ ကြိုးစားသေးသည်။ သို့သော် မေမေသည် ဦးဦးအရိပ်မြင်တာနှင့်ပင် ကျောခိုင်းကာ 'မရိုက်ပါနဲ့ ညီညီရယ်' ဆိုခဲ့သည်။ နောက်ဆုံးတော့ ဦးဦး လက်လျှော့ရသည်။

ခုတော့ လင်းကို တာဝန်ပေးလာပြီ။

လင်းသည် မျက်လုံး မှေးကာ တစ်ချက်မျှ စဉ်းစားသည်။ အဖြေတွေ့လျှင်တော့ ထိုမျက်လုံးလေး လက်ခနဲနေအောင်ပင် ပြုံးလိုက်ပါသည်။

''လင်း စာမေးပွဲပြီးရင် မေမေနဲ့ ဓာတ်ပုံရိုက်ချင်တယ်လို့ ပူဆာမယ်၊ ပြီးတော့ ဒီမှာ လာရိုက်ကြမယ်လေ''

ဦးဦးက သဘောတကျ ပြုံးကာ လက်ဝါးတစ်ဖက် မြှောက်လိုက်သည်။ ဦးဦး၏ လက်ဝါးကို လင်း လက်ဝါးလေးနှင့် ဖတ်ခနဲ ထိရိုက်လိုက်ပါသည်။

* * *

www.nyisay.com

ထိုနေ့က ကံ့ကော်ပွင့်သည်။

ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းထဲရှိ ကံ့ကော်ပင်ကြီးများထက်ဝယ် ရွက်စိမ်းများအကြားက တိုးထွက်ကာ ဝေနေအောင် ပွင့်သော ကံ့ကော်တို့၏ ရနံ့သည် အနီးအပါး ဝန်းကျင်တစ်ဝိုက် လေပြည်သွေးတိုင်း တဝေ့ဝေ့ လွင့်မျော လေသည်။ ကံ့ကော်မှာ ရနံ့တသင်းသင်း ဖြစ်၏။ ရနံ့ရရုံမျှနှင့်ပင် ကံကော်ချစ်သူ တို့မှာ လန်းဆန်းရွှင်မြူးရသည်။

မေမေ့လိုပင် ကံ့ကော်ပန်း ကြိုက်သူမို့ နှစ်ခြိုက်ရွှင်မြူးခြင်းသာမက စာမေးပွဲဆိုသော ကြိုးတစ်ချောင်း ဖြေချခဲ့ပြီဖြစ်၍ လင်း၏ စိတ်မှာ ပေါ့ပါး လျက် ရှိသည်။

ချစ်သောနွေဦးဝယ် လင်းအတွက် မြင်မြင်လေရာ အရင့်အရင်ထက် ပို၍ လှနေသည်။ ခြံဝင်းထဲက သစ်ရွက်ကြွေများလည်း လှသည်။ အိမ်နံရံ တစ်လျှောက် ကပ်စိုက်ထားသော ပိန်းပင်များလည်း လှသည်။ အိမ်ရှေ့က မြေစိုက်ရွက်လှပင်များလည်း လှနေသည်။ ဖိနပ်ချွတ်ရှေ့ဝယ် အိုးများ ချကာ စိုက်ထားသော ဂမုန်းပင်များ၊ ရွက်လှပင်များလည်း လှနေသည်။ ယုတ်စွ အဆုံး လင်း တတောက်တောက် သွားရာတစ်လျှောက် တတန်းတန်းလိုက်ပါ သည့် ရန်လုံပင် အမွေးလေးများ ပို၍ ပွရောင်းညှိစိမ့်ကာ ပို၍ လှသလို ရှိလာ ပေသည်။

ကံ့ကော်ရနံ့သည် အိမ်သို့ နံနက်ကပင် ရောက်လာသည်။

‘‘မမမွန်ရေ၊ လင်းရေ’’ဟု ခေါ်သံနှင့်အတူ ခေါင်းလောင်းသံ ကြားတော့ လင်းသည် ခြံဝသို့ လွှင့်ခနဲပင် ပြေးထွက်လာသည်။ ဦးဦး လာပြီ··။

www.nyisay.com



ဦးဦးမှာ ခြံပြင်တွင် ရပ်နေသည်။ လက်တစ်ဖက်တွင် ကံ့ကော်ပန်းစည်းတစ်စည်း ကိုင်လျက်၊ နောက်လက်တစ်ဖက်တွင်တော့ အထုပ်တစ်ထုပ် ဆွဲလျက် ရပ်နေသည်။ မျက်နှာမှာ ပြုံးပြုံးရွှင်ရွှင်။

ကံ့ကော်စည်းကို မြင်လျှင်မြင်ချင်း ''ဟယ် ကံ့ကော်ပန်းတွေ''ဟု လင်း ဝမ်းသာအားရ အော်ဟစ်လိုက်ပါသည်။

''အေးကွ၊ ကံ့ကော်ပန်း ကြွေမှာစိုးလို့ တံခါးမဖွင့်ဘဲ စောင့်နေတာ''

ဟု ဦးဦးက ရယ်ရယ်မောမော ဆိုသည်။

လင်းသည် ခြံတံခါးကို ခပ်သွက်သွက်ပင် ဖွင့်ပေးလိုက်သည်။ လှပ်ပေးလိုက်သော တံခါးမှ ဦးဦး ဝင်သည်။ နောက် လင်း၏လက်ထဲသို့ ကံ့ကော်ပန်းစည်းကို ကမ်းပေးလိုက်ပါသည်။

ကံ့ကော်ပန်းစည်းသည် ရိုးတံ တစ်တောင်ခန့် ဖြစ်သည်။ ပန်းပွင့်ဆယ်ပွင့်ထက်မနည်း ပါသည်။ တစ်ပွင့်တည်းမှာပင် သင်းသော ရနံ့က အပွင့်များ ပေါင်းနေတော့ ပို၍ သင်းသည်။

လင်းသည် ပန်းစည်းအား ဖျတ်ခနဲ ငုံ့မွှေးလိုက်သည်။ ရှေ့မှ လျှောက်သော ဦးဦးနောက် စကားတပြောပြော လိုက်လာပါသည်။

''ဦးဦး ဘယ်က ယူလာတာလဲ၊ ကျောင်းထဲကလား''

''ဘယ်ကျောင်းထဲကမှာလဲ လင်းရ၊ ပလက်ဖောင်းမှာတင် ရောင်းနေလို့ ဝယ်လာတာ၊ အစ်ကိုရော မမမွန်ရော ရှိတယ် မဟုတ်လား''

''ရှိတယ် ဦးဦး၊ ဖေဖေက မနက်စာ စားပြီးရင် အပြင်သွားမလို့တဲ့ ဦးဦးရဲ့၊ မေမေရော လင်းရော အဲ…မမအုံ့ရော အိမ်မှာ ရှိမှာပဲ''

''လင်း၊ ဦးဦး ဟိုတစ်ခါ ပြောထားတာ မှတ်မိတယ် မဟုတ်လား၊ မမမွန်ကို ဓာတ်ပုံ ရိုက်ဖို့ဟာ''

''မှတ်မိသားပဲ၊ လင်း မေမေ့ကို ပြောပြီးပြီ၊ ဒီတစ်ခါတော့ သဘောတူလိုက်မယ်တဲ့၊ ညနေဘက်ကျ ရိုက်တာပေါ့တဲ့''

လင်းသည် ပြုံးမြသွားသော ဦးဦးမျက်နှာကို မော့ကြည့်ကာ လက်မထောင်ပြလိုက်သည်။ ဦးဦးလည်း လင်းလိုပင် လက်မ ထောင်ပြသည်။ နောက်တော့ နှစ်ဦးသား ရယ်လိုက်ကြသည်။ ဖိနပ်ချွတ်တွင်တော့ ရန်လုံသည် ခွေခွေလေး ဝပ်နေသည်။ သူ့ဝမ်းဗိုက်ကို ခြေဖျားလေးနှင့် မနာအောင် ထိပြီး စနောက်ပြီးမှ လင်း အိမ်ထဲသို့ ဝင်သည်။

www.nyisay.com



ထမင်းစားခန်းတွင်တော့ ဖေဖေရော မေမေပါ မနက်စာ လက်စသတ်ကြပြီ။ ဖေဖေသည် ထမင်းပန်းကန်လွတ်ကို ဘေးသို့ ပို့ကာ ကော်ဖီခွက်ကို ဆွဲယူနေသည်။ မေမေကမူ ဖေဖေ တွန်းပို့လိုက်သော ပန်းကန်လွတ်ကိုရော သူ စားသည့် ပန်းကန်ကိုပါ သိမ်းထပ်ကာ ထမင်းဝိုင်းက ထရန်ပြင်နေသည်။

သည်နေ့ နံနက်စာမှာ ပဲပြုတ်ထမင်းကြော်ဖြစ်သည်။ မေမေ တစ်ပတ်စာ ကြော်ကြော်ထားတတ်သော ဘာလချောင်ဘူးကို ဒွန်းတပ်လျက် စားပွဲအလယ်တွင် တင်ထားသည်။ ကြက်ဥကို ခရမ်းချဉ်သီး၊ ကြက်သွန်နီ၊ ငရုတ်သီးစိမ်းတို့ ထည့်ကာ မွှေကြော်ကြော်ထားသည်။ ကော်ဖီကတော့ သကြား၊ နို့မှုန့်၊ ဆုကော်ဖီမှုန့်တို့ကို မေမေ ကိုယ်တိုင် စပ်ဖျော်သော ကော်ဖီ ဖြစ်ပေသည်။

ဦးဦးနှင့် လင်း ဝင်လာသည်ကို မေမေ အရင် လှမ်းမြင်သည်။ တစ်ချက် ပြုံးလိုက်သည်။ ကျောပေးနေသော ဖေဖေက မေမေ့အပြုံးကို မြင်မှ ချာခနဲ လှည့်ကြည့်သည်။

''ဟော ညီညီ လာကွ၊ မနက်စာ တစ်ခါတည်း ဝင်စား၊ မွန်မွန်ရေ၊ ညီညီ့အတွက်ပါ ထမင်းကြော် ထည့်ပေးပါ''

''ထိုင်ဦး ညီညီ''ဟု ဆိုကာ မီးဖိုခန်းသို့ မေမေ ထွက်သွားသည်။ ဦးဦးသည် ဖေဖေ့ဘေးရှိ ခုံတွင် ဝင်ထိုင်လိုက်ပါသည်။ မေမေ့ကော်ဖီခွက်အနီးတွင် ကုံကော်ပန်းစည်းကို လင်း ချလိုက်သည်။

ဖေဖေသည် ကုံကော်ပန်းစည်းကို အမှတ်မထင် တစ်ချက်မျှ ကြည့်သည်ဆိုရုံ ကြည့်လိုက်လေသည်။ အပြုံးမှ မပျက်။

''စားတာပေါ့ အစ်ကိုရာ၊ ဒီအိမ်ရောက်ရင် တစ်ခုခု စားရမှာပဲ ဆိုပြီး ကျွန်တော် ဘာမှ စားမလာခဲ့ဘူး''

ဦးဦး၏ ပြောပုံဆိုပုံကြောင့် ဖေဖေ ဟက်ဟက်ပက်ပက် ရယ်သည်။

လင်းသည် ဖေဖေ့ရယ်ပုံကို အမှတ်မထင် ငေးနေသည်။ ဖေဖေဟာ ဦးဦးတစ်ယောက်ကိုတော့ ခင်သားပဲ။ စကားပြောပုံကအစ ချိုချိုသာသာ ရှိသည်။ လင်းကို ပြောတာထက်၊ မေမေ့ကို ပြောတာထက်ပင် ချိုသာသလို ထင်ရသည်။

ပြီးတော့ ခုတစ်လော ဦးဦး ပုံမှန်လာတတ်သည့် တနင်္ဂနွေလိုနေ့မျိုးတွင် ဖေဖေလည်း အိမ်မှာ ရှိရှိနေတတ်သည်။ တွေ့ပြီ ဆိုလျှင်တော့ ဖေဖေ့တွင် ပြောစရာ စကားများစွာ ရှိတတ်သည်။ အင်္ဂလိပ်စာလည်း သင်ပေးတတ်သည်။

www.nyisay.com



စာကြည့်ခန်းထဲသို့ နှစ်ယောက်စာ အဆာပြေ စားစရာများ မေမေ ပို့ပေးရတတ်လေသည်။

'ဘာသင်ပေးလဲ ဟင်'ဟု ဖေဖေ့စာအသင်အပြကို တစ်ကြိမ်ပင် မကြုံဖူးသော လင်းက စိတ်ဝင်စားစွာ မေးဖူးသည်။ 'သဒ္ဒါပေါ့ လင်းရ၊ သဒ္ဒါက အခြေခံအကျဆုံးလေ၊ သဒ္ဒါပိုင်မှ ဦးဦး စာရေးနိုင်မှာ၊ ပြောနိုင်မှာ'ဟု ဦးဦးက ဖြေခဲ့ပါသည်။

''ဒီနေ့တော့ ကိုယ့်မိတ်ဆွေတွေနဲ့ ချိန်းထားတာမို့ အပြင်သွားရမယ် ညီညီ၊ မင်း မွန်မွန်နဲ့ လင်းကိုပဲ အဖော်လုပ်ပေးလိုက်ပေါ့၊ အပြင်လေးဘာလေး သွားချင်လည်း သွားကြပေါ့၊ စာတော့ လုပ်မနေပါနဲ့တော့၊ နောက်တစ်ပတ်မှ ဆက်သင်တာပေါ့ကွာ၊ ခု မင်းလည်း သဒ္ဒါအခြေခံ အတော်ပိုင်နေပြီ ဆိုတော့ နောက်နှစ်ပတ်လောက် နေရင် အပြောဘက် လှည့်ကြတာပေါ့၊ အကြောင်းအရာ တစ်ခု ချပေးပြီး မင်းစိတ်ထဲ ပေါ်သလို ပြောတဲ့နည်းနဲ့ ကိုယ်တို့ လေ့ကျင့်ကြမယ်''

ဖေဖေသည် မျက်မှန်ပင့်တင်ကာ ကော်ဖီခွက်ကို ကိုင်လိုက်သည်။ တစ်ကျိုက် ကျိုက်လိုက်ပါသည်။

''ကောင်းပါတယ် အစ်ကို၊ ကျွန်တော် ဟိုတစ်နေ့က သူငယ်ချင်းဆီ စာလှမ်းရေးတော့ အင်္ဂလိပ်လိုပဲ ရေးလိုက်တယ်၊ ရေးစမ်းကြည့်တာပေါ့၊ အဲဒါ သူငယ်ချင်းက မင်း စာအရေးအသား အတော်ဟုတ်လာပါလားတဲ့၊ ဆရာကောင်း တွေ့ထားတယ်လို့ ပြောလိုက်တယ်ဗျ''

''မင်းကို ကိုယ်က စာအုပ်တွေပါ တိုက်ရိုက်ဖတ်စေချင်တာ၊ ဘာသာရပ်ပဲ ဖြစ်ဖြစ်၊ မင်း စိတ်ဝင်စားတဲ့ ရသစာအမျိုးအစားပဲ ဖြစ်ဖြစ် မူရင်းစာအုပ်တွေ ဖတ်စေချင်တာ၊ နောက်ပိုင်းပေါ့လေ''

ဖေဖေတို့ ပြောနေသော စကားများကို စိတ်မဝင်စားသည် ဖြစ်၍ မေမေ့နောက်သို့ လင်း လိုက်လာသည်။ ထည့်ပြီးသော ထမင်းကြော် ပန်းကန်ကို ဘေးချကာ မေမေ ကော်ဖီတစ်ခွက် ဖျော်စပ်နေပါသည်။ ထမင်းကြော်ဝါဝါ၌ ပဲစေ့လေးများ ပြန့်ကျဲနေသည်။ ကြက်သွန်နီဖတ်လေးများလည်း ရောနှော လျက်။

''ကြက်ဥကြော်ကော မေမေ''

www.nyisay.com



"ဟုတ်သားပဲ ကြက်ဥကြော်က ကုန်နေပြီပဲဟာ၊ ထပ်ကြော်မှပဲ"

မေမေသည် ကြက်ဥတစ်လုံးကို ယူလိုက်သည်။ ပန်းကန်ထဲ ဖောက်ထည့်ကာ ဆားနည်းနည်း ထည့်၍ မွှေလိုက်ပါသည်။ ကြက်သွန်တစ်ခြမ်းကို လှီးထည့်လိုက်သည်။ မေမေ့အနီးက မခွာသေးဘဲ ခြေဖျားလေး ထောက်ကာ လင်း စပ်စုဆဲ။

"ငရုတ်သီး မထည့်ဘူးလား မေမေ"

"ဦးဦးက အစပ် မစားနိုင်ဘူး လင်းရဲ့"

ဩော်… လင်းကတော့ ဘာဟင်းမဆို ငရုတ်သီးစပ်စပ်မှ စားဝင်ပေသည်။

ဆီပူပူထဲဝယ် ကြက်ဥမှာ ခဏချင်းပင် ကြွလာသည်။ ဇွန်းနှင့် တစ်ချက်၊ နှစ်ချက်မျှ ဟိုသည်ရွှေ့ကာ တစ်ဖက်လှန်လိုက်သည်။ နောက် ဆယ်ယူကာ ထမင်းကြော်ပေါ်သို့ အုပ်လိုက်ပါသည်။

"လင်း ယူသွားမယ်"

"သဘော၊ သေချာလည်း ကိုင်ဦး"

လင်းက ထမင်းကြော်ပန်းကန်ကို ကိုင်ကာ၊ မေမေက ကော်ဖီခွက်ကို ကိုင်ကာ ထမင်းစားခန်းသို့ ဝင်တော့ ဖေဖေ ထိုင်ရာမှ ထနေပေပြီ။ ခုံတွန်းရွှေ့သံနှင့်အတူ "အဝတ် ထုတ်ပြီးသားလား မွန်မွန်"ဟု မေမေ့အား လှမ်းမေးလိုက်ပါသည်။ များသောအားဖြင့်တော့ သည်မေးခွန်းကို ဖေဖေ မေးလေ့မရှိပါ။ မေမေသည်လည်း နံနက်ခင်း မိုးလင်းတိုင်း အဝတ်တစ်စုံ ထုတ်မပေးထားသည့်နေ့ မရှိပါ။

သို့သော် ဖေဖေက မေးရိုးမေးစဉ်ပမာ မေးပါသည်။

"ဟုတ်ကဲ့ အစ်ကို၊ ခုတင်ပေါ် တင်ထားတယ်"

မေမေသည် ကော်ဖီခွက်ကို ဦးဦးရှေ့ ချပေးရင်း ဖေဖေ့ကို တစ်ချက် လှမ်းကြည့်ကာ ဖြေရိုးဖြေစဉ်လို ဖြေလိုက်သည်။

ထမင်းကြော်ပန်းကန်ကို ကိုင်လျက်တန်းလန်းပင် ဖေဖေ့အား လင်း အကဲခတ်နေသည်။ ဖေဖေသည် သူ့ထက် အသက် ၁၀ နှစ် ငယ်သော မေမေနှင့်စာလျှင် လူကြီးတစ်ယောက်နှင့် ပိုတူသည်။ တိုကပ်ကပ် ညှပ်ထားသော ဆံပင်သည် လေးထောင့်မကျတကျ ဖေဖေ့မျက်နှာအား တင်းမာပြတ်သားပုံပေါ်စေသည်။ ထင်းသော မျက်ခုံးအောက်က မျက်လုံးများတွင် အပြုံးရိပ်

www.nyisay.com



တွေ့ခဲ့သည်။ နှုတ်ခမ်းပါးတို့မှာ များသောအားဖြင့် တင်းတင်းစေ့နေတတ်ပေသည်။

ခုတော့ ထိုနှုတ်ခမ်းတို့သည် ဦးဦးကို ရှားရှားပါးပါး ချိုသော စကားလုံးတို့နှင့် ဆိုခဲ့သည်။ အိပ်ခန်းတံခါးပိတ်သံကြားမှပင် လင်း၏ ရယ်သံက ခပ်ကျယ်ကျယ် ထွက်နိုင်တော့သည်။

လင်းသည် ကံ့ကော်ပန်းကို ငုံ့နမ်းပြန်သည်။ ''ဦးဦး ဝယ်ခဲ့တာ မေမေ'' ဆိုကာ မေမေ့လက်သို့ ထည့်ပေးလိုက်သည်။ ပွင့်ဖတ်ဖြူဖြူ ဝတ်ဆံဝါဝါနှင့် ကံ့ကော်ပွင့်တို့သည် မေမေ့လက်ထဲတွင် ပို၍ လှနေသည်။

ကံ့ကော်ပွင့်များကို ငုံ့ကြည့်နေသော မေမေ့မျက်နှာမှာ ပွင့်ဖတ်လေးများနှယ်ပင် ကြည်လင်နေပေသည်။

*

ကျနေသည် ဂျပ်ဆင်ဘုရားကျောင်းရှေ့တစ်ဝိုက်ရှိ မြက်ခင်းပြင်ထက် ဝယ် လှလှပပ ဖြာကျနေသည်။ မိုးရာသီကလောက် မစိမ်းတော့သော မြက်ခင်း၏ မူလအရောင်သည် နေရောင်ခြည် ရိပ်ရိပ်ကျတော့ အဝါဘက်သို့ လှနေသည်။ သို့သော် နသော အဝါ မဟုတ်။ အညိုဘက်သို့ ကူးသော အဝါ။

သည်ညနေ ရာသီဥတုက မနက်ကနှယ်ပင် သာယာကြည်လင်ဆဲ။ မြက်ခင်းပြင်တွင် ပက်လက်လှဲချ၍ မော့ကြည့်လျှင် လင်း မြင်ရသော ကောင်းကင်မှာ အပြာဖျော့ဖျော့ဖြစ်သည်။ တိမ်မျှင်ဖြူဖြူတို့ ခပ်ဖြည်းဖြည်း ရွေ့နေသည်။ စောစောက ထိုင်နေစဉ် မျှော်ကြည့်ခဲ့သော အနောက်ဘက်တွင်တော့ တိမ်တို့သည် ပန်းချီရေးသည့်နှယ် အရောင်စုံ အရုပ်စုံလျက် ရှိသည်။

လင်းသည် ပက်လက်အိပ်နေရာက လက်ဝါးလေးနှစ်ဖက်နှင့် မြက်ခင်းပြင်ကို တဖတ်ဖတ် ရိုက်နေသည်။ နှုတ်မှ တေးသီချင်းများ မပီမသ ညည်းသည်။ မေမေ ဖွင့်တတ်သော ထူးအိမ်သင် သီချင်းများကို လင်း နားထဲစွဲနေသည်။ သို့သော် ဘယ်တစ်ပုဒ်ကိုမှ စာသား ကောင်းစွာ မရ။

'နေဝင်ပြီ ဆိုရင် ကိုယ်လေ ငိုချင်တယ် ရင်မှာ နာကျင်စွာ ဒါး ဒါ..' စသည်ဖြင့် ဆိုတတ်သည်။

www.nyisay.com



ဖေဖေက အပြင်သွားချင်သွားကြ ဆိုသော်လည်း နေ့ခင်းကတော့ မေမေ့ကို လင်း အဖော်စပ်.မရပေ။ အပြင်မသွားလိုပါတဲ့။ 'ရုပ်ရှင် မကြည့်ရတာ ကြာပြီ'ဟု လင်း ပူဆာသေးသည်။ သို့သော် မအောင်မြင်။

တနင်္ဂနွေနေ့လယ် မြန်မာ့ရုပ်မြင်သံကြားက ပြသော မြန်မာရုပ်ရှင်သာ ကြည့်ရသည်။ အဖြူ၊ အမည်း ရုပ်ရှင်ကို ဦးဦးရော မေမေပါ စိတ်ဝင်တစား ကြည့်တော့ လင်း အံ့သြရသည်။ မမအုံကတော့ မကြိုက်လည်းပဲ ကြည့်နိုင် သည်။ လင်းကမူ ကြာကြာမကြည့်နိုင်။ စက္ကူတစ်ရွက်ချကာ ထုံးစံအတိုင်း အရုပ်ပုံများ ဆွဲရသည်။

ရုပ်ရှင်ပြီးလျှင်တော့ သီချင်းကဏ္ဍ ရောက်ပြီ။ မေမေသည် နေ့ခင်းဘက် အားလပ်လျှင် သူ ကြိုက်သော သီချင်းများအား ကက်ဆက်ဖြင့် နားထောင်မြဲ။ များသောအားဖြင့် ထူးအိမ်သင် သီချင်းများ ဖွင့်တတ်သည်။ သည်နေ့ခင်းလည်း ထူးအိမ်သင် သီချင်းများကိုသာ ဆက်တိုက်ဖွင့်သည်။ ထူးအိမ်သင်၏ သာယာ သော တေးသီချင်းသံသည် တစ်ထပ်တိုက် နီနီလေးထဲ ပျံ့လွင့်နေခဲ့သည်။ လင်းက မမီမကမ်း တစ်ပိုင်းတစ်စ လိုက်လိုက်ဆိုသည်။

ခုလည်း လင်းသည် မပီသော တေးသွားကိုပင် မရရအောင် ညည်း နေသည်။

လင်းကို ငဲ့ကြည့်ကာ ဦးဦး ရယ်သည်။ မေမေ့ဘက်သို့ ငဲ့ကြည့်သည်။

''ထူးအိမ်သင် သီချင်းတွေထဲမှာ ဘယ်သီချင်း အကြိုက်ဆုံးလဲ မမွန်''

မေမေ့ငေးလက်စ မျက်လုံးတို့သည် ဦးဦးထံ ရွေ့လာသည်။

''အကုန်ကြိုက်တာပေါ့လေ၊ အကြိုက်ဆုံး ပြောရတာတော့ ခက်သား ပဲ၊ အင်း...အားလုံးထဲမှာ 'တကယ်လို့များ'နဲ့ 'ဝေးသွားတဲ့အခါ'ကိုတော့ ပိုကြိုက်မိတယ် ဆိုပါတော့''

''တူတယ် မမွန်ရဲ့၊ ကျွန်တော့်အကြိုက်ဆုံးသီချင်းက ဝေးသွားတဲ့ အခါ''

ထိုသီချင်းနှစ်ပုဒ်ကို မေမေ တစ်ခွေလုံးစာ သွင်းထားကြောင်း လင်း မှတ်မိပါသည်။ တစ်ခါတုန်းက ကျောင်းမှအပြန် မေမေတို့အခန်းထဲ လင်း ဝင်သွားတော့ ကက်ဆက်ကို အခန်းထဲ ယူသွင်းကာ သီချင်းဖွင့်နေတာ ကြုံ ရသည်။ မေမေသည် စာအုပ်တစ်အုပ်ထဲ စာလည်း ချရေးနေသည်။ လင်းကို မြင်တော့မှ စာရေးတာ တန့်သည်။ 'ဘာရေးနေတာလဲ မေမေ'ဟု လင်း

www.nyisay.com



မေးတော့ 'ဒီလိုပါပဲ ဟိုရေး ဒီရေးပါ သမီးရယ်'ဟု မေမေ ပြောသည်။ ပြုံးသည်။ စာအုပ်ကိုတော့ ပိတ်လိုက်သည်။ ထိုစဉ်က ကြားရသော သီချင်းမှာ 'ဝေးသွားတဲ့အခါ'‥။

''ဝေးသွားတဲ့အခါ ဆိုတဲ့သီချင်း လင်း အခု ဆိုပြရမလား ဦးဦး''

''ကောင်းသားပဲ လုပ်ပါဦး''

လင်းသည် လှူးလဲထထိုင်ကာ ဟန်အပြည့်နှင့် ဆိုရန် ပြင်သည်။ အစ စကားလုံးကို စဉ်းစားနေဆဲ ''အလကား ညီညီ၊ သူ ဝါးချမှာ''ဟု မေမေ ဝင်ပြော၍ စိတ်လုပ်ကာ မဆိုဖြစ်တော့ချေ။

ဦးဦးသည် လင်း၏ ခေါင်းကို တစ်ချက် ဖွဖွ ပုတ်သည်။ အိပ်တန်းပြန်ငှက်တို့ကိုမော့ကြည့်သည်။ လေပြည်သည် ကျောင်းဝင်းထဲက သစ်ပင်ကြီးများထံက ဖြတ်ကာ လင်းတို့အနီးသို့ တိုးဝှေ့တိုက်ခတ်သည်။ အေးအေးမြမြ။

ဦးဦး ဘာတွေးနေသလဲ မသိ။ ငြိမ်နေပြန်သည်။

မေမေ့ကို လှမ်းကြည့်တော့လည်း ဂိတ်အဝင် လမ်းပေါ် လျှောက်နေကြသူများထံ ငေးနေပြန်သည်။

တစ်အောင့်မျှ ကြာလျှင်တော့ 'ဓာတ်ပုံရိုက်ရအောင်နော် မမွှန်'ဟု ဦးဦး ဆိုလိုက်သည်။

''တစ်ယောက်တည်း မရိုက်ချင်ဘူး၊ လင်းနဲ့ပဲ ရိုက်မယ်နော် ညီညီ''

''တစ်ယောက်တည်း အရင်ရိုက်မယ်လေ''

ဦးဦး၏ အသံမှာ တွန့်ဆုတ်ဆုတ်။ သို့သော် တိုက်တိုက်တွန်းတွန်း။ မေမေသည် သက်ပြင်းလေးတစ်ချက် ရှိုက်သည်။ ထို့နောက် ပြုံးနေကျလို ဖွဖွပြုံးသည်။

''မထူးပါဘူးကွယ် ကလေးအမေပဲဟာ၊ ကလေးပါတော့ ပိုပြည့်စုံတာပေါ့၊ နော့ သမီးရယ်''

''ရိုက်မယ် ရိုက်မယ်၊ လင်းလည်း ပါမယ်''

လင်းကပါ လက်ခုပ်လက်ဝါးတီးကာ ထောက်ခံ၍ ဦးဦး လက်လျှော့ရသည်။ ကျောပိုးအိတ်ကို ဖွင့်ကာ ကင်မရာ ထုတ်ယူလိုက်သည်။

''ဒါဆိုရင်လည်း လင်းက မေမေ့အနားကိုလာ ဟုတ်ပြီလား၊ အမှုအရာကတော့ ဆိုးပေလေးက တတ်ပြီးသားပါ၊ မေမေ့ကိုသာ ရယ်အောင်လုပ်၊ မျက်နှာ တည်နေမှာစိုးလို့''

www.nyisay.com



ဦးဦးက နေရာယူ ပြင်ဆင်နေဆဲ မေမေ့အနီးသို့ လင်း တိုးကပ်လာသည်။ ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်လိုက်သည်။ မေမေ့ မေးဖျားတွင် လင်း၏ ငယ်ထိပ်ဆံဖျား ထိကပ်လျက်။

မေမေသည် လင်း၏ ဘယ်ဘက်ပခုံးကို ဖက်သည်။ နောက် လက်ကို နေရာတစ်ဖန်ရွှေ့ကာ ခေါင်းကလေးကိုသာ ထိအုပ်လိုက်သည်။ ‘‘မေမေ ရယ်နော်၊ ရယ်ရင် လှတယ် သိလား’’ဟု လင်း ပြောတော့ မေမေက တကယ်ပင် ရယ်ပေးသည်။ လင်းသည် မေမေ့ရယ်ပုံကို သဘောတကျ မော့ကြည့်သည်။ နောက်တော့ ကင်မရာကို ကြည့်လျက် ရယ်ပြလိုက်ပါသည်။

ထိုခဏ၌ ဦးဦး ဓာတ်ပုံ ဘယ်နှပုံ ရိုက်လိုက်သလဲ လင်း မမှတ်မိ။ ‘‘မရသေးဘူးလား’’ဟု မေမေ လှမ်းပြောတော့မှ ရပ်လိုက်တာကို မှတ်မိသည်။

ဓာတ်ပုံများကို နောက်ရက်သတ္တပတ်အကြာ ဦးဦး လာတော့ ယူလာပေးသည်။ စုစုပေါင်း နှစ်ပုံတိတိ ဖြစ်သည်။ ကျန်ပုံတွေကတော့ သိပ်အဆင်မပြေပါတဲ့။ တစ်ပုံမှာ မေမေက လင်းကို ငုံ့ကြည့်နေပုံ ဖြစ်သည်။ နောက်တစ်ပုံကတော့ ကင်မရာ ရှိရာဆီ မေမေ လှမ်းကြည့်နေသောပုံ ဖြစ်သည်။ နှစ်ပုံစလုံးတွင် လင်းသည် ကင်မရာကို တည့်တည့်ကြည့်လျက် ပြုံးရွှင်ရယ်မောလျက်။ မေမေသည်လည်း ပြုံးလျက်။

ထူးခြားသည်မှာ ဓာတ်ပုံ ရိုက်စဉ်က လင်းနှင့် မေမေ့ကိုသာ ရိုက်ယူခဲ့သော်လည်း ထွက်လာသော ဓာတ်ပုံထဲတွင်တော့ ဦးဦးလည်း ပါနေလေသည်။ အင်း..ဦးဦး မဟုတ်ပါ။ ဦးဦး၏ အရိပ် ဖြစ်သည်။

ကျနေသည် ဦးဦး၏ အရိပ်အား ရှည်မျောစေကာ လင်းနှင့် မလှမ်းမကမ်းသို့ ရောက်နေစေသည်။ ဓာတ်ပုံအောက်ခြေအထိ နေရာယူထားသည့် ထိုအရိပ်အား လူတစ်ဦးအဖြစ် ထည့်တွက်ပါက လူသုံးဦး ပါဝင်သော ဓာတ်ပုံဖြစ်သည်။ ဦးဦး၊ မေမေနှင့် လင်းတို့၏ အမှတ်တရ ဓာတ်ပုံ။

မေမေသည် ထိုဓာတ်ပုံထဲက တစ်ပုံကို ဘောင်သွင်းကာ လင်း၏ အခန်းထဲတွင် ထားပေးသည်။ နောက်တစ်ပုံကိုတော့ သည်အတိုင်း သိမ်းထားသည်ဟု လင်းအား ပြောပြသည်။

ဦးဦး၏ အရိပ် ဝင်နေသော ဓာတ်ပုံသည် လင်းတို့သုံးဦး၏ ပထမဆုံးနှင့် နောက်ဆုံးသော သုံးယောက်တွဲ ဓာတ်ပုံလည်း ဖြစ်ခဲ့ပေသည်။

* * *

www.nyisay.com

၂၀၀၃ ခုနှစ် မိုးဦးရာသီသည် လင်းအတွက်ရော ဦးဦးအတွက်ပါ အမှတ်တရ ရာသီ ဖြစ်လေသည်။

လင်းသည် စတုတ္ထတန်း အောင်ပြီဖြစ်ရာ အိမ်နှင့် မဝေးလှသော အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ရသည်။ နှစ်တိုင်းလိုပင် မေမေ ကျောင်းလိုက်အပ်ပေးသည်။ ကျောင်းသစ် ရောက်ရပြန်ပြီ။ သူငယ်ချင်းအသစ်များနှင့် ဆုံရပြန်ပြီ။

သက်သက်မှာ လင်းနှင့် ကျောင်းမတူတော့ပေ။ သူ့မိဘများ နယ်ပြောင်း၍ သူပါ ကျောင်းပြောင်းရသည်။ စာမေးပွဲအောင်စာရင်းထွက်သည့်နေ့က သက်သက် နှုတ်ဆက်တော့ လင်း မျက်ရည်ဝဲရလေသည်။ သက်သက်မှာလည်း မျက်နှာလေး ငယ်လျက်။ သက်သက်နှင့် ထိုတစ်နေ့ကစ၍ မတွေ့ရတော့ပြီ။

ပဉ္စမတန်းကျောင်းသူ ဖြစ်လာသော လင်းသည် အရပ်လည်း ရှည်လာသည်။ အသက် ၁၁ နှစ်ထဲ ဝင်ပြီ။ ဂါဝန်များအစား ထဘီကို မေမေ ဆင်သည်။ ထဘီစိမ်း မဝတ်မီ တစ်နွေလုံး လုံချည်ဝတ်ကျင့်ရသည်။ တကယ့်တကယ် ကျောင်းစိမ်းလုံချည် ချုပ်တော့ မေမေကိုယ်တိုင် ချုပ်သည်။ ချိတ်များ တပ်ပေးသည်။ ကျွတ်ကျမည်ကို ပူစရာ မလိုတော့ချေ။

အင်္ကျီကတော့ ရင်ဖုံးလေးများ ဖြစ်သည်။ လုံချည်နှင့်၊ ရင်ဖုံးလေးနှင့် ပထမဆုံးအကြိမ် ဝတ်ရသောနေ့က လင်းသည် သူ့ကိုယ်သူပင် အထူးအဆန်း လုပ်ကာ အခန်းထဲက မှန်ရှေ့ အကြိမ်ကြိမ် ရပ်နေသည်။

www.nyisay.com



လင်း၏ ဆံပင်များက သည်နှစ် ပခုံးကျော်ပြီဖြစ်သော်လည်း ကျောင်းဖွင့်ခါနီးလျှင် မေမေက ဆံပင်ညှပ်ဆိုင် ခေါ်ဖြစ်အောင်ခေါ်သွားသည်။ ဆံပင်ရှည်ထားခွင့်မရသေး။ ကုပ်ဝဲလေး ညှပ်ပေးသည်။ ထိုဆံပင်ကို မမအုံက နှစ်ဖက်ခွဲစည်းပေးသည်။ ဖဲပြားစိမ်း ချည်ပေးသည်။ သည်လိုဆိုတော့လည်း လင်းမှာ မချောမောစေကာမူ သပ်ရပ် ကြည့်ကောင်းလာသည်။

ကျောင်းတက်ရပါပြီ ဆိုကတည်းက ကျောင်းပြောင်းရွှေ့ခြင်းကို အဖန်ဖန် ကြုံဖူးသော လင်းသည် ကျောင်းသစ်မှာ များမကြာမီပင် အသားကျလာသည်။ မနက်ခင်းတိုင်း မမအုံက ကျောင်း လိုက်ပို့သည်။ ကျောင်းဆင်းလျှင် ပြန်ကြိုသည်။

လင်းသည် လူကောင်သာ ထွားလာသော်လည်း ကျောင်းအပြန် လမ်းတစ်လျှောက် လမ်းဘေးသို့ တိုးကပ်ကာ မြက်ပင်လေးများအား ရှူးစမ်းခြင်း၊ အိမ်သို့ နှုတ်ယူလာတတ်ခြင်း အလေ့ကား မပြောင်းသေးချေ။

ဦးဦး ပထမဆုံးအကြိမ် အိမ်ရောက်လာသော နေ့ကလိုတော့ ငှက်ပျောဖက်ပေါ် မြက်၊ ပန်းပွင့်တို့အား အလှဆင်ခြင်း အမှုကို မပြုတော့ပြီ။ ငှက်ပျောဖက်စိမ်းများအား ဖြတ်တောက်ယူရန် နှမြောရကောင်းမှန်း သိလာပြီ။ စိတ်လိုလက်ရ ရှိလျှင်တော့ မြေပြောင်ပြောင်ပေါ် ထုံးစံအတိုင်း အလှဆင်ချင် ဆင်နေတတ်ပြန်သည်။

မိုးဦးမိုး တစ်ညလုံး တသည်းသည်း ရွာပြီး နောက်တစ်ရက် နံနက်ခင်းတွင်တော့ ကျောင်းပိတ်ရက်လည်း ဖြစ်သည်မို့ ခြံထဲက မတက်သလောက် ပါပေ။ ရေအိုင်လေးများမှာ ဆော့သည်။ ရန်လုံနှင့် ပြေးတမ်းလိုက်တမ်း ကစားသည်။ သစ်ရွက်၊ မြက်ပင်၊ ပန်းပွင့်များနှင့် အလုပ်ရှုပ်သည်။

မောလာလျှင် ခြံနောက်က သစ်သားခုံတန်းမှာ သွားထိုင်သည်။ မေမေ ဟင်းချက်နေပုံကို သံဆန်ခါကွက်မှ ချောင်းကြည့်သည်။ စနောက်သည်။ လင်းတစ်ယောက်တည်း အလုပ်များနေပုံသည် ဦးဦးတို့ လာမှပင် ရပ်တော့သည်။

ခေါင်းလောင်းသံ ကြားလျှင်ပင် လင်းသည် ခြံနောက်ဘက်မှ ခြံရှေ့သို့ အပြေးထွက်လာသည်။ သည်နံနက် ဦးဦး ရောက်လာမည်ကို ခါတိုင်းနေ့များထက် သူ စိတ်ဝင်တစား ရှိနေသည်။ ဦးဦးသည် သူတစ်ဦးတည်း ရောက်လာမည် မဟုတ်။ ဧည့်သည်ပါ ခေါ်လာမည်။

www.nyisay.com



လာနေကျ တနင်္ဂနွေတွင် ဧည့်သည်တစ်ဦးပါ ခေါ်လာမည်ဟု ပြီးခဲ့သည့်တစ်ပတ်ကပင် ဖေဖေနှင့် မေမေ့ကို ဦးဦး အသိပေးခဲ့လေသည်။ ‘မိန်းကလေးလားကွ’ဟု ဖေဖေက ပြုံးပြုံးရွှင်ရွှင်မေးသည်။ ‘ဟုတ်ပါတယ်ဗျ အရင်ကတော့ အလုပ်ထဲက သူငယ်ချင်းပေါ့လေ··အဲ··အခုတော့··’ဟု စကားမဆက်ဘဲ ဦးဦး ရယ်နေသည်။

ဦးဦးစကားကို ဖေဖေလည်း ရယ်သည်။ အဓိပ္ပာယ် အပြည့်အဝ မသိသော လင်းလည်း လိုက်ရယ်သည်။ မေမေတစ်ယောက်သာ ပြုံးရုံပြုံးသည်။ နောက် ထမင်းစားပွဲက ပန်းကန်များ သိမ်းကာ မီးဖိုဘက်သို့ ထွက်သွားသည်။ လင်းသည် ခါတိုင်းလို မေမေ့နောက် လိုက်မသွား။ ဦးဦးနှင့် ဖေဖေ ပြောသမျှကို နားမလည်တစ်ဝက် လည်တစ်ဝက်နှင့် နားစွင့်နေသည်။

မမနာမည်က မေနန္ဒာတဲ့··။ မပြန်မီ ဦးဦးက ကပ်ပြောခဲ့သည်။ လင်း ဘယ်လို ခေါ်ရမလဲ ဆိုတော့ မမနန္ဒာ ခေါ်ပေါ့တဲ့။ ကောင်မလေးတွေက နှစ်ဆယ်ကျော်ကျော်မှာ အန်တီအခေါ်ခံရရင် စိတ်ဆိုးမှာပေါ့တဲ့။

လင်းသည် ရက်သတ္တပတ် တစ်ပတ်တာလုံး မမနန္ဒာကိုသာ စိတ်ဝင်စားနေသည်။ ‘ချောတယ်လို့ ဦးဦး ပြောတာပဲ’ဟု တဖွဖွ ပြောသည်။ ဦးဦးစကားများ နားစွန်နားဖျား ကြားရုံနှင့် မမနန္ဒာအကြောင်း ရောက်တတ်ရာရာ ပြောလွန်းမက ပြောလျှင်တော့ ‘စာကျက်ပါ လင်းရယ်၊ ဘာတွေ ပြောနေမှန်းလည်း မသိဘူး၊ တော်တော့၊ စာမေးပွဲရောက်ရင် အဲဒီမမနန္ဒာက လာဖြေပေးမှာ မဟုတ်ဘူး’ဟု မေမေက ခပ်ဆတ်ဆတ် ပြောတော့သည်။

အမှန်တကယ် ခေါ်လာသည့် နံနက်လည်း ရောက်ရော မမနန္ဒာကို တွေ့လိုစိတ်နှင့်ပင် ခြံတံခါးကို အပြေးအလွှား ဖွင့်ရသည်။ တစ်ပတ်တာလုံး စိတ်ဝင်စားနေခဲ့သော မမနန္ဒာကို စတွေ့လျှင်တွေ့ချင်း လင်း ချစ်စိတ်ဝင်မိပေသည်။

မမနန္ဒာသည်လည်း လင်းကို တွေ့သည်နှင့် ချစ်ပုံပြ၏။

‘အဲဒါ လင်းလေ နန္ဒာ’ဟု ဦးဦးက မိတ်ဆက်ပေးလျှင် လင်း၏ ပခုံးလေးကို ဖွဖွ သိုင်းဖက်လိုက်သည်။

‘‘ညီ ပြောပြောနေကတည်းက လင်းကို စိတ်ဝင်စားနေတာ၊ တွေ့ချင်နေတာ၊ ကြည့်စမ်း၊ ချစ်စရာကောင်းလိုက်တာ’’

မမနန္ဒာ၏မျက်နှာမှာ ပြုံးလျက်။ လင်းသည်လည်း ရွှင်လျက်။

www.nyisay.com



စစ်ကိုင်းတိုင်း မုံရွာမြို့နယ်သူ မမနန္ဒာသည် အသားမဖြူမညိုဖြစ်၏။ အရပ်က ဦးဦးထက် နည်းနည်း နိမ့်သည်။ ဦးဦးလိုပင် ပိန်ပိန်သွယ်သွယ်။ ချောသည်ဟု ဆိုနိုင်သော မျက်နှာ ဖွဲ့စည်းပုံ ဖြစ်သည်။

မေမေ့လိုပင် မျက်လုံး မျက်ခုံး လှသည်။ နှုတ်ခမ်းမှာ မထူမပါးဖြစ်ကာ ပန်းနုရောင် ဆိုးဆေးရေးရေးတင်ထားသည်။ လင်း စိတ်အဝင်စားဆုံးကတော့ ဆံပင်ဖြစ်သည်။ ဆံပင်မှာ အညိုရောင်ခွေခွေလိပ်လိပ်ဖြစ်သည်။ စပရင်လေးများလို ခွေနေသော ဆံပင်ကို သည်အတိုင်း ချထားသည်။ ပခုံးကိုကျော်ကာ ဆံပင်ခွေက ခပ်ယဉ်ယဉ် ကျနေသည်။

အဝတ်အစား ဝတ်ပုံသည်လည်း လင်း၏ မျက်စိထဲ သပ်ရပ်ကြည့်ကောင်းနေသည်။ ထဘီအနက်ဖြောင် ဝတ်ထားသည်။ အနက်ရောင် ကော်လာ၊ အနက်ရောင် ကြယ်သီးလေးများ ဆင်ထားသည့် အဖြူရောင် အသားပျော့ပျော့ ဘလောက်စ်ကို ဝတ်ထားသည်။

မမနန္ဒာ၏ မျက်နှာအလှကို အပြည့်စုံဆုံးဖြစ်အောင် အားဖြည့်ပေးသည်ကတော့ လှသောအပြုံး ဖြစ်သည်။ ပြုံးပြုံးမြမြ မျက်နှာနှင့်ပင် လင်းကို ဖက်ကာ အိမ်အတွင်းသို့ ဦးဦးနောက်မှ လိုက်ဝင်လာသည်။ သည်နေ့အဖို့ ရာတော့ ဦးဦးသည် အိမ်ရှင်ပမာတည်း။

ဧည့်ခန်းထဲတွင် ဖေဖေသည် နှစ်ယောက်ထိုင်ဆက်တီတွင် ထိုင်ကာ အသင့်စောင့်နေပုံနှင့် သတင်းစာ ဖတ်နေသည်။ မမအုံနှင့် မေမေကမူ ထမင်းစားခန်းဘက်က ထွက်လာသည်။

'ရန်ကုန်က ကိုယ့်မိသားစု'ဟုခေါင်းစဉ်တပ်ကာ ဦးဦးသည် မမနန္ဒာအား လင်းတို့အိမ်သားများနှင့် မိတ်ဆက်ပေးပါသည်။

''အေးကွာ တွေ့ရတာ ဝမ်းသာတယ် သမီး၊ နောက်လည်း ညီညီမပါရင်တောင် ဝင်ပါ ထွက်ပါကွာ၊ ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားပေါ့၊ ဟုတ်လား''

သူစိမ်းဧည့်သည်အပေါ် ဖေဖေ သည်မျှ ဟက်ဟက်ပက်ပက် ဆက်ဆံတာ လင်း တစ်ကြိမ်ပင် မတွေ့စဖူး။ ခုတော့ ပြုံးရွှင်လို့က်လှဲလှသည်။

''နေ့လယ်စာ စားပြီးမှ ပြန်ရမယ်နော်၊ ဧည့်သည် လာမယ်ဆိုလို့ မမမွှန် ပိုချက်ထားတယ်၊ ဗမာဟင်းပဲ ချက်ထားလိုက်တော့တယ်၊ နန္ဒာ ဘာကြိုက်

www.nyisay.com



သလဲ သေချာလည်း မသိတော့လေ၊ နောက်တော့ စားချင်တာ ပြောပါ၊ မမမွန် ချက်ကျွေးပါ့မယ်''

မေမေသည် ထုံးစံအတိုင်းပင် ပြုံး၍ဆို၏။

''ရပါတယ် မမမွန်ရယ်၊ နန္ဒာ အစား မရွေးပါဘူး၊ ခုလည်း အဆောင်မှာ နေတာဆိုတော့ ဖြစ်သလို စားတာတောင် အကျင့်ပါနေပြီ''

မေမေ့ပါးပြင်မှာ သနပ်ခါး ပါးကွက်ဖြင့် ဝင်းလျက်။ မေမေ ပြုံးလိုက်တော့ နှာခေါင်းနှင့် နှုတ်ခမ်းကြားမှ အရေးအကြောင်းက ထင်းခနဲ ပေါ်ရာ သနပ်ခါးပါးကွက် ကွက်ထားသော ပါးပြင်မှာ မို့တက်သွားသည်။ ဆံပင်ကိုမူ ကျစ်ဆံမြီး တစ်ချောင်းတည်းသာ ကျစ်ထားလေသည်။

''မမမွန်က လှတယ်နော်'' ဟု မမနန္ဒာ ပြောတော့ ''ဒါ သိပ်မလှသေးဘူး မမနန္ဒာရဲ့၊ မေမေက ဆံပင်ချမှ ပိုလှတာ''ဟု လင်း ခပ်သွက်သွက် ဆိုရသည်။ ဘာကြောင့်မှန်း မသိ၊ လူကြီးများက ဝိုင်းရယ်ကြပြန်သည်။

ဦးဦးသည် မမနန္ဒာအပေါ် တစ်အိမ်သားလုံး နွေးနွေးထွေးထွေး ကြိုဆိုပုံကို ကျေးဇူးတင်နေဟန် ရှိလေသည်။

ဧည့်ခန်းထဲတွင်တော့ နှစ်ယောက်ထိုင် ဆက်တီတစ်စုံတွင် ဖေဖေနှင့် မေမေက ယှဉ်ထိုင်လျက်။ သည်တစ်ဖက်က တစ်ယောက်ထိုင် ဆက်တီ သုံးလုံးတွင်တော့ ဦးဦး၊ မမနန္ဒာနှင့် လင်းတို့ တစ်ခုံစီ ထိုင်နေကြသည်။ လင်းသည် ခန္ဓာကိုယ်ကို မမနန္ဒာဘက်သို့ နွဲ့ယိမ်းထားသည်။ နှစ်ယောက်အကြားက ဆက်တီလက်တင်ကို လက်နှစ်ဖက် စုံတင်ကာ မမနန္ဒာမျက်နှာကို မော့ငေးလျက် ဘာလေးပဲ လုပ်လိုက်လုပ်လိုက် စိတ်ဝင်တစား ဖြစ်နေသည်။

မမအုံကမူ မေမေ့ နောက်ကျော မကျတကျတွင် ရပ်လျက်။ သူစိမ်းအမျိုးသမီးကို စပ်စုချင်လျက်က ခပ်ရှက်ရှက် ဖြစ်နေသော မျက်နှာနှင့်။ ဖေဖေ့အလစ် ချောင်းကာ လင်း လျှာထုတ်ပြောင်ပြတော့ ခေါင်းငုံ့ကာ ကျိတ်ပြုံးနေသည်။

''အဆောင်မှာ နေရတာကော အဆင်ပြေရဲ့လား ညီမရယ်''

''ပြေပါတယ် မမမွန်၊ နှစ်ယောက်ခန်းမှာ နေရတယ်၊ ထမင်းပေါင်းအိုးတော့ ပေးတည်တယ်၊ ဟင်းကတော့ ဝယ်စားရတာပေါ့၊ နန္ဒာ့အဆောင်က ညီ့အဆောင်နဲ့လည်း သိပ်မဝေးဘူး''

www.nyisay.com



''ဩော် အဆောင်နီးတော့ ကောင်းတာပေါ့၊ ဘာမဆို တိုင်ပင်စရာ နီးနီးနားနား ရှိတာပေါ့''

''တိုင်ပင်ရတယ်လည်း မရှိပါဘူး မမမွန်ရယ်၊ ဆရာလုပ်တယ် ပြောရမှာ၊ သူက နန္ဒာ့ကို အမြဲ ဆရာလုပ်တယ်၊ သူ့ဆို ကြောက်နေရတာ''

မမနန္ဒာသည် ဦးဦးကို လှည့်ကြည့်ကာ ရယ်လျက်ဆိုသည်။ ဦးဦးသည် မမနန္ဒာကို အမှန် စိတ်မဆိုးပါဘဲ အံကြိတ်ဟန် စိတ်ဆိုးဟန်ပြုလိုက်သည်။ မျက်နှာမှာ ပြုံးစပ်စပ်၊ သည်အမူအရာ၊ သည်မြင်ကွင်းကိုပင် လင်းတို့ ရယ်လိုက်ကြသည်။

တစ်ပတ်တာလုံး နှုတ်ဆိတ် စကားနည်းနေသော မေမေသည် ခုတော့လည်း သူ မဟုတ်ပြန်သလို ပြုံးရွှင်ရယ်မောနေပေသည်။

*

''မမအုံ''

ကာတွန်းစာအုပ်တစ်အုပ်ကို မမအုံနှင့် ခေါင်းချင်းဆိုင် ဖတ်နေရာက လင်းက ရုတ်ခြည်း စိတ်ကူးပေါက်လာသလို ခေါ်လိုက်ပါသည်။

''ပြော''

''မမနန္ဒာက လှတယ်နော်''

''သိပ်မလှပါဘူး လင်းရယ်၊ မမကြီးက ပိုလှတာပေါ့၊ မမကြီး ငယ်တုန်းက သိပ်လှတာပဲတဲ့၊ အခုထက် အများကြီး ပိုလှတယ်တဲ့၊ လင်းတို့ ဘွားဘွား ပြောတယ်''

လင်းသည် မေမေ စက်ချုပ်နေရာဘက်သို့ လှည့်ကြည့်လိုက်ပါသည်။ စက်သံတချောင်းချောင်းကို ကြားမြဲ ကြားရသည်။ မေမေ့မျက်နှာကို တစောင်း အနေအထားသာ မြင်ရပါသည်။ မေမေ့မျက်လုံးမှာ ချုပ်လက်စ အထည်ဆီတွင် စိုက်နေသည်။ မမအုံအတွက် အင်္ကျီဖြစ်ကြောင်း စောစောကတင် စပ်စုခဲ့၍ လင်း သိပါသည်။

အညိုပေါ် ဆင်စွယ်ရောင်အပွင့်လေးများ ကြဲနေသည့် အစလေးသည် အင်္ကျီပုံသွင်သို့ ဖြည်းဖြည်းချင်း ပြောင်းနေသည်။ မေမေ့လက်ဖြူဖြူလေးမှာ အင်္ကျီစလေးကို ကိုင်ကာ ကိုင်ကာ စက်ကြောင်းပြေးရာနောက်သို့ တရွေ့ရွေ့ လိုက်နေသည်။

www.nyisay.com



ဆံပင်ကိုမူ ခေါင်းလျှော်ပြီးစဖြစ်၍ ဖြန့်ချထားသည်။ လင်းသဘော ကျသော မေမေ့ဆံပင်ရှည်များသည် တင်ပါးကို ကျော်လွန်အောင် ရှည်လျား ခဲ့ပြီ။ နက်မှောင်သော ဆံနွယ်တို့ကို ဘယ်ဘက်ပခုံးရှေ့ သိမ်းချထားသည်။ လင်းတို့ မြင်နေရသော မေမေ့မျက်နှာမှာ ငြိမ်လျက် ရှိပေသည်။

ရံဖန်ရံခါတော့ စက်အနင်းရပ်ကာ၊ ပြတင်းကို ကျော်လွန်ကာ တစ်ခဏမျှ ငေးတတ်သည်။ ထို့နောက်တွင်တော့ ဘီးလေးကို လက်နှင့် အားယူ လည်လိုက်ကာ၊ ခြေထောက်ကို အလိုက်သင့်လှုပ်ရှားကာ စက်နင်းနေပြန်တော့ သည်။

ခုတစ်လော မေမေသည် ထမင်းဟင်း ချက်ပြီးသည့်နောက်ပိုင်း စက်ချုပ် နေလေ့ ရှိပေသည်။

စက်ခုံတွင် ထိုင်လိုက် အစဖြတ်ရန် ကော်ကပ်ရန် မီးပူတိုက်ရန် သည်တစ်ဖက်က စားပွဲခုံဆီ ကူးလိုက်ပြုကာ မအားလပ်နိုင်သော မေမေ့ကို ကျောင်းဆင်းချိန်များ၌ တွေ့ရတတ်သည်။ လင်း ပြန်ရောက်လျှင်တော့ အဆာ ပြေစားစရာတစ်ခုခု စီမံပေးတတ်သည်။ ရေချိုးရန် ဆော်သြတတ်သည်။

"အို- မမအုံကလည်း မေမေကတော့ တစ်ကမ္ဘာလုံးမှာ အလှဆုံး ပေါ့လို့၊ လင်း ပြောတာက မမနန္ဒာလည်း လှတယ်လို့"

"အေးပါ ဟုတ်ပါတယ် လှပါတယ်"

လင်းကို ငြင်းရမည် စိုး၍ပေလား။ မမအုံက အလွယ်တကူပင် ထောက်ခံလိုက်တော့သည်။

"မမနန္ဒာနဲ့ ဦးဦးနဲ့ကလေ ငါးလပိုင်းကမှ ရည်းစားဖြစ်တာတဲ့"

မမအုံ၏ မျက်လုံးလေးများ ဝိုင်းသွားပါသည်။

"လင်း သွားမေးတာလား၊ အဲဒါမျိုးတွေ မမေးရဘူးလေ လင်းရဲ့"

"မမေးပါဘူး မမအုံရာ၊ ဦးဦး ပြောပြတာပါ၊ ဟိုဟာလေ ဟိုတစ်လော တုန်းက ဖေဖေ ပြောတာ ဘာ··ဘာဖြစ်တာ ဆိုလားလေ၊ မမအုံ မှတ်မိလား၊ သုံးလပိုင်းကလေ၊ လူတွေအများကြီး အသတ်ခံရတယ် ဆိုတာလေ၊ ဖေဖေ ပြောပြောနေတာ မှတ်မိလားဟင်"

"သြော်···သိပြီ··သိပြီ··ဒီပဲယင်းဆိုတာမဟုတ်လား လင်းရဲ့၊ အဲဒါနဲ့ ဘာဆိုင်လို့လဲ ကဲ"

www.nyisay.com



''အင်း…အဲဒီတုန်းကလေ မမနန္ဒာရဲ့ အစ်ကိုတွေကလည်း မုံရွာက နေ လိုက်သွားကြသေးတာတဲ့၊ မမနန္ဒာက ဒီကနေ စိတ်ပူတာ တအားပဲတဲ့၊ ငိုတောင် ငိုလို့တဲ့၊ မမနန္ဒာကို ဦးဦးက အားပေးရတာပေါ့၊ အဲဒီနောက်ပိုင်း သင်္ကြန်လောက်ကျတော့ မမနန္ဒာ ပြန်သွားတဲ့အခါ ဦးဦးက သတိရရောတဲ့၊ မမနန္ဒာကို စိတ်ဝင်စားနေတာ သိလိုက်ရောတဲ့''

မမအုံက မျက်မှောင်ကြုတ်လိုက်ပြန်ပါသည်။

''အဲဒါမျိုးတွေ ဦးဦးက ဘာလို့များ ပြောပြရသလဲ၊ ကြည့်ဦး လင်း ကလည်း ကလေးက ကလေးနေရာ မနေဘူး''

''အို မမအုံကလည်း၊ ဦးဦးက လင်းရဲ့ ဦးလေးပဲဟာ''

''အေးပါဟယ်၊ မငြင်းတော့ဘူး တော်ပြီ''

လင်းသည် တခစ်ခစ် ရယ်မောကာ ကြမ်းပေါ် ပက်လက်လှဲချလိုက် သည်။ ထုံးစံအတိုင်း မျက်နှာကြက်အကွက်ဖြူဖြူများကို ပန်းချီကားလို ထင် ပြန်သည်။ စိတ်နှင့်ဆွဲသည်။ တိမ်၊ တောတောင်တို့သာမက ဦးဦးနှင့် မမနန္ဒာ တို့ကိုပါ စိတ်နှင့် ဆွဲယူသည်။ သည့်ထက် ငယ်တုန်းကလိုတော့ စိတ်ထဲ ပေါ်လာတိုင်း စာရွက်ပေါ် ချမဆွဲတတ်တော့။ နွေရာသီ ရောက်လေတိုင်း ပန်းချီသင်တန်းတက်ရန်လည်း စိတ်မထက်သန်တော့ချေ။

သည့်အစား စာဖတ်ရခြင်းကို ပို၍ သဘောကျလာသည်။ စုံထောက် ဝတ္ထုများမှတစ်ဆင့်တက်ကာ ချစ်ခြင်းမေတ္တာဖွဲ့သော ဝတ္ထုများကို ဖတ်တတ် လာသည်။ အထူးသဖြင့် လင်း ပျော်မွေ့သော ရန်ကုန်တက္ကသိုလ်နောက်ခံ ဝတ္ထုများဆိုလျှင် ထိုင်ရာ မထတမ်း ဖတ်ချင်သည်။ သို့သော် ဖေဖေ အိမ်မှာ ရှိနေခိုက်တော့ ဝတ္ထု မကိုင်ရဲ။ မေမေကမူ စာဖတ်ခြင်းကို အားပေးလေသည်။

''ဥမ္မာရေ၊ သီချင်း ဖွင့်လိုက်ပါဦး၊ မမကြီး ခွေထည့်ထားပြီးသား''ဟု မေမေ လှမ်းပြောသံ ကြားရသည်။ မမအုံ ထသွားပုံကိုလည်း မျက်လုံးထောင့်က မြင်လိုက်ရသည်။ လှည့်မကြည့်။ ပြုံးလျက်သာ မျက်နှာကြက်ကို စူးစိုက်ကြည့် နေသည်။

ထူးအိမ်သင်၏ နာကျင်ဆွေးမြည့်သလောက် ချိုသာသော အသံသည် ကက်ဆက်မှတစ်ဆင့် တိုးတိုးညင်းညင်း ထွက်ပေါ်လာသည်။

'တကယ်လို့များ မင်းအပြုံးလေးများ မရှိရင် ဘယ်ပွင့်မလဲ ပန်း လေးတွေ…အလှကင်းမဲ့ လောကအလယ်…ကိုယ် ဘယ်လို နေရမလဲ…

www.nyisay.com



တကယ်လို့များ အိပ်မက်လေးများထဲမှာ ဆုံစည်းခွင့် မရှိခဲ့ရင် ကိုယ် အိပ်စက်မယ့် ညတွေ ကိုယ် ဘယ်လို ကုန်ဆုံးမလဲ…’

ခုတော့ သီချင်းများကို လင်း ဝါးမချတတ်တော့ပေ။ တစ်ပုဒ်လုံး မဟုတ်စေကာမူ တစ်ပိုဒ်ဆို ဆိုသလောက် စာသားရတတ်လာသည်။ အသေအချာ နားစိုက်ထောင်တတ်လာသည်။

ခုလို ကြားနေရချိန်တွင်တော့ ခပ်တိုးတိုး လိုက်ပါ ညည်းမိလေသည်။

မေမေသည် စက်အချုပ် ရပ်ကာ စက်ချုပ်ပစ္စည်းများ၊ မီးပူ စသည် တင်ရာ စားပွဲအနီး ရပ်နေသည်။ ခုမှ ချုပ်ပြီးပုံရသော အင်္ကျီကို ကြယ်သီးပေါက် ဖောက်ရန် ပြင်နေပုံရလေသည်။ မေမေ့မျက်လုံးသည် အင်္ကျီစပေါ်မှာ‥။ မေမေ့အကြားအာရုံကတော့ သီချင်းသံမှာ ဖြစ်ပုံရသည်။

ဟော‥။ ခြံတံခါး ဖွင့်သံ။

နံရံထက်က နာရီဆီ လင်း အကြည့်ရောက်သည်။ မမအုံ မီးဖိုခန်းဘက် ထွက်သွားပုံကို တစ်ချက်မျှ လှမ်းကြည့်ကာ ပက်လက် အနေအထားမှ ငုတ်တုတ် ထထိုင်သည်။ ရှေ့တွင် အသင့်ချထားသော ကျောင်းစာအုပ်ကို ဖျတ်ခနဲ ကောက်ကိုင်လိုက်သည်။

ဖေဖေ ကျောင်းက ပြန်လာပြီ‥။

* * *

www.nyisay.com

ခုတော့ဖြင့် ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းထဲ လမ်းလျှောက်ထွက်ရာမှာ ဖြစ်စေ၊ ဂျပ်ဆင်ရှေ့ မြက်ခင်းပြင်ဘက် ရောက်လျှင် ဖြစ်စေ၊ တောင်ငူဆောင်ကင်တင်းများသို့ သွားလျှင် ဖြစ်စေ မေမေ မပါတော့သော သုံးယောက်တွဲသာ ဖြစ်လာရလေသည်။ လင်း၊ ဦးဦးနှင့် မမနန္ဒာ··။

မမနန္ဒာသည် ရန်ကုန်တက္ကသိုလ်မှာပင် နိုင်ငံတကာ ဆက်ဆံရေးဘာသာရပ်ကို ဒီပလိုမာ တက်နေသည်။ သင်တန်းပြီးချိန်ကျမှ ရုံးသို့ အပြေးအလွှား သွားရသည်။ ဦးဦး အလုပ်ဝင်နေသော ဆောက်လုပ်ရေးကုမ္ပဏီမှာ မမနန္ဒာသည် ရုံးစီမံက ဝန်ထမ်း ဖြစ်လေသည်။

ဦးဦးနှင့် မမနန္ဒာသည် သူငယ်ချင်းဘဝမှ ချစ်သူဘဝ ပြောင်းလာတာကြောင့်လားမသိ။ စကားပြောဆိုပုံမှာ သူငယ်ချင်းအချင်းချင်း ပြောသလို ရင်းနှီးပွင့်လင်းလှသည်။ ဦးဦးရှေ့ အစားအသောက် စားလျှင်ပင် မမနန္ဒာ၌ ရှက်ကိုးရှက်ကန်း အမူအရာ မတွေ့ရ။ လမ်းလျှောက်လျှင်လည်း လက်ချိတ်ထားတာမျိုး တွေ့ရခဲလှသည်။

ရံဖန်ရံခါတော့ ဦးဦးက တစ်စုံတစ်ရာ တီးတိုးကပ်၍ စနောက်လျှင် ဦးဦး၏ ကျောကုန်းကို မမနန္ဒာ ထုတတ်သည်။ ဦးဦးသည် 'ကြောက်ပါပြီဟ' ဟု အော်သည့်အခါ အော်သည်။ စိတ်လိုလက်ရရှိလျှင်တော့ ခြေလှမ်းသွက်သွက် လှမ်းကာ အတော်ကြီး ရှေ့ရောက်အောင် လျှောက်သွားသည်။ နောက်ဘက်လှည့်ကာ ရယ်ကျဲကျဲ မျက်နှာနှင့် ပြောင်ပြတတ်သည်။ မမနန္ဒာနှင့် လင်းမှာ ရယ်မောလျက်သာ ကျန်ရစ်ရသည်။

www.nyisay.com



မမနန္ဒာသည် နှစ်ပတ်လျှင် တစ်ကြိမ်လောက် လင်းတို့အိမ်ဆီ လိုက်လာတတ်လေသည်။ ဖေဖေ့ထံမှာ ဦးဦး အင်္ဂလိပ်စာ သင်နေလျှင် လင်းနှင့် အဖော်ပြုသည်။ မေမေ့အနီးတွင် ဟင်းချက် ဝင်သင်တတ်သည်။ ဦးဦး ကြိုက်သော မျှစ်ချဉ်ခေါက်ဆွဲ ချက်တတ်ချင်သည်ဆို၍ မေမေ သင်ပေးရသည်။ ဦးဦးကြိုက်တတ်သော ဟင်းများကိုလည်း ပါဝင်ပစ္စည်းကအစ အသေးစိတ် မှတ်တတ်သည်။

ဦးဦးနှင့် မမနန္ဒာသည် အကြိုက်ချင်း မတူပေ။ ဦးဦး အင်မတန်ကြိုက်သော ပင်စိမ်းကို မမနန္ဒာက အနံ့ပင် မခံနိုင်။ မမနန္ဒာ အလွန်ကြိုက်သော ဒူးရင်းသီးကိုလည်း ဦးဦးက အနံ့ရရုံနှင့် ဝေးဝေးမှာ နေတတ်သည်။ မမနန္ဒာ၏ အကြိုက်ဆုံးဟင်းမှာ ငရုတ်သီးစိမ်း နိုင်းချင်း ရောထားသော ခရမ်းချဉ်သီး ငါးပိချက် ဖြစ်သည်။ ဦးဦးကမူ အစပ်ကလေး နည်းနည်းစားမိလျှင်ပင် နှာရည် တရွှဲရွှဲ ဖြစ်လာတော့သည်။

နောက် ရုပ်ရှင်၊ သီချင်းတွင်လည်း အကြိုက် သိပ်မတူဟု ဆိုသည်။ မမနန္ဒာသည် ခေတ်စားလာသော ကိုရီးယားဇာတ်လမ်းတွဲကို အသည်းစွဲသည်။ ဦးဦးကမူ ဟောလိဝုဒ်ရုပ်ရှင်မှ ကောင်းတယ်ထင်သည်။ သီချင်းဆိုလည်း ဦးဦးက ထူးအိမ်သင် ကြိုက်သည်။ ပြီးလျှင် လေးဖြူ ကြိုက်သည်။ မမနန္ဒာကတော့ ဟေမာနေဝင်းတို့၊ တင်ဇာမော်တို့ ကြိုက်သည်။

သို့သော် နှစ်ဦးစလုံးတွင် တူညီသည်မှာတော့ စိတ်မနော ဖြူခြင်း၊ အလုပ်ကြိုးစားခြင်း၊ ပညာကို လေ့လာဆည်းပူးလိုခြင်းသာတည်း။ 'ငယ်သာ ငယ်တာ သိပ်တော်ကြတယ်'ဟု ဖေဖေပင် ထူးထူးဆန်းဆန်း ချီးကျူးရသည်။

မေမေကမူ ဆိုးသည်၊ ကောင်းသည် မှတ်ချက် မပေးတတ်။ ဦးဦး တစ်ဦးတည်း အိမ်လာလျှင်ဖြစ်စေ၊ မမနန္ဒာ ပါလာလျှင်ဖြစ်စေ ထုံးစံမပျက် ဝတ္တရားကျေပွန်တတ်သည်။ လေးယောက်တွဲ အပြင်ထွက်ရန် စည်းရုံးမရသည် ကလွဲ၍ ဘာချက်ပြုတ်ကျွေးရပါ့ စသည်ဖြင့် အသင့် ရှိနေတတ်ပေသည်။

မမနန္ဒာသည် ဦးဦးလိုပင် ဖေဖေ့ကိုရော မေမေ့ကိုပါ ရင်းနှီးကျွမ်းဝင်သည်။ လင်းကိုလည်း ညီမပမာ ချစ်ခင်သည်။ မမအုံကိုလည်း မချန်။ 'မလှဘူးနော်'ဟု ကွယ်ရာတွင် ပြောတတ်ခဲ့သော မမအုံပင် 'လှသားပဲဟ' ဟု အမြင်ပြောင်းအောင် မမနန္ဒာက ဆွဲဆောင်နိုင်ခဲ့ပြီ။

www.nyisay.com



မမနန္ဒာသည် လင်းကိုတစ်မျိုး၊ မမအုံကို တစ်မျိုး ချစ်ခင်ပုံပြသည်။ ဖေဖေ့ကိုတော့ ခင်မင်လေးစားဟန်ပြသည်။ မေမေ့ကိုမူ အစ်မရင်းပမာ တွယ်ကပ်ပုံပြသည်။ မမနန္ဒာသည် အကင်းပါး လိမ္မာသူလည်း ဖြစ်ကြောင်း လင်းအတော်ကြီးပြင်းလာတော့မှ ပြန်တွေးကာ နားလည်ရသည်။

ထိုစဉ်တော့ လင်း၏ အသက်အရွယ်မှာ ကလေးသာသာဟု ဆိုနိုင်သောအရွယ်ဖြစ်ရာ သူ့ထက် ကြီးပြင်းသော၊ အရွယ်ရောက်နှင့်သော မိန်းကလေးများကို တွေ့ရလျှင် သိစိတ်နှင့်ဖြစ်စေ မသိစိတ်နှင့်ဖြစ်စေ အတုခိုးချိန်တည်း။

လင်းသည် မမနန္ဒာ လမ်းလျှောက်ပုံ လှသည်ကို လည်းကောင်း၊ လမ်းလျှောက်လျှင် လက်ကလေးနှစ်ဖက် ညင်ညင်သာသာ လွှဲတတ်ပုံကို လည်းကောင်း သဘောကျသည်။ စကားပြော သိမ်မွေ့ပုံကို သဘောကျသည်။ ရယ်မောလျှင် လက်ဝါးလေးတစ်ဖက် အုပ်ကွယ်လိုက်ပုံကို နှစ်သက်သည်။ ဦးဦးကို စိတ်လုပ်၍ မျက်စောင်းချီတတ်ပုံကိုလည်း ချစ်သည်။

မမနန္ဒာ အိမ်လာလျှင် လင်းအတွက် လက်ဆောင် တစ်ခုမဟုတ် တစ်ခု ပါသည်။ ပုံပြင်စာအုပ်များ ကြိုက်တတ်ဆဲ လင်းအတွက် အရုပ်ပုံလေးများ ပါသော အင်္ဂလိပ်ပုံပြင်စာအုပ်များ ယူလာပေးသည်။ ဖေဖေ ဝယ်ထားပေးသည် အရုပ်နည်းနည်း အင်္ဂလိပ်စာအုပ်များကို မဖတ်လိုလှသော်လည်း မမနန္ဒာ ယူလာပေးသော စာအုပ်များကိုတော့ လင်း နှစ်နှစ်ခြိုက်ခြိုက် ဖတ်သည်။ ကာတွန်းစာအုပ်များလည်း တစ်ခါ တစ်ခါ ဝယ်လာပေးတတ်ပြန်သည်။

လကုန်ရက်များတွင်တော့ မမနန္ဒာသည် လင်းတို့အိမ်အတွက် စားစရာတစ်ခုမဟုတ် တစ်ခု ဝယ်ကာ ရောက်လာလေသည်။ မေမေရော ဖေဖေပါ မြန်မာမုန့်ကြိုက်သူများမို့ မုန့်ဗိုင်းတောင့်၊ မုန့်လိပ်ပြာ၊ မုန့်ကျွဲသည်းစသည့် မုန့်များကို လှည်းတန်းက ဝယ်လာတတ်သည်။ လင်းကတော့ အစားသိပ်မရွေး လှသူဖြစ်ရာ ဘာပဲ ဝယ်လာလာ အားပေးရလေသည်။

လင်းသည် ထိုနှစ် သီတင်းကျွတ်ကျောင်းပိတ်ရက်တွင်တော့ မမနန္ဒာ အတင်းခေါ်သည်နှင့် ရုပ်ရှင် လိုက်ကြည့်သည်။ ဦးဦးနှင့် မမနန္ဒာ၏ အလယ်မှာ လင်း ထိုင်ရသည်။ ဦးဦးက လင်းတို့အတွက် နေကြာစေ့၊ အာလူးကြော် ဝယ်လာပေးသည်။ ရုပ်ရှင်ရုံ သိပ်မရောက်ဖြစ်သော လင်းမှာ မမနန္ဒာ လုပ်သလို နေကြာစေ့ တထောက်ထောက် ဝါးကာ ရုပ်ရှင်ကြည့်ရခြင်းကိုပင် နှစ်ခြိုက်မဆုံး ရှိပေသည်။

www.nyisay.com



''ကလေးကို အလယ်မှာ ထားပြီး ရုပ်ရှင်ကြည့်တတ်အောင် အခု ကတည်းက အလေ့အကျင့် လုပ်ထား သိလား နန္ဒာ''ဟု ဦးဦးက ရုပ်ရှင်ကြည့် နေရင်း လင်းကို ကျော်ကာ လှမ်းပြောသည်။ မမနန္ဒာ မျက်စောင်းထိုးသည်ကို အလင်းရောင်မှုန်မှုန်၌ ချစ်စဖွယ် မြင်ရသည်။ ပြီးတော့ ရယ်သည်။ ဦးဦးလည်း ရယ်နေသည်။ နားမလည်သဖြင့် လင်း လိုက်မရယ်ချေ။

သို့သော် စပ်စုလိုသော စိတ်ကိုဖြင့် ထိန်းမရ။

''ဘယ်သူ့ကလေးကို အလယ်မှာ ထားမှာလဲဟင်''

ဦးဦးရော မမနန္ဒာပါ ကျိတ်ရယ်ကြသည်။ ဦးဦးကပင် အဖြေပေး ပါသည်။

''ဦးဦးတို့ ကလေးပေါ့''

''ဟင်- ဦးဦးတို့ ကလေးရှိတယ်လား၊ ဘယ်မှာလဲဟင်''

''ကဲ- ကိုညီညီ ရှင်စတဲ့ ဇာတ်၊ ရှင်ပဲ နိုင်အောင် ကပေတော့၊ ကလေး ရှေ့မှာ ပေါက်ကရ ပြောတယ်၊ မှတ်ပလား''

ဦးဦးက အသံကို ထပ်၍ နှိမ့်လိုက်သည်။ လင်းနှင့် မမနန္ဒာလောက်သာ ကြားသာရုံ။ ဦးဦးဆံပင်မှ ခေါင်းလိမ်းဆီနံ့ ရသည်။ ဖေဖေ့လိုပင် ရှေ့ဆံပင်ကိုပါ တိုကပ်နေအောင် ညှပ်ထားသည်။ မမနန္ဒာက ဆံပင် နည်းနည်း ရှည်လျှင်ပင် ညှပ်ခိုင်းသည်တဲ့။

''အခုတော့ ဘယ်ရှိမလဲကွ၊ ဦးဦးတို့ မင်္ဂလာဆောင်ပြီးရင်ပေါ့၊ ကလေးလေး ယူမှာပေါ့၊ လင်းလိုပေါ့''

လင်းသည် တစ်ချက်မျှ တွေခနဲ ဖြစ်သည်။ 'လင်းလို'ဆိုသော စကားလုံးကို တွေးနေသည်။

''လင်းလို တစ်ယောက်တည်းလား''

''မဟုတ်ဘူး သုံးယောက်လောက်ပေါ့၊ တစ်ယောက်တည်းဆို ပျင်းနေ မှာပေါ့၊ မဟုတ်ဘူးလား''

''ဟယ်- ပျော်စရာကြီး လင်းနဲ့ ကစားလို့ရပြီ''

မမနန္ဒာက ဦးဦးကို မျက်စောင်းထိုးလိုက်ပြန်သည်။

လင်းသည် ဘာရယ် အသေအချာ မသိဘဲ ကလေးသုံးယောက် ယူမည်ဆိုတာကို သဘောကျနေပါသည်။ တစ်ဦးတည်းသောသမီး မေမေက တစ်ဦးတည်းသောသမီး လင်းကို ဖွားမြင်သည်။ လင်းမှာ မေမေ့ဘက်က

www.nyisay.com



ဝမ်းကွဲမွေးချင်း မရှိ။ ဖေဖေ့ အစ်မများကျပြန်တော့ အစ်မလတ်သာ အိမ်ထောင်ကျသည်။ သားနှစ်ဦး မွေးဖွားသည်။ သို့သော် အတူမနေကြရသည်မို့ ရင်းသော မောင်နှမဝမ်းကွဲများလိုတော့ လုံးလုံးထွေးထွေး မရှိပေ။

လင်း၏ဘဝတွင် အရင်းနီးဆုံးရယ်လို့ မေမေပြီးလျှင် မမအုံသာ နီးနီးနားနား ရှိခဲ့ပေသည်။

*

လင်းသည် ခြံတံခါးကို တွန်းဖွင့်ဝင်လိုက်သည်။ မမအုံကတော့ လမ်းအတိုင်း တည့်တည့်ဆက်လျှောက်သွားသည်။ လင်းကို ကျောင်းကြိုပြီးဖြစ်၍ မေမေ ခိုင်းထားသည့်အတိုင်း လှည်းတန်းဈေးသို့ သွားရန်။ မမအုံထံက ပခုံးပြောင်း လွယ်လာသော လွယ်အိတ်ကို နေရာအနည်းငယ် ပြင်ကာ ဂဝံလျှောက်လမ်းလေးပေါ် လင်း လျှောက်ဝင်လာသည်။

ဆောင်းနှောင်းခဲ့ပြီမို့ ခြံထဲတွင် မြက်ပင်များ ထူထူထပ်ထပ် မတွေ့ရတော့ပေ။ မိုးကုန်ပြီးစမှာပင် မေမေ ရှင်းလင်းခဲ့သည်။ မြက်နှင့် ချုံနွယ်ကင်းပြီဖြစ်တော့ အိမ်ရှေ့က နှင်းဆီ၊ ရွက်လှပင်တို့မှာ ပို၍ပင် လှပလာတော့သည်။ ပိန်းပင်များလည်း ပွား၍လာသည်။ ဂမုန်းတို့မှာ အိမ်ရှေ့ဖိနပ်ချွတ် ဘယ်ညာ နှစ်ဖက်တွင် ငြိမ်သက်လှပမြဲ။

လင်းသည် အရင်လို မြောက်ကြွကြွ လမ်းမလျှောက်တတ်တော့ချေ။ အသက် ၁၁ နှစ်ပင် ပြည့်တော့မည်မို့ အမူအကျင့်အချို့ ဖြည်းဖြည်းချင်း စပြောင်းလာသည်။ လမ်းလျှောက်ပုံ အရင်ပြောင်းသည်။ အသံကျယ်ကျယ် စကားပြောပုံအစား လေသံအနည်းငယ် လျှော့ကာ ပြောတတ်လာသည်။ ငြိမ်ငြိမ်သက်သက် စာဖတ်ခြင်းကို ပို၍ အာရုံစိုက်လာသည်။

သို့သော် မပြောင်းသည်များလည်း ကျန်ပေသည်။ မေမေ့အနီးတွင် တကပ်ကပ်ပြုကာ စပ်စပ်စုစု နေတတ်သောအကျင့် မပြောင်း။ စိတ်လိုလက်ရရှိတိုင်း မမအုံကို နောက်တတ်သော အကျင့်လည်း မပြောင်း။ စိတ်မထင်လျှင်(ဖေဖေလည်း မရှိလျှင်)ဧည့်ခန်းထဲ ပက်လက်အိပ်ကာ သီချင်းအော်ဆိုတတ်သော အကျင့်လည်း မပြောင်း။ စိတ်မထင်လျှင် ခြံထဲ ပြေးလွှားဆော့ကစားတတ်သော အကျင့် မပြောင်း။

www.nyisay.com



ရံဖန်ရံခါ၌ လူကြီးများကို အတုခိုးသော စရိုက်အား လင်းထံမှာ တွေ့ရမည်။ ရံဖန်ရံခါတွင်တော့ မပြောင်းမလဲ ကျန်နေမြဲဖြစ်သော ကလေး တစ်ယောက်၏ စရိုက်များအား အပြည့်အဝ တွေ့နိုင်လေသည်။

ခုလည်း ဖိနပ်ချွတ်သို့ လှမ်းဝင်သည်နှင့် ဖိနပ်ကိုတော့ စနစ်တကျ ချွတ်လိုက်သည်။ လွယ်အိတ်ကိုမူ ဆက်တီခုံပေါ်သို့ အမှုမဲ့ ချလိုက်သည်။ ကြိုးစမှာ ကြမ်းပြင်နှင့် ထိတိုက်လျက်ရှိသည်။

''မေမေ''

လင်းသည် ထမင်းစားခန်းဘက်သို့ လျှောက်သည်။ စက်ခုံမှာ မေမေ မရှိ။ မီးဖိုခန်းမှာရော··။

မီးဖိုခန်းတွင်လည်း မေမေ မရှိပါချေ။

စင်္ကြံကို ဖြတ်သည်။ ရေချိုးခန်းဘက်သို့ လျှောက်လာသည်။ ရေချိုး ခန်းတွင် ရေသံ မကြားရ။ မေမေ မရှိချေ။

လင်းသည် အခန်းထဲ ဝင်ကာ အဝတ်လဲရန် စိတ်မကူးနိုင်။ အိမ် အပြန် မေမေ့ကို တန်းမတွေ့ရလျှင် တစ်ခုခု လိုနေသည့်ပမာ စိတ်မှာ ဟာနေ သည်။ စင်္ကြံကို တစ်ကျော့ဖြတ်ကာ မေမေတို့အခန်းဆီ လျှောက်လာသည်။ တံခါးမှာ စေ့လျက်ရှိသည်။ စေ့နေသည်ဟု လင်း ထင်သည်။ တွန်းသော် မရ။ အတွင်းက ချက်ချထားပုံရသည်။ အသံတိုးတိုး ထွက်နေသည်ဟု ထင်သည်။ အသေအချာ နားထောင်တော့ သီချင်းသံ။

ဟိုတစ်လောလေးကမှ မေမေ ထပ်တလဲလဲ နားထောင်လာသော သီချင်း··။ နွေဦးကံ့ကော်··။ မေမေ့အကြိုက် ထူးအိမ်သင်၏ ထိုသီချင်းသည် လင်းအကြိုက်လည်း ဖြစ်လာရပေသည်။

''မေမေ တံခါးဖွင့်ပါဦး''

ထုံးစံအတိုင်းပင် တံခါးကို တဗုန်းဗုန်း ထုမိသည်။

ခြေသံ တရှပ်ရှပ် ထွက်ပေါ်သည်။ ခြေသံမှာ တံခါးသို့ ဦးတည်လာ သည်။ တံခါး ချပ်ခနဲ ပွင့်သည်။

လင်း၏ မျက်လုံးအစုံမှာ ဝိုင်းစက်သွားသည်။ နှုတ်ခမ်းတို့သည်လည်း ပွင့်ဟလျက်။ အခန်းထဲ ရှိနေသူမှာ မေမေဟု သူ အတပ် ထင်နေခဲ့သည်။ ခုတော့ မေမေလည်း မဟုတ်ပါလား။

''ကျောင်းက ပြန်လာပြီလား သမီး''

www.nyisay.com



''ဟုတ်ကဲ့ ဖေဖေ''

လင်းသည် နောက်ဘက်သို့ ခြေတစ်လှမ်းဆုတ်ကာ ဖေဖေ့ကို တွေတွေဝေဝေ မော့ကြည့်နေသည်။

ဖေဖေ့အသွင်သည် လင်း မမြင်မတွေ့ဖူးသော သူစိမ်းတစ်ယောက်လို ဆန်းကြယ်လျက်ရှိသည်။ မျက်နှာမှာ ညှိုးလျက် ရှိသည်။ အထူးသဖြင့် မျက်လုံးသည် အရောင်တစ်မျိုးဖြင့် မှိုင်းလျက်ရှိသည်။ ဖေဖေ့ကို သည်လို မတွေ့စဖူး။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိသော ပညာတတ်တို့၏ ဟန်ဖြင့်သာ ဖေဖေ့ကို လင်း မြင်နေကျ ဖြစ်ပေသည်။

လင်းသည် ဖေဖေ ဘာလို့ အစောကြီးပြန်လာတာလဲ၊ မေမေရော စသည်ဖြင့် မေးရန် စိတ်ကူးလိုက်သည်။ သို့သော် နှုတ်သည် အာစေးထည့်ထားသည့်ပမာ။ လင်း မေးလိုသော မေးခွန်းများကို မမေးရပါဘဲ ဖေဖေပင် အဖြေပေးပါသည်။

''နည်းနည်း နေမကောင်းလို့ ဖေဖေ စောပြန်လာတာ သမီး၊ သမီး မေမေက မော်လမြိုင်က ကြီးကြီး လာလို့ မြို့ထဲ ခဏ လိုက်ကူသွားတယ်၊ တော်ကြာနေ ပြန်ရောက်လိမ့်မယ် ဟုတ်လား၊ ဖေဖေ ခဏအိပ်လိုက်ဦးမယ်''

''ဟုတ်ကဲ့ ဖေဖေ''ဟု ဆိုကာ လင်း နောက်လှည့်ရန် ပြင်သည်။ သူတို့အိပ်ခန်းဘက်သို့ ခြေဦးလှည့်ရန်ပြင်သည်။ သို့သော် နောက်ထပ် မေးခွန်း မဟုတ်သော စကားတစ်ခွန်း သူ့နှုတ်က လွှတ်ခနဲ ထွက်သည်။ အမှန်တော့ ပြောဖို့ ရည်ရွယ်မထားသော စကား..။

ဖေဖေ မပြောစဖူး ပြောသည့် ရင်းရင်းနှီးနှီး စကားဆိုပုံကြောင့် လင်း သည်လို ပြောထွက်တာ ဖြစ်ပေမည်။

''သီချင်းသံ ကြားလို့ လင်းက မေမေလို့ ထင်နေတာ''

ဖေဖေ့နှုတ်ခမ်းပါးသည် ဆတ်ခနဲ လှုပ်သွားသည်။ ပြုံးလိုက်သည်။ သို့သော် ဘာအပြုံးဟု လင်း အမည်မပေးတတ်။ နှုတ်ခမ်းက ပြုံးသော်လည်း မျက်လုံးမှာမူ မှိုင်းမြဲ။

''အဆင်သင့် ရှိနေလို့ ဖွင့်လိုက်တာပါကွာ၊ ဒီသီချင်းလေး ခုမှ သေချာ နားထောင်မိတယ်၊ ကောင်းသားပဲ၊ သမီးမေမေတော့ ဒီသီချင်း အတော်ကြိုက်ပုံပဲ၊ တစ်ခွေလုံး အပြည့်သွင်းထားတာ''

www.nyisay.com



လင်းသည် ဖေဖေ့ရှေ့တွင် ပထမဆုံးအကြိမ် ဟက်ခနဲ ရယ်လိုက်မိသည်။

''လင်းလည်း ကြိုက်တယ် ဖေဖေ''

သီချင်းသံမှာ ခပ်တိုးတိုး လွင့်ပျံ့ဆဲ‥။

'နွေဦးကံ့ကော်များ…ဒီအချိန်လေးတိုင်းမှာ…ကိုယ် သတိရစရာတွေ‥ပေါ်လာမြဲ အချစ်ရေ…မမေ့ဘူး‥သိရဲ့လား…ကံမဆုံလည်း မမေ့နိုင်ဘူး'

*

အိမ်သို့ ကြီးကြီး အလည်အပတ် ရောက်လာသော ရက်သတ္တပတ်နှစ်ပတ်တာသည် မေမေ့အတွက် အလှည့်အပြောင်း တစ်ခုပမာ ဖြစ်လာသလို လင်းအတွက်လည်း ပျော်မွေ့ဖွယ်ရက်များ ဖြစ်ခဲ့ပါသည်။ ကြီးကြီးသည် ဖေဖေ့အစ်မ အကြီးဆုံး ဖြစ်သည်။ မေမေ့ကို ညီမပမာ ချစ်သူဖြစ်သလို လင်းကိုလည်း ရှားရှားပါးပါး တစ်ဦးတည်းသော တူမမို့ဆိုကာ အတူနေ တူနှစ်ယောက်ထက် အချစ်ပိုသူပေ။

ကြီးကြီးမှာ အသားဖြူဖြူ ကိုယ်နေဟန် ပြည့်ပြည့် ဖြစ်သည်။ မော်လမြိုင်သူပီပီ ခန္ဓာကိုယ် လှပသည်။ မျက်နှာကျပုံလည်း လှပေသည်။ အသက် ၄၇ နှစ်အရွယ်ဆိုစေကာမူ နုပျိုလှသည်။ ဖေဖေ့ထက် ခြောက်နှစ်ကျော် ကြီးသော်လည်း နှစ်ယောက် ယှဉ်ရပ်နေလျှင် အသက် သိပ်မကွာဟုထင်ရသည်။ ဖေဖေက နှုတ်ခမ်း တင်းတင်းစေ့ကာ မျက်နှာပေး တည်သလောက် ကြီးကြီးကမူ ချစ်စရာ ပြုံးပြုံးချိုချို ရှိလှပါသည်။

ကြီးကြီး ရောက်လာပြီ ဆိုကတည်းက မေမေ့မှာ တစ်နေ့ပင် အနားမရတော့ပေ။ စက်ခုံတွင် မထိုင်ရသလောက် ဖြစ်သည်။ သီချင်း နားမထောင်ရသလောက် ဖြစ်သည်။ ကြီးကြီး သွားလေရာ လိုက်ရသည်။

လင်း ကျောင်းက ပြန်ရောက်ချိန်တိုင်း မေမေ့ကိုရော ကြီးကြီးကိုပါ အိမ်မှာ တွေ့ရခဲလှသည်။ တစ်နေရာမဟုတ် တစ်နေရာ သွားနေကြသည်ဟုပင် လင်း နားလည်ထားလိုက်တော့သည်။

မေမေသည် ကြီးကြီးအား ရွှေတိဂုံဘုရား လိုက်ပို့ရသည်။ ဗိုလ်ချုပ်ဈေး ပို့ရသည်။ ကမ္ဘာအေးဘုရား ပို့ရသည်။ ရေလယ်ကျောက်တန်းသို့ပင်

www.nyisay.com



ကြီးကြီးက သွားလိုက်သေးသည်။ ရန်ကုန်မြို့က သွားလာလည်ပတ်စရာ နေရာ တစ်နေရာပင် မကျန်သလောက် ကြီးကြီး ရောက်သည်။ အဲ·· မေမေလည်း ရောက်ရသည်။ ရုပ်ရှင်ပင် တစ်ရက် ဝင်ကြည့်ကြသတဲ့။

ညနေခင်း ဖေဖေ ပြန်ရောက်ချိန်နီးပါးမှသာ မေမေရော ကြီးကြီးပါ အိမ်ပြန်ရောက်လာတတ်သည်။

နေ့စဉ် အပြင်ထွက်နေရ၍ပေလား။ မေမေ့အသား အနည်းငယ် ညိုသွားသည်။ သို့သော် မျက်နှာမှာတော့ လန်းဆန်းလာပေသည်။

စနေ၊ တနင်္ဂနွေတွင်တော့ မေမေတို့ အပြင်မထွက်ပေ။ ပိတ်ရက် ကောင်းကောင်းမွန်မွန် စားရန် ဆိုကာ ကြီးကြီးကိုယ်တိုင် မီးဖိုချောင် ဝင်ပြီး ချက်ပြုတ်တော့သည်။ မမအုံ့ကိုပင် ‘ဘယ်လို ချက်သလဲ အနားမှာ လာကြည့်’ ဆိုကာ ခေါ်သည်။ မေမေသည်လည်း မလှမ်းမကမ်းမှာ နေကာ လိုအပ်သမျှ ကို ကူသည်။ လက်ရာကောင်း မွန်ဟင်းလျာ မော်လမြိုင်အစားအစာတို့ကို လင်းတို့ မြိန်မြိန် စားကြရလေသည်။

လင်းသည် မော်လမြိုင်မှ ကြီးကြီး သယ်လာသော ကျွဲကောသီးများ ကိုလည်း နေ့စဉ် မပျက်မကွက် အားပေးရသည်။ အရည်ရွှမ်းသော၊ အရသာရှိ သော ကျွဲကောသီးများကို ဒူးရင်းသီး ကြိုက်သလောက်ပင် လင်း ကြိုက်သည်။ မေမေသည် လင်းအတွက် ကျွဲကောသီးများကို အစေ့ပင် မပါလေရအောင် စိတ်ရှည်လက်ရှည် နွာကာ ပန်းကန်ထဲ ထည့်ပေးထားတတ်သည်။ ကျောင်း ဆင်းလျှင် ထမင်းစားပွဲ၌ ကျွဲကောသီးတစ်ပန်းကန် အသင့်ရှိနေတတ်သည်။

မော်လမြိုင် လက်ဆောင်များ ပေးရန် ဦးဦးနှင့် မမနန္ဒာကို ဖေဖေ မျှော်သည်။

သို့သော် ပြီးခဲ့သည့်လမှ စကာ ဂျပန်စာ သင်နေပြီဖြစ်သော ဦးဦး က ပုံမှန် ရောက်မလာနိုင်တော့ပြီ။ ဦးဦး လာမှသာ လိုက်လာတတ်သော မမနန္ဒာလည်း ရောက်မလာတော့ပြီ။

လင်းသည် ပထမတော့ မမနန္ဒာအား လွမ်းလှသော်လည်း လက်သာ ရာ ပါတတ်သော ငယ်ရွယ်သူတို့သဘောအရ ကြီးကြီးနှင့် အတူနေနေရခြင်း အပေါ် စိတ်အပြောင်းအလဲ ဖြစ်ကာ သတိတရ ရှိမနေတတ်ပြန်တော့ပေ။

မမအုံ့နှင့် လင်း၏ နှစ်ယောက်အိပ်ခုတင်ထက်ဝယ် လင်းနှင့် ကြီးကြီး အိပ်ရသည်။ မမအုံ့ကိုတော့ ဧည့်ခန်းမှာ သိပ်သည်။ လင်းသည် သနပ်ခါးနံ့

www.nyisay.com



သင်းသော ကြီးကြီး ရင်ခွင်ထဲ ညတိုင်းလို တိုးဝင်ကာ ဇာတ်လမ်းပုံပြင်များ နားထောင်ရခြင်းကို ကလေးပေါက်စသဖွယ် သဘောကျနေသည်။

လင်း၏ စပ်စုမှုဒဏ်ကိုလည်း ကြီးကြီး အတော်ခံရပါသည်။

''ဖေဖေက လင်းကို ချစ်သလား၊ မချစ်ဘူးလား ကြီးကြီး ဟင်''

ကြီးကြီးသည် ပါးမို့မို့စုန့်စုန့် ဖြစ်သည့်အထိ ရယ်မောလိုက်သည်။

''ချစ်တာပေါ့ကွယ်၊ ကိုယ့်သမီးပဲ ဘယ့်နှယ် ပြောပါလိမ့်၊ မျိုးလွင်ဟာ သားဦးသာ လိုချင်ခဲ့တာ၊ သမီးလေး ရလာတော့လည်း ချစ်တာပါပဲ''

''ဖေဖေက သား လိုချင်တာလား''

''သားဦး လိုချင်တာ မိဘ တော်တော်များများပါပဲ သမီးရယ်‥ ကြီးကြီးတုန်းကလည်း ဖေဖေက သား လိုချင်ခဲ့တာတဲ့ နောက်တစ်ယောက် မွေးတော့လည်း သမီး၊ အဲ…အငယ်ဆုံးကျမှ သားဖြစ်တော့တာ''

ဖေဖေဟာ လင်းကို မရချင်ခဲ့ဘူးပေါ့နော်။

လင်းသည် ကြီးကြီး၏ ရင်ခွင်ထဲသို့ ခေါင်းကလေး တိုးဝှေ့ကပ်လိုက်သည်။ မျက်နှာ ညှိုးလာသည်။ ဖေဖေ ဒါကြောင့်များ လင်းကို စိမ်းတာလား။

''အဲဒါကြောင့် ဖေဖေက လင်းကို မချစ်တာ''

''သြော်- ပြောပြန်ပြီ၊ ချစ်တာပေါ့၊ လင်း ပေါက်စနတုန်းက လက်ပေါ်ကကို မချဘူး''

''အဲဒါတွေ လင်းမှ မမြင်ရတာ၊ အရင်ကတော့ ဟုတ်မှာပေါ့၊ ဒါပေမဲ့ ခု မချစ်ဘူး ကြီးကြီးရဲ့''

ကြီးကြီးသည် ပင့်သက်ရှိုက်ကာ လင်းကို တိုးဖက်လိုက်ပါသည်။

''မှန်မှန် ပြောပြတယ်၊ သမီး ဘာလို့ ဒီလို မြင်နေသလဲ ဆိုတာ မှန်မှန် ပြောပြတယ်သမီး၊ ကြီးကြီး သိတယ်၊ ကြီးကြီးမောင် မျိုးလွင်ရဲ့ ပြဿနာက အဲဒါပဲ၊ သမီးကို၊ မိန်းမကို ချစ်တာ ဝမ်းထဲ ထားပြီးတော့ပဲ ချစ်တယ် ထင်တာပဲ၊ သမီး ဘွားဘွားတို့ ဘိုးဘိုးတို့က စတာပေါ့၊ သားသမီးကို ရှေ့တင် ချစ်မပြရဘူး ဆိုတာကို သူတို့ ကျင့်သုံးခဲ့တာပေါ့၊ သားသမီးတွေအထိပါ စွဲတော့တာပေါ့၊ ကြီးကြီးက အကြီးဆုံးမို့ မိဘကို နားလည်သေးတယ်၊ သမီး ကြီးကြီးလတ် ဆိုရင် သူက အလတ်မို့ အနှိမ်ခံရတယ်လို့ မြင်နေတာ ခုထိပဲ၊ ကဲ- ဘယ်လိုလုပ်မလဲ''

www.nyisay.com



လင်းသည် အလိုလို ဖြစ်ပေါ်သော သက်ပြင်းလေး ခိုးချလိုက်ပါသည်။ ဟုတ်မှာပါ၊ ဖေဖေ လင်းကို ချစ်တယ်ဆိုတာ ဟုတ်မှာပါ။ ဒါပေမဲ့ လင်း မသိပါဘူး ကြီးကြီးရယ်⋯။

''ကြီးကြီးကိုတောင် ဘယ်လို ဆက်ဆံသလဲ သမီး တွေ့တဲ့အတိုင်းပဲ ဟုတ်တယ်ဟုတ်၊ လူတွေက မြင်ရင် ကြီးကြီးနဲ့သူ့ကို မောင်နှမ ထင်မလား၊ မွန်မွန်နဲ့ ကြီးကြီးကို ညီအစ်မ ထင်မလား''

လင်းသည် ကြီးကြီး၏ ဥပမာကို သဘောကျကာ ဟက်ခနဲ ရယ်လိုက်သည်။

''ခုနေ သားတစ်ယောက်လောက် ရရင် ဖေဖေ ချစ်မှာပေါ့နော် ကြီးကြီး၊ လင်းထက် ချစ်မှာပေါ့''

'ပြောနေရဲ့နဲ့မှ'ဟု လင်း၏ ခေါင်းလေးကို မနာမကျင်အောင် ကြီးကြီး တစ်ချက် ပုတ်လိုက်လေသည်။

''သမီး မွေးပြီး နှစ်နှစ်လောက်မှာ သမီးမေမေက ကိုယ်ဝန်ဆောင်သေးတယ် သမီးရဲ့၊ မောင်လေး မွေးပေးမယ်ပေါ့၊ မျိုးလွင်အတွက်လည်း သူ လိုချင်တဲ့ သား မွေးမယ်ပေါ့၊ အင်း⋯အဲဒီ ကိုယ်ဝန် အဖတ်မတင်ပါဘူး ပျက်ကျရော၊ ဆရာဝန်က သားအိမ်အားနည်းလို့တဲ့၊ ကလေး ထပ်မယူပါနဲ့ တားထားတာနဲ့ မယူတော့တာ ခုထိပဲ''

လင်းသည် ကြီးကြီး၏ စကားများကို လုံးစေ့ပတ်စေ့ နားမလည်။ လိုချင်သော နေရာကိုသာ ကွက်၍ နားလည်ယူလိုက်ပါသည်။

''ဟင့်အင်း မမွေးတာ ကောင်းတယ်၊ လင်း မောင်လေး မလိုချင်ပါဘူး၊ ညီမလေးပဲ လိုချင်တာ''

''ဘာလို့လဲ သမီးရဲ့''ဟု ကြီးကြီးက ရယ်မောပြန်သည်။

''မောင်လေးဆို ဖေဖေက ပိုချစ်နေမှာပေါ့''

ကြီးကြီးသည် လင်းကို လက်လျှော့ပုံနှင့် တဟားဟား ရယ်ပါတော့သည်။ လင်းတို့ အခန်းထဲ မေမေ ဝင်လာချိန်အထိ အရယ်မပျက်။ မေမေ မေးသော် နောက်တစ်ကြိမ် ဇာတ်ကြောင်းလှန်သည်။ မေမေသည် လင်း၏ ဆံစလေးကို သပ်ကာ ပြုံးရယ်နေပေသည်။

စိတ်အပြောင်းအလဲ တစ်ခုလို ဖြစ်ကာ ကြီးကြီးအနီး တကပ်ကပ်ရှိသော၊ ဦးဦးနှင့် မမနန္ဒာကို မေ့သလောက် ရှိနေသော လင်းသည် တစ်ရက်တွင်

www.nyisay.com



တော့ စိတ်လိုလက်ရ ရှိကာ ဦးဦးကို တ မိပြန်သည်။ ဘုရားပန်းလဲရန်အတွက် ရွက်လှပန်းများ ဖြတ်ရန် ခြံထဲ ဆင်းသော မေမေ့နောက်သို့ လိုက်ကာ ပြောမိပြန်ပါသည်။

''ဦးဦးကလည်း အိမ်ကိုလာလည်း မလာတော့ဘူး မေမေရယ် နော်''

အစိမ်းရင့်ပေါ် အဝါအကွက် ရိပ်ရိပ်လေးများပါသော အရွက်ရှည်ရှည်နှင့် အဝါရောင်ပေါ် အစိမ်းကွက်သေးသေးပါသော အရွက်သေးသေး ရှည်ရှည် ရွက်လှကိုင်းတို့ကို ဖြတ်ရန် ရွေးနေရာမှ မေမေ လက်တုံ့သွားသည်။ လင်းကို ငဲ့ကြည့်ပါသည်။

ထိုတစ်ခဏတွင် မေမေ့မျက်နှာမှ အပြုံး မှိန်ဖျော့သွားသည်။ မျက်လုံးများ မှိုင်းမှုန်သွားသည်။

သို့သော် တစ်ခဏမှ တကယ့်ကို တစ်ခဏပင်။ မေမေ တစ်ဖန် ပြုံးလိုက်ပါသည်။ ရွက်လှကိုင်းတစ်ကိုင်းကို အလောတော် မှန်းကာ ကတ်ကြေးနှင့် ဖြတ်လိုက်ပါသည်။

''သူလည်း သူ့အလုပ်နဲ့ သင်တန်းနဲ့ မအားလို့ရှိမှာပေါ့ သမီးရဲ့''

''စနေ၊ တနင်္ဂနွေ သင်တန်းတက်တယ် ဆိုလည်း တခြားရက် လာလို့ ရတာပဲ၊ ရုံးဆင်းရင် လာလို့ ရတာပဲ၊ လင်းတို့အိမ်က လှည်းတန်းနဲ့ နီးနီးလေး ဟာ''

မေမေ ကမ်းပေးသော ရွက်လှခက်ကို လင်း လှမ်းယူလိုက်သည်။ ခုနက ရွက်လှနှင့် အရောင်ဆင်သော၊ အရွက်ဝန်းဝန်း ဖြစ်သော အခက် တစ်ခက်ဆီ မေမေ လက်ရွယ်လိုက်ပြန်သည်။

''မောင်နှမတွေတောင်ပဲ တစ်အိမ်တည်း အတူနေရာက ကြီးပြင်းလာတဲ့အခါ၊ သူ့မိသားစု ကိုယ့်မိသားစုနဲ့ ဖြစ်လာတဲ့အခါ အနေဝေးသွားကြသေးတာပဲ သမီးရဲ့၊ ခု ဦးဦးတို့ မမနန္ဒာတို့က သူစိမ်းလေ၊ ပြီးတော့ သူတို့လည်း မကြာခင် သူတို့မိသားစုဘဝနဲ့ သူတို့ ဖြစ်လာတော့မှာ ဆိုတော့ ကြိုးစားနေရတာပေါ့၊ အရင်လို ဦးဦး တစ်ယောက်တည်းတုန်းကလို အမြဲ ဘယ်လာနိုင်တော့မလဲ၊ ဘယ်အားပါတော့မလဲ သမီးလေးရဲ့''

မေမေ့စကားကို လင်း အပြည့်အဝ နားမလည်ပါ။ သို့သော် နားမလည်တစ်ဝက် လည်တစ်ဝက်နှင့်ပင် ဝမ်းနည်းနေပါသည်။

* * *

www.nyisay.com

၂၀၀၄ ခုနှစ် ဆောင်းဦးပေါက်တွင် ဦးဦးနှင့် မမနန္ဒာ လက်ထပ်ပါသည်။ လက်ထပ်ပွဲသို့ ဦးဦး၏ မိဘများ မတက်ပါ။

ဦးဦးသည် သူတို့ စီမံပေးသော ဇာတိမြို့သူကို လက်မထပ်ဘဲ ဆွေကြီးမျိုးကြီးထဲက မဟုတ်သော၊ (သူတို့အဆို)နွမ်းပါးသော မိန်းကလေးတစ်ယောက်ကို လက်ထပ်ရပါ့မလား ဆိုကာ မိခင်က စိတ်ဆိုးမဆုံးပါတဲ့။ သဘောထားပျော့ပျောင်းကာ နားလည် ခွင့်လွှတ်တတ်သော ဖခင်သည်လည်း ဇနီး၏ သဘောဆန္ဒကို မလွန်ဆန်နိုင်။ မောင်နှမ လေးယောက် ရှိသည့် အထဲက အစ်ကိုနှစ်ယောက်သည်လည်း မိခင်သဘောတစ်ခုနှင့်ပင် မင်္ဂလာပွဲကို အသိအမှတ်မပြုပါတဲ့။

ပြည်တွင်းက အမျိုးအဆွေအရင်းအချာတို့ ရောက်မလာသော ဦးဦး၏ လက်ထပ်မင်္ဂလာပွဲသို့ ဂျပန်မှ အန်တီသီဂီ လာတက်ပါသည်။ အသက်ကွာသော မောင်ငယ်အပေါ် ချစ်လှသူ။ တခမ်းတနား မဟုတ်သော မင်္ဂလာဆွမ်းကျွေးနှင့် ညနေခံပွဲအတွက် ကုန်ကျစရိတ် ထက်ဝက်ကို စိုက်ထုတ်ကျခံမည်ဟု မေမေ ပြောပြပါသည်။

အန်တီသီဂီသည် ခင်ပွန်းနှင့် သားပင် မပါဘဲ ဂျပန်မှ တစ်ယောက်တည်း ရောက်ချလာသည်။ တနင်္ဂနွေ မင်္ဂလာပွဲအတွက် ကြာသပတေးနေ့မှာပင် မြန်မာနိုင်ငံ ရောက်ခဲ့ပြီ။ မျှော်လင့်မထားသော အစ်မ ရောက်လာ၍ ဦးဦး တစ်ယောက် အားတက်လာပုံရ၏။ ဦးဦးကို ချစ်သော လင်းတို့မိသားစုလည်း ဝမ်းသာကြရပါသည်။

www.nyisay.com



မြန်မာပြည်တွင် တစ်ပတ်နေမည့်အခိုက် အန်တီသီဂီက လင်းတို့အိမ်မှာပင် တည်းသည်။ လင်းတစ်သက်မက ကွဲကွာနေသော ငယ်သူငယ်ချင်းနှစ်ဦး စကားလက်ဆုံ ပြောမကုန် ဖြစ်ပုံကို မြင်ရသည်။ မေမေ့အပြုံးမှာ လွန်ခဲ့သော ရက်များစွာထက် တောက်ပလျက်ပင်။

အန်တီသီဂီသည် အသားဖြူဝင်းဝင်း ဖြစ်သည်။ ဦးဦးလိုပင် အရပ်မြင့်မြင့်ဖြစ်သည်။ မေမေ့ထက် အနည်းငယ် ပြည့်သောခန္ဓာ ရှိသည်။ စကား ခပ်သွက်သွက်ပြောတတ်သည်။ လေယူလေသိမ်းမှာ လင်း၏နားထဲ ဆန်းလျက်။ 'ဂျပန်သံပေါက်နေတာ'ဟု မေမေက ပြောပြပါသည်။

ထုံးစံအတိုင်း ဧည့်သည်ရောက်လာပြီ ဆိုတော့ မမအုံတစ်ယောက် ဧည့်ခန်းတွင် ထွက်အိပ်ရသည်။ လင်း၏ အခန်းထဲမှာ အန်တီသီဂီ့ကို နေရာပေးထားပါသည်။ အန်တီသီဂီ့ကို လင်း ပထမဆုံးအကြိမ် တွေ့ဖူးတာ ဖြစ်သလို ဖေဖေ့အတွက်လည်း ပထမဆုံး အကြိမ်ပေ။

အန်တီသီဂီသည် ဖေဖေ့ကို ခင်မင်လေးစားပုံ ပြသည်။ လင်းကိုတော့ အထူးတလည် ချစ်ခင်ပုံပြပါသည်။ ဦးဦးကလည်း လင်းအကြောင်း တဖွဖွပြောပြတတ်သည်တဲ့။ လင်းတို့မိသားစုအကြောင်းမှာလည်း စာရေးတိုင်း တစ်ဝက်ကျော်လောက် ပါတတ်သည်တဲ့။

''တကယ့်မိသားစုလိုပဲ သိပ်နွေးထွေးတာတဲ့၊ ငါ့မှာလေ ငါ့မောင်ရန်ကုန်မှာ တစ်ယောက်တည်း အဆင်လည်း မပြေဘူးလို့ သိတုန်းက သိပ်သနားတာပဲ၊ သူ့မှာ အခက်အခဲဖြစ်တိုင်းလည်း အိမ်ကို မပြောရဲ၊ အိမ်ကလည်း ပညာတွေ ဘာတွေ တန်ဖိုးမထားတဲ့ မိသားစုမျိုးဆိုတော့ ပြန်လာခဲ့ဆို ပြန်ရတော့မှာကိုး၊ စိတ်ဓာတ်လည်း ကျနေပြီ ထင်ပါရဲ့၊ အဲဒီမှာ နင့်လိပ်စာ ရှိနေတာသတိရတော့ လွှတ်လိုက်ရတာ၊ တော်ပါသေးရဲ့ မွန်မွန်ရယ်၊ နင်တို့ ရှိနေလို့ပေါ့''

လင်းသည် မေမေ့ရင်ခွင်ကို မှီကာ အန်တီသီဂီ့ကို မော့ငေးနေသည်။ နှစ်ယောက်အိပ် ခုတင်ထက်တွင် မေမေရော အန်တီသီဂီပါ ခေါင်းအုံးကို ဒေါင်လိုက်ထောင်ကာ ထိုခေါင်းအုံးကို မှီကာ ခပ်လျှောလျှော လှဲနေကြသည်။ စားပွဲတင်နာရီကတော့ ည ၁၀ နာရီကို ပြခဲ့ပြီ။ မနက်ဖြန် စနေနေ့မို့ လင်း စောစီးစွာ အိပ်ရာဝင်ရန် မလိုပါ။

မနေ့ညကမှ စတွေ့ဖူးရသော်လည်း မေမေ သိပ်ချစ်သော သူငယ်ချင်းဖြစ်တာကြောင့်ရော ဦးဦးအစ်မဆိုတာကြောင့်ပါ မြင်လျှင် မြင်ချင်း လင်း

www.nyisay.com



ရင်းနှီးစိတ်ဝင်သည်။ မမနန္ဒာကို စတွေ့တုန်းကလိုပင် အန်တီသီဂီ ဘာလေးပဲ လုပ်လုပ်၊ ဘာပဲပြောပြော စိတ်ဝင်စားစရာ ဖြစ်နေသည်။

အညိုရောင် ပြေးနေသော အန်တီသီဂီ့ဆံပင်လေးများမှာ မီးရောင်အောက်ဝယ် လှပနေပါသည်။ ညဝတ်ဂါဝန်ရှည် ဝတ်ထားသည်။ ဂါဝန်ရှည်ဝတ်သော အမျိုးသမီးတစ်ယောက်ကို အနီးကပ် မမြင်တွေ့ဖူး၍ လင်းအတွက်ဆန်းကြယ်နေပါသည်။ မေမေသည် ချည်လုံချည်နှင့် ချည်ထည် အင်္ကျီပွပွ သို့မဟုတ် တီရှပ်အဟောင်းများကိုသာ အိမ်နေရင်း ဝတ်ဆင်တတ်ပေသည်။

"အခုလည်း တစ်သက်တစ်ကြိမ် မင်္ဂလာဆောင်တာကို ဒီလို လုပ်စရာလားကွယ်၊ အိမ်ကလည်း မဟုတ်သေးဘူး၊ ဒါကြောင့် အိမ်နဲ့ ငါနဲ့ အစေးမကပ်တာ၊ အမေကလေ ပိုက်ဆံတွေ ဘယ်လို တိုးလာအောင် ရှာရမလဲ ဆိုတာပဲ သိတယ်၊ ချစ်ခြင်းမေတ္တာတွေ ဘာတွေ သူ့ကို လာမပြောနဲ့၊ နီးပဲ၊ ငါတောင် သူတို့လည်း သဘောတူ၊ ငါကလည်း ချစ်တာမို့ ဒါမျိုး မကြုံခဲ့ရတာ"

"အေးပါဟယ်၊ ကျုန်တာတော့ မိသားစုကိစ္စမို့ ငါ ဝင်မပြောချင်ပါဘူး၊ ဒါပေမဲ့ ကောင်မလေးကိုတော့ အတော်သနားတာပါ သီဂီရယ်၊ ခမျာဘယ်လောက် မျက်နှာငယ်ရှာမလဲ"

အန်တီသီဂီက သက်ပြင်းချလိုက်ပါသည်။

"အေးပေါ့၊ အဲဒါပေါ့၊ တော်ပါသေးရဲ့ဟယ်၊ ငါ့ယောက်မလေးက နားလည်ပေးရှာလို့၊ ငါ့မောင်ကိုလည်း ချစ်လို့ပေါ့၊ နို့မို့ဆို မင်္ဂလာဆောင်တောင် ပျက်မယ်"

"ငါလည်း ကြားစက စိတ်ပူသွားသေးတယ်၊ ဒါပေမဲ့ နင် ပြောသလိုပဲ နန္ဒာက တော်ရှာပါတယ်လေ၊ ညီညီ့ကို အတော်နားလည်ပေးတယ်"

"အမယ်လေး၊ ယောကျ်ားတစ်ယောက် လက်ထပ်ဖို့ ဆုံးဖြတ်ပြီဆိုရင်လေ နံပါတ် တစ် က အဲဒီမိန်းမ သူ့အပေါ် ဘယ်လောက် နားလည်မလဲ သူ့ကို ဘယ်လောက် သည်းခံမလဲနဲ့ ဆုံးဖြတ်တာပဲ မွန်မွန်ရေ"

"အတွေ့အကြုံတွေပေါ့လေ၊ ဟုတ်လား"

အန်တီသီဂီက တဟားဟား ရယ်ပါသည်။

မေမေလည်း တစ်ချက်မျှ ရယ်လိုက်သည်။ လင်း၏ ဆံပင်လေးကို သပ်မြဲတိုင်း သပ်လျက်။ နဖူးလေးကိုပင် ငုံ့နမ်းလိုက်သည်။

"သမီးလေး အိပ်ချင်ပြီလား"

www.nyisay.com



''ဟင့်အင်း မအိပ်ချင်ပါဘူး၊ မနက်ဖြန် ကျောင်းပိတ်တာပဲဟာ၊ ဩော်- မေမေ မနက်ဖြန်ကျရင်လေ မမနန္ဒာက လှည်းတန်းမှာ ဆံထုံး အစမ်းထုံးမှာတဲ့၊ အဲဒါ လင်း လိုက်ကြည့်ချင်လို့''

''သူတို့ လာခေါ်မှာလား''

''ခေါ်မှာတဲ့ မေမေ''

''လိုက်သွားပေါ့ သမီးရဲ့၊ မေမေလည်း အန်တီသိင်္ဂီကို ဘုရားလိုက် ပို့လိုက်ဦးမယ်''

လင်းသည် ငယ်ဘဝအကြောင်း၊ သူငယ်ချင်းများအကြောင်း မေမေ တို့ စကားဆက်နေကြသည်ကို စိတ်မဝင်စားနိုင်တော့။ မမနန္ဒာနှင့် မင်္ဂလာပွဲ အကြောင်းသာ တွေးနေသည်။ ထုံးစံအတိုင်း မျက်နှာကြက်ကို ငေးလျက်၊ စိတ်ကူးနှင့် အရုပ်ပုံများ မြင်လျက်။

မမနန္ဒာ၏ မင်္ဂလာဝတ်စုံမှာ မြန်မာဝတ်စုံ ဖြစ်သည်။ ပန်းနုရောင် ဖြစ်သည်။ ချိတ်ထဘီက ဖြတ်စကိုပင် ရင်ခံပုံစံထားကာ အရောင်အသွေးတူ အစနှင့် လက်ရှည်ချုပ်ထားသည်။ သွယ်နွဲ့သော မမနန္ဒာ၏ ခန္ဓာကိုယ်ပေါ်တွင် ပန်းသွေးနု မင်္ဂလာဝတ်စုံလေး ချပ်ချပ်ရပ်ရပ် လှလှပပဖြစ်အောင် ချုပ်ပေးသူမှာ မေမေကိုယ်တိုင် ဖြစ်ပါသည်။

သတို့သမီးအတွက် မင်္ဂလာဝတ်စုံကို မေမေ ချုပ်မည်ဆိုတော့ ဦးဦး ရော မမနန္ဒာပါ အားနာကြသည်။ သို့သော် မေမေက လက်ဖွဲ့ပါရစေတဲ့။ အတန်တန် တောင်းဆိုသည့် အဆုံးတော့ သူတို့ လက်လျှော့ကြသည်။ မေမေ့ အစီအမံကို လက်ခံကြသည်။ ဝတ်စုံဝယ်တော့ မေမေ မလိုက်ပေ။ ဦးဦးတို့ နှစ်ယောက်ပင် စိတ်ကြိုက်တိုင်ပင်ကာ ဝယ်လာကြသည်။ မေမေကတော့ ဖြတ်ရမည့် အင်္ကျီပိတ်စ ပမာဏကိုသာ ပြောလိုက်ရုံ။

ပြီးခဲ့သည့် လဆန်းပိုင်းတွင် ဝတ်စုံကို မေမေ စချုပ်တော့သည်။ အရင့်အရင် ချုပ်နေကျနှင့် မတူဘဲ မင်္ဂလာဝတ်စုံမို့ စိတ်ရှည်လက်ရှည် ရှိလှ သည်။ ချုပ်နေလက်စတွင် ဘေးဘီသို့ တစ်ချက်ပင် အာရုံမလွှင့်။ မေမေ့ မျက်လုံးသည် ပိတ်စပေါ်တွင်သာ။ မေမေ့နှလုံးသားသည် ပိတ်စပေါ်တွင်သာ။

တစ်ရက်မှာတော့ လင်းနှင့် မမအုံ ကျောင်းက ပြန်ခိုက် ချုပ်ပြီးသော အင်္ကျီကို နံရံတွင် ချိတ်နှင့် ချိတ်ကာ အဝေးကြည့်၊ အနီးကြည့် ကြည့်နေသော

www.nyisay.com



မေမေ့ကို တွေ့ရသည်။ ကြားနေကျ သီချင်းတို့၏ အသံမှာ ငြေ့ခန်းကို လွှမ်းခြုံထားသည်။

မေမေသည် ခြေသံ ကြားသော် ဖျတ်ခနဲ လှည့်ကြည့်သည်။ လင်းတို့ကို မြင်လျှင် မေမေ ပြုံးလိုက်သည်။ မမအုံရော လင်းပါ အင်္ကျီအနီးသို့ အပြေးအလွှား ရောက်သည်။ 'လှလိုက်တာ'ဟု နှစ်ဦးသား အခါခါ ဆိုကြရသည်။ အင်္ကျီလေးသည် မေမေ့စိတ်အာရုံတစ်ခုလုံး နှစ်မြုပ် ပုံချကာ ချုပ်လုပ်သည့်ပမာ သပ်ရပ်လှပလျက် ရှိလေသည်။

နောက်ရက်များတွင်တော့ မေမေသည် မမအုံအတွက် ဝတ်စုံတစ်စုံ ချုပ်သည်။ လင်းအတွက် တစ်စုံ ချုပ်သည်။ သူကိုယ်တိုင်အတွက် တစ်စုံချုပ်သည်။ ဖေဖေ့အတွက် ပုဆိုးအသစ် ချုပ်သည်။

လင်းသည် အမျိုးအဆွေ အရင်းအချာတို့၏ မင်္ဂလာပွဲကို မကြုံဖူးသေးသူမို့ ဦးဦးတို့ မင်္ဂလာပွဲအတွက် ဟန်မဆောင်နိုင်အောင်ပင် ရွှင်လျက်ရှိသည်။ သင်တန်းများ ဆက်တိုက် တက်နေတာကြောင့် အိမ်အလာကြဲသွားသော ဦးဦးသည် လက်ထပ်တော့မည့် သုံး၊ လေးလအတွင်းမှာတော့ မမနန္ဒာကိုပါ ခေါ်ကာ မကြာမကြာ ရောက်လာတတ်သည်။ သူတို့တွင် တိုင်ပင်စရာ လူကြီးသူမ နီးနီးနားနား မရှိ။ ဖေဖေ၊ မေမေတို့ထံသာ ရောက်ရောက်လာကြသည်။

ရောက်လာတိုင်းလည်း လင်းသည် သူတို့အနီးက မခွာ။ မင်္ဂလာပွဲ အကြောင်း တောင်စဉ်ရေမရ မေးမြန်းတတ်လေသည်။

"တခမ်းတနား ပွဲထွက်တာတွေဘာတွေ မပါလို့ပေါ့ကွာ၊ နို့မို့ဆို လင်းကို ပန်းကြဲခိုင်းမှာ"

"ခုလည်း ကြဲလို့ ရပါတယ် ဦးဦးရဲ့၊ ဦးဦးတို့ ဒီအတိုင်း ငြေ့ခံရင် လင်းက အဲဒီ စားပွဲတွေပေါ်ကို ပန်းကြဲပေးမှာပေါ့"

"ကောင်းရော"ဟု ဦးဦး ရယ်သည်။

မမနန္ဒာက ဆံပင်အကောက်ကို ဖြောင့်လိုက်ပြီ။ ပို၍ပင် လှသွားသေးသည်။ မျက်နှာကိုလည်း ပေါင်းတင်ထားသည် ဆိုပါသည်။ ပေါင်းတင်တယ် ဆိုတာ လင်း မသိတတ်သေး။ မျက်နှာကို မေမေ ကြက်ဥ ပေါင်းသလို ရေနွေးထဲ ထည့်ပေါင်းတာ ဖြစ်မှာပဲဟု ထင်နေသည်။ မင်္ဂလာပွဲပြီးမှ စပ်စုဦးမည်ဟု တေးထားပါသည်။

www.nyisay.com



မင်္ဂလာဝတ်စုံ အပြည့်အစုံ ချုပ်လုပ်ပြီးနောက် နှစ်ရက်အကြာ မမနန္ဒာ ရောက်လာပြန်တော့ မေမေက ဝတ်စုံအစမ်းဝတ်ကြည့်စေသည်။ ဝတ်စုံသည် မမနန္ဒာ၏ ခန္ဓာကိုယ်တွင် ရှုမဆုံးအောင် လှလျက်။ ဆိုင်က ဝယ်လာသော ပဝါကိုပင် ပုလဲလုံးလေးများနှင့် မေမေ အလှဆင်ပေးထားသည်။

'လှလိုက်တာ မမမွန်ရယ်'ဟု မမနန္ဒာက အထပ်ထပ် ရေရွတ်သည်။ စက်ခုံဘေးတွင် ထောင်ပေးထားသော မှန်ချပ်ဝယ် ရှေ့ကြည့်၊ နောက်ကြည့် လှည့်ပတ်ကြည့်နေသည်။

ဦးဦးသည် မလှမ်းမကမ်းတွင် ရပ်ကာ မမနန္ဒာအား ငေးလျက်၊ ပြုံးလျက်။ သူ့လိုပင် မမနန္ဒာအား ငေးနေသော မေမေ့ဘက်သို့ လှည့်ကာ စကားဆိုရန် ပြင်လိုက်သည်။ သို့သော် ဦးဦး မပြောမီမှာပင် မေမေက စကား စလိုက်ပါသည်။

''ကျေးဇူးတင်တယ် ပြောမလို့လား ညီညီ၊ မပြောပါနဲ့လေ၊ မင်းတို့ အတွက် မမမွန် ကူညီနိုင်တာ လုပ်ပေးနိုင်တာ ဘာပဲရှိရှိ လုပ်ပေးလိုက်ချင်တာ ပါ၊ အခုလို အဆင်ပြေသွားတာ မြင်ရရင်ပဲ ဝမ်းသာလှပြီ''

ဦးဦးသည် ဘာစကားဆက်ရမည်မသိသလို ခဏမျှ ငေးနေသည်။ မေမေ့ကို ငေးနေသည်။ သည်အခိုက် မမနန္ဒာ လှမ်းခေါ်၍ အနီးသို့ ဦးဦး လျှောက်သွားသည်။

မေမေသည် စောစောက နေရာတွင်ပင် ရပ်ကာ ဦးဦးနှင့် မမနန္ဒာကို အပြုံးမျက်နှာနှင့် ငေးမြဲငေးလျက် ရှိလေသည်။

*

နောင် ကြီးပြင်းလာသည့်အခါ အခြား အခြားသော အပျိုမလေးများ လို လက်ထပ်မင်္ဂလာပွဲကို ဘယ်သို့ ခမ်းနားအောင် လုပ်လိုက်မည်ဟု စိတ်ကူး မယဉ်တတ်သော လင်းမြရည်လွင် ဖြစ်လာခဲ့သည်မှာ ငယ်ရွယ်စဉ် ကြုံခဲ့ရသည့် ဦးဦးတို့ မင်္ဂလာပွဲကြောင့် ဖြစ်ပေမည်။

လင်းသည် ရန်ကုန်ရောက်ကတည်းက မေမေနှင့် မင်္ဂလာပွဲ သုံး၊ လေးပွဲမျှ ရောက်ဖူးသည်။ စိန်ရောင် ရွှေရောင်လက်ပသော ထိုမင်္ဂလာပွဲတို့သည် ကလေးတစ်ယောက်ကို စိတ်ကျဉ်းကျပ်မှုသာ ပေး၏။ မေမေ့ကို ကြည့်တော့

www.nyisay.com



လည်း အိမ်မှာ မြင်တွေ့ရသလို သက်သောင့်သက်သာ ရှိမနေ။ နာရီပိုင်းမျှ အချိန်အတွင်း သတို့သား၊ သတို့သမီးသည်လည်း ခပ်သုတ်သုတ် ဧည့်ခံရကာ ပရိသတ်တို့မှာလည်း ခပ်သုတ်သုတ် ချီးမြှောက်လျက် ပြန်ကြရသည်။ မင်္ဂလာပွဲကပေးသည့် ပျော်ရွှင်မှုကို လင်း ရှာမတွေ့။ အဝတ်အစားအသစ်နှင့် မေမေ လိမ်းခြယ်ပေးသော မိတ်ကပ်၊ နှုတ်ခမ်းနီများသာ ပျော်ရွှင်မှုဖြစ်ပုံရသည်။

ဦးဦးတို့ မင်္ဂလာပွဲကား ထိုသို့ မဟုတ်ပြီ။

ခန်းမကျယ်တွင် စားပွဲဝိုင်းတို့သည် ပုပုဝပ်ဝပ်လေးများ ဖြစ်သည်။ ဧည့်ပရိသတ်သည် ကောဇောခင်းသော ကြမ်းပေါ်မှာ ထိုင်ကြရသည်။ ထောပတ်ထမင်းနှင့် ကြက်သား၊ ဆိတ်သားဟင်း၊ အချဉ်ရည်ဟင်း စသည်ဖြင့် ကျွေးမွေးသည်။ ရေခဲမုန့် ပါသည်။ သီချင်းသံ ခပ်တိုးတိုးသာ ဖွင့်ထားသည်။ ခန်းမသည် စကားသံ၊ ရယ်သံများဖြင့် ညံလျက်ရှိပေသည်။

ဧည့်ခံချိန် နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီ ဆိုသည့်အတိုင်း ဧည့်ပရိသတ်သည် နံနက် ၉ နာရီသာသာကတည်းက တဖွဲဖွဲ ရောက်လာကြသည်။ များသောအားဖြင့် ဦးဦးနှင့် မမနန္ဒာ၏ သူငယ်ချင်းများ။ လုပ်ဖော်ကိုင်ဖက်များ ပါသလို သင်တန်းများက သူငယ်ချင်းများလည်း ပါပေသည်။

ပွဲထွက်ခြင်း၊ ဩဘာစာဖတ်ခြင်း စသည်တို့အတွက် အချိန်သီးသန့်ယူထားသော မင်္ဂလာပွဲများလို သုတ်သုတ်စား၊ သုတ်သုတ် ပြန်ရန် မလို၍ ခပ်အေးအေးပင် စကားဆို ရယ်မောကာ စားသောက်ကာ ရှိကြသည်။ စားသောက်ပြီးလည်းပဲ ဝိုင်းက တော်တော်နှင့် မခွာ။ သတို့သား၊ သတို့သမီးကို စနောက်မဆုံး ရှိကြပြန်သည်။ ဧည့်သည် ထပ်တိုးလာလျှင်တော့ ဝိုင်းမှ ခွာသည်။ ကော်ဇော နေရာလွတ်တွင် ရေနွေးကြမ်း၊ အချိုပွဲတို့ အလယ်ချကာ ဝိုင်းဖွဲ့ကြပြန်သည်။

လင်းသည် ဦးဦးနှင့် မမနန္ဒာ၏ ပျော်ရွှင်တတ်သော သူငယ်ချင်းများကို သဘောကျမဆုံး။ အချို့မှာ နံနက်စောစော ဘုန်းကြီး ဆွမ်းကပ်ချိန်ကတည်းက ရှိကြသည်။ မမနန္ဒာ မိတ်ကပ်လိမ်းကတည်းက ရောက်နှင့်နေသော မိန်းကလေးသူငယ်ချင်းများလည်း ရှိသေးသည်။

မမနန္ဒာသည် ဝတ်စုံ အစမ်းဝတ်သည့်နေ့ကထက် ပို၍ လှပလျက်ရှိသည်။ မျက်နှာမှာ ပန်းသွေးရောင် တောက်လျက်။ မျက်တောင်ကော့များဝန်းရံသည့် မမနန္ဒာ၏ မျက်ဝန်းမှာလည်း တလက်လက် တောက်ပလျက်။

www.nyisay.com



နှုတ်ခမ်းထက်တွင်တော့ အပြုံးလှလှ ခိုချိတ်လျက်။ ပဝါစုံချကာ လက်ကိုင်ပန်းကိုင်ကာ မင်္ဂလာပွဲထဲ ဟိုဟိုသည်သည် ဧည့်ခံသော သတို့သမီးလေးကို မြင်ရသည်မှာ အိပ်မက်နှင့်ပင် တူသည်။

ဦးဦးသည်လည်း လင်းတွေ့နေကျ ဦးဦးနှင့်မတူချေ။ မျက်နှာမှာ မိတ်ကပ်နည်းနည်းဖို့ပေးထားသည်ဟု နောင်တော့ သိရသည်။ ပန်းနုရောင် ပိုးပုဆိုး၊ ပန်းရောင်ပြေးသည့် တိုက်ပုံတို့ဆင်ထားသည့် ဦးဦးမှာ အတော်ပင်ကြည့်ကောင်းလှသည်။ ရှပ်အင်္ကျီနှင့် ပုဆိုး၊ သို့မဟုတ် ဂျင်းဘောင်းဘီနှင့် တီရှပ်နှင့် မြင်နေရသော ဦးဦးထက် သတို့သားဦးဦးက ပို၍ပင် ချောမောနေသည်။ မျက်နှာမှာလည်း ရွှင်ပြုံးလျက် ရှိလေသည်။

လင်းတို့မိသားစုသည် အန်တီသီဂိုလိုပင် ပွဲရှင်များဖြစ်နေကာ ဟိုဟိုသည်သည် လိုသမျှ နေရာတိုင်း ဝင်ပါရသည်။ အထူးသဖြင့် အန်တီသီဂီနှင့် မေမေ။ ဖေဖေကတော့ နှုတ်နည်းသူဖြစ်ရာ ဧည့်ခံရေးကိစ္စနှင့် သိပ်အကျွမ်းမဝင်။ မင်္ဂလာပွဲအတွက် မုံရွာမှ ရောက်လာကြသော မမနန္ဒာ၏မိဘများနှင့်သာ စကားလက်ဆုံကျနေပေသည်။

လင်းသည် မေမေတို့နှင့်အတူ ဆွမ်းကပ်ချိန်အမီ လိုက်လာရတော့ မျက်လုံးလေး ကျိန်းစပ်လျက်။ သို့သော် ပျော်နေ၍ပင် မေ့နေသည်။ မင်္ဂလာပွဲထဲ ဟိုစပ်စပ် သည်စပ်စပ် ပါနေပေသည်။ မမအုံကမူ လင်းကိုလည်း ဂရုတစိုက်ကြည့်ရသလို ဘယ်ဝိုင်းက ဘာလိုသနည်း စသဖြင့်လည်း သတိထားကြည့်နေရပြန်သည်။

ဟိုလျှောက်လျှောက် သည်လျှောက်လျှောက်လုပ်ရတာ မောလာလျှင် ခန်းမထောင့်က နံရံလေးကို မှီကာ လင်း ငြိမ်နေသည်။ မျက်လုံးအကြည့်ကတော့ ခန်းမထဲ ရွေ့နေသည်။ ဖွန်းသံ၊ ပန်းကန်သံ၊ စကားသံ၊ ရယ်သံများ..။

ဟော..ဟိုမှာ မေမေနဲ့ မမနန္ဒာ..။

မမနန္ဒာတစ်ယောက် ပဝါမှာ ချိတ်ထားသော တွယ်ချိတ်ပဲ ပြုတ်လေသလား။ ပဝါကို ပြင်ရုံကာ မေမေ ချိတ်ပေးဖို့ ကြိုးစားနေတာ မြင်ရသည်။ ပန်းနုရောင်အနီးက နီညိုရောင်..။

သည်နေ့ မေမေ့ဝတ်စုံမှာ နီညိုရောင်ဖြစ်သည်။ မေမေ့အကြိုက်ဆုံးအရောင်ပေ။ ချိတ်နီညိုရောင်၊ အပေါ်ကတော့ နီညိုဖြောင် ရင်ဖုံးနှင့်။ ဆံပင်ကို နောက်တွဲဆံထုံးထုံးထားသည်။ ပန်းတစ်ပွင့်ပင် ပန်မထားပေ။ ဆံပင်တစ်စ

www.nyisay.com



မကျအောင် ပြောင်ရှင်းနေသော နဖူးလေးထက် အနီးကပ် ကြည့်လျှင်တော့ စို့နေသော ချွေးများကို တွေ့ကောင်းတွေ့ရမည်။ စိတ်ရော ကိုယ်ပါ နှစ်၍ ကူညီသော မင်္ဂလာပွဲတွင် မေမေ ပင်ပန်းလိမ့်မည်။ 'မနေ့ညက မမကြီး မအိပ်ဘူးတဲ့' ဟု မနက်ခင်းကတင် မမအုံ ပြောပြသည်။ သို့သော် မေမေ့မျက်နှာမှာ အနည်းငယ် နွမ်းသည်မှအပ အပြုံးတော့ မပျက်။ မေမေ့အပြုံးနုနုမှာ ပင်ကိုလှသော၊ ကျက်သရေတင့်သော မျက်နှာကို ပို၍ပင် ပြည့်စုံစေသည်။

မမနန္ဒာသည် မေမေ့ကို တစ်စုံတစ်ခုပြောကာ ရယ်ကာ အနီးက ခွာသည်။ မေမေသည် ရယ်လျက် ကျန်ရစ်သည်။ မမနန္ဒာ၏ နောက်ကျောကို အပြုံးနှင့် ငေးနေသည်။

ပန်းသွေးနု သတို့သမီးလေးသည် ခန်းမထဲ ပဝါစလေး တလွင့်လွင့်နှင့် တရွေ့ရွေ့ လျှောက်ကာ သတို့သားအနီးသို့ တိုးကပ်သွားသည်။ နောက်ဘာကပ်ပြောလိုက်သည်မသိ။ နှစ်ဦးသား ရယ်လိုက်သည်။ ဦးဦး၏ ပခုံးကို မမနန္ဒာက လက်ကလေးဖြင့် ထိခတ်လိုက်သည်။ ဦးဦးသည် မမနန္ဒာ၏ လက်ကို ဖမ်းဆုပ်လိုက်ပါသည်။

ဒါကိုပင် သူငယ်ချင်းဝိုင်းက လှမ်းမြင်ကာ 'ကောင်မလေးကို လွှတ်လိုက်'ဟု နောက်လိုက်သည်။ ရယ်သံသည် လှုံလျက်နေ၏။ လင်း၏ အနီးသို့လည်း ပျံ့လွင့်လာသည်။ ချစ်ခင်စိတ်က လှိုက်ခတ်သော အပျော်များနှင့်ပင် ပြုံးရယ်မိသည်။ ရယ်လျက်ပင် မေမေ့ကို လှမ်းကြည့်မိသည်။

မေမေသည် ရယ်နေသူများထံ အပြုံးနှင့်ပင် ငေးနေဆဲ။ သက်ပြင်းလည်း ချလိုက်သေးသလို ထင်သည်။ မေမေ ပင်ပန်းနေပြီလား··။

လင်း၏ မျက်ဝန်းသည် ခန်းမတစ်လျှောက် ရွေ့ပြန့်သည်။ တစ်နေရာတွင် ရပ်သည်။ ဖေဖေ··။

ဖေဖေသည် မေမေ့ကို ငေးနေ၏။ ဖေဖေ့မျက်ဝန်းများကို အနီးကပ် မမြင်ရ၍ ဘယ်သို့သော မျက်ဝန်းနည်း လင်း မဝေခွဲတတ်။ ဖေဖေ့မျက်နှာမှာတော့ ငြိမ်၍ နေသည်။

*

လင်းသည် ရွှေဆွဲကြိုးလေးကို ခပ်ဖွက်ဖွက်ကိုင်ကာ မမအုံကို တီးတိုးခေါ်သည်။ နောက် အိပ်ခန်းအတွင်းသို့ လှမ်းဝင်လိုက်ပါသည်။

www.nyisay.com



အိပ်ခန်းသည် ပန်းနုရောင် လွှမ်းလျက်ရှိသည်။ ဇာခြင်ထောင်သစ်၊ မွေ့ရာ၊ အိပ်ရာခင်းသစ်၊ ခေါင်းအုံးသစ်..။ အားလုံး၏ အရောင်မှာ ပန်းနုရောင် ဖြစ်သည်။

လင်းသည် အိပ်ခန်းတွင်း လှစ်ခနဲ ဝင်ပြီးခါမှ အပြင်ခန်းသို့ ကဲ ကြည့်လိုက်သည်။ လက်ဖွဲ့ပစ္စည်းများကို လူကြီးများ တစ်ယောက်တစ်လက် သယ်ကာ အပြင်ခန်းမှာ နေရာချနေဆဲ။ နံရံထောင့်မှာ ကပ်စီလိုက်ဖို့၊ နောက် တော့မှသာ အေးအေးဆေးဆေး ဖောက်ကြဖို့ ဖေဖေက အကြံပေးသည်။

သည်လက်ဖွဲ့ထုပ်များကို မင်္ဂလာပွဲကျင်းပရာမှသည် ဦးဦးတို့ ငှားရမ်း နေထိုင်ရာ အိမ်လေးသို့ စောစောကပင် သယ်လာကြသည်။

အိမ်သည် လှည်းတန်းမှာ ရှိသည်။ အပေါ်ထပ်ကို လူငှားတင်ကာ အိမ်အောက်ထပ်မှာတော့ အိမ်ရှင်နေသည်။ မီးဖိုချောင်ကို မျှသုံးရမည်။ အိမ် အပေါ်ထပ်တစ်ထပ်လုံးသည် များစွာ မကျယ်ဝန်းသော်လည်း လက်ထပ်ပြီးစ ဇနီးမောင်နှံအတွက်မူ အဆင်ပြေသည်။ ဦးဦးတို့နှစ်ယောက်စလုံး အဆောင်က ပစ္စည်းများ ပြီးခဲ့သည့် နှစ်ရက်လောက်ကပင် ကြိုပြောင်းခဲ့ကြပြီ။

အိမ်အပေါ်ထပ်သို့ ဘေးလှေကားမှ တက်ကြရသည်။ အိပ်ခန်းတစ် ခန်းပါသည်။ နောက် အပြင်ခန်းဟု ခေါ်ရမည့် လှေကားက တက်တက်ချင်း တွေ့ရသည့် နေရာကျယ်ရှိသည်။ ထိုနေရာကို ဖယောင်းပုဆိုး ခင်းထားသည်။ ဖယောင်းပုဆိုးအပေါ်ကမှ သင်ဖြူးဖျာကြီး တစ်ချပ် ထပ်ခင်းထားပေးသည်။

ခုတော့ လက်ဖွဲ့ပစ္စည်းထုပ်တို့သည် အပြင်ခန်းတွင် နေရာယူလျက် ရှိသည်။ အဝါရောင်၊ ပန်းရောင်၊ ခရမ်းရောင်၊ ငွေရောင် စက္ကူအလှကပ်သည့် လက်ဖွဲ့ထုပ်များ။ ဖေဖေနှင့်မေမေကတော့ ငွေသားသာ လက်ဖွဲ့သည်။

''လင်း၊ ဟိုမှာ ဟိုမှာ မမနန္ဒာ ဝင်လာတော့မယ်''

မမအုံ သတိပေးသံ ကြားတော့မှ လက်ဖွဲ့ထုပ်များကို ငေးနေသော လင်း ရုတ်ခြည်း သတိကပ်သည်။ ဆွဲကြိုးကို ဆတ်ခနဲ ထုတ်လိုက်သည်။ ကြိုးတားရန်။ သည်ဆွဲကြိုးကို မေမေ့ထံက ခဏ တောင်းလာရသည်။ ဆွဲကြိုး ၏ ကြိုးတစ်စကို မမအုံသို့ ကမ်းပေးလိုက်ပါသည်။

မမနန္ဒာသည် အိပ်ခန်းဆီသို့ လျှောက်လာနေသည်။ ဆံထုံးမှ ပန်းများ ဖြုတ်ပြီးပြီ။ ဆံထုံးတော့ မဖြေသေး။ အဝတ်အစားလဲရန် ထလာခြင်း ဖြစ်ပုံရ ပါသည်။

www.nyisay.com



မမနန္ဒာ အခန်းဝရောက်သည်နှင့် လင်းက ဟီးခနဲ ရယ်ပြသည်။ မမနန္ဒာသည် ပထမတော့ အံ့အားသင့်နေကာ လင်းတို့အပြုအမူကို ရိပ်မိချိန်မှာတော့ သဘောတကျ ရယ်မောပါသည်။

''ကြည့်စမ်း၊ ဒါ ရွှေကြိုး ငွေကြိုး တားတယ်ပေါ့လေ''

''ဟုတ်တယ်..ဟိ၊ အဲဒီလို လုပ်ပြီး ခဲဖိုး တောင်းလို့ ရတယ်တဲ့ မမအုံ ပြောပြတာပဲ''

''အံမယ် ပြောရုံပဲ ပြောပြတဲ့ဟာ၊ လင်းပဲ လုပ်ချင်တယ်ဆို''

မမအုံက ကမန်းကတန်း ဖြေရှင်းချက်ပေးသည်။ အားနာပုံ၊ ရှက်နေပုံလည်း ရလေသည်။ လင်းကမူ မမအုံလိုမဟုတ်။ အပြုံးမပျက်။

မမနန္ဒာသည် ပြုံးလျက်ပင် ဦးဦးကို လှမ်းခေါ်သည်။ လူကြီးဝိုင်းမှ ဦးဦး ထလာသည်။ လူကြီးများက လှမ်းကြည့်နေကြပါသည်။

''ဒီမှာ ရွှေကြိုး ငွေကြိုး တားသတဲ့ ညီရဲ့''

ဦးဦးက တဟားဟား ရယ်မောလိုက်သည်။ လင်း၏ ခေါင်းကို ဆတ်ခနဲ ပုတ်လိုက်သည်။

''အံမယ် ဆိုးပေလေး၊ ခဲဖိုး ဘယ်လောက် ယူမလဲ ပြောစမ်း''

''ဦးဦး ပေးချင်သလောက် ပေးပါ ဟိ ဟိ''

''သမီးရယ် အားနာစရာ၊ မလုပ်ပါနဲ့ ပြောလည်း မရ''ဟု ဆိုကာ မေမေ ထလာပါသည်။ အန်တီသီဂီလည်း မေမေ့နောက်က ပါလာသည်။

အန်တီသီဂီသည် နောက်လေးရက်လောက်နေလျှင် ပြန်ရတော့မည်။ မပြန်ခင် ဦးဦးတို့ နေရေးထိုင်ရေး အသားကျစေရန် အစစ စီစဉ်ပေးခဲ့သည်။ မမနန္ဒာကိုလည်း ညီမလေးသဖွယ် ဂရုစိုက်သည်။ အရိပ်တကြည့်ကြည့် ရှိနေပါသည်။

''လုပ်ပါစေ မွန်မွန်ရဲ့၊ အပျော်ပဲဟာ၊ ကဲ- သမီးလေး၊ အန်တီသီ့ဂို ဆီက ယူနော် ရော့''

အန်တီသီဂီက ငွေနှစ်ထောင် ထုတ်ပေးပါသည်။ လင်းသည် ငွေကို ရုတ်တရက် လှမ်းမယူ။ မေမေ့ကို မော့ကြည့်သည်။ မုန့်ဖိုး လက်ထဲ ကိုင်သုံးသော ကလေးမျိုး မဟုတ်ရာ သည်ငွေပမာဏမှာ သူ့အတွက် အတော်များနေသည်။

''ယူပါ လင်းရဲ့''

www.nyisay.com



''ယူလိုက် သမီး··ခုမှ အမေကို ကြည့်နေတယ် ဟုတ်လား၊ ခုနက တော့ သူပဲ ဆွဲကြိုးအတင်း တောင်းပြီးတော့ ခဲဖိုးတောင်းမယ်လေး ဘာလေး နဲ့ ပြောမရ ဆိုမရ''

ငွေစက္ကူထံ လက်မလှမ်းသေးဘဲ လင်း တစ်ခဏ ငြိမ်နေဆဲ ဦးဦးတို့ သူငယ်ချင်းများ အနီးရောက်လာပါသည်။

''ဟော့- သမီးလေး၊ တို့ကိုလည်း ဝေစု ခွဲပေးပါလား့ကွယ်''

ဟု မမတစ်ယောက်က ခပ်နောက်နောက် ဆိုရာ အန်တီသီဂို့လက်ထဲ က ငွေစက္ကူကို လင်း သွက်သွက် လှမ်းယူလိုက်သည်။

လူကြီးများသည် လင်းကို ကြည့်ကာ ဝိုင်းရယ်နေကြပါသည်။ လင်း သည် လျှာတစ်လစ် ထုတ်ကာ ရယ်သည်။ ဆွဲကြိုးကို ရုပ်လိုက်သည်။ မမနန္ဒာ အခန်းထဲ ဝင်တော့ အနီးမှာ စပ်စုရန် ပြင်သည်။ သို့သော် မေမေက ခေါ်ထုတ် ပါသည်။

ခဏမျှနေလျှင်တော့ ဖေဖေက ပြန်ရန် လောဆော်ပြီ။ သူတို့ နားကြ ပါစေဦးတဲ့။ မမနန္ဒာ၏ မိဘများသည်လည်း အမျိုးအိမ်မှာ တည်းခိုမည်မို့ ပြန်မည် ပြင်သည်။ သူငယ်ချင်းတစ်သိုက်သာ တစ်ခဏ ကျန်ခဲ့ဦးမည်။

လင်းသည် ဦးဦးတို့အား နှုတ်ဆက်ရသည်။ မမနန္ဒာက လင်းကို တင်းတင်းဖက်ထားသည်။ မိတ်ကပ်နံ့ သင်းနေဆဲ ဖြစ်သော မမနန္ဒာ၏ ပါးပြင် ကို လင်း ရှုတ်ခနဲ နမ်းတော့ လူကြီးများက ဘာကြောင့်မှန်း မသိ၊ ဝိုင်းရယ်ကြ ပြန်သည်။

ရယ်သံ၊ နှုတ်ဆက်သံများကို ကျောခိုင်းကာ လင်းတို့ ပြန်ကြရသည်။ မြေပြင်သို့ ရောက်၍ လှည့်ကြည့်လျှင် လှေကားထိပ်မှာ ဦးဦးနှင့် မမနန္ဒာ ရပ်နေပုံကို မြင်ရသည်။ နှစ်ယောက်စလုံးသည် မင်္ဂလာဝတ်စုံနှင့် မဟုတ် တော့ပြီ။ ပေါ့ပေါ့ပါးပါး ဝတ်စုံများကို လဲထားခဲ့ပြီ။

ဦးဦးသည် လက်ကို ဝှေ့ယမ်း နှုတ်ဆက်နေသည်။

ပြုံးကာ ရယ်ကာ လက်ပြန်ပြနေသော လင်း၏ အမြင်၌ လွန်ခဲ့သော သုံးနှစ်ကျော်က လင်းတို့ခြံထဲသို့ ဦးဦး ပထမဆုံးအကြိမ် ရောက်လာပုံကိုလည်း ကောင်း၊ အိမ်သားများနှင့် တစ်သားတည်း ရှိလာပုံကို လည်းကောင်း၊ ဦးဦးနှင့် ခြေရာထပ်မျှ ရောက်ခဲ့ကြသော ရန်ကုန်တက္ကသိုလ် မြင်ကွင်းများကိုလည်း

www.nyisay.com



ကောင်း၊ ဦးဦး ရိုက်ကူးပေးခဲ့သော ဓာတ်ပုံများကို လည်းကောင်း ပြန်ပြောင်း သတိရနေသည်။

မင်္ဂလာပွဲတွင်တော့ ဦးဦးကိုယ်တိုင် ဓာတ်ပုံမရိုက်။ သူငယ်ချင်း တစ်ယောက်က တာဝန်ယူထားသည်။ မောင်နိုင်မင်းညီနှင့် မမေနန္ဒာ ဆိုသော နာမည်စာတန်းများကို နောက်ခံထားကာ မမနန္ဒာ၏ မိဘများ၊ အန်တီသီဂီ တို့နှင့်အတူ မိသားစု ဓာတ်ပုံရိုက်ကြသည်။ သူငယ်ချင်းများနှင့် ရိုက်သည်။ လင်းတို့မိသားစုနှင့်အတူ ရိုက်သည်။ လင်းနှင့် ဦးဦးတို့ချည်း သီးသန့်ရိုက်သည်။

နောက် ဖေဖေနှင့် မေမေ့ကို ခြံရံကာ ဦးဦးက အလယ်မှာ နေလျှက် ရိုက်ပြန်သည်။

ဓာတ်ပုံရိုက်သူက တစ်၊ နှစ်ဟု အချက်ပေးဆဲမှာပင် ဦးဦးက 'နေဦး နေဦး'ဟု ကားမြစ်ကာ ဖေဖေ့လက်ကိုရော မေမေ့လက်ကိုပါ တံတောင် ကွေးဖြင့် ချိတ်လိုက်သည်။

ပထမတော့ မေမေက အံ့အားသင့်ဟန်။ နောက်တော့ ပြုံးလိုက်၏။

ဖေဖေသည် သူ့ဘယ်လက်ပေါ်က ဦးဦး၏ လက်ကို ညာလက်နှင့် တစ်ဖန် အုပ်ကိုင်ထားသည်။ နှစ်နှစ်ခြိုက်ခြိုက် ပြုံးသည်။ ဓာတ်ပုံရိုက်သူက အချက်မပြမီ မေမေ့ဘက် တစ်ချက် ငဲ့ကြည့်သည်။ နောက် ကင်မရာဆီ အကြည့်ရွှေ့သည်။

မေမေကမူ ဘယ်သူ့ထံမျှ အကြည့်မရွှေ့ဘဲ ဦးဦး လှမ်းချိတ်ထား သော ညာဘက်လက်နှင့် လွတ်နေသော ဘယ်ဘက်လက်တို့ကို ခါးသာသာ နေရာ၌ လက်ဝါးချင်းအုပ်ထပ်ကာ ကင်မရာသို့သာ ပြုံးပြုံးလေး ကြည့်နေခဲ့ ပေသည်။

* * *

www.nyisay.com

ငယ်နုစဉ်က ပန်းချီဆရာ ဖြစ်ချင်ဖူးသော၊ တဖြည်းဖြည်း အရွယ်ရောက်သည့်အခါ စာဖတ်ခြင်းကို ပို၍ ခုံမင်လာသော လင်းသည် အသက် ၁၃ နှစ်အရွယ်တွင် ဒိုင်ယာရီ ရေးတတ်လာသည်။ ဒိုင်ယာရီ ရေးသောအလေ့သည် မေမေ့ထံက ကူးစက်တာ ဖြစ်ပုံရပေသည်။

အသက် ၁၃ နှစ်ပြည့်ခဲ့ပြီး ဖြစ်သော နွေဦးရာသီတွင် လင်း ဒိုင်ယာရီ စရေးပြီ။ စာအုပ်နှင့် စရေးသည်ဟု ပြောနိုင်သည်။ သည့်မတိုင်ခင်ကတော့ ဒိုင်ယာရီစာအုပ်နှင့် ဘာနှင့် သီးခြား မဟုတ်ဘဲ ဗလာစာအုပ်အဟောင်းထဲ စာတစ်ကြောင်းဖြင့် တစ်ကြောင်း၊ နှစ်ကြောင်းဖြင့် နှစ်ကြောင်း စသဖြင့် စိတ်ကူးတည့်ရာ ရေးပုံမျိုး ဖြစ်သည်။

ထိုထိုသော အကြမ်းရေးထားရာ စာကြောင်းလေးများကို ဒိုင်ယာရီ စရေးတတ်သည့် ၂၀၀၆ ခုနှစ် နွေကျောင်းပိတ်ရက်တွင် အညိုရောင်သားရေဖုံး စာအုပ်ထဲ အသေအချာ ကူးထည့်ရသည်။ ရောက်တတ်ရာရာ ရေးထားသော စာကြောင်းများကို ဖတ်ကာ ဆက်စပ်သော အတိတ်ကို ပြန်တွေးရသည်။

ဆယ်ကျော်သက်ရွယ် လင်း၏ မျက်လုံးထဲတွင် ကလေးအရွယ်မှသည် ဆယ်ကျော်သက်သို့ ကူးပြောင်းလုဆဲဆဲ စပ်ကူးမပ်ကူးကာလမှ လင်းကို မြင်ရသည်။ ပတ်ဝန်းကျင်ကို မြင်ရသည်။

မေမေ့ကို မြင်ရလေသည်။

*

www.nyisay.com



**'...ဒီနေ့ မေမေ ငိုတယ်..မေမေ ငိုတာကို ငါ တစ်ခါမှမမြင်ဖူးဘူး.. သိပ်သနားစရာ ကောင်းတာပဲ..'**

ထိုနေ့က မေမေ့မျက်လုံးသည် မျက်ရည်များနှင့်ပိတ်ဖုံးလျက်ရှိသည်။ သို့သော် မျက်ရည်မကျ။ မျက်ရည်ပြည့်သော မျက်လုံးများနှင့်ပင် အန်တီသီဂီ့ကို ငေးနေသည်။ အန်တီသီဂီ ပြန်တော့မည်။ နောင် ဘယ်တော့ ပြန်လာမည် မပြောနိုင်ပါတဲ့။ မေမေတို့ သူငယ်ချင်းနှစ်ဦး ခွဲရပြန်တော့မည်။

ခရီးဆောင်အိတ်များသည် အိမ်ရှေ့ဧည့်ခန်းဝယ် အစီအရီ ချလျက်သား။ မကြာမီ လေဆိပ်သို့ဆင်းတော့မည်။ မေမေ့ကို အန်တီသီဂီက လေဆိပ်သို့ လိုက်ခွင့် မပြုချေ။ မေမေ ကျန်ခဲ့တာ မြင်ရလျှင် ငိုချင်မည်တဲ့။ သို့သော် အန်တီသီဂီ ငို၊ မငိုတော့ မသိ။ မေမေ ငိုတော့မည်။

လင်းသည် မေမေ့မျက်နှာကို မော့ငေးနေသည်။ သည်ရက်များထဲ ပင်ပန်း၍ ထင်သည်။ မေမေ့မျက်နှာ ချောင်ကျသွားသည်။ မင်္ဂလာပွဲပြီးတော့လည်း မနားရ။ အန်တီသီဂီ သွားရာနောက် တကောက်ကောက် လိုက်ရသည်။ အန်တီသီဂီ့အတွက် ထည့်ပေးလိုက်ချင်သော လက်ဆောင်များလည်း စီစဉ်ရသည်။ မေမေသည် လူလည်း မအား၊ စိတ်လည်း အားပုံမရ။

ခုတော့ သူ ချစ်သော သူငယ်ချင်းကို မျက်ရည်ဝဲနေသော မျက်ဝန်းများနှင့် နှုတ်ဆက်နေပြီ။

အန်တီသီဂီသည် မေမေ့လက်ဖျားလေးကို ဆုပ်ကိုင်လိုက်ပါသည်။

''ကဲ- ငါ သွားမယ် မွန်မွန်ရယ်၊ ကျန်းမာရေးလည်း ဂရုစိုက် သိလား''

''အေးပါ၊ စိတ်ချပါ၊ နင်လည်း ဂရုစိုက်''

မေမေ့အသံမှာ တိုးသဲ့သဲ့။ အန်တီသီဂီ့ကို ကြည့်ရာက ခေါင်း ငုံ့ချလိုက်သည်။ သက်ပြင်းတစ်ချက်ရှိုက်လိုက်သည်။ မျက်ရည်ဝဲမြဲ။ သို့သော် မျက်ရည်မကျသေး။ ခရီးဆောင်အိတ်များကို သယ်ရန် ပြင်လိုက်ပါသည်။

''ရတယ် မမမွန်၊ ကျွန်တော် သယ်ခဲ့မယ်''ဟု ဦးဦးက ဆိုသည်။ ပြောလက်စနှင့်ပင် ခရီးဆောင်အိတ်ကို ဦးဦးက သယ်ထုတ်တော့သည်။ နောက်တစ်အိတ်ကိုတော့ မမနန္ဒာက သယ်ပါသည်။ ဦးဦး ငှားလာသော ကားမှာ ခြံအပြင်တွင် စောင့်စားလျက် ရှိပြီ။

အန်တီသီဂီသည် မေမေ့ကို သိုင်းဖက်လိုက်ပါသည်။ မေမေ့ကျောပြင်ကို တစ်ချက် ပုတ်လိုက်သည်။ နောက် လူချင်းခွာကာ 'သွားမယ်ဟာ' ဟု ထပ်ဆိုလိုက်သည်။

www.nyisay.com



''ဦးမျိုးလွင်ကို ငါ နှုတ်ဆက်သွားတယ် ပြောပေး၊ သမီး လင်းရေ၊ အန်တီ သွားတော့မယ်နော်၊ မေမေ့ကို ဂရုစိုက်နော်၊ အပ်ခဲ့မယ် သိလား''

လင်းနှင့် မေမေသည် အန်တီသီဂိုကို ခြံဝသို့ လိုက်ပို့ပါသည်။ ခြံအဝင် မြေနီလမ်းသွယ်လေးသည် သူ့မြေပေါ် တစ်ပတ်တာ လျှောက်လှမ်းခဲ့ဖူးသူကို နှုတ်ဆက်ရပြီ။ အသင့်လှပ်ဖွင့်ထားသော သံပန်းတံခါးမှ အန်တီသီဂီ ထွက်သည်။ ကားခေါင်းခန်းတွင် ဦးဦးက နေရာယူထားသည်။ ကားနောက်ခန်းမှာတော့ တံခါးတစ်ချပ် ဟလျက်။ နေရာလွတ်၏ တစ်ဖက်မှာတော့ မမနန္ဒာ··။

''လင်းရေ၊ မမပွန်ရေ၊ နောက်မှ လာခဲ့မယ်နော်''

ဟု မမနန္ဒာက နှုတ်ဆက်နေသည်။

အန်တီသီဂီသည် ကားပေါ်တက်ပြီး တံခါးပိတ်ပြီးလျှင် ခေါင်းထုတ်ကာ လက်ပြနေသည်။ မေမေ့လို ပြုံးပြုံးအေးအေး လက်မပြနိုင်ဘဲ ခုန်ပေါက်ကာ လင်း လက်ပြပါသည်။ ကားက ဘီးစလိမ့်သည်။ နောက် တရိပ်ရိပ် ဝေးသည်။

ခြံတံခါးကို စေ့ပိတ်ကာ အိမ်ဘက်ဆီသို့ လင်းတို့ လျှောက်လာကြသည်။ တိတ်ဆိတ်မြဲ မေမေ··။ လင်းသည် မေမေ့ငြိမ်သက်မှုက ကူးစက်သည်လား မသိဘဲ ဝမ်းနည်းလာသည်။ တစ်ပတ်လုံးလုံး အိမ်မှာ အတူရှိခဲ့သော အန်တီသီဂိုကို ခွဲခွာရပြီ။ ခုလိုကျတော့လည်း လွမ်းသားပဲ။

ဖိနပ်ချွတ်က လှမ်းတက်ပြီးသည်နှင့် မေမေသည် ဧည့်ခန်းကို ဖြတ်သည်။ ထမင်းစားခန်းဘက်သို့ သွားသည်။ စက်ခုံမှာ ထိုင်ချလိုက်သည်။ မေမေ စက်ချုပ်မလို့လား။

သို့သော် စက်ခေါင်းကို ဖုံးထားသည့် သစ်သားအဖုံးကို မဖွင့်ဘဲ ထိုအဖုံးပေါ်တွင်ပင် မေမေ မှောက်ချလိုက်ပါသည်။ မေမေ့ကျောပြင်သည် တသိမ့်သိမ့်ခါလျက်။ သို့သော် အသံမထွက်။

မေမေ ငိုနေပြီ··။

လင်းသည် ရေချိုးခန်းက ထွက်လာသော မမအုံ၏ အံ့ဩသံနှင့် ခပ်ကျိတ်ကျိတ် မေးခွန်းကို မဖြေနိုင်။ မေမေ့ကျောပြင်ကိုသာ ငေးနေသည်။ ငိုနေသော မေမေ့ကို ချော့မော့လိုသည်။ မေမေ သည်မျှ ရှိုက်ငင်ငိုကြွေးပုံအား တစ်ကြိမ်ပင် မမြင်ဖူး။ ထူးအိမ်သင် ကွယ်လွန်ကြောင်း သတင်းကြားရတုန်းက

www.nyisay.com



မျက်ရည်ဝဲကာ မျက်ရည်ပေါက်အချို့ တလိမ့်လိမ့်ကျကာ အတန်ကြာ ငြိမ်သက်နေခဲ့တာ မှတ်မိသည်။ ခုလို ရှိုက်ကြီးတငင်တော့ မဟုတ်။

လှိုက်ခါနေသော မေမေ့ခန္ဓာသည် ဝမ်းနည်းမှုမှန်သမျှကို မျက်ရည်နှင့် အပြီးတိုင် သွန်ချနေသလို။ လင်း ဘယ်လို ချော့ရမလဲ။

ထိုခဏတော့ မေမေ့ကို ချော့ဖို့ နေနေသာသာ လင်းကိုယ်တိုင်ပင် မျက်ရည်ဝဲလာခဲ့လေသည်။

*

'...ကျောင်းထဲ မရောက်တာ ဘယ်လောက် ကြာပြီလဲတောင် မသိတော့ဘူး... ဒီနေ့တော့ မေမေနဲ့ ကျောင်းထဲ ရောက်တယ်လေ...'

လင်းသည် အဓိပတိလမ်းမကြီးအတိုင်း လျှောက်ဝင်လာသည်။ မေမေ့လက်ကို တွဲထားသည်။ ညာဘက် ပလက်ဖောင်းအတိုင်း လျှောက်လာသည်။ မေမေသည် စကားများများစွာ မပြော။ လင်းကသာ တတွတ်တွတ် ပြောသူ။

တစ်နေ့ကပင် စာမေးပွဲပြီးခဲ့သော လင်းအတွက်တော့ မြင်မြင်သမျှသည် စကားလုပ် ပြောစရာတည်း။ စိတ်အစုံမှာ ပေါ့ပါး၍နေသည်။ တစ်နေ့လုံး စာကြည့်ရန် မလို။ အဲ··လုံးလုံးမကြည့်ရတာတော့လည်း မဟုတ်။ လင်းကို ဖေဖေ အင်္ဂလိပ်စာ သင်တော့မည်မို့ ပြေလဆန်းလျှင်ပင် စာအုပ်နှင့် မျက်နှာမခွာသလောက် ဖြစ်ရပေဦးမည်။

သို့သော် လင်း ပျော်ပါသည်။ ဖေဖေ စာသင်ပေးမည် ဆိုတာကိုပင် အဆန်းလုပ်ကာ ပျော်ရသည်။

ခုတစ်လော ဖေဖေ့အမူအရာအချို့မှာ ပြောင်းလဲဆန်းကြယ်လျက်။ လင်းကိုလည်း ပျော့ပျော့ပျောင်းပျောင်း ဆက်ဆံတတ်လာသည်။ မေမေ့ကို အရင်ကထက် ဂရုတစိုက် ရှိပုံပြသည်။ နူးညံ့သော စကားဆိုဟန်များ တွေ့ရသည်။ ရယ်ကာ မောကာ အတူရှိသည့် မိဘနှစ်ပါးကို အဝေးက ငေးရုံမျှနှင့်ပင် လင်း ကျေနပ်မဆုံး။ သူ တစ်သက်လုံး မျှော်လင့်ခဲ့တာ သည်လို မြင်ကွင်းမျိုးလေ။

စာမေးပွဲပြီးပြီ ဆိုသော စိတ်ပေါ့ပါးခြင်းကြောင့် လည်းကောင်း၊ အိမ်တွင် သာယာနေပျော်ဖွယ် ရှိလာခြင်းကြောင့် လည်းကောင်း လင်း၏ မျက်နှာပြင်မှာ နံနက်လင်းသည်နှင့် အပြုံးလှိုင်လျက်။ ဖေဖေ ကျောင်းသွားပြီ ဆိုသည်နှင့်

www.nyisay.com



လွတ်လပ်ရေးရသည့်ပမာ မေမေ ဖွင့်နေကျ ကက်ဆက်ကိုပင် ခပ်ကျယ်ကျယ် ဖွင့်လိုက်သေးသည်။ သီချင်းသံကို အလိုက်သင့် လိုက်ဆိုသည်။ ညှော်ခန်းမှာ တံမြက်စည်း ကောက်လှည်းသည်။ မမအုံမှာ ဆန်းပြားသော လင်းကို အံ့အား သင့်နေပေသည်။

တစ်နေ့ခင်းလုံး ရွှင်နေသော စိတ်သည် ညနေခင်း၌ 'ကျောင်းထဲ သွားရအောင် သမီးရယ် နော်'ဟု မေမေ ဆိုလိုက်သည့်အခါ အမြူးဆုံး ဖြစ်ရ သည်။ လင်း ကျောင်းထဲ မရောက်ဖြစ်တာ ကြာပြီ။ ဦးဦး မင်္ဂလာဆောင်ပြီး ကတည်းကပါပဲ။

ဦးဦးသည် အိမ်သို့ ပေါ်မလာတတ်တော့။ ကျောင်းထဲ သွားရန် မေမေ့ကိုလည်း အဖော်ညှိမရ။ မမအုံနှင့် နှစ်ယောက်တည်း ဆိုပြန်တော့ မေမေ မလွှတ်ချေ။ နောက်တော့လည်း မေ့မေ့ပျောက်ပျောက် ရှိကာ လင်း မပူဆာတတ်တော့။

ခုတော့ မေမေ ခေါ်တာကြောင့် ကျောင်းထဲ ရောက်ရပြီ။ မမအုံကို အိမ်စောင့်ထားကာ ညနေခင်းမှာပင် အိမ်က ထွက်လာကြသည်။

လင်းတို့ သားအမိသည် ပဲခူးဆောင်ကို ဖြတ်ခဲ့သည်။ ပင်းယဆောင် ကို ဖြတ်ခဲ့သည်။ ပလက်ဖောင်းထက် အေးအေးလူလူ လျှောက်လာခဲ့ကြသည်။ စစ်ကိုင်းဆောင်ကို ဖြတ်ပြီးလျှင်တော့ လင်း တုံ့ဆိုင်းရပ်လိုက်သည်။ မေမေက လင်းကို ငုံ့ကြည့်ပါသည်။

''ဂျပ်ဆင် သွားရအောင် မေမေ''

''စကားပင်နား အရင်သွားရင် မကောင်းဘူးလား''

''သွားမယ်လေ မေမေ၊ ပြီးရင် ဂျပ်ဆင် သွားမယ်၊ ပြီးတော့လေ လင်းတို့ ပြန်ရင် ဖေဖေ့ကို ဝင်ကြိုရအောင်''

''အလိုတော် ထူးထူးဆန်းဆန်းပါလား''

''နော် မေမေရယ်''

''သဘောလေ''

မေမေ ရယ်နေပါသည်။

စစ်ကိုင်းလမ်းကို ဖြတ်ကာ တစ်ဖက် ပလက်ဖောင်း ရောက်တော့ ပျဉ်းမပင်ကြီးကို လင်း မော့ကြည့်မော့ကြည့် လုပ်နေသည်။ လင်း သဘောကျ သော ခရမ်းရောင် ပျဉ်းမပွင့်တို့ မမြင်ရသေး။ ပျဉ်းမ၊ စိန်ပန်း၊ ငုတို့ အပြိုင်

www.nyisay.com



ပွင့်သော နွေကို အင်မတန် နှစ်လိုသည်။ နွေဦးပန်းပွင့်များထဲ ကံ့ကော်ကိုတော့ အနှစ်သက်ဆုံး ဖြစ်ရသည်။ သူသည် ရုပ်ရည်သာ မေမေနှင့် မတူသော်လည်း စိတ်နေသဘောထားကတော့ တစ်ထပ်တည်းနီးပါး တူခဲ့ပေသည်။

ခုလည်း မေမေသည် နွေဦးရွက်ကြွေတို့ တဖြုတ်ဖြုတ် လွင့်ပါးပုံကို ငေးနေသည်။ သစ်ရွက်ကြွေတို့သည် မြက်ပင်စပ်မှာ ချိတ်လျက်။ အချို့ကတော့ ပလက်ဖောင်းပေါ်မှာ ကြွေသက်လျက်။

မေမေ ဘာကိုများ တွေးနေသနည်း။ မော့ကြည့် မော့ကြည့် လုပ်ကာ ငေးရသော မေမေ့မျက်နှာသည် အခါများစွာကနယ် ငြိမ်လျက်။ မျက်နှာတော့ ပြည့်တင်းတင်း ဖြစ်လာပြီ။ နွမ်းနယ်ဟန် မတွေ့ရတော့။ နှုတ်ခမ်းကို ဆိုးဆေး မသိမသာ တင်ထားသည်။ ဆံပင်ကို တစ်ချောင်းတည်း ကျစ်ကာ ဘယ်ဘက်သို့ သိမ်းချထားသည်။ ထုံးစံအတိုင်း ချည်ထည်ဝတ်စုံပင် ဝတ်ထားသည်။ အရောင်မှာ မိုးပြာရောင်။

"မေမေ သိပ်လှတာပဲ"

"အေး အေး သိလား၊ သမီးပဲ ပြော"

"ဖေဖေလည်း ပြောပါတယ်၊ အဲ·· ပြောမှာပေါ့"

လင်းသည် ခြောက်တန်းကျောင်းသူဘဝ၌ အတန်းထဲ မိန်းကလေး သူငယ်ချင်းများ ကျိတ်ကျိတ် စုပြောတတ်သော စကားဝိုင်းများထဲ ဝင်ဖူးပြီ ဖြစ်ရာ လောကသဘာဝကို အပြည့်အဝ မဟုတ်စေကာမူ ရိပ်ဖမ်းသံဖမ်း နားလည် လာပေသည်။ ဖေဖေနှင့် မေမေ့အကြားက ချစ်ခြင်းမေတ္တာကို တိတ်တဆိတ် အကဲခတ်တတ်လာသည်။

သို့သော် မြင်တွေ့ဖူးသော သူငယ်ချင်းမိဘအချို့လို နွေးနွေးထွေးထွေး မမြင်ရပုံကိုပင် နားမလည်။ ဖေဖေက တည်တည်ငြိမ်ငြိမ်။ မေမေကလည်း အေးအေးဆေးဆေး။ ချစ်စကား တစ်ကြိမ်ပင် မပြောဖူးဘူးလားဟု သံသယ ဝင်နေသည်။

ထိုသံသယကိုတော့ ထုတ်မပြော။ ကလေးတန်မဲ့ တွေးရပ့ါမလားဟု မေမေ ဆူလိမ့်မည်။

"မပြောဖူးပါဘူး သမီးရယ်၊ အဲ···တစ်ခါတော့ မှတ်မှတ်ရရ ပြောဖူး ပါတယ်၊ ဘယ်သူ့ပွဲပါလိမ့် မမှတ်မိတော့ဘူး၊ အဲဒီ မင်္ဂလာဆောင် သွားကြ

www.nyisay.com



တော့ လမ်းမှာ ပြောတာ၊ ဒီနေ့ လှသားပဲတဲ့၊ ဒီနေ့ လှသားပဲ ဆိုတာ အရင်တုန်းက မလှဘူးလို့ ပြောတာပေါ့ သမီးရဲ့''

လင်းသည် နှာခေါင်းလေးကို တစ်ချက် ရှုံ့လိုက်ပါသည်။

''ဟင်- ဖေဖေကလည်း ဘာမှန်းလည်း မသိဘူး၊ လင်း သင်ပေးဦးမှပါ''

''အံမယ်..အံမယ်..သင်ရဲရင် သင်ပါတော်''

ဝိဇ္ဇာခန်းမ ရှိရာဘက်ခြမ်းသို့ လမ်းဖြတ်ကူးလိုက်ကြသည်။ စကားနှစ်ပင် ဟိုဘက် သည်ဘက် စောင့်ကြပ်သော ဝင်းအဝင်ဝက အုတ်ခုံလေးဆီ လျှောက်လာသည်။ အုတ်ခုံထက် မေမေ ဝင်ထိုင်သည်။ လင်းကတော့ ထုံးစံအတိုင်း စံကားပင်အောက်သို့ ပြေးသည်။ စံကားတစ်ပွင့်၊ နှစ်ပွင့်တော့ တွေ့ပါရဲ့။ သို့သော် မဖြူဆွတ်တော့ပြီ။ နို့မို့ဆို မေမေ့ကို ပန်ခိုင်းမလို့ဟာ။

လင်းသည် မျက်နှာလေး အိုကာ မေမေ့ ရှေ့သို့ ရောက်လာသည်။ လင်းကို မြင်တော့ မေမေက မျက်ခုံးတစ်ချက် တွန့်ချိုးလိုက်ပါသည်။

''ဘာဖြစ်လာရတာလဲ ဒီမျက်နှာက၊ ပြောပါဦး''

''ပန်းမတွေ့ဘူး မေမေရဲ့၊ လင်းက မေမေ့ကို ပန်ခိုင်းမလို့ဟာ''

''မပန်ချင်ပါဘူး သမီးရယ်၊ ဘာလို့ ပန်မလဲ''

မေမေ့မျက်နှာ တစ်ချက်မျှ မှိုင်းသွားသည်။ နောက် ပြုံးပြန်ကာ 'လာ ဒီမှာ ထိုင်'ဟု လင်း၏ပခုံးကို သိမ်းဖက်ကာ ဘေးတွင် ကပ်ထိုင်စေပါသည်။ မေမေ့ထံက ရေမွှေးနံ့မရပါ။ သနပ်ခါးနံ့သာ သင်းသင်းလေး ရပါသည်။

''မေမေ''

''ပြော''

''ဟိုတစ်နေ့က မမအုံ့က ပြောတယ်၊ နောက်နှစ်ကျရင် သူ မော်လမြိုင်ပြန်တော့မလို့ဆို''

''သူ့အဖေ ခေါ်နေပြီကိုး သမီးရယ် ဘယ်တတ်နိုင်ပါ့မလဲ၊ မေမေတို့က ခေါ်ထားချင်လည်း ဟိုက အဖေကိုး၊ အဖေက ခေါ်မှတော့ ပြန်ရမှာပေါ့''

''အဲဒါဆို လင်း ပျင်းမှာပဲ၊ ပြီးတော့ မမအုံ့ကို ချစ်တယ်''

လင်းသည် ခုပင် ဝမ်းနည်းလာတော့သလို မေမေ့ လက်မောင်းကို ဖိကပ်မှီလိုက်သည်။ မနက် ရေချိုးပြီးကတည်းက ဝတ်ထားသော ဝတ်စုံ ဖြစ်၍

www.nyisay.com



ချွေးနံ့နည်းနည်း ရသည်။ သို့သော် နှစ်များစွာ ရင်းနှီးလာသော အနံ့။ လင်း ချစ်သော ရနံ့ပါပဲ။

''လူဆိုတာ ဒီလိုပါပဲ သမီးရယ်၊ ဘယ်လောက်ပဲ ချစ်ကြ ခင်ကြတယ် ဆိုဦးတော့၊ တစ်ချိန်မှာ ခွဲကြရတာပဲ၊ ရှင်ကွဲ မကွဲရင် သေကွဲ ကွဲမှာပဲ၊ လူ့ဘဝ ဆိုတာကိုက သေခြင်းနဲ့ အဆုံးသတ်တာ မဟုတ်လား၊ မသေခင် တွေ့ကြ ဆုံကြ ချစ်ကြတာ၊ တွေ့တုန်းတွေ့ခိုက် ကိုယ့်ဘက်က အတတ်နိုင်ဆုံး သူ့အပေါ် ချစ်ခင်ခဲ့တာ ဖြည့်ဆည်းပေးခဲ့တာပဲ၊ ခွဲကြရတော့လည်း ဒါ ရေစက်ကုန်လို့ပဲလို့ တွေးရုံပေါ့၊ မမအုံအတွက်တင် မေမေ ပြောတာ မဟုတ်ဘူး၊ သမီးဘဝတစ်လျှောက် တွေ့ဆုံရသူတွေနဲ့ ပတ်သက်ရင် သမီးလေး ဒီလို တွေးတတ်အောင် မေမေ ပြောပြတာ၊ အင်းပါလေ‥ ငါ့သမီးလေး ကြီးလာရင် ဒါတွေ အလိုလို နားလည် လာပါလိမ့်မယ်၊ သမီး ဖတ်တဲ့စာတွေက သင်ပေးလိမ့်မယ်၊ လောက အတွေ့ အကြုံတွေကလည်း သမီးကို သင်ပေးလိမ့်မယ်''

မမအုံ၏ မျက်နှာကို မြင်ယောင်ကာ ဝမ်းနည်းနေသော လင်းသည် ဖြည်းဖြည်းအေးအေး ပြောသည့် မေမေ့စကားသံများဆုံးလျှင် တစ်ဖန် ပေါ့ပါး လာပြန်သည်။ စိတ်အပြောင်းအလဲ မြန်သည့်အရွယ်။

မေမေသည် လင်း၏ ဆံပင်များကို ဖွဖွ သပ်ပေးနေသည်။ သည်တစ်နှစ် တော့ အရင့်အရင်ထက် အနည်းငယ်ပိုကာ အရှည်ထားခွင့် ရလာသည့် ဆံပင် တို့သည် လင်း၏ ပခုံးကျော်ကျော်တွင် ဝဲလျက်။ အရပ်ရှည်သော လင်းအတွက် မေမေက စကတ်နှင့် အင်္ကျီ ဝမ်းဆက်လေးများသာ ချုပ်ပေးတတ်တော့သည်။ အိမ်နေရင်းတော့ ဂါဝန် ဝတ်ခွင့်ရသည်။

ခုလည်း လင်းသည် ခြေသလုံးအထိ ရှည်သော စကတ်လေး ဝတ်ထား သည်။ အပေါ်ကမူ တီရှပ်ဝတ်ထားသည်။ နုပျိုသော မျက်နှာသည် ကလေးဟန် တစ်ချက်ပင် မပျောက်သေး။ သို့သော် စိတ်အတွေးကမူ ရင့်ကျက်ခြင်း၏ အစနယ်ပယ်နှင့် ကလေးစိတ်တို့ကြားမှာ လူးလာခတ်လျက် ရှိလေသည်။

''ကဲ- ဂျပ်ဆင် သွားမယ်ဆို၊ မဖုရားလေး ထတော်မူ''

လင်း၏ ရယ်သံသည် စကားပင်တစ်ဝိုက်၊ အုတ်ခုံတစ်ဝိုက် ပျံ့တော့ သည်။ မေမေ့လက်မောင်းကို ခိုကာ ထိုင်ရာမှ ထသည်။ နောက်တော့ မေမေ့ လက်ကို တွဲကာ ပလက်ဖောင်းအတိုင်း ပြန်လျှောက်လာသည်။

www.nyisay.com



ခြေလှမ်း လေး၊ ငါးလှမ်းမျှ လှမ်းပြီးလျှင်တော့ မသိစိတ်က နှိုးဆော်သည့်နှယ် နောက်ကျောဘက်သို့ တစ်ချက် လှည့်ကြည့်လိုက်ပါသည်။

လင်း တွေ့နေရသော အုတ်ခုံထက်ဝယ် ကုန်လွန်ခဲ့သော အတိတ်တစ်ချိန်က မေမေသည် စံကားပွင့်ကို လှလှပပ ပန်ဆင်ကာ ကဗျာဆန်ဆန် ထိုင်နေခဲ့ဖူးသည်။ ထိုနေ့က ဦးဦးလည်း ရှိသည်။ လင်းလည်း ရှိသည်။ အမှတ်တရ နေ့များထဲက တစ်နေ့··။

ခုတော့ ဦးဦးသည် လင်းတို့ထံ ရေးကလို ရောက်မလာတတ်တော့ပြီ။

တွေ့ဆုံပြီးနောက် ခွဲခွာကြရသည်ဟု မေမေ ပြောသော စကားကို အမှတ်ရသည်။ ဦးဦးနှင့် ရှင်ခွဲ မခွဲခွာရသေးစေကာမူ တစ်စစ ဝေးကွာခဲ့ပြီဟု ကလေးအတွေးနှင့်ပင် တိတ်တဆိတ် နားလည်နေလေသည်။

*

**'··ဘေးအိမ်ကို လူသစ်တွေ ပြောင်းလာတယ်··ပညာရေးတက္ကသိုလ်က ကထိကတဲ့··ဆရာမမှာ သားသမီး နှစ်ယောက်ရှိတယ်တဲ့၊ တစ်ယောက်က ငါနဲ့ အတန်းတူတူပဲတဲ့·· မမအုံ ပြောတာပဲ'**

မနေ့က သင်္ကြန်မိုး ရွာသည်။ သင်္ကြန်မတိုင်မီ တစ်ရက်၊ နှစ်ရက် အလိုမှာ ရွာသောမိုးကို မေမေက သင်္ကြန်မိုးဟု ဆိုသည်။ သင်္ကြန်မိုး ဖြစ်ဖြစ်၊ ဘာမိုးပဲဖြစ်ဖြစ် မိုးရွာလျှင်ပင် ပျော်နေတတ်သော လင်းမှာ မိုးတိတ်သည်နှင့် ခြံထဲ ရောက်ရသည်။ ထုံးစံအတိုင်း ဟိုဟိုသည်သည် လျှောက်သည်။

ခြံထဲက ပန်းအလှပင်တို့သည် လင်းတို့ရောက်စကထက် အုပ်အုပ်ဆိုင်းဆိုင်း လှလှပပ ရှိလာပေသည်။ ဇီဇဝါပင်မှာ အကိုင်းအခက် ဝေဝေဆာဆာရှိလာသည်။ ပွင့်တော့မည့် အရိပ်အယောင်လေးများ ပြနေပြီ။ နှင်းဆီပင်ကလည်း ပန်းရောင်သေးသေး အပွင့်ကလေးများ ပွင့်နေသည်။ ငုံ့ကိုင်းကာ နမ်းတော့ ရနံ့ မွှေးမွှေးပျံ့ပျံ့မှာ နှာဝသို့ နှစ်သက်စဖွယ် တိုးဝင်လာသည်။

ပန်းအလှပင်များကို ချန်ရစ်ကာ အိမ်နောက်ဘက်သို့ လျှောက်လာသည်။ မေမေ ဟင်းချက်နေပုံကို သံဆန်ခါကွက်ကြားမှ ထုံးစံအတိုင်း ချောင်းကြည့်သည်။ နောက်သည်။ မေမေ့ရယ်သံ ကြားလျှင် လိုက်ပါပြုံးရယ်သည်။ မေမေ့နောက်မှာ ဟင်းသီးဟင်းရွက် ကူညီညာ ခြွေပေးနေသည့် မမအုံကိုပင် အဆစ်နောက်လိုက်သေးသည်။

www.nyisay.com



နောက်တော့ အိမ်ရှေ့ဘက်သို့ ပြန်လျှောက်လာသည်။ အိမ်နံရံနှင့် တစ်သားတည်းကျနေသည့် ဂမုန်းပင်များ၏ ရွက်ဖျားကို ထိခတ်ခဲ့သေးသည်။

ဂဝံခင်းသော မြေပြင်ပေါ် ခြေလှမ်း ရေတွက်သလို ဖဝါးခြေရာချင်း ထပ်မျှ ခပ်ဖြည်းဖြည်း လျှောက်ရင်း ဦးဦးကို အမှတ်မထင် သတိရနေသည်။ တစ်ခါတုန်းကလည်း ဒီလိုပဲ ခြံထဲမှာ လျှောက်ဆော့ရင်းက ဦးဦးနဲ့ စတွေ့ တာ။ ခုတော့ ဦးဦးဟာ လင်းတို့ မပါတဲ့ ဘဝသစ်မှာ ပျော်နေပြီလား။

လင်းသည် မေမေ ပြောသည့် ခွဲခွာခြင်းသဘောတို့ကို များစွာ နားမလည် တတ်သေး။ မေမေ့ကို ဖွင့်ဟမပြောစေကာမူ ဦးဦးနှင့် ဝေးကွာခဲ့ရပုံအား အကြောင်း တိုက်ဆိုင်၍ တွေးမိတိုင်း ဝမ်းနည်းမြဲ။ နောက်နှစ်ဆိုလျှင် မမအုံကို ခွဲရဦးမည် ဆိုတာ ခုနေ တွေးပင် မတွေးရဲ။ တွေးလည်းမတွေး။

ဟော… ခေါင်းလောင်းသံ‥။ စိတ်က ထင်ယောင်ထင်မှား ဖြစ်တာ များလား‥။ ဟင့်အင်း‥ မဟုတ်ပါ။ တကယ့် ခေါင်းလောင်းသံ ဖြစ်သည်။

ချာခနဲ လှည့်လိုက်သော လင်းသည် ခြံရှေ့၌ ရပ်နေသူများကို မြင်လျှင် ဟေးခနဲ အော်ဟစ်မိပေသည်။ ဦးဦးနဲ့ မမနန္ဒာ။ ခြံတံခါးအား လက်လျှိုကာ ဖွင့်နေသော ဦးဦး၏နောက်၌ မမနန္ဒာက ပြုံးပြုံးလေး ရပ်နေသည်။

လင်းသည် ခြံရှေ့သို့ သွက်သွက်ပြေးသည်။ ဝမ်းသာပြုံးကို နှုတ်ခမ်း ထက်က ခွာမရ။ ရန်လုံသည် လင်း၏နောက်မှ အပြေး ကပ်ပါလာသည်။

"လင်းကဖြင့် ဘယ်နေ့ လာမလဲ၊ ဘယ်နေ့ လာမလဲနဲ့ စောင့်နေတာ၊ ခုမှ လာကြတယ်"

မမနန္ဒာသည် လင်းကို ဆီး၍ ဖက်လိုက်သည်။ ခြေဆောင့်ကာ စူအောင့်အောင့် ပြောသော ဟန်ကိုပင် ဦးဦးရော မမနန္ဒာပါ ရယ်ကြလေသည်။

'မအားလို့ပါကွာ'ဟု ဦးဦးက ဆင်ခြေပေးသည်။ ခြောက်လပြည့် လျှင် နေရာသစ် ပြောင်းရမှာမို့ အိမ်ရှာနေကြောင်း၊ ဦးဦး၏ ဂျပန်စာသင်တန်း ကလည်း စနေ၊ တနင်္ဂနွေ နှစ်ရက်လုံး ဖြစ်ကြောင်း မမနန္ဒာက ရှေ့နေလိုက် သည်။ လင်းသည် နဂိုကတည်းက မငြူစူသည် ဖြစ်ရာ ပြုံးမြဲ ပြုံးလျက်ပင် မမနန္ဒာ အိမ်ဘက်သို့ လျှောက်လျှင် အသာလိုက်လာသည်။

အိမ်တွင်တော့ နှုတ်ဆက်သံ၊ ရယ်မောသံများနှင့် ခဏချင်း ညံသွား ရလေသည်။

www.nyisay.com



ဖေဖေသည် စာကြည့်ခန်းအထိ ဝင်ခေါ်သော ဦးဦးကြောင့် ဧည့်ခန်းသို့ ရောက်လာသည်။ ဖေဖေနှင့် မေမေသည် စောစောက လင်း ပြောခဲ့သော စကားမျိုးဆန်ဆန် ပြောကြသည်။ ဦးဦးနှင့် မမနန္ဒာကလည်း လင်းကို ဖြေရှင်းခဲ့သလိုပင် တစ်ယောက် တစ်ခွန်း ပြောကြပြန်ပါသည်။

ဖေဖေနှင့် ဦးဦးတို့ကို ဧည့်ခန်းတွင် ထားကာ မီးဖိုခန်းသို့ မေမေ အပြေးရောက်ရသည်။ ထမင်းထပ်ချက်ရန်၊ ဟင်း ထပ်ချက်ရန်။ ရိပ်မိသော မမနန္ဒာက မေမေ့နောက်က လိုက်၍ တားသည်။ လင်းသည်လည်း မီးဖိုခန်းနှင့် ထမင်းစားခန်း စပ်ရာနေရာအထိ စပ်စပ်စုစု ပါလာပေသည်။

''ကျေးပါရစေကွယ်၊ တစ်ခါတလေမှ လာတဲ့ဟာကို ဘာမှလည်း အပန်းကြီးတာ မဟုတ်၊ ဆန်လေးတစ်ဘူးလောက် ထပ်တည်တာ ဘယ်လောက်ကြာတာမှတ်လို့၊ ဟင်းကလည်း မြန်တာလေးပဲ ရှလောရှလဲ ကြော်လိုက်ရုံပါ''

မေမေ့ကို တားရပုံ မမြင်၍ မမနန္ဒာ ရယ်ပါသည်။ မေမေသည် ခပ်သွက်သွက်ပင် ဆန်ဆေးသည်။

''မမွှန် ချက်တော့လည်း ညီ အစားကောင်း စားရတာပေါ့၊ အိမ်မှာ တော့လေ နှစ်ယောက်သား ကြိုက်တဲ့ အစားအသောက်ကလည်း မတူ၊ ပြီးတော့ နန္ဒာ့ကို ဟင်းချက်မကောင်းဘူးတဲ့၊ အင်း‥ မတတ်နိုင်ဘူးလေ၊ တစ်သက်လုံး စာကျက်ဖို့တစ်ခုပဲ အလုပ်လို အိမ်က ခိုင်းခဲ့တာကိုးလို့ နော့ မမွှန်ရယ်''

''ဟုတ်တာပေါ့ ဟုတ်တာပေါ့''ဟု ထောက်ခံရင်း ရယ်မောရင်း မေမေ ထမင်းအိုး တည်သည်။ အစိမ်းကြော် ကြော်မည် ဆိုကာ ပြင်နေပြန်ပါသည်။ မေမေသည် မမနန္ဒာကို အကူမခိုင်း။ ဧည့်ခန်းသွားပါ ဆိုသော်လည်း မမနန္ဒာ သည် မီးဖိုခန်းဝမှာသာ နေမြဲ။

''ဒီသကြန်မှာလေ ညီက သူ့အိမ် ပြန်မလို့တဲ့၊ သူ့အမေကို ပြန်ကန်တော့ ကြရအောင်တဲ့၊ မမသီဂီကလည်း ကိုယ်က သားပဲ၊ အငယ်ပဲ လျှော့ရမှာပေါ့ ဆိုလို့ ညီက သွားမယ် စီစဉ်တယ်ပေါ့လေ၊ နန္ဒာလေ ညီ့နောက် လိုက်သာလိုက်ရမှာ၊ ကြောက်တယ် မမွှန်ရယ်''

မေမေသည် အလုပ်နှင့် လက် မပြတ် ရှိရာက မမနန္ဒာကို လှည့်ကြည့် လိုက်ပါသည်။ မမနန္ဒာသည် မေမေ့အား ညှိုးသောမျက်နှာနှင့် ကြည့်လျက်။ မေမေသည် သက်ပြင်းတစ်ချက် ရှိုက်၏။ ထို့နောက် ပြုံး၏။

www.nyisay.com



''မိဘနဲ့ သားသမီးပဲဟာ၊ အချိန်တန်တော့လည်း တစ်ယောက် မဟုတ် တစ်ယောက်က လျှော့ရတာပဲ ထုံးစံပဲ၊ ခု တစ်ယောက်က လျှော့လို့ ပြေလည် သွားရင် ဝမ်းသာစရာပေါ့ မဟုတ်ဘူးလား၊ ပြီးတော့ ငါ့ကို သူတို့ မလိုခဲ့ကြဘူး ဆိုတဲ့ စိတ်လေးလည်း အတတ်နိုင်ဆုံး ဖျောက်ပါ ညီမရယ်၊ ကိုယ်က သူ့သားကို ချစ်မိပြီပဲ မဟုတ်ဘူးလား၊ တို့မိန်းမတွေဟာလေ ဘယ်လောက်ပဲ ထက်မြက်ပါ တယ် ဆိုဆို၊ ကိုယ့်ခြေထောက်ပေါ် ဘယ်လောက်ပဲ မားမားမတ်မတ် ရပ်နိုင် ပါတယ် ဆိုဆို ဇနီးမယားတစ်ယောက် ဖြစ်လာရင်၊ မိခင်တစ်ယောက် ဖြစ်လာ ရင် အနည်းဆုံးတော့ ကိုယ့်အတ္တကို နောက်နား ခပ်ကျကျ ပို့လိုက်ရတော့တာပဲ၊ ပြောသာ ပြောတာပါလေ၊ ငါ့ညီမလေး ဒါတွေ သိတတ်ပုံပါ''

မမနန္ဒာသည် လှိုက်လှိုက်လှဲလှဲပင် ပြုံးလိုက်ပါသည်။

''ဟုတ်ကဲ့ မမမွန်၊ နန္ဒာ ကြိုးစားပါ့မယ်''

လင်းသည် စကားလက်စ မပြတ်သော မေမေတို့အား ချန်ထားရစ် ခဲ့တော့သည်။ ထမင်းစားခန်းကို ဖြတ်သည်။ အစဖြတ်စများ ပြည့်နေမြဲ စားပွဲကို ငဲ့ကြည့်ခဲ့သည်။ နောက် ဧည့်ခန်းကို ဖြတ်သည်။ အိပ်ခန်းဘက်သို့ လျှောက်ရန်၊ မမအုံကို ရှာရန် စိတ်ကူးလိုက်သော လင်းသည် အသံတစ်ခု ကြောင့် ခေါင်းထောင်သွားပြန်ပါသည်။ ခေါင်းလောင်းသံ‥။

''ဟော- ဧည့်သည် ထင်တယ် လင်းရေ''

''ဟုတ်ကဲ့ ဖေဖေ''

လင်းသည် ဖေဖေနှင့် ဦးဦးတို့ရှေ့က ကိုယ့်ကို ယို့ကိုင်းကာ ဖြတ်လာ ခဲ့သည်။ ဖိနပ်ချွတ်မှ ကိုင်းကြည့်လျှင် ခြံရှေ့မှာ ရပ်နေသူကို တစ်စွန်းတစ်စ မြင်ရသည်။ လူကြီးတစ်ယောက်တော့ မဟုတ်ပါ။

မြေသားလမ်းလေးမှ လျှောက်လာသော လင်းသည် သံပန်းတံခါးနှင့် နီးလာလျှင်ပင် သူ့အရွယ် ကောင်လေးတစ်ယောက်ကို တွေ့လိုက်ရသည်။ သူစိမ်း တစ်ယောက်ပါပဲ။ ပိန်ပိန်ရှည်ရှည်မို့ လင်းထက်တော့ အရပ်အနည်းငယ် မြင့်မည်။ သူက မိတ်ဖွဲ့ပြုံး ပြုံးလျက် ရှိလေသည်။

''ဘာကိစ္စရှိလို့လဲ''

ခြံတံခါးကို မဖွင့်ခင်ပင် လင်း မေးလိုက်ပါသည်။

ရွယ်တူ မိန်းကလေးတစ်ယောက်က လူကြီးလို မေးတာကြောင့်လေ လား။ သူက ရယ်လိုက်ပါသည်။ လင်းသည် တုံ့ပြန်မရယ်ဘဲ မျက်နှာတည် လျက် ကြည့်နေသည်။ စတွေ့တာနဲ့ ရယ်ပြရအောင် သူနဲ့ငါက သိတာကျလို့။

www.nyisay.com



''နင်က ဒီခြံက ဆရာ့သမီးလား''

''ဟုတ်တယ် ဘာဖြစ်လို့လဲ''

သူက ရယ်လိုက်ပြန်ပါသည်။ အင်း… ရယ်လွန်းလို့ပဲ ပိန်နေတာ ဖြစ်ရမယ်။

''ငါက ဟိုဘက်ခြံကဟ၊ ဟိုဟာ··ငါတို့ ဟိုတစ်လောလေးက ပြောင်းလာတာလေ သိလား''

''အဲဒါ ဘာဖြစ်လဲ''

အရှိန်မပျက် လေသံ မာနေသေးသော်လည်း လင်း၏ မျက်နှာမှာ ပျော့ပျောင်းခဲ့ပြီ။ ဘေးခြံက ဆရာမသာမက သူ့ခင်ပွန်းသည်ပါ ဖေဖေတို့နှင့် မိတ်ဖွဲ့တွေ့ဆုံပြီးကြပြီ။ လင်းနှင့်လည်း ဆုံပြီးပြီ။ သားသမီးနှစ်ယောက်နှင့်တော့ မဆုံကြရသေး။ အဘွားအိမ် ရှိရာ ဘားအံမြို့ဆီ နွေရာသီ အလည်အပတ် သွားနေကြသည်ဟုပဲ လင်းတို့ သိထားရပါသည်။

ခုတော့ သူတို့ ပြန်လာပြီလား။ ဆရာ့သမီး ရိုင်းလိုက်တာလို့ ပြန်ပြော ရင် ပြဿနာပဲ။

လင်းသည် သံပန်းတံခါးကို လှပ်ဖွင့်လိုက်ပါသည်။ သူက ခြံတွင်းသို့ ဝင်လာသည်။ ခုတော့မှပင် လက်ထဲမှာ ဆွဲလာသော အထုပ်ကို မြင်သည်။ ဒူးရင်းသီးတွေပါလား။

လေသံမာခဲ့မိသော လင်းသည် ဒူးရင်းသီးထုပ်ဆီ မျက်လုံးစိုက်ကာ မျက်နှာထားက ပို၍ ပျော့ပျောင်းလာသည်။ ကျိတ်၍လည်း သွားရေ တများများ ဖြစ်လာပါသည်။ ဒီလိုမှန်းသိ စောစောကတည်းက ဘာမှ မေးမနေပါဘူး ငါ့နှယ်။

''ဖေဖေ ဧည့်ခန်းမှာ ရှိတယ်၊ သိလား အဟင်း''

အပြောင်းအလဲ မြန်သော လင်း၏ အပြုံးမျက်နှာကို သူပင် အူကြောင်ကြောင် ဖြစ်သွားပုံရသည်။ 'ဟုတ်ကဲ့'ဟု ယောင်ဝါးဝါး ဆိုကာ အိမ်ဘက်ဆီ သူ လျှောက်တော့ မလှမ်းမကမ်းမှာ လင်း ပါလာသည်။ မျက်နှာမှာတော့ အပြုံးက ခိုမြဲ။

စတွေ့တွေ့ချင်း နေ့ရက်က အဖြစ်ကြောင့်ပင် နောင်သောအခါ အာကာဟု လင်း သိမှတ်ရင်းနှီးရမည့် ထိုကောင်လေးသည် 'ဒူးရင်းသီးကို ငါ့ထက် ခင်ပုံပဲ၊ ဆိုးပေလေး'ဟု သတိတရရှိတိုင်း ပြောတတ်သူလည်း ဖြစ်လာ ခဲ့ပါသည်။

*

www.nyisay.com



**'..အနံ့တီသီဂိုဆီက စာလာတယ်လေ။ စာထဲမှာ ရေးထားတဲ့ တချို့ဟာတွေကို ငါ နားမလည်ဘူး။ ဦးဦးမှာ မမနန္ဒာ မရှိခင်က ရည်းစားမှ မရှိခဲ့တာနော်..'**

ပိတ်စမှာ သစ်ရွက်ရောင် ဖြစ်သည်။ စိမ်းစိမ်းနုနု။ ထိုအရောင် နောက်ခံပေါ်မှာမှ အဝါရောင် အပွင့် သေးသေး နုပ်နုပ်လေးများ ခပ်ကျဲကျဲ ပက်ထားသည်။ လင်း၏ အမြင်မှာ ထိုပိတ်စလေးက အတော်လှနေပေသည်။

မေမေသည် ထိုအထည်စကို လင်းအတွက် ဝမ်းဆက်ချုပ်ပေးရန် စီစဉ်နေသည်။ လုံချည်ကို ချိတ်တပ်ကာ ချုပ်ပေးမည်။ အင်္ကျီကိုတော့ လက် အနည်းငယ် ဖောင်းကာ လက်တိုချုပ်ပေးမည် ဆိုသည်။ လည်ပင်းတစ်ဝိုက်မှာ အတွန့်အဖတ်လေးတွေ လှအောင် ထည့်မတဲ့။ ဇာအဝါရောင်လှလှလေး ရရင် ထည့်ပေးမတဲ့။

လင်းအတွက် ချုပ်သော ဝတ်စုံပြီးလျှင် မမအုံ့အတွက် အင်္ကျီချုပ် ပေးဦးမည်။ ပိတ်စတော့ အဆင်သင့် မရှိသေး။ သည်နေ့ခင်းမှာပင် မေမေ လှည်းတန်းဈေးသို့ ထွက်သွားသည်။ မမအုံ့ကို အဖော်ခေါ်သွားသည်။ ဖေဖေ လည်း အိမ်တွင် မရှိ။ စာဖတ်ရန် စိတ်ကူးသော်လည်း မဖတ်ဖြစ်။ သီချင်းသာ ဖွင့်ထားသည်။

မေမေ ကြိုက်သော ထူးအိမ်သင်သီချင်းများကို လိုက်ကြိုက်ခဲ့ဖူးသော လင်းသည် ခုတော့ ထူးအိမ်သင်ကို အကြိုက်မပြောင်းသော်လည်း အမျိုးသမီး အဆိုတော်များကိုလည်း သဘောကျတတ်လာသည်။ ကျောင်းက မိန်းကလေး အချို့လိုတော့ ဟစ်ဟော့ပ်ကို သည်းသည်းလှုပ် မဖြစ်။

ဆုန်သင်းပါရီ၏ ခံစားသက်ဝင်သော တေးသံသည် ဧည့်ခန်းထဲ လွှမ်းနေသည်။ သီချင်းတစ်ပိုင်းတစ်စကို လင်း လိုက်ဆိုသည်။

နောက်တော့ ဧည့်ခန်းထဲ တဝဲလည်လည် လုပ်နေရာက စက်ခုံအနီး ရောက်သည်။ စက်ဖုံးကို ဖွင့်မည် ပြင်သည်။ နောက်တော့ မဖွင့်ဖြစ်။ စက်ချုပ် ပစ္စည်းများ တင်ရာ၊ ကော်ကပ် မီးပူတိုက်ရာ စားပွဲသို့ ရောက်လျှင်တော့ လှသော ပိတ်စသည် လင်း၏ အာရုံကို ညို့လိုက်ပြီ။

ပိတ်စကို ညှပ်ထားပြီးပြီ။ ဒါကတော့ လက်၊ ဒါကတော့ ကိုယ်ထည် စသည်ဖြင့် ညှပ်ပြီးနောက် ပိတ်စပိုဖြင့်ပင် ချည်နှောင်ကာ နံရံအနီးက ပိတ်စ

www.nyisay.com



များ၏ထိပ်တွင် တင်ထားသည်။ အလိပ်လိုက်ရှိနေသော ပိတ်စလေးကို တို့ထိကြည့်နေရာက ဖျတ်ခနဲ ဆွဲချလိုက်ပါသည်။

ပိတ်စလိပ်ကို ဖြေကာ ဖြန့်ချသည်။ လက်အတွက် ညှပ်ထားသော အစလေးကို ဖင်ပြန်ခေါင်းပြန်ကြည့်သည်။ နောက်တော့ ကိုယ်ထည် ရှေ့ခြမ်း၊ နောက်ခြမ်း‥။

ဟင်‥၊ နောက်ခြမ်းကို ထက်ဝက်နေရာက ချိုးကာ ခေါက်ထားရာ ထိုအခေါက်လေးကို ဖြေလိုက်လျှင်ပင် စာခေါက်လေးတစ်ခု ထွက်ကျလာပါသည်။ ဘာစာများပါလိမ့်။

လင်းသည် ပိတ်စထဲ အာရုံမကျတော့ဘဲ စာခေါက်လေးကိုသာ ကောက်ယူလိုက်သည်။ ပြီးတော့ ဖြန့်လိုက်သည်။ 'မွန်မွန်ရေ'ဟု အစချီထားသော စာက နှစ်ရွက် ဖြစ်သည်။ နောက်တစ်မျက်နှာကို လှန်ကာ အောက်ခြေက အမည်ကို ကြည့်လိုက်သည်။ ဩော်… အန်တီသိဂ္ဂီဆီကပါလား။

ပထမတော့ စာကို ပိတ်စခေါက်ထဲ ပြန်ညှပ်မည် ပြင်သည်။ နောက်တော့ စိတ်ပြောင်းပြန်သည်။ အန်တီသိဂ္ဂီဆီက စာပဲဟာ… ဖတ်လို့ရမှာပါ။

စာရွက်ဖြူပေါ် မင်အနက်ဖြင့် ရေးထားသော လက်ရေးများမှာ ဝိုင်းစက်လျက် ရှိပါသည်။ လျှောက်လွှာစာရွက်အဖြူ နှစ်ရွက်လုံး အပြည့် ရေးထားသည်။ စာကြောင်း တစ်ကြောင်းချင်းကို လိုက်ဖတ်သည်။

လင်းတို့ မိသားစုကို သတိရကြောင်း၊ ခုတော့ သူလည်းပဲ အလုပ်ပြန်ဝင်ကာ ပုံမှန်ဘဝထဲ ပြန်ရောက်နေကြောင်း၊ အစစ အဆင်ပြေကြောင်း၊ သူ့မိသားစုအကြောင်း စသည် စသည်‥။

တစ်နေရာအရောက်တွင်တော့ လင်းသည် မျက်ခုံးလေးပင် တွန့်ချိုးရသည်။ စာကြောင်းများကို တစ်ကျော့ပင်မက နှစ်ကျော့လောက် ထပ်ဖတ်သည်။ အဓိပ္ပာယ်ကို လိုက်တွေးရသည်မှာ ခေါင်းပင် ချာချာလည်နေပါသည်။

'ငါ မပြန်ခင်က မေးဖို့ မေ့ခဲ့တာ တစ်ခု ရှိသေးတယ်၊ တစ်ရက်တော့ တို့မောင်နှမနှစ်ယောက်ပဲ ညစာ ထွက်စားတော့လေ၊ မောင်လေးက ပြောတယ်၊ သူ့ဘဝမှာ သူ ချစ်မိသွားတဲ့ မိန်းမကို တကယ်တမ်းတော့ ချစ်ခွင့်မရှိဘူးတဲ့၊ ခုလည်း ရှိမှာ မဟုတ်ဘူး၊ နောက်လည်း ဘယ်တော့မှ ရှိမှာ မဟုတ်ဘူးတဲ့၊ ဒါကြောင့် သူ သံယောဇဉ်ရှိတဲ့သူကိုပဲ ရွေးဖို့ ဆုံးဖြတ်လိုက်ရတယ်တဲ့၊ ဘယ်သူလဲလို့ ငါ ဘယ်လိုပဲ မေးမေး မပြောပါဘူးဟယ်၊ ငါလည်း

www.nyisay.com



မမေးတော့ဘူးပဲ ထားလိုက်ပါတယ်၊ ဒါပေမဲ့ သိတော့ သိချင်တာပေါ့ဟာ၊ သိတယ် မဟုတ်လား၊ လျှို့ဝှက်လေ သိချင်လေ၊ အဲဒါ နင်တို့မိသားစုများ သိမလားလို့ ငါ စပ်စုကြည့်တာ'

လင်းသည် စာရွက်ခေါက်လေးကို အင်္ကျီပိတ်စကြားသို့ ပြန်ညှပ်လိုက်သည်။ အင်္ကျီနောက်ခြမ်းနှင့် ရှေ့ခြမ်းကို ပြန်ထပ်သည်။ လက်များကို ထပ်သည်။ ပိတ်စပိုများကိုပါ ထပ်လိုက်သည်။ ပိတ်စကို လိပ်ကာ ကြိုးချည်ကာ မူလနေရာသို့ ပို့လိုက်ပါသည်။

မျက်မှောင်တွန့်ချိုးလျက် မျက်လုံးများက ကြမ်းပြင်သို့ စိုက်လျက်နှင့်ပင် ဧည့်ခန်းသို့ ရောက်လာသည်။ မမအုံ အဖန်ဖန် တိုက်၍ ပြောင်လက်နေသော ကြမ်းပြင်ပေါ်သို့ လှဲချလိုက်သည်။ မျက်နှာကြက်ကို မော့ကြည့်သည်။

မျက်နှာကြက်တွင် ဦးဦးကို မြင်သည်။ ဦးဦး၏ အပြုံးမျက်နှာကို မြင်သည်။ မမနန္ဒာ မတိုင်မီ ဦးဦးနှင့် လင်းတို့ အတူရှိခဲ့ဖူးသော နေ့ရက်များစွာ။ စပ်စုတတ်သော လင်းပင် ဦးဦးထံက မည်သည့်စကားမျှ တစ်စွန်းတစ်စ မသိစဖူး။ ဦးဦးကလည်း အလုပ်အကြောင်းက လွဲ၍ မိန်းကလေးတို့အကြောင်း မပြောစဖူး။

ခုတော့ ရိပ်ဖမ်းသံဖမ်းပင် မသိခဲ့ရသည့် အမျိုးသမီးသည် ဘယ်ကများ ပေါ်လာပါသနည်း။ မေမေများ သိလေမလား။ မေမေ့ကို မေးကြည့်ရင် ကောင်းမလား။

ခေါင်းထဲ ဖျတ်ခနဲ ရောက်လာသော စိတ်ကူးကို ချက်ချင်းပင် ဖျောက်ရသည်။ မေမေ့ကို မေးလိုက်လျှင်တော့ စာနိုးဖတ်သည့် ပြစ်မှု ပေါ်မည်။ အဆူခံရလိမ့်မည်။ မမေးတော့ဘူး…၊ မမေးတော့ပါဘူး…။

တစ်ခဏမျှ ကြာလျှင်တော့ လင်းသည် သီချင်းသံကို အာရုံစိုက်မြဲ စိုက်ကာ မျက်နှာကြက်၌ စိတ်ကူးနှင့် အရုပ်ပုံ ဆွဲမြဲ ဆွဲနေပြန်လေသည်။

*

'…မေမေ ပြန်လာမှာပါနော်။ မေမေ ငါတို့ဆီ ပြန်မှာပါနော်။ ညက ဖေဖေ ငိုတယ်။ ဖေဖေ ငိုတော့ ငါလည်း ငိုချင်လာတော့တာပဲ‥'

www.nyisay.com



လင်းသည် ခြံထဲက လွင့်ခနဲပင် ပြေးထွက်လာသည်။ ညာဘက်သို့ ချိုးထွက်သည်။ တစ်ဖက်ခြံ သံပန်းတံခါးကို လက်ဝင်လျှို၍ ဖွင့်သည်။ နှုတ်မှလည်း 'အန်တီရေ… အာကာရေ'ဟု မနားတမ်း အော်လာသည်။

ဖိနပ်ချွတ်သို့ ရောက်လျှင်ပင် လင်းသည် ဟောဟဲဆိုက်၍နေသည်။ အိမ်ဝတွင် အာကာ့မိခင် အန်တီခင်လေးကို တွေ့လိုက်ရပါသည်။

"ဟဲ့- သမီး၊ ဘာဖြစ်လာတာလဲ"

"မေမေ… မေမေလေ.."

လင်းသည် စကားပင် မဆက်နိုင်ချေ။ မောပန်းခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်းသည် သူ့တစ်ကိုယ်လုံးကို ရစ်ပတ်သလို ဖြစ်ကာ ဖိနပ်ချွတ်အဝမှာပင် တန့်နေသည်။ မျက်နှာမှာ အဆမတန်ငယ်လျက် ခုပင် ငိုချတော့မလို ဖြစ်နေပါသည်။

အန်တီခင်လေးသည် လင်းအနီးသို့ ရုတ်ခြည်းဆိုသလို တိုးကပ်လာသည်။ လင်း၏ ပုခုံးကို ကိုင်လှုပ်လိုက်ပါသည်။

"သမီးရယ် ပြောပါဦး၊ မြန်မြန် ဘာဖြစ်လို့လဲ"

"မေမေရယ် ဗိုက်တအားနာလို့တဲ့ အခန်းထဲမှာ လိမ့်နေတာပဲ၊ ဖေဖေကလည်း သူ့သူငယ်ချင်းအိမ်ကိုတဲ့ အလှူသွားနေတယ်၊ လင်း ဘာလုပ်ရမှန်းလည်း မသိတော့ဘူး"

လင်းသည် ပြောရင်း ဆိုရင်းပင် မျက်ရည်ဝဲလာသည်။ ငိုလည်း ငိုချလိုက်ချင်သည်။ သို့သော် မေမေ ဘာဖြစ်နေမှန်း မသိချိန်မှာ ငို၍ မဖြစ်ဟုပင် သူ့ဘာသာ နားလည်နေပေသည်။ ပြောစရာရှိတာ ပြောပြီးပြီးချင်း နှုတ်ခမ်းလေးကို တင်းတင်းစေ့ထားသည်။ အသက်ကိုတော့ တလှိုက်လှိုက် ရှူဆဲ။

"ဟဲ့- သားရေ၊ အာကာ၊ မင်းဦးဦးဆရာကို ဖုန်းဆက်စမ်းကွယ်၊ အိမ်မှာ အန်တီမွန်မွန် နေမကောင်းလို့ အမြန်ပြန်လာပါလို့၊ ကလေး တစ်ခုခု ဖြစ်တယ် ထင်တာပဲလို့၊ တော်ပါသေးရဲ့ ကျောင်းပိတ်ရက်မို့"

အန်တီခင်လေးသည် ဧည့်ခန်းထဲက အပြေးအလွှား ထွက်လာသော အာကာ့ကို လှည့်ကြည့်စီမံကာ လင်း၏ ပခုံးလေးကို ဖက်ကာ ခြံထဲမှ သုတ်သုတ် ထွက်ပါသည်။

လင်း၏ အာရုံတွင်တော့ စောစောက မြင်ကွင်းကိုပင် အဖန်ဖန် မြင်နေသည်။ ခုတင်ထက် လူးလိမ့်နေသော မေမေ။ ဝမ်းဗိုက်အောက်ဘက် တစ်နေရာ

www.nyisay.com



ကို နှိပ်ကာ ညည်းညူနေပုံ။ ပထမတော့ ခပ်တိုးတိုး··နောက်တော့ အသံ တစ်စစ ကျယ်လာတော့သည်။

အိမ်စာ တကုပ်ကုပ် လုပ်နေသော လင်းမှာ တံခါးပွင့်ဟနေသည့် အခန်းထဲက မေမေ့ ညည်းသံကို ကြားတော့မှ အပြေးအလွှား သွားရသည်။ 'မေမေ ဘာဖြစ်တာလဲ'ဟု အထိတ်တလန့် မေးသော်လည်း 'နာတယ်' ဟုသာ ထပ်တလဲလဲ ပြောနေတော့သည်။ တစ်ခဏမျှ ခြေမကိုင်မိ လက်မကိုင်မိ ပျာယာခတ်နေပြီးမှ မမအုံကို အော်ခေါ်သည်။ တစ်ဖက်ခြံကို အပြေးလာ ရသည်။ ဘာမှန်းမသိသော သောကအပူသည် လင်းကို လွှမ်းခြုံထားပေသည်။

''မွန်မွန်ရေ''ဟု အသံပြုကာ အိမ်အတွင်းသို့ အန်တီခင်လေး ခပ်သွက်သွက် ဝင်သည်။ ညည်းသံ ကြားရာ အိပ်ခန်းသို့ ဦးတည်သွားသည်။ လင်းလည်း အန်တီခင်လေး အနောက်မှပင် လိုက်ဝင်သွားပါသည်။

မေမေသည် စောစောကထက်ပင် ညည်းလျက်ရှိသည်။ မျက်နှာမှာ၊ လည်ပင်းမှာ ချွေးသီးချွေးပေါက်များ စို့လျက်။ မျက်နှာမှာ အဆမတန် ဖျော့လျက် ရှိသည်။

''ဘယ်လိုဖြစ်ရတာလဲ မွန်မွန်ရယ်''

''ပျက်တယ် ထင်တာပဲ''

မေမေ့အသံမှာ တိုးတိုးသဲ့သဲ့။

''သွေးကော ဆင်းနေလား''

''ဆင်းတယ် မမ''

''ဆေးရုံ သွားမှပဲ နော်·· မွန်မွန်၊ အစ်မတို့ ကိုမျိုးလွင်ကို အကြောင်း ကြားထားတယ်၊ စောင့်တော့ မစောင့်တော့ဘူး၊ ဆေးရုံ သွားလိုက်ကြရအောင် နော်၊ သမီးရေ လင်း·· အာကာ့ကိုပါခေါ်၊ တက္ကသိုလ်ရိပ်သာလမ်းပေါ် ထွက်ပြီး တွေ့တဲ့ ကားတစ်စီး ခေါ်လာချေ''

အန်တီခင်လေးသည် သူ့အိမ်မှာတုန်းကလို အစစ စီမံနေပါသည်။

'ဟုတ်ကဲ့'ဟု တစ်ခွန်းသာ ဆိုကာ လင်း ခြံထဲမှ လွင့်ခနဲ ပြေးထွက် လာရပြန်သည်။ 'အာကာရေ' ဆိုသော ခေါ်သံနှင့်အတူ တစ်ဖက်ခြံထဲသို့ နောက်တစ်ကြိမ် အမောတကော ပြေးဝင်လာရပြန်လေသည်။

*

www.nyisay.com



နေ့စဉ် ရှိနေကျ လူတစ်ယောက် လျှော့လျှင်ပင် သိသိသာသာ ဟာတတ်သော အိမ်သည် ထိုသို့ လျော့သူက မိခင်ဖြစ်နေတော့ နှိုင်းပြဖွယ် မရှိပြီ။ အိမ်သည် အဟာကြီး ဟာလျက် ရှိပေသည်။

လင်းသည် ရေချိုးခန်းသို့ ဝင်ကာ တိတ်တိတ်ဆိတ်ဆိတ် မျက်နှာသစ်သည်။ ‘မျက်နှာသစ်တော့ လင်းရေ၊ ရေချိုးတော့ သမီးရေ’စသဖြင့် မေမေ့လောဆော်သံများ မရှိပြီ။ သံပတ်ရုပ်တစ်ရုပ်လို မေမေ ခိုင်းမှသာ ထလုပ်တတ်သော လင်းတစ်ယောက်၊ ခုတော့ ပထမဆုံးအကြိမ် ကိုယ့်အသိစိတ်နှင့်ကိုယ် လုပ်ရပြီ။

ရေစက်လက် မျက်နှာနှင့် ထွက်လာသည်။ အခန်းထဲ ရောက်သည်။ အဝတ်လဲသည်။ တစ်ဖက်အခန်းက ဖေဖေ့ချောင်းသံ ဖြစ်ဖြစ်၊ ဖုန်းပြောသံ ဖြစ်ဖြစ်ကြားရမလားဟု နားစွင့်သည်။ သို့သော် တိတ်ဆိတ်မြဲ။ ဖေဖေ ဘာလုပ်နေပါလိမ့်။

လင်းနှင့် ဖေဖေသည် အန်တီခင်လေးတို့သားအမိနှင့်အတူ ည ၁၀ နာရီလောက်တွင်မှ ဆေးရုံက ပြန်လာကြသည်။ ညစာကို အန်တီခင်လေးတို့ အိမ်မှာပင် ဝင်စားလိုက်ကြသည်။ မေမေသည် ညနေစာပင် မချက်ခဲ့ရ။ ဖေဖေ့ဇနီးသည်ဘဝတွင် ပထမဆုံးအကြိမ် ပျက်ကွက်ခြင်း။

မေမေ့ကို ဆေးရုံ တင်ထားရပြီ။ အခြေအနေက စိုးရိမ်ဖွယ်ရာ မရှိပါတဲ့။ သို့သော် ကလေးကတော့ ပျက်ခဲ့ပြီ။

‘ကလေး’ဆိုသော စကားလုံးကို စဉ်းစားလိုက်ရုံနှင့်ပင် လင်းမှာ မေမေ့အတွက်လား၊ သူ့အတွက်လား မဝေခွဲနိုင်ဘဲ ဝမ်းနည်းမဆုံး ရှိလှပေသည်။ ‘လင်းအတွက် မောင်လေးတစ်ယောက် မွေးပေးဦးမယ်’ဟု လွန်ခဲ့သော တစ်လကျော်ကျော်က မေမေ အသိပေးခဲ့သည်။ ထိုစဉ်က မေမေ့မျက်နှာသည် စိတ်လှုပ်ရှားမှုတစ်မျိုးနှင့် အရောင်လက်လျက်။ မေမေ့စကားကို ကြားကြားချင်း မနာလိုစိတ်ကိုတောင် မေ့တဲ့အထိ လင်း ဝမ်းသာပျော်ရွှင်ခဲ့ရတာ။

“တကယ် မောင်လေးလား မေမေ”

“အခုတော့ ဘယ်သိဦးမလဲ သမီးရဲ့၊ မေမေကတော့ သားလေးလိုချင်တာပေါ့၊ သမီးအတွက် မောင်လေးပေါ့”

“ညီမလေးကောဟင်၊ ညီမလေးလည်း ကောင်းသားပဲ၊ လင်းက မောင်လေး မလိုချင်ဘူး၊ ညီမလေးပဲ လိုချင်တာ၊ ညီမလေး မွေးပါ မေမေရယ် နော်”

—

www.nyisay.com



''သမီးဖေဖေက သား လိုချင်တာ''

မေမေသည် အရိပ်အယောင် မမြင်ရသေးသည့် သူ့ဝမ်းဗိုက်ကိုသူ ပြန်ငုံ့ကြည့်နေခဲ့သည်။ ပြီးတော့ ပြုံးသည်။ တကယ်ပင် သားကလေး ရှိနေသည့်ပမာ။

မေမေ့မှာ ကလေးလေး ရှိနေပြီ ဆိုသော စကားကို ဖေဖေ ဦးစွာ သိခွင့်ရခဲ့လိမ့်မည်။ ဖေဖေ့မျက်နှာမှာ နေ့ရှိသ၍ ကြည်သာလှပေသည်။ အပြုံးပင် ခိုချိတ်နေသည်။ မေမေ့ကို ရှေးကနှင့်မတူ ဂရုစိုက်လှသည်။ သတင်းသည် လင်းမှတစ်ဆင့် မမအုံသို့ ရောက်သည်။ လင်းမှတစ်ဆင့်ပင် အာကာ့ထံသို့ ရောက်သည်။ အန်တီခင်လေးထံ ရောက်ပြန်သည်။ အန်တီခင်လေးသည် မေမေ့တိုင်ပင်ဖော် ဖြစ်လာသည်။

မော်လမြိုင်အိမ်သို့ သတင်းရောက်တော့ ဘွားဘွားကအစ ဝမ်းသာကြသည်။ သို့သော် ကြီးကြီးကတော့ ပွပန်သည်တဲ့။ ကိုယ်ဝန်လရင့်လျှင်၊ မွေးခါနီး ဖွားခါနီးလျှင် ဆင်းလာမည်တဲ့။ ခုတော့ မေမေသည် မွေးဖွားသော စခန်းသို့ပင် မရောက်လိုက်ပါပေ။

ဆေးရုံခုတင်ထက်က မေမေ့ကို လင်း သနားလှသည်။ မေမေသည် ဆေးအရှိန်နှင့် မှိန်းကာနေသည်။ တစ်ချက် တစ်ချက် ဖွင့်လိုက်သော မျက်လုံးတွင် ဝမ်းနည်းမှုကို လင်း တွေ့ရသည်။ မေမေ့ခုတင်ဘေး၌ တစ်လျှောက်လုံး ရှိနေခဲ့သော ဖေဖေသည်လည်း ထိုအရိပ်ကို ခံစားမိမည်။

ဖေဖေသည် ပြုံမလို မျက်ဝန်းများနှင့်ပင် နှုတ်ခမ်း၌ အပြုံးဆောင်ကာ မေမေ့ကို အားပေးနေခဲ့သည်။ ဆေးရုံမှ လင်းတို့သားအဖ ပြန်တော့ မေမေ အိပ်ပျော်နေခဲ့ပြီ။ လူနာစောင့်ရန် မမအုံ ရှိမည်။ ညစောင့် သူနာပြုဆရာမလေး ရှိမည်။ လင်းတို့ သားအဖကတော့ မနက်ခင်းမှ ထပ်လာကြမည်။

''ဒါ မနာလိုဖြစ်မှာစိုးလို့ပဲ မောင်လေးက စောစောစီးစီး ပြန်သွားတာလား''

လင်းသည် အသံထွက် ရေရွတ်ကာ ခုတင်စွန်းတွင် ဝင်ထိုင်သည်။ မောင်လေးလား၊ ညီမလေးလား မသိရ။ သို့သော် မောင်လေးဟုပင် ယုံနေသည်။ ဒါတောင် ဒီလောက် ဝမ်းနည်းရင် ဖေဖေ ဘယ်လောက်များ စိတ်မကောင်း ဖြစ်နေမလဲ။

www.nyisay.com



ဖေဖေ့မျက်နှာကို မြင်ယောင်လာတော့ လင်း ရုတ်ခနဲ ထရပ်သည်။

တစ်ဖက်ခန်းသို့ လျှောက်လာသည်။ အခန်းတံခါးရှေ့တွင် ခြေစုံရပ်သည်။ တစ်ခါတုန်းက သည်တံခါးကို တဗုန်းဗုန်းထုပုံ၊ ဖေဖေ တံခါးဖွင့်ပေးပုံကို သတိရသည်။ ထိုစဉ်က ဖေဖေ့မျက်နှာမှုန်မှုန်ကို ပြန်မြင်သည်။ ခုကော ဖေဖေ့ကို ဘယ်လို တွေ့ရလေမလဲ။

လင်းသည် တံခါးကို တစ်ချက် တွန်းလိုက်သည်။ စေ့ထားသည် ဖြစ်၍ အလွယ်ပင် ပွင့်သွားသည်။

ခုတင်ဘေးက ကုလားထိုင်ထက်ဝယ် ခေါင်းငိုက်စိုက်ချ ထိုင်နေရာက တံခါးဖွင့်သံကြောင့် ဖေဖေ ဖျတ်ခနဲ လှည့်ကြည့်ပါသည်။ အို·· ဖေဖေ ငိုနေတာလား။ ဖေဖေ့မျက်လုံးများသည် သူစိမ်းတစ်ယောက်၏ မျက်ဝန်းများလို ကြေကွဲမှုန်သီလျက်။

ဖေဖေ့အနီးသို့ လင်း အပြေးအလွှား ရောက်သည်။ ဖေဖေသည် ထိုင်ရာမှ ထရပ်လိုက်သည်။ မျက်ရည်ဝေဆဲ မျက်နှာနှင့်ပင် လင်းကို ခပ်တွေတွေ ကြည့်နေသည်။ စကားတစ်ခွန်း မဆို။

''မေမေ ပြန်လာမှာပါ ဖေဖေရဲ့၊ မေမေ ပြန်လာမှာပါ''

ဖေဖေ့ကို အားပေးသည်လား၊ ကိုယ့်ကိုယ်ကိုယ် အားပေးသည်လား မရေရာသော စကားတစ်ခွန်းကို ဝေဝေဝါဝါး ဆိုကာ လင်း ငိုချလိုက်သည်။ တစ်ညနေခင်းလုံး အောင့်အည်းထားရသော မျက်ရည်များကို သွန်ချလိုက်သည်။

ဖေဖေသည် သမီးလုပ်သူ သိတတ်စအရွယ်ကတည်းက ပထမဆုံး အကြိမ်အဖြစ် ယုယုယယ ထွေးဖက်လိုက်ပါသည်။

*

**'...မောင်လေး မလိုချင်ဘူးလို့ ငါ မပြောခဲ့ရင် မေမေ ခုလို ဖြစ်ပါ့မလား မသိဘူးနော်။ မေမေ့ကို သိပ်သနားတာပဲ။ ဒါပေမဲ့လည်းလေ မေမေ့ကို ဖေဖေ တအားဂရုစိုက်နေတာ မြင်ရတဲ့အခါကျတော့လည်း ငါ ဝမ်းသာသားပဲ။ မေမေလည်း စိတ်ချမ်းသာနေသလိုပါပဲလေ··'**

www.nyisay.com



လင်းသည် ဧည့်ခန်းထဲက ဆက်တီတွင် ခြေထောက်ပါ တင်လျက် ခပ်ခွေခွေ ထိုင်နေရာက မလှမ်းမကမ်းမှာ မြင်နေရသော မြင်ကွင်းကို ငေးကြည့်နေသည်။ မျက်လုံးများသည် အကြည်ရိပ်သန်းလျက်။ နှုတ်ခမ်းများက အပြုံးဆောင်လျက်။

စက်ခုံမှာ မေမေ ရှိနေသည်။ မေမေသည် ဆေးရုံက ဆင်းပြီး တစ်လကျော်ကျော်လောက်သာ စက်ခုံကို လှည့်မကြည့်သော်လည်း ခုတော့ စက်အနီးသို့ တစ်ဖန် ရောက်ပြန်ပြီ။ စက်ချုပ်သံကို အခါများစွာကလို လင်းတို့ ကြားရတော့မည်။

နေ့လယ်စာ စားပြီးကတည်းက စက်ချုပ်ပစ္စည်းများ တင်ရာ ပြင်ရာ စားပွဲမှာ မတ်မတ်ရပ်ကာ အလုပ်များနေသော မေမေသည် အင်္ကျီတစ်ထည်ထည် ချုပ်ရန် ပြင်နေပုံရလေသည်။ ထိုမြင်ကွင်းသည် လင်းအတွက် မဆန်း။ စက်ခုံမှာ နေရာယူလိုက်ပုံကလည်း မဆန်း။ ဆန်းသော မြင်ကွင်းကတော့ စာကြည့်ခန်းထဲက ထွက်လာသော ဖေဖေတစ်ယောက် စက်ခုံအနီးမှာ ရပ်နေတာ ဖြစ်သည်။ ပို၍ ဆန်းသည်ကတော့ ဖေဖေ ပြောသော စကားများ ဖြစ်သည်။

လင်း ထိုင်နေရာက လှမ်းကြည့်လျှင် မေမေ့မျက်နှာကို တစ်စောင်းအနေအထားဖြင့် မြင်ရသည်။ အပ်ချုပ်စက်၏ ဘယ်ဘက်မှာ ရပ်နေသော ဖေဖေ့ကိုတော့ တည့်တည့်မြင်နေရသည်။

''မလုပ်ပါနဲ့ ပြောလို့မရဘူးလား မွန်မွန်ရာ''ဟု ဖေဖေက စကားစသည်။ မေမေသည် ဖြတ်စတို့ကို ပြင်နေရာက ခပ်နွဲ့နွဲ့ ပြုံးနေသည်။

''အချိန်တွေ တအားပိုနေတာ အစ်ကိုရဲ့၊ ပြီးတော့ စိတ်အအားမပေး ချင်တိုင်း လုပ်လာတာ နှစ်ချီနေပြီ ဆိုတော့ အခုက စွဲကိုနေပြီ၊ တစ်လလုံး နေလို့မှ ကိုယ့်လက်နဲ့ အင်္ကျီလေး နှစ်ထည်၊ သုံးထည်လောက် မချုပ်လိုက်ရရင် ဘာလိုနေမှန်းကို မသိဘူး၊ အခုလည်း နားပြီးပြီပဲ၊ မွန် ကျန်းမာရေး ကောင်းနေပြီပဲဟာ''

မေမေသည် စကားဆိုလက်စနှင့်ပင် အပ်ချည်လုံး အရောင်တူရာ ရွေးကာ ရစ်လုံးတွင် ရစ်နေသည်။ မေမေ့လက်အလှုပ်ကို စောင့်ကြည့်နေသော ဖေဖေ့မှာ အတော်ပင် စိတ်ရှည်ရှည် ထားနေပုံရသည်။ မျက်နှာတော့ မပျက်။ ပင်ကို တည်တင်းသော မျက်နှာတွင် အပြုံးချိုတစ်ချက် လက်တော့ ဒါသည်ပင် လင်းအတွက် အံ့သြစရာ ဖြစ်ရသည်။ ဖေဖေ အတော်ပြောင်းလဲလာတာပဲ။

www.nyisay.com



ဖေဖေ့ ပြောင်းလဲပုံ အမူအရာကို မေမေ ဆေးရုံစတက်ကတည်းက မြင်ရတာဖြစ်သည်။ ဖေဖေ ကျိတ်ငိုတာကို ပထမဆုံးအကြိမ် မြင်ဖူးရသည်။ ဆေးရုံမှာ ရှိနေစဉ် ရက်များအတွင်း တစ်နေ့လျှင် နှစ်ခါက်မျှ ပုံမှန်ရောက်သော၊ မစိုးရိမ်ရပါဘူးဟု မည်သူက မည်မျှ အားပေးသည် ဖြစ်စေ မျက်နှာတွင် စိုးရိမ်မကင်းဟန် အရိပ်အငွေ့ လွှမ်းသော ဖေဖေ့ကို တွေ့ကြရသည်။

'လက်လွတ်ရရင်' ဆိုသော အတွေးသည် ဖေဖေ့ကို မည်မျှ နှိပ်စက်ခဲ့ပါသနည်း။ အတိတ်ကို ပြန်မြင်ကာ မည်မျှ နောင်တရခဲ့ပါသနည်း။ အတူရှိစဉ် နေ့ရက်များအတွင်း ကြင်နာမှု မပြခဲ့ဖူးခြင်းကို မည်မျှ ယူကျုံးမရဖြစ်ခဲ့ပါသနည်း။

ထိုမေးခွန်းများအားလုံး၏ အဖြေမှာ ဖေဖေ့အမူအရာ အပြောင်းအလဲဖြစ်သည်။

မေမေ ဆေးရုံက ဆင်းကာ အိမ်ပြန်ရောက်ရုံမျှနှင့် တစ်လောကလုံးတွင် လှုပ်ရှားသက်ဝင်မှုအရှိဆုံးလူမှာ ဖေဖေ ဖြစ်နေသည်။ ကျောင်းသွားချိန်မှအပ အိမ်တွင် ရှိနေသမျှ မေမေ့ကို မျက်စိအောက်က အပျောက်မခံသလို အရိပ်တကြည့်ကြည့် လုပ်နေသည်။ မေမေကိုယ်တိုင်ပင် မနေတတ် မထိုင်တတ်ဖြစ်ကာ ထုတ်ပြောယူရသည်အထိ ဖေဖေ့ခမျာ ပျာယာခတ်ခဲ့ရှာသည်။

လင်းသည် ငယ်စဉ်ဘဝတစ်လျှောက် မြင်လိုလှသော မြင်ကွင်းကို မြင်ရ၍ပင် စိတ်ချမ်းသာလှသည်။ အိမ်တွင်လည်း လင်း၏အသံမှာ ရှင်လျက်။ ကျောင်းမှာလည်း ပေါ့ပါးသွက်လက်သော လင်းကို မြင်ကြရသည်။

''တစ်လလောက်တော့ ထပ်နားစေချင်တာ၊ မွန်မွန်က ဆေးရုံက ဆင်းကတည်းက ထမင်းဟင်း ဝင်သာ မချက်တာ၊ ပါးစပ်နဲ့တော့ နေရာတကာ ဝင်ပါနေတာပဲ၊ ဘေးက ကြည့်နေရတာတောင် ပင်ပန်းလွန်းတယ်''

''ဒီလောက်ကတော့ အိမ်ရှင်မတစ်ယောက်အတွက် ဘာမှ မဟုတ်ပါဘူး အစ်ကိုရာ၊ တချို့မိန်းမတွေဆို မွေးဖွားပြီး ရက်လည်တာနဲ့ ပိုက်ဆံထွက်ရှာကြရတာ၊ ဈေးရောင်းကြရတာ အစ်ကိုမှ မမြင်ဖူးဘဲ''

''မင်းနဲ့ မတူဘူးလေ၊ သူတို့က မလုပ်လို့ မရလို့၊ မင်းက မလုပ်လည်း ရတယ် မွန်မွန်ရဲ့''

ထိန်းမနိုင် သိမ်းမရ ထွက်ပေါ်လာသော လင်း၏ တဟိဟိ ရယ်သံသည် ဧည့်ခန်းမှသည် အနောက်ဘက်ဆီသို့ ကူးစက်လေသည်။ ဖေဖေရော

www.nyisay.com



မေမေပါ ဆတ်ခနဲ လှမ်းကြည့်ကြသည်။ တကယ့်တကယ်တော့ လင်း ရှိနေတာကို အမှတ်မဲ့ ဖြစ်နေပုံပဲ။

ဖေဖေ့မျက်ဝန်းတွင် ပထမတော့ အံ့အားသင့်ခြင်းကို တွေ့ရသည်။ နောက်တော့ ရှက်ရွံ့ရိပ်။ စက္ကန့်ပိုင်းမျှအတွင်းမှာပင် မထူးတော့ပါဘူးဟု စိတ်ပိုင်းဖြတ်ဟန်နှင့် ပြုံးလိုက်ပုံကို မြင်ရသည်။ ရှက်ပြုံး..။

မေမေကတော့ လင်းကို တွေ့လျှင်တွေ့ချင်း ရယ်လိုက်ပေသည်။

''ကဲ- ကလေးတောင် ရယ်နေပြီ၊ မင်းကို ပြောနေရတာနဲ့ပဲ၊ ကဲ.. ထ ထ၊ ပြောနေတာ ကြာတယ်''

ဖေဖေသည် မေမေ့လက်ထဲက ဖြတ်စများကို ယူကာ စားပွဲပေါ်သို့ လှမ်းတင်သည်။ နောက်တော့ စက်ဖုံး ဖုံးလိုက်ပါသည်။ မေမေရော လင်းပါ ကြိုတွေးမထားသော အပြုအမူ။ သားအမိနှစ်ယောက်လုံး၏ ရယ်သံ ထွက်လာတော့ ဖေဖေသည် သူ မဟုတ်သလိုပင် စာကြည့်ခန်းဘက်ဆီ ထွက်သွားတော့သည်။

စာကြည့်ခန်းတံခါး ပိတ်သံကို နားစွင့်နေပြီးမှ မေမေ့အနီးသို့ လင်း လှစ်ခနဲ ရောက်လာသည်။ မေမေသည် ကုထားထိုင်ထက်မှာပင် ထိုင်ဆဲ၊ ရယ်မောဆဲ။

''ဖေဖေက ရယ်ရတယ်နော် မေမေ''

''ဩော်- ဒီကလေးဟာ၊ ရယ်ရတယ် မပြောရဘူးလေ ကိုယ့်အဖေကို''

''မသိဘူးလေ၊ ဒါပေမဲ့ ဖေဖေ ပြောနေတာ၊ လုပ်နေတာတွေက ရယ်ရတာပဲ မေမေရ၊ ဒါမျိုး တစ်ခါမှမှ မလုပ်ဖူးဘဲ၊ ဒါပေမဲ့လည်း လင်း ပျော်ပါတယ် မေမေရယ်၊ မေမေရော ပျော်တယ်မို့လား''

မေမေသည် လင်းကို ဖျတ်ခနဲ မော့ကြည့်သည်။ လင်း၏ ရှည်လျားထိုးထွက်လာသော အရပ်သည် ထိုင်နေသော မေမေ့ကို စီးမိုးခဲ့ပြီ။ ခြေဆံလက်ဆံရှည်ခြင်းကို ဖေဖေ့ထံက အမွေရကာ အသားအရေကတော့ မေမေနှင့် တစ်ထပ်တည်း တူသည့် လင်းသည် ချစ်စဖွယ် ဆယ်ကျော်သက်မလေး တစ်ယောက် ဖြစ်လာပေတော့မည်။

''ပျော်ပါတယ် သမီးရယ်၊ ကိုယ့်အိမ်ထောင်ဘက်က ဂရုစိုက်တာကို ဘယ်မိန်းမက မပျော်ဘဲ ရှိပါ့မလဲ၊ မဟုတ်ဘူးလား''

www.nyisay.com



''အရင်ကကော မေမေ စိတ်ညစ်ခဲ့လား၊ အဲဒီတုန်းက ဖေဖေက အခုလိုလည်း မဟုတ်ဘူးလေ''

မေမေသည် လင်း၏ မေးဖျားလေးကို ညာဘက်လက်ဖျားနှင့် ဆုပ်ညှစ်လိုက်ပါသည်။ မေမေ့မျက်လုံးများက ပြုံးနေသည်။ အရင်လို မှုန်မှိုင်းမနေတတ်တော့။ တောက်တောက်ပပ မရှိစေကာမူ လှသော အပြုံးမျက်လုံးများ။

ထိုအပြုံးနှင့်ပင် တုံ့ပြန်စကားဆိုသည်။ လေသံကိုတော့ မဆိုစလောက်နိမ့်ထားသည်။

''စိတ်ညစ်တယ်လည်း မဟုတ်ပါဘူး သမီးရယ်၊ တစ်ခါတလေကျတော့ သမီးလည်း အိမ်မှာ မရှိတဲ့အခါ၊ သမီးဖေဖေလည်း မရှိတဲ့အခါ အိမ်အလုပ်တွေ တစ်ခုပြီးတစ်ခု လျှောက်လုပ်ရင်း ငါ့ဘဝဟာ ဒီလိုပဲ တစ်နေ့တစ်နေ့ကုန်သွားတော့မှာလား၊ ဒီလိုနဲ့ သေရမှာလားလို့ တွေးမိတဲ့အခါလည်း ရှိတာပေါ့၊ စိတ်ညစ်တာလား မျှော်လင့်ချက်မဲ့တာလားတော့ မသိဘူးပေါ့လေ၊ သမီးအသက် ရှစ်နှစ်၊ ကိုးနှစ်၊ မေမေတို့ ရန်ကုန်ကို ပြောင်းစအချိန်ဟာ မေမေ့အတွက် အခက်ခဲဆုံး အချိန်တွေပဲ''

''မပျော်ဘူးလို့ ပြောတာလား မေမေ''

မေမေ တစ်ခဏမျှ ငြိမ်သွားသည်။ နောက်တော့ ပြုံးလိုက်ပြန်သည်။

''မဟုတ်ဘူး သမီးရဲ့၊ မပျော်တာလား ဆိုတော့လည်း ဘယ်လိုပြောရမလဲ၊ ဘဝကို ငြီးငွေ့လာတာ ထင်တာပဲ''

''အခုတော့ကော မေမေ''

''အခုလား၊ ဘဝမှာ အကောင်းဆုံး အချိန်တစ်ချိန် ရှိတယ်ဆိုရင် အခု မေမေ ရောက်နေတဲ့ အချိန်ပေါ့ သမီးရဲ့''

လင်းသည် ညပိုင်း အိပ်ရာဝင်ချိန်အထိ မေမေ့စကားများကို တရိပ်ရိပ်ပြန်တွေးနေသည်။ သူကတော့ဖြင့် မေမေ့အတွက် ခက်ခဲသည် ဆိုသော အချိန်တုန်းက ကျောင်းနှင့် အိမ်နှင့် ကူးကာလူးကာ အိမ်ပြန်ရောက်လျှင်လည်း မေမေ့အနီး တိုးကပ်ကာ၊ နောက်တော့လည်း ခြံထဲ ဆင်းဆော့ကာ ပျော်ပါးနေခဲ့ပေသည်။ ဖေဖေ ရှိချိန် မွန်းကျပ်သည်ကလွဲ၍ အိမ်သည် နေပျော်ရာအရပ်သာတည်း။ မေမေ့ကို ကြည့်တော့လည်း ပျော်နေခဲ့သလိုပဲ။

www.nyisay.com



အစဉ်သဖြင့် မြင်ခဲ့ရသော အေးအေးငြိမ်ငြိမ် မေမေ့မျက်နှာ။ ငြိမ်းချမ်းသော မေမေ့အပြုံးများ။

ည အိပ်ရာဝင်ချိန် စိတ်ဖွဲ့တော့ အိပ်မက်မှာပင် မေမေ့ကို မြင်သည်။ မေမေသည် ဒန်းကို စီးလျက်ရှိသည်။ ဒန်းရှိနေရာ နေရာသည် လင်းတို့ခြံလည်း မဟုတ်။ မော်လမြိုင်က ဘွားဘွားခြံလည်း မဟုတ်။ ဂျပ်ဆင်ရှေ့က မြက်ခင်းပြင်မှာ ဖြစ်သည်။ ဘယ်က ဒန်းရောက်လာပါလိမ့်ဟု အိပ်မက်ထဲမှာပင် လင်း ဇဝေဇဝါ ဖြစ်နေသည်။

သို့သော်လည်း ရယ်ကာမောကာပင် မေမေ စီးသော ဒန်းကို လွှဲပေးနေခဲ့သည်။

ကျနေသည် မေမေ့ကိုယ်ပေါ်မှာ ဖြာကျလျက် ရှိသည်။ မေမေ့ ရယ်သံသည် အိပ်တန်းပြန်ငှက်တို့၏ အသံနှင့် ရောလျက်။ မေမေ့အပြုံးကား လင်း မြင်ဖူးသမျှထဲ အတောက်ပဆုံး ဖြစ်သည်။

အိပ်မက်သည် အိပ်မက်တို့ ထုံးစံအတိုင်း ကပေါက်တိ ကပေါက်ချာ ဖြစ်ချင်ရာ ဖြစ်တော့သည်။ မည်သည့်အရာမျှ အစီအစဉ်မကျ။ ဒန်းလွှဲနေသော လင်းသည် ဘယ်လိုက ဘယ်လို ဒန်းပေါ် ရောက်သွားပြန်သလဲ။ မေမေ့ကို ဖက်ကာ ရယ်မောနေမိပြန်သည်။ ဒန်းကား အရှိန်နှင့် လွှဲလျက်။ ဒါန်းကို လင်းအစား တစ်ယောက်ယောက် လွှဲနေတာပေါ့။

ထင့်ခနဲ စိတ်နှင့် လှည့်ကြည့်လျှင် မျှော်လင့်မထားသူကို တွေ့ရသည်။ ဦးဦးရယ်လေ‥။

ဦးဦးသည် ကြည်ကြည်လင်လင် ပြုံးကာရယ်ကာ ဒန်းကို လွှဲနေသည်။ သီချင်းတစ်ပုဒ်ကို ညည်းဆိုနေသည်။ သူ အကြိုက်ဆုံးဟု ပြောခဲ့ဖူးသော 'ဝေးသွားတဲ့အခါ'‥။

အိပ်မက်ထဲတွင် ဦးဦး သီဆိုသည်ဟု သိနေသော်လည်း တကယ်တော့ လင်း ကြားရသည့်အသံမှာ ထူးအိမ်သင်၏ အသံသာ ဖြစ်သည်။ တကယ့်အပြင်မှာ ဦးဦး သီချင်းဆိုသံကို တစ်ကြိမ်မျှ မကြားဖူးတာကြောင့်များလား။

အိပ်မက် ဘယ်မှာ အဆုံးသတ်မှန်းပင် လင်း မမှတ်မိ။ အိပ်မက်က ဖြုန်းခနဲ နိုးတော့ နံနက်ခင်း အလင်းရောင်များပင် အခန်းထဲ တိုးဝင်ဖြာကျနေပြီ။ ကျောင်းပိတ်ရက်မို့ အလျင်စလို ဝုန်းဒိုင်းကြဲ လူးလဲထရန် မလို။ နာရီ

www.nyisay.com



ကိုတော့ အကျင့်ပါနေသော မျက်လုံးများနှင့် ကြည့်လိုက်သေးသည်။ နောက်တော့ အိပ်ရာထဲ ဆက်ကွေးသည်။ အိပ်မက်ကို ပြန်တွေးနေသည်။

လင်းသည် ဦးဦးကို သတိမရစဖူး ပြင်းပြင်းပြပြပင် သတိရလာသည်။ ပြီးခဲ့သည့် လကပင် ဦးဦးတစ်ယောက် လင်းတို့တစ်တွေကို နှုတ်ဆက်ကာ ရေမြေခြား ထွက်ခွာခဲ့ပုံကို တရေးရေး မြင်သည်။

မိုင်ပေါင်း ထောင်ချီဝေးကွာခဲ့ကြပြီ။ အလုပ်ခွင်အသစ်၊ ပတ်ဝန်းကျင် အသစ်မှာ ဦးဦး ရုန်းကန်နေရတော့မည်။

သည်အချိန်ဆိုလျှင်တော့ လင်းတို့ထက် အချိန် နှစ်နာရီခွဲ စောသည် ဆိုသော ဂျပန်နိုင်ငံမှာ နံနက် ၁၀ နာရီလောက် ဖြစ်လိမ့်မည်။ တနင်္ဂနွေ ရုံးပိတ်ရက်မို့ ဦးဦးသည် အေးအေးလူလူ နံနက်စာ စားကောင်း စားနေလိမ့်မည်။ နံနက်စာ စားချိန်မှာ ဦးဦး သတိရနေတာသည် သူနောက်သို့ လိုက်ပါရန် အချိန်ကာလတစ်ခု စောင့်ဆိုင်းနေသော မမနန္ဒာသာ ဖြစ်ပါလိမ့်မည်။

သွေးသားတော်စပ်ခြင်း မဟုတ်ဘဲ စိတ်နှလုံးနှင့်သာ တော်စပ်သော အမျိုးအဆွေ ဖြစ်ကြောင်း လပေါင်းများစွာ ကြာမြင့်တော့မှ နားလည် လက်ခံနိုင်ခဲ့သည့် ကလေးမလေး တစ်ယောက်နှင့် သူ့မိသားစုကို ဦးဦး သတိရပါသလား၊ သတိရချိန်ကော ရှိပါဦးမလား၊ လင်း မသိတတ်ပါချေ။

* * *

www.nyisay.com

~~~ ၂၀၁၈ ခုနှစ် ~~~
~~~

www.nyisay.com

လင်းသည် ကလေးဘဝက အခါခါ ငေးဖူးသလိုပင် မျက်နှာကြက်ကို ငေးနေသည်။ ခုတင်ပေါ် လဲလျောင်းကာ မျက်နှာကြက်ဖြူဖြူကို ငေးနေသည်။ သို့သော် အာရုံသည် ထိုအဖြူရောင်မှာ မရှိ။ နေ့ခင်းက တွေ့ခဲ့ရသော ပန်းချီကားထံ ရောက်နေပြီ။

'နွေနှောင်း မှတ်သုံဦး' ပန်းချီပြပွဲအတွက် ကြိုတင်ပြင်ဆင်ခိုက် မြင်တွေ့ခဲ့ရသော ပန်းချီကားသည် လင်း၏စိတ်ကို တစ်နေကုန် ဆုပ်ယူဖမ်းစားထားသည်။ ဘယ်အလုပ်ကိုမှ စိတ်မဝင်စား။ ဘာလုပ်လုပ် အဆင်မပြေ။ အာရုံသည် တစ်နေရာတည်းမှာသာ ရှိတော့သည်။

ပထမတော့ အံ့အားသင့်ခြင်း ဖြစ်သည်။ နောက်တော့ လွမ်းဆွတ်ရသည်။ အတိတ်သည် လွမ်းစရာ ကိုယ်ထင်ပြသည်။ 'လွမ်းစရာ' ဟုသာ လင်းသုံးချင်သည်။ မည်သို့ဆိုစေ လွမ်းခဲ့သည်။ ဦးဦးကို လွမ်းခဲ့သည်။ အတိတ်နေ့ရက်များကို လွမ်းခဲ့သည်။ ဖြူစင်စွာ.. ပြီးတော့ နားလည်စွာ..။

ပန်းချီကားထံ ကူးလူးနေသော စိတ်သည် မိနစ်ပိုင်းအတွင်းမှာပင် မျက်နှာကြက်ထံ ပြန်ရောက်တော့သည်။

မျက်နှာကြက်သည် အဖြူရောင် စတုရန်းကွက်များ ဖြစ်သည်။ ငယ်တုန်းက နေခဲ့ရသည့်အိမ်က မျက်နှာကြက်လို စတုရန်းအဖြူကို အနက်ရောင် သစ်သားဘောင်နှင့် အနားသတ်မထား။ သို့သော် ပန်းချီကားချပ်လို တွေးထင်ခံစားနိုင်ပုံကတော့ တူသည်။

www.nyisay.com



အဖြူရောင် ထိုအကွက်ငယ်သည် ကင်းဗတ်စ ဖြစ်သည်။ စိတ်ကူးနှင့်ဆွဲသော စုတ်ချက်တို့မှာ ဆီဆေးလား၊ ရေဆေးလား မပြောတတ်။ စိတ်ကူးရုပ်ပုံကတော့ တစ်ဆင့်ချင်း ပီပြင်လာသည်။

ဖေဖေ၊ မေမေနှင့် လင်း… ပြီးတော့ ဦးဦး…။ အစဦးဆုံရသည့်နေ့ရက်များ။ လင်း၏ စိတ်ကူးပန်းချီ၌ ရန်ကုန်တက္ကသိုလ်ဝင်းထဲက ညနေခင်းများ ပါသည်။ ဝန်ထမ်းအိမ်ဝင်းလေးထဲက သစ်ပင်ပန်းပင်များ ပါသည်။ ဦးဦးရိုက်ပေးဖူးသော ဓာတ်ပုံများ ပါသည်။ မမနန္ဒာ…လက်ထပ်ပွဲ…ဂျပန်နိုင်ငံ…။ နောက်တော့ တဖြည်းဖြည်း ဝေးကွာလာသော နေ့ရက်များ။

စုတ်ချက်များသည် စိတ်အလျှဉ်ပြောင်းသလို နုသည့်အခါ နုလိုက်၊ ကြမ်းသည့်အခါ ကြမ်းလိုက်။

တစ်ခုသော စုတ်ချက်တွင်တော့ စိတ်ကပါ တစ်ခဏ တုံ့သွားသည်။ အရွယ်ရောက်စပြုလာသည့်အခါ အတိတ်ကို မျှော်ကြည့်လျှင်၊ ပုံရိပ်တစ်ခုချင်း အရုပ်ကားဆက်သလို ဆက်လိုက်လျှင် တစ်ချိန်က ပဟေဋ္ဌိတစ်ပုဒ်လို ရှိဖူးသော တကယ့် ရုပ်ပုံအစစ်မှာ တရိပ်ရိပ် ပီပြင်လာသည်။ ထိုပီပြင်လာသော ရုပ်ပုံကို လင်း မကြည့်လိုခဲ့။ မကြည့်ရက်ခဲ့။

မမြင်ချင်ပါလျက် စိတ်နှင့် နားလည်သိမြင်ခဲ့ရသော ပုံရိပ်စစ်သည် ညညဆိုလျှင် အိပ်မက်သို့တိုင် လင်းကို ခြောက်လှန့်တတ်လေသည်။ ချစ်ခင်ခြင်းနှင့် ယူကျုံးမရ နာကျင်ခြင်းတို့အကြားတွင် အပြန်ပြန် အလှန်လှန် လွန်းထိုးသွားလာနေသူပမာ ရှိခဲ့သည်။

နောက်တော့လည်း အိပ်မက်ဆိုးအကြားက လွတ်မြောက်လာပြန်သည်။ အကျိုးနောက်က အကြောင်းများစွာကို မြင်တွေ့သည်။ အနည်းငယ်မျှသော နားလည်သိတတ်ခြင်း ရှိလာသည်။ ကြီးပြင်းရင့်ကျက်စ ပြုလာသည်။ ပစ္စုပ္ပန် လှုပနေခြင်း တစ်ခုနှင့်ပင် လွန်ခဲ့သော အတိတ်ကို အသက် ၁၈ နှစ်ကျော်ကျော်မှာပင် လင်း ကျေးဇူးတင်တတ်ခဲ့သည်။

အသက် ၂၃ နှစ်အရွယ် လင်းအတွက်တော့ အတိတ်ပန်းချီမှ နာကျင်ခြင်းကို ဆွဲနုတ်လိုက်သည့်အခါ အလွမ်းတစ်ခုသာ ထီးတည်း ကျန်သည်။ အတိတ်ကို အကြောင်းတိုက်ဆိုင်တိုင်း ပကတိ လွမ်းသည်။

www.nyisay.com



လင်းသည် ရပ်နေသော စုတ်ချက်ကို ဆက်ဆွဲသည်။ စတုရန်းကွက် တစ်ခုပြီး တစ်ခု ပြောင်းသည်။ စိတ်သည် အလျင်နှင့် ပြေးနေ၏။

*

သစ်စေ့လေး တစ်စေ့ သစ်ပင်ပျိုဘဝသို့ တဖြည်းဖြည်း ရှင်သန်ကြီး ပြင်းသလိုပင် လင်း အရွယ်ရောက်လာသည်။

သစ်စေ့ထဲက အညှောက်လေး တိုးထွက်ပေါက်လာပုံ၊ နောက်တော့ အစေ့ခွံကို ချွတ်ချချန်ခဲ့ပုံ၊ မြေပေါ် အမြစ်တွယ်စွဲကာ ဦးဆုံးသော အရွက် ကလေးများ ထွက်ပြူလာပုံ၊ တရိပ်ရိပ် အားယူ၍ မြေပေါ် ခက်လက်ဝေဖြာ ထိုးတက်လာပုံကို ငယ်စဉ်က နေ့ရှိသရွေ့ စောင့်ကြည့်ဖူးသည်။

မြေဩဇာ၊ နေရောင်ခြည်၊ လေ၊ ရေတို့ကို အချိုးညီညီ စားသုံးကာ ကြီးပြင်းလာသော သစ်ပင်ပေါက်လေးများကို လင်း ချစ်ခင်နှစ်သက်လှသည်။ အစိမ်းနုနုမှသည် အစိမ်းရင့်ရင့်သို့ ပြောင်းရန် အားယူနေသော သစ်ရွက်များကို လည်း နှစ်လိုလှသည်။ သူ့ဘဝသည်လည်း သူ ချစ်သော သစ်ပင်ပေါက် လေးများနှင့် သိပ်မကွာလှ။

မိဘတို့၏ မေတ္တာကို စားသုံးကာ လင်း တစ်စစ အရွယ်ရောက်လာ ခဲ့သည်။ မေမေ့မေတ္တာဟု ပြောလျှင် ပိုမှန်မည်။ ဖေဖေသည် သားသမီးကို ချစ်ပင် ချစ်သော်ငြား အနေဝေးသော ဖခင်အဖြစ်သာ တစ်သက်လုံး နေထိုင်မြဲ။ သို့သော်လည်း ဒါသည် လင်းအတွက် ငယ်စဉ်ကလိုတော့ ဝမ်းနည်းစရာ မဟုတ်တော့။ မေမေ့အချစ်ကို နားလည်သလို ဖေဖေ့မေတ္တာကိုလည်း ခံစား သိခဲ့ပြီ။ အတူ မနေနိုင်ခြင်းတစ်ခုကိုသာ ဖေဖေ ခွင့်လွှတ်စေချင်သည်။

လင်းသည် အမြစ်အခြေမှာ မြေပြင်နှင့် ထိစပ်နေသေးသော်လည်း လေဟာနယ်သို့ ထိုးတက်မြင့်မားခဲ့သည့် သစ်ပင်တစ်ပင်လိုပင် ကြီးပြင်းလေ မိဘတို့နှင့် အနေဝေးလေ ဖြစ်သည်။ သူ့မှာ လုပ်ချင်တာတွေက များလှသည်။ ဖေဖေသည် သူ့ဝါသနာကို ခွင့်ပြုတတ်သူ မဟုတ်။ ပုံစံခွက်တစ်ခုထဲ ချထား ရန်သာ စိတ်အားထက်သန်ပေသည်။ မေမေကတော့ ဖေဖေ့တစ်သဘောသာ တစ်သက်လုံး နေတတ်ခဲ့သူ။ အရေးပါသော ဆုံးဖြတ်ချက်များ၌ အားကိုးရန် မဖြစ်နိုင်။

www.nyisay.com



အနည်းဆုံးတော့ ကိုယ့်ခြေ ကိုယ့်လက်နှင့်ပဲ ကိုယ်ပျော်မွေ့ရာဘဝကို ဖန်တီးရမည်ဟု ဘွဲ့မရမီမှာပင် လင်း နားလည်သိတတ်ခဲ့သည်။

မြေဩဇာ၊ နေ၊ ရေ စသည် လိုအပ်သော သစ်ပင်ပေါက်လိုပင် လင်း၏ စိတ်ကူးအိပ်မက်တို့ ဖန်တီးရာမှာ အန်တီကြည်ကြည်သည်လည်း အခရာကျသူ ဖြစ်ခဲ့လေသည်။ သစ်ပင်ပေါက်စလေး လင်းအတွက် အန်တီကြည်ကြည်သည် မိုးရေစက် ဖြစ်သည်။ နွေခေါင်ခေါင်မှာ ရွာသောမိုး ဖြစ်သည်။

လင်း နဝမတန်း ကျောင်းသူဘဝမှာပင် အန်တီကြည်ကြည် ရန်ကုန်သို့ ပြောင်းရွှေ့လာသည်။ မိသားစုနှင့်အတူ ရှစ်မိုင်မှာ နေသည်။ လင်းသည် ဖေဖေ မော်လမြိုင်တက္ကသိုလ် တစ်ဖန် ပြောင်းရသော ဆယ်တန်းနှစ်၌ အန်တီကြည်ကြည့် အိမ်မှာ နေရသည်။ တစ်နှစ်သာ ကျန်တော့သည်မို့ မိဘများက ကျောင်းမပြောင်း စေလို။ လင်းကိုယ်တိုင်ကလည်း မပြောင်းလို။

တက်မြဲကျောင်းမှာပင် ဆက်တက်သည်။ အာကာနှင့်အတူ။ အိမ်ချင်း မနီးတော့သော်လည်း အာကာ့အိမ်သို့မှု မကြာ မကြာ လိုက်လည်တတ်သည်။ စိတ်လိုလက်ရ ရှိလျှင်တော့ လင်းတို့ နေခဲ့ဖူးသော၊ ခုတော့ လူသစ်ဝင်နေပြီ ဖြစ်သော ခြံသို့ ခွင့်တောင်းကာ အလွမ်းပြေ ဝင်ကြည့်တတ်သည်။

ပျော်ရွှင်ခြင်း မကင်းသော ကြိုးစားခြင်းဖြင့် ဆယ်တန်းနှစ်ကို လင်းတို့ ဖြတ်သန်းခဲ့ကြသည်။

အောင်စာရင်းထွက်တော့ လင်းသည် အင်္ဂလိပ်စာ တစ်ဘာသာပဲ ဂုဏ်ထူး ပါသည်။ ယဉ်ကျေးမှုတက္ကသိုလ် တက်ချင်ပါသည် မပြောရဲ။ ရုက္ခဗေဒ ယူလိုကြောင်းတော့ အရဲစွန့် ပြောရသည်။ သို့သော် ဖေဖေ့အကြိုက် အင်္ဂလိပ်စာသာ ယူရသည်။ အရှေ့ပိုင်းတက္ကသိုလ်မှာ တက်ရသည်။

ပန်းချီ၊ အနုပညာ၊ သစ်ပင်ကို စိတ်ဝင်စားသော လင်းက အင်္ဂလိပ်စာ အဓိကကျောင်းသူဖြစ်လာပြီး ဦးဦးလို ဓာတ်ပုံရိုက် ဝါသနာပါသည့် အာကာက သစ်တောတက္ကသိုလ် တက်သည်။ ရန်ကုန်မှာ လင်းသာ ကျန်ရစ်ခဲ့သည်။

သည်တုန်းက အန်တီကြည်ကြည့်ကို အားနာစိတ်နှင့် မေမေတို့က အဆောင်ထားရန် ပြင်သည်။ သို့သော် အန်တီကြည်ကြည်က ခွင့်မပြု။ သူတို့အိမ်မှသာ လင်း ကျောင်းတက်ခဲ့ရသည်။ ကျောင်းပြီးတော့ ၂၀၁၂ ခုနှစ်။

ဖေဖေသည် ထိုနှစ်တွင်ပဲ အလုပ်မှ ထွက်ကာ မော်လမြိုင်မှာ အခြေချလိုက်တော့သည်။ လင်းသည် ကျောင်းပြီးချိန်အထိ မော်လမြိုင်သို့ အခါအား

www.nyisay.com



လျော့စွာ ပြန်ဖြစ်သည်။ နောက် သူ ပျော်မွေ့ရာ ရန်ကုန်သို့ ပြန်ရောက်မြဲ။ ၂၀၁၂ နိဝင်ဘာမှာ အနုပညာပြခန်း ဝန်ထမ်းဘဝကို ရွေးချယ်တော့လည်း တက္ကသိုလ်တက်ရန် မေဂျာ ရွေးစဉ်ကလို ဖေဖေနှင့် နောက်တစ်ကြိမ် အတိုက် အခံ ဖြစ်ရပြန်သည်။

ကျောင်းပြီးပြီဖြစ်သော လင်းကို ဖေဖေက မော်လမြိုင် အပြီး ပြန်လာ စေလိုသည်။ အစ်ကိုများ ဖွင့်ထားသော ပုဂ္ဂလိကကျောင်းမှာ အင်္ဂလိပ်စာ ဆရာမအဖြစ် အလုပ်ဝင်စေလိုသည်။ ဖေဖေသည် သူ့သမီး လင်းမြရည်လွင် ကို စိတ်တိုင်းကျ ထုဆစ်ရန် ပြင်ထားပုံရသည်။ သို့သော် လင်းသည် အစေ့ခွံကို ချွတ်ချန်ခဲ့သည့်ပမာ ဖေဖေ့ဆန္ဒကို ငုံမကြည့်နိုင်တော့။ တော်ပြီလေ·· ဖေဖေ့ အကြိုက် အင်္ဂလိပ်စာနဲ့ လင်း ဘွဲ့ရခဲ့ပြီ။

သည်စကားကို အခါခါ ပြောတတ်ခဲ့သည်။ အလုပ်အတွက် အတိုက် အခံပြုစဉ်ကလည်း ပြောခဲ့ရသည်။ တက္ကသိုလ်ကျောင်းသူဘဝမှာ ကိုယ် ပျော်မွေ့ ရာ ဘာသာရပ် မဟုတ်ဘဲ စာသင်ရတာလောက် စိတ်ပျက်ရတာ ဘယ်မှာ ရှိမလဲ။ အဲဒီဒုက္ခကို ဖေဖေ သိမှာ မဟုတ်။ အလုပ်ခွင်ကိုတော့ လင်း သဘော နဲ့ လင်း ရွေးပါရစေ။

လင်းသည် တိုင်း၍ ရက်သည့် ပက္ကလာလို လုပ်လိုခဲ့သော အလုပ် မျက်စိရှေ့ ရောက်လာသည့်အခိုက် ဖေဖေ ဘယ်လိုပင် တားသည် ဖြစ်စေ စိတ်ကူးမပြောင်းခဲ့ချေ။ နောက်ဆုံးတော့ အန်တီကြည်ကြည် ဝင်ညှိပေးတော့မှ သားအဖ ပြေလည်ရသည်။ အင်္ဂလိပ်စာ လေ့လာမှု မပြတ်ပါကြောင်း ဖေဖေ့ထံ မှာ ကတိခံရသည်။ ပြည်ပနိုင်ငံတစ်ခုခုမှာ ပညာတော်သင်ဆုနှင့် ဘွဲ့လွန် တက်ခွင့်ရရန် ကြိုးစားမည့်အကြောင်း ကတိခံရသည်။

အနုပညာပြခန်းဝန်ထမ်း လင်းမြရည်လွင်သည် ဖေဖေ ဂုဏ်ယူစရာ သမီးတစ်ယောက် ဖြစ်မလာခဲ့။ ဖေဖေ့အဆိုအရ ပညာနှင့် အသက်မွေးသော သမီး ဖြစ်မလာခဲ့ချေ။ စိတ်ဓာတ်ကျဟန် ဖေဖေ့ မျက်နှာကို မြင်တော့ ဝမ်းနည်း စိတ်ဝင်သားပဲ။ သို့သော် နောက်ဆုတ်ရန်လည်း မစွမ်းသာ။ လင်းကို ခွင့်လွှတ်ပါ ဖေဖေ။ ဖေဖေ့လိုက်လျောမှုအတွက် ဖေဖေ ဘယ်တော့မှ နောင်တမရစေရ ပါဘူး။

စိတ်အတွင်းက ပေးသောကတိများကို ဖေဖေ ကြားသာမည် မဟုတ်။ သားအမိ သားအဖတစ်တွေသည် ခွဲမြဲလိုပင် ခွဲကြရပြန်သည်။

www.nyisay.com



၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းသည် လင်းအတွက် အပြောင်းအလဲများသော ကာလ ဖြစ်ပေသည်။ အလုပ်ဝင်ရသည်။ နေရာသစ် ရွှေ့ပြောင်းရသည်။ အန်တီကြည်ကြည်သည် တူမဖြစ်သူ ကေသီနိုင် ရန်ကုန်မှာ အလုပ်လာလုပ်တော့ စမ်းချောင်းက တိုက်ခန်းပိုမှာ ထားလိုသည်။ သည်တော့ အဆောင်ပြောင်းရန် စိုင်းပြင်းနေသော လင်းကိုပါ ဒီဇင်ဘာလ ဆန်းသည်နှင့် နေရာရွှေ့ပေးလိုက်တော့သည်။

တိုက်ခန်းသည် မူလကပင် အိပ်ခန်းနှစ်ခန်း ပါသော တိုက်ခန်း ဖြစ်သည်။ လင်းနှင့် ကေသီမှာ အိပ်ခန်း တစ်ယောက်တစ်ခန်းစီ အပိုင်စား ရကြသည်။ အန်တီကြည်ကြည်က ခုတင် တစ်လုံး၊ ဗီရိုတစ်လုံးစီ ထားပေးသည်။ မှန်တင်ခုံလို၊ အဝတ်လှန်းစင်လို ပစ္စည်းမျိုးသာ မိမိဘာသာ ဝယ်ထည့်ရသည်။

အန်တီကြည်ကြည့်တူမအဖြစ် စတင် တွေ့ဆုံကာ အတူနေဖို့ ဖြစ်လာရသော ကေသီသည် မကြာမီပင် လင်းနှင့် ငယ်ပေါင်းကြီးဖော်ပမာ ဖြစ်လာပေသည်။ သူသည် မန္တလေးမှာပင် ဘွဲ့ရသည်။ အန်တီကြည်ကြည်၏ သွင်းကုန်ထုတ်ကုန် ကုမ္ပဏီမှာ စာရင်းကိုင်အဖြစ် အလုပ်ဝင်နေသည်။ အင်္ဂလိပ်စာကို အစဉ်တစိုက် လေ့လာနေသည်။ အသားညိုစင်ချောမောသူ။ အစဉ်အမြဲ အပြုံးဆောင်နေတတ်သူ။ အကောင်းမြင်တတ်သူ။

ကိုယ် စိတ် လုံခြုံသော အရိပ်အောက်၌ မိတ်ဆွေကောင်းနှင့်အတူနေထိုင်ကာ စိတ်အားထက်သန်ရာ အလုပ်ခွင်ထဲ ရောက်ရသော အချိန်ကာလတို့သည် လင်းအတွက်တော့ မက်မောစဖွယ်တည်း။

လင်းသည် ပစ္စုပ္ပန်ကို အတော်ပင် ကျေနပ်စိတ် ဝင်နေသည်။ 'စိတ်သစ်လူသစ် ဘဝသစ် သီလား မေမေ'ဟု မေမေ့ကို တီးတိုးရင်ဖွင့်ခဲ့သည်။

သစ်ပင်ပျိုကလေး မိုးကောင်းကင်သို့ တိုးထွက်ကာ လေပြည် ရှူရှိုက်သလို ဘဝ၏ အနှစ်သာရလေပြည်ကို လင်း မက်မက်မောမော ရှူရှိုက်ခဲ့ပါသည်။

*

၂၀၁၃ ခုနှစ် နွေဦးသည် သစ်ပင်ထက်မှ သစ်ရွက်တို့ အလှမပျက်တဖြုတ်ဖြုတ် ကြွေခြင်း၊ ပန်းရောင်စုံ ပွင့်ဖူးခြင်း၊ သစ်ရွက်ကင်းသော ကိုင်းခြောက်

www.nyisay.com



ထီးတည်း သစ်ပင်တို့ကိုပင် ပန်းချီပမာ အလှထင်ရခြင်းတို့ ရဲကာ ကုန်လွန်ခဲ့သော နွေဦးများစွာလို ပြည့်စုံလှပစွာ ဆိုက်ရောက်လာခဲ့သည်။

လင်းအတွက်တော့ ထိုတစ်နှစ် နွေနေ့ရက်များသည် နှစ်များစွာကထက် လှပါပေသည်။ နွေဦးရွက်ရော်တို့လိုပင် နေ့ရက်များက တဖြုတ်ဖြုတ် လှပစွာ ကြွေသည်။ လင်း ချစ်သော နွေဦးနှင့် ပျော်မွေ့သော နေ့ရက်များ။

အချစ်သည် နွေဦးအစမှာပင် လင်း ထံပါးသို့ တရိပ်ရိပ် တိုးကပ်လာခဲ့သည်။ ပင်ကိုက ရပ်တန့်နေသူမို့ သူ့ဘက်က ခြေလှမ်းများစွာ မလှမ်းရခင်ပင် ထံပါးသို့ ရောက်တော့သည်။ လင်းသည် အမြစ်တွယ်စွဲသော သစ်ပင် ဖြစ်သည်။ ချစ်ခြင်းမေတ္တာကို ခေါင်းညိတ်လက်ခံခြင်းမှအပ လှုပ်ရှားခြင်းငှာ မစွမ်းသာသော ကျောက်ရုပ် ဖြစ်သည်။ တစ်ယောက်သောသူအတွက်သာ ရည်ရွယ်မွေးပျိုးလိုတော့သည့် ပန်းပွင့် ဖြစ်သည်။

အို… လင်းဟာ မည်သည့်အဓိပ္ပာယ်ကို ဆောင်ဆောင် ထိုတစ်ဖက်သော ညီမျှခြင်းတွင် သူ ရှိမည်။ ဒါသည် လင်း၏ ပုံသေနည်း ဖြစ်သည်။ လင်း၏ ဘ၀နေထိုင်နည်းအသစ် ဖြစ်သည်။ သို့သော် ထိုဘ၀နေထိုင်နည်းကိုပင် ရှုးသွပ်မှုဟု ကေသီ အမည်တပ်ခဲ့သည်။ လင်းသည် ထုံးစံမပျက် အငြင်းစကားဆိုရန် သတိမရ။ ရယ်မောကာသာ နေသည်။ ရှိပါစေ…။ လူဟာ တစ်သက်မှာ တစ်ကြိမ်တော့ဖြစ်ဖြစ် ရူးကြမှာပဲ…။ ရူးစမ်းပါရစေ…။

ထိုနှစ်နွေဦးတွင် ချစ်သူကို လင်း တွေ့ရှိခဲ့လေသည်။ 'နွေဦးချိန်ခါ'ဟု အမည်ပေးအပ်သော ပန်းချီပြပွဲသို့ လာရောက်သည့် ပရိသတ်များစွာမှာ လင်း သူ့ကို မြင်ခဲ့သည်။ 'အစိမ်းရောင် သစ်ရွက်များ' အနုပညာပြခန်းတွင် ငါးရက်တိုင် ပြုလုပ်သည့် ပန်းချီပြပွဲသို့ ပထမဆုံးနှင့် နောက်ဆုံးရက် နှစ်ရက် လာသည်။ ပထမတစ်ရက်ကတော့ ပန်းချီကားချပ်များအား ကြည့်ရှုရန်၊ ဝယ်ယူရန်၊ နောက်ဆုံးတစ်ရက်ကတော့ ပန်းချီကားချပ် ယူငင်ရန်။

များလှစွာသော လူအများကြားမှာ၊ အာရုံမလပ်စတမ်း အလုပ်များနေသော ဖွင့်ပွဲလို ရက်မျိုးမှာ သူ့ကို တွေ့လျှင်တွေ့ချင်း ဘာကြောင့် သတိထားမိသနည်းဟု နောက်နောင် ပြန်တွေးတိုင်း လင်းတွင် အဖြေမရှိ။

ကြိုတင်ပြင်ဆင်သည့်နေ့ရက်ကတည်းက လင်း နှစ်သက်ခဲ့သော သစ်ပုပ်ပင် ပန်းချီကားရှေ့မှာ မိနစ်နှင့်ချီကာ သူ ရပ်နေတာကြောင့်လည်း စိတ်အာရုံကို ဆုပ်ယူနိုင်ခဲ့တာ ဖြစ်လိမ့်သည်။ ဒါ့ထက်မပို။ လင်း၏ ယုံကြည်

www.nyisay.com



ရာမှာတော့ လူတစ်ယောက်ကို စိတ်ဝင်စားခြင်းတွင် အဖြေရှိရန် မလို။ ထို့အတူ ချစ်စိတ်ဝင်ခြင်းတွင်လည်း အဖြေရှိရန် မလို။ ချစ်ခြင်းဟူသည် စိတ်နှင့် ရေးသားအပ်သော ကဗျာတစ်ပုဒ်မျှသာ ဖြစ်သည်။

ထိုတစ်နေ့ကတော့ ပြခန်းဝန်ထမ်း တစ်ယောက်ယောက်ကို ရှာသလို ဟိုဟိုသည်သည် မျှော်ကြည့်သည့် သူ့ထံပါးသို့ သတိထားမိနေသော လင်းက ခပ်သွက်သွက် လှမ်းသွားခဲ့မိပါသည်။

"ဘာများ မေးချင်ပါသလဲရှင်၊ ကျွန်မ ဒီပြခန်းကပါ"

အဝေးမှ အကဲခတ်မိသလိုပင် သူသည် လင်းထက် အသက်ကြီးလိမ့်မည်။ နှစ်နှစ်လား၊ သုံးနှစ်လား မသေချာ။

သူ့အသားအရေမှာ လင်းထက်ပင် ဖြူစင်ပုံ ပေါ်သည်။ ဆံပင်နက်မှောင်မှောင်ကို သပ်သပ်ရပ်ရပ် ပုံသွင်းညှပ်ထားသည်။ သူ့မျက်နှာ ဖွဲ့စည်းပုံမှာ ယောကျ်ားတစ်ယောက်အတွက်တော့ အတော်ပင် ပြေပြစ်ပါသည်။ ဂျင်းဘောင်းဘီနှင့် စပို့ရှပ်ကို တွဲဝတ်ထားသည်။ စပို့ရှပ်မှာ အဖြူပေါ်တွင် အပြာနုကန့်လန့်စင်း ဖြစ်သည်။

သူ့မျက်နှာထက်မှာ အပြုံးရိပ် မရှိပါ။ မျက်ခုံးကိုပင် မသိမသာ တွန့်ချိုးထားသည်။ လင်းထက် အရပ်မြင့်သည်မို့ မသိမသာ ငုံ့ကိုင်း စကား ပြောရသလို ဖြစ်နေပါသည်။

"ဩော် အတော်ပဲ၊ ကျွန်တော် ဒီပန်းချီကားကို ဝယ်ချင်တာ၊ အခု တစ်ခါတည်း ငွေချေပြီး စာရင်းပေးခဲ့လို့ ရမလား မေးချင်လို့ပါ"

ထိုပန်းချီသည် နွေဦးနှင့် သစ်ပုပ်ပင်ကို ရေဆေးဖြင့် မှိုင်းမှိုင်းရီရီ ရေးဆွဲထားသော ပန်းချီကားတစ်ချပ် ဖြစ်သည်။ ပန်းချီကားထဲတွင် သစ်ပုပ်ပင်နှင့် ရွက်ကြွေများသာ ပါသည်။

သို့သော် လင်းကတော့ ကျောင်းဝင်းတစ်ဝိုက် လှုပ်ရှားသွားလာကြသည့် ကျောင်းသား ကျောင်းသူ များစွာနှင့် ခေတ်ပုံရိပ်ကို မြင်ခဲ့သည်။ စိတ်နှင့် မြင်ခဲ့သည်။ ဒါနှင့်ပင် ပန်းချီသည် လွမ်းစရာ ကောင်းလာပေသည်။

"ရပါတယ်ရှင်၊ ကျွန်မတို့ ရောင်းပြီးသား ဖြစ်တဲ့အကြောင်း စတစ်ကာ ကပ်ပေးထားပါ့မယ်၊ ပြပွဲပြီးတဲ့ ညနေဘက် ဆိုရင်တော့ လာယူနိုင်ပါပြီ"

"အိုကေလေ၊ ကျွန်တော် ဒီတစ်ကား ယူမယ်၊ လောလောဆယ် ဒါလေး စတစ်ကာ ကပ်ပေးပါ၊ တော်ကြာနေ တစ်ယောက်ယောက် ဝယ်သွား

www.nyisay.com



မှာစိုးလို့၊ ကျုန်တာကတော့ ဖြည်းဖြည်းပဲ ကြည့်ပါ့မယ်၊ ကြည့်ပြီးရင်လည်း ကျွန်တော် ယူမယ့်ကားတွေ တစ်ခါတည်းပဲ စာရင်းပေးခဲ့မယ်''

သူ စကားပြောပုံမှာ မိမိကိုယ်ကိုယ် ယုံကြည်ပိုင်နိုင်သူတို့၏ စကားပြောဟန် ဖြစ်သည်။ အလောတကြီး မနိုင်။ အဖြတ်အတောက် ပါသည်။ စကား တစ်ခွန်းနှင့် တစ်ခွန်းအကြားမှ စကားလုံးစီသလို ဖြတ်တောက်ပုံမျိုး ဖြစ်သည်။ လင်း သဘောကျသည့် စကားပြောဟန် တစ်မျိုး ဖြစ်သည်။

သူ့ကို သည့်အရင်က ပြပွဲများတွင် မတွေ့ဖူးပါ။ ပန်းချီကား ဝယ်ယူစုဆောင်းလေ့ရှိသူများကို လင်း သိပါသည်။ သူကမူ လင်းအတွက် သူစိမ်း တစ်ယောက်သာ ဖြစ်သည်။

ထိုနေ့က ညှော်ပရိသတ်များနှင့် မလှမ်းမကမ်းမှာ ကြော့မော့ ပြုံးရွှင် မတ်မတ်ရပ်နေသည့် ပြခန်းတာဝန်ခံသည် ပြခန်းတစ်လျှောက် ဝတ္တရားအရ တဖျပ်ဖျပ် ရွေ့ရသည့် မျက်လုံးများအား အပြာနုကန့်လန့်စင်း စပို့ရှပ်အဖြူ၏ နောက်ကျောသို့ မကြာ မကြာ ပို့ခဲ့မိပေသည်။

တကယ်တော့ ဘာမှ ထူးခြား ကြည့်ကောင်းနေတာလည်း မဟုတ်။ သာမန်ထဲက သာမန် လူတစ်ယောက်ပါပဲ။ အရပ်ရှည်ခြင်း၊ အသားအရေ ဖြူစင်ခြင်း၊ သေသပ်ခြင်း ရံထားသော သာမန်လူပါပဲ။ သည့်ထက်မပို။ ပန်းချီကား တစ်ခုတည်းကို စွဲလမ်းသက်ဝင်ပုံကတော့ တူတယ် ဆိုရမလား။ အို·· စိတ်ဝင်စားဖို့ရာ အဖြေမှ မလိုဘဲ။

ပြပွဲ လေးရက်တာသည် တရိရိ ကုန်ဆုံးခဲ့တော့သည်။ ပြပွဲ နောက်ဆုံး ရက် ရောက်လာသည်။

ဝယ်ယူထားသော ပန်းချီကား သုံးချပ်ကို သိမ်းဆည်းရန် သူ ရောက်လာခဲ့သည်။ ပြပွဲ နောက်ဆုံးနေ့ရက် ညနေစောင်းချိန်မို့ ပြပွဲစီစဉ်သူ၊ ပန်းချီဆရာနှင့် မိတ်ရင်းဆွေရင်းများ ရောက်နေလေသည့် ပန်းချီပြခန်းတွင် လင်းသည် ဖွင့်ပွဲနေ့ကလို သူတစ်ယောက်ကိုသာ မြင်ပြန်သည်။ ပန်းချီကားများထဲက သစ်ပုပ်ပင် ပန်းချီတစ်ချပ်ကိုသာ အာရုံကျသလို 'အစိမ်းရောင် သစ်ရွက်များ' အနုပညာပြခန်း ဝန်းကျင်ဝယ် သူတစ်ယောက်ကိုသာ လင်း မြင်နိုင်တော့သည်။

ညပိုင်းရောက်လျှင်တော့ ကောသီသည် နားထောင်သူ ဖြစ်လာရသည်။ လင်း ဖွဲ့နွဲ့သမျှ ရုပ်ပုံ ရိပ်ပုံ အစုံစုံကို နားထောင်ရတော့သည်။

www.nyisay.com



သစ်တောတက္ကသိုလ်က ဘွဲ့ရသူ၊ ခုတော့ဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းတစ်ခုမှာ အလုပ်ဝင်နေသူ အချစ်ဆုံးသူငယ်ချင်း အာကာ့အကြောင်းကလွဲ၍ သူစိမ်းအမျိုးသားတို့အကြောင်း မပြောစဖူး ပြောသည့် လင်းကိုပင် ကေသီက အံ့ဩနေပေသည်။

"ဒီလောက်ပါပဲ ကေသီရယ်၊ သူစိမ်းတွေပဲဟာ၊ နောက် တွေ့ကြမှာလည်း မဟုတ်၊ အဲဒီ ခဏလေးပဲ ရေစက်ပါတာ ထင်ပါရဲ့"

ပြောခဲ့သမျှ စကားတို့ကို သည်စကားစုနှင့် အဆုံးသတ်ခဲ့သည်။ သို့သော် လင်း မှားယွင်းခဲ့သည်။ ရေစက်သည် အဖန်ဖန် ဆက်လက် ပေါ်ပေါက်လာတော့သည်။

ပထမဆုံးသော အကြောင်းတစ်စုံတစ်ရာသည် လင်းတို့ တိုက်ခန်းရှိရာ လမ်းသွယ်နှင့် တစ်ဖက်လမ်းသွယ်တို့ ဆုံရာထောင့်မှာ ပေါ်ပေါက်လာသော ကော်ဖီဆိုင်သစ် ဖြစ်သည်။ ဆိုင်ရှေ့ ဖြတ်လျှင် ဖြတ်ချင်းပင် ကော်ဖီကြိုက်သူ ဖြစ်တာကြောင့်ရော နာမည်ကြောင့်ပါ စိတ်ဝင်စားမိသည်။ ဆိုင်နာမည်က မြန်မာလိုဆို 'နွေဦး ကော်ဖီ'တဲ့။ ထူးထူးဆန်းဆန်း..။

ဆိုင်ဘေးဘက်ခြမ်းနှင့် ရှေ့မျက်နှာစာတစ်ခုလုံး မှန်သားချပ်သာ သုံးထားသည်မို့ ဆိုင်အတွင်းဘက်ကို လမ်းထောင့်ချိုးကတည်းက ထင်းလင်း မြင်သာသည်။

ဆိုင်သည် အပြင်ဘက်က အမြင်တွင်ပင် သပ်ရပ်လှပလျက် ရှိသည်။ ဆိုင်နံရံတစ်လျှောက်ကို နို့နှစ်ရောင် ပြေပြေ သုတ်ထားသည်။ ထိုင်ခုံ၊ စားပွဲများအားလုံးမှာ သစ်သား ဖြစ်သည်။ မဟော်ဂနီရောင် ဖြစ်သည်။ နံရံတစ်ဖက် တစ်ချက်တွင် ပန်းချီကားငယ်များ၊ ဓာတ်ပုံကားများ ချိတ်ဆွဲထားသည်။

တစ်ခုသော ပန်းချီကားကတော့ လင်းကို ကော်ဖီဆိုင်ထဲ ဝင်မိအောင် ဆွဲဆောင်ခဲ့သည်။ လင်း ကြိုက်ခဲ့သော 'သစ်ပုပ်ပင်'လေ။ ဆိုင်ပိုင်ရှင်မှာ ထင်သည့်အတိုင်း သူပင် ဖြစ်သည်။

နောက်ထပ် နောက်ထပ် ဆက်လက် ပေါ်ပေါက်သော အကြောင်းများမှာတော့ သူ့မိတ်ဆွေ ဓာတ်ပုံဆရာ၏ ဓာတ်ပုံပြပွဲကို လင်းတို့ အနုပညာ ပြခန်း၌ လာရောက် ပြုလုပ်ခြင်းလည်း ပါဝင်သည်။ ပြပွဲပြီးနောက် ပြခန်းဝန်ထမ်းများအား ညစာကျွေးချင်ပါသည်ဆိုကာ ဓာတ်ပုံဆရာက ဖိတ်ခေါ်တော့ သူပါ

www.nyisay.com



လိုက်လာသည်။ လင်းတို့သည် တစ်စထက် တစ်စ အမှတ်မထင်ပင် နီးကပ်လာတော့သည်။

လင်း ရှိရာ ပြခန်းသို့ ပန်းချီကား ဝယ်ရန် မဟုတ်ပါဘဲ နှစ်ပတ်လျှင် တစ်ကြိမ်ခန့် သူ ရောက်လာတတ်သည်။ လင်းသည်လည်း သူ့ကော်ဖီဆိုင်သို့ ကေသီပါလျက် ဖြစ်စေ၊ ကေသီမပါဘဲ ဖြစ်စေ အခါအားလျော်စွာ ရောက်မိသည်။ ရောက်တိုင်းလည်း သူသည် လင်းရှိရာ ဝိုင်းမှာသာ လာထိုင်တတ်သည်။ ကော်ဖီကို တစိမ့်စိမ့်သောက်ကာ နားထောင်ကောင်းလှသော သူ့စကား ပြောပုံကို ငေးကာ ကုန်လွန်ခဲ့သော နွေညနေခင်း များစွာ၊ မိုးညနေခင်း များစွာ။

ဆိုခဲ့သည့်အတိုင်း လင်းသည် အမြစ်တွယ်စွဲသော သစ်ပင် ဖြစ်သည်။ ချစ်ခြင်းမေတ္တာကို ခေါင်းညိတ် လက်ခံခြင်းမှအပ လှုပ်ရှားခြင်းငှာ မစွမ်းသာသော ကျောက်ရုပ် ဖြစ်သည်။ တစ်ယောက်သောသူအတွက်သာ ရည်ရွယ်မွေးပျိုးလိုတော့သည့် ပန်းပွင့် ဖြစ်သည်။

ဆောင်းဦးပေါက်လျှင်ပင် ကမ်းလင့်သော သူ့လက်ထဲသို့ လင်း၏ လက်အစုံကို ယုံယုံကြည်ကြည် နှစ်မြုပ်ခဲ့လေသည်။

*

မျက်နှာကြက် လေးထောင့်ကွက်များပေါ်မှာ တွေးလိုက် ဆွဲလိုက် ရှိနေသော စိတ်ကူးစုတ်ချက်များသည် ထိုနေရာမှာပင် တစ်ခဏမျှ တန့်နေသည်။

လင်းသည် ငိုင်လျက်နေသည်။ ချစ်ခြင်းမေတ္တာ၏ ထိုထိုသော အတိတ်ပုံရိပ်များသည် ခုပင် စိတ်ကူး စုတ်ချက်များပေါ် ပြေးလွှားပေါ်ပေါက်တော့မလို ထင်သည်။

၂၀၁၃ ဆောင်းဦးပေါက်၏ နောက်ပိုင်းကာလများသည် လင်း၏ ပန်းချီကားအတွက် လှပသော စုတ်ချက်များလည်း ရှိသလို ကြမ်းတမ်းသော စုတ်ချက်များလည်း ရှိရာ ကာလများ။ စိတ်ကူးမှာ ဆွဲတာပဲ ဖြစ်ဦးတော့ ပန်းချီကို လှစေချင်ပါရဲ့။ သည်တော့ လှပခြင်း တည်ရာ အစဦးကာလမှာပဲ ပန်းချီကို ရပ်လိုက်ရကောင်းမလား။

သိစိတ်နှင့် လင်းကို မသိစိတ်နှင့် လင်းက ငြင်းဆန်သည်။

www.nyisay.com



စိတ်ပန်းချီသည် ရှေ့သို့ ဆက်နေသည်။ စုတ်ချက်ပြင်းပြင်း ကျလာသော ပန်းချီကားချပ် ပုံကြမ်းပေါ်မှာ ချစ်သူကို မြင်သည်။ ချစ်သူနှင့်အတူ မရေရာသော အနာဂတ်ကို မြင်သည်။ ခြောက်အိပ်မက်ကို မြင်သည်။ ရံခါ သူ့ကွယ်ရာမှာ၊ ကေသီကွယ်ရာမှာ ကျဖူးသည့် မျက်ရည်များကို မြင်သည်။

စင်စစ် ချစ်ခြင်းသည် ငယ်နုစဉ်ကာလများက စိတ်ကူးယဉ် တွေးဆဖူးသလို လှပချိုမြိန်ခြင်းမျှသာ မဟုတ်ပေ။ လှပခြင်း၏ နောက်မှာ မျှော်တွေးမထားဖူးသော ဒဏ်ရာများ၊ နာကျင်ခြင်းများသည် နှင်းဆီနှင့် ဆူးခက်ပမာ ယှဉ်တွဲနေလေသည်။

လေပြည်လို လွင့်ခနဲ လျင်သော စိတ်သည် မျက်နှာကြက် နောက်တစ်ကွက်သို့ ကူးပြီ။ နောက်ထပ် နောက်ထပ် စုတ်ချက်များသည် ၂၀၁၃ ဆောင်းဦးပေါက်၏ နောက်ပိုင်းကာလများကို ဆေးခြယ်နေပေသည်။

ချစ်သူနှင့် မိမိအကြား ခြားနားမှုများစွာ တွေ့ရလိမ့်မည် မထင်ခဲ့သော ကောင်မလေးသည် နောက်တစ်နှစ် နွေနှောင်းတွင်တော့ နှင်းဆီတောဒ္ဓ လမ်းပျောက်လျက် ရှိပြီ။ နှင်းဆီကို မက်မောဖက်တွယ် မစွန့်နိုင်သလို ဆူးခက်များကြောင့်လည်း နာကျင်လှပြီ။ နာကျင်ခြင်းကို မေ့လျော့ကာ နှင်းဆီတောမှာ လျှောက်မြဲ လျှောက်သည်။ နှင်းဆီရနံ့ကို ရှိုက်သည်။

နှင်းဆီရနံ့ စီးမျောသလို ယုံကြည်ခဲ့ဖူးသော လေပြည်မှာ မျှော်လင့်မထားသည့် သူစိမ်းဆန်ဆန် ရနံ့ကို ရပြန်သည်။ ထိုရနံ့သည် မိန်းကလေးကို အငိုက်မိစေသည်။ နောက်တော့ ရနံ့ဆန်းသည် နှင်းဆီတောကို အက်ကြောင်းထင်စေသည်။ အက်ကြောင်း၏ တစ်ဖက်မှာ မိန်းကလေး ရပ်လျက်ရှိသည်။ နောက်တစ်ဖက်မှာတော့ သူ ချစ်သော နှင်းဆီတော။

လင်း၏ စိတ်ကူးပန်းချီထဲက မိန်းကလေးသည် တွေဝေလျက်ရှိသည်။ နောက်တော့ ဆုံးဖြတ်ချက်ချနိုင်ပြန်သလို၊ ခြောက်အိပ်မက်က လွတ်လာသလို နှင်းဆီတောကို ကျောခိုင်းရန် ပြင်နေသည်။

အို..နှင်းဆီခေါ်သံလား။

နောက်ကျောက နှင်းဆီခေါ်သံလား။

ပန်းချီကို ထိုနေရာတွင်သာ လင်း ရပ်လိုက်ပါသည်။ နောက်တစ်ကွက်ဆီ ကူးပါသည်။ သည်တစ်ကွက်ကတော့ အတိတ်သို့ ရောက်နေပြန်သည်။

www.nyisay.com



ဝေးသော အတိတ် ဖြစ်သည်။ ဂျပ်ဆင်… မြက်ခင်းစိမ်း…ကလေးမလေးနှင့် သူ့မေမေ။

စုတ်ချက် မပီမသ ရှိဆဲမှာပင် ထိုပန်းချီကိုလည်း လင်း ရပ်လိုက်ပြန်သည်။ မျက်လုံး စုံမှိတ်လိုက်သည်။ နေ့လယ်က မြင်ကွင်းသည် အာရုံသို့ ထင်းလင်းစွာ တိုးဝင်လာသည်။ နွေနှောင်းမုတ်သုံ ပန်းချီပြပွဲ၊ ပြီးတော့ လင်းတို့၏ တစ်ချိန်က ဓာတ်ပုံကို ရေးဆွဲထားသည့် ပန်းချီကား။

ထိုပန်းချီဆရာ၏ အမည်မှာ လင်း သိကျွမ်းခြင်း မရှိသည့်အမည် ဖြစ်သည်။ မနက်ဖြန် စတင်မည့် ပြပွဲဖွင့်ပွဲနေ့တွင်တော့ ပန်းချီဆရာ ရောက်လာလိမ့်မည် မျှော်လင့်ရပေသည်။

* * *

www.nyisay.com

မေမေ့ထံက ဖုန်းဝင်လာချိန်တွင် လင်းသည် ခပ်စိပ်စိပ် ခပ်တိုတို ဖြစ်သော မျက်တောင်များကို ကြည့်ပျော်ရှုပျော်အဆင့် ရောက်အောင် မျက်တောင်ကော့ဆေးဖြင့် သ,နေချိန် ဖြစ်သည်။ မျက်ခွံများကိုတော့ အညိုရောင် ရိပ်ရိပ်သာ ခြယ်ထားသည်။

နှုတ်ခမ်းကို ပန်းဖျော့သွေး ဆိုးမည်။ ဒူးအောက်အရှည် ဖြစ်သော စကတ် မီးခိုးရောင် ဝတ်မည်။ အင်္ကျီကတော့ အသားပျော့ပျော့ ပန်းနုရောင် လက်ရှည်။ အဖျားအနားတွင် လက်စည်း ပါသော၊ လည်ပင်းတွင် ဖဲပြားချည်ရသော ထိုအင်္ကျီသည် မေမေကိုယ်တိုင် ချုပ်ပေးထားသော အင်္ကျီပင် ဖြစ်သည်။

တိုက်ဆိုင်သည် ဆိုရလေမလား။ မျက်တောင်ကော့ရင်း ဂျပ်ဆင် ပန်းချီကားထံ စိတ်ရောက်ခိုက်မှာပင် ဖုန်းမြည်သံ ကြားရသည်။

နွေဦးကုံကော်များ… ဒီအချိန်လေးတိုင်းမှာ…။

လင်းသည် ဆေးမခြောက်သေးသော မျက်တောင်များကို သတိထားကာ ဖုန်းကို လှမ်းယူလိုက်ပါသည်။

"မေမေ ပြော၊ သမီး ဒီမှာ ရုံးသွားမလို့ ပြင်နေတာ"

"ဩော်- ဒီနေ့ စောသားပဲ၊ ဖွင့်ပွဲ ရှိတယ်လား"

ပုံမှန်အားဖြင့် လင်း အိမ်က ထွက်ခွာချိန်မှာ နံနက် ၈ နာရီ ဖြစ်သည်။ ၇ နာရီခွဲမှသာ အပြေးအလွှား ပြင်ဆင် အဝတ်အစား လဲတတ်သည်။ ပြပွဲဖွင့်ပွဲလို နေ့မျိုးမှာတော့ နံနက် ၆ နာရီခွဲလောက် ဆိုလျှင်ပင် ရေပြေးချိုးရပြီ။ ခုလည်း နံနက် ၇ နာရီနီးပါးတွင် လင်း အဆင်သင့်နီးပါး ဖြစ်နေပြီ။ ညက တောင်တွေး မြောက်တွေးနှင့် အိပ်ရာဝင် နောက်ကျစေကာမူ နံနက် ၆ နာရီ

www.nyisay.com



နီးထရန် နှီးစက်ပေးထားရသည်။ နို့မို့ဆိုလျှင် ပိတ်သော ကားလမ်းကြောင်း၌ စိတ်မောရမည်။

''ဟုတ်ကဲ့ မေမေ၊ ဒီနေ့မှ စမှာ ပြပွဲက''

စကားဆက်မည် ပြင်ပြီးကာမှ လင်း ရပ်လိုက်သည်။ သို့သော် မေမေ မရိပ်မိပါ။

''အဲဒါဆိုလည်း လုပ်လေ၊ တခြားတော့ မဟုတ်ပါဘူး သမီးရယ်၊ အရေးတကြီးတော့လည်း မဟုတ်ပါဘူး၊ မနေ့ညက ဆက်တော့ သမီးဖေဖေ ရှိနေတာနဲ့ မေးချင်တာတွေ မမေးလိုက်ရဘူး၊ ခု သူ လမ်းလျှောက်ထွက်တုန်း ဆက်ရတာ''

ဖုန်းကို နားနှင့် ပခုံးကြား ညှပ်ကာ လင်း နှုတ်ခမ်းနီ ဆိုးသည်။ မေမေ့စကားကြောင့် ဘာရယ်မဟုတ်၊ စိတ်လှုပ်ရှားသည့်အခိုက် နှုတ်ခမ်းနီ တစ်စပင် သွားပေါ် ပေကျံသည်။ တစ်ရှူးနှင့် သုတ်လိုက်သည်။ 'ဟုတ်'ဟု စကားထောက်လိုက်ပါသည်။

''သမီးနဲ့ သမီးကောင်လေး အဆင်ကော ပြေကြရဲ့လားလို့၊ ခုတစ်လော သမီး ပြောစကားတွေထဲမှာ သိပ်မပါတော့လို့လေ''

ဩော်··မေမေ။ လေသံမှာပင် ပူပန်ဟန်အရိပ်အငွေ့များကို ခံစား သိတော့ လင်း ဝမ်းနည်းလာပါသည်။

''ပြေတယ်လည်း မဟုတ်၊ မပြေဘူးလည်း မဟုတ်ပါဘူး မေမေရယ်၊ ဒီလိုပါပဲ၊ မေမေ့ကို ပြောဖူးသားပဲ၊ သူက ဖေဖေနဲ့တူတယ် ဆိုတာ''

မေမေ့ သက်ပြင်းရှိုက်သံ ကြားရသည်။ 'သမီးတွေဟာ အဖေနဲ့ တူတဲ့ ချစ်သူ ရှာတွေ့တတ်တယ်'လို့ ဘယ်သူ ပြောတာမှန်း မသိ၊ ကြားဖူးခဲ့ သည်။ လင်းကတော့ တကယ်ဖြစ်လာခဲ့သည်။ စတွေ့ကတည်းက တည်တည် ငြိမ်ငြိမ် သူ့ရုပ်သွင်ကိုမှ အထင်ကြီး နှစ်လိုခဲ့တော့ မခက်ဘူးလား။

တည်ငြိမ်လွန်းခြင်းသည် ရံဖန်ရံခါတော့ အေးစက်ခြင်းဘက်သို့ပင် ယိမ်းတတ်ကြောင်း၊ တစ်ဖက်က ချစ်တတ်သူကိုတော့ နာကျင်စေတတ်ကြောင်း လင်း အသိ နောက်ကျခဲ့ပါသည်။

''လင်းကို ချစ်တော့ ချစ်ပါရဲ့၊ လင်း ဘာဖြစ်နေမှန်းလည်း မသိ၊ လင်းဘက်က ခံစားချက်တွေကိုလည်း ဘာတစ်ခုမှ မသိတတ်ဘူး မေမေ၊ လင်းကပဲ သူ့ကို အစစအရာရာ အလိုက်သိနေရတာယ်၊ ကြာတော့ လင်း မောလာပြီ''

www.nyisay.com



လင်းသည် ဖုန်းကို လက်နှင့် ပြောင်းကိုင်ပါသည်။ မျက်ရည်ဝဲချင်စိတ်ကို ဖျောက်ရသည်။ မေမေ ခုထက်ပို၍ စိတ်ပူပန်အောင် မျက်ရည်မကျလို။ မျက်ရည်ကျမိလျှင် လင်းကိုယ်လင်း ခွင့်လွှတ်မည် မဟုတ်။

''သမီးကို မေမေ ပြောဖူးသားပဲ လင်းရဲ့၊ ချစ်တာကတော့ ချစ်ခဲ့ပြီ၊ သမီး ရွေးခဲ့ပြီပဲ၊ ရွေးပြီးခါမှ မေမေ သိရတာ မဟုတ်လား၊ မေမေ ပြောတာက လက်ထပ်ဖို့ပဲ စဉ်းစားစေချင်တာ၊ တော်ပြီလေ မေမေနဲ့တင်၊ မေမေ့သမီးကိုတော့ ယောက်ျားတစ်ယောက်ကို တစ်သက်လုံး အလျှော့ပေးနေရတာမျိုး မဖြစ်စေချင်တော့ဘူး''

လင်းသည် ယခုအချိန်ထိတိုင် စွဲမြဲဆဲဖြစ်သော ငယ်စဉ်ပုံရိပ်တို့ကို ပြန်မြင်ယောင်သည်။ ပညာကိုသာ ချစ်ခင်ရာ ထင်တတ်တဲ့ ဖေဖေ..။ မချစ်ဘဲ လက်ထပ်ရတဲ့ မေမေ့အပေါ် ဘယ်လောက် အေးစက်ခဲ့သလဲ။ လင်းအပေါ်ရော ချစ်ခင်မှု မပြဘဲ ဘယ်လောက် နေရက်ခဲ့သလဲ။

သည်ဘက် နောက်ပိုင်းနှစ်များမှာတော့ မေမေ့အပေါ်ရော လင်းအပေါ်မှာပါ ဖေဖေ့ ဆက်ဆံပုံ သိသိသာသာ ပြောင်းလာခဲ့သည်။ လင်း ကျေနပ်သည်။ အထူးသဖြင့် မေမေ့အတွက် ကျေနပ်သည်။

သို့သော် ငယ်နုစဉ်က စိတ်မှာစွဲသော အသိ၊ ခံစားမှုတို့သည် လွယ်လွယ် ဖျက်မရချေ။ ဖေဖေ့ကိုဆို ဖုန်းပြောလျှင်သာ ရင်းနှီးမည်။ အိမ်ရောက်လျှင်တော့ ပြောစရာစကား ရှိမှသာ ပြောဖြစ်တော့သည်။ မေမေကတော့ လင်းလို မဟုတ်။ အလျှော့ပေးနေကျ ဇနီးသည် ဖြစ်ရာ သည်မျှ ချစ်ခင်လိုက်လျောလာခြင်းတစ်ခုနှင့်ပင် နေပျော်ဝမ်းမြောက်ပုံ ပြရှာသည်။ အတွင်းစိတ်မှာတော့ ဖေဖေ့အပေါ် လင်းလို အမှတ်သညာတစ်ခုခု စွဲနေသေးသလား။ အလျှင်းမေ့ပျောက်နိုင်ခဲ့သလား။

သည်မေးခွန်းကို မေမေ့အား တစ်ကြိမ်ပင် လင်း မမေးခဲ့ပါ။

''လင်း စဉ်းစားနေပါတယ် မေမေ''

လင်းသည် အဝတ်လဲရန် ပြင်ချိန်အထိ မေမေနှင့် စကားတစ်ခွန်းနှစ်ခွန်းမျှ ထပ်ပြောကြသေးသည်။ စကတ်နှင့် ချိတ်၍ အသင့်ချိတ်ပြီးသား အင်္ကျီကို ယူပြီးချိန်မှသာ နှုတ်ဆက်စကားဆိုလျက် ဖုန်းချဖြစ်သည်။ သံပတ်ပေးထားသော စက်ရုပ်တစ်ရုပ်လိုပင် အဝတ်လဲသည်။ စိတ်မှာ ညကတည်းက ကယောက်ကယက် ဖြစ်နေခဲ့သည်။ ဂျပ်ဆင်ပန်းချီကားထံလည်း စိတ်ရောက်

www.nyisay.com



ရသည်။ ရပ်သင့်ပြီ ထင်ပါလျက် မပြတ်သောစိတ်ကြောင့် မရပ်နိုင်ဖြစ်ရသော ကိုယ်ပိုင်ဇာတ်လမ်းထဲ စိတ်ရောက်သည်။

လင်းသည် စိတ်ကူးနှင့် အခါခါ လမ်းခွဲခဲ့ဖူးသည်။ ညညဝဲ ခြောက် အိပ်မက် မက်သည်။ ကေသီ မသိအောင် ကျိတ်ကာ ငိုရသည့် ညများလည်း ရှိခဲ့သည်။ သို့သော် အချိန်တန်လျှင်တော့ အချစ်က စေစားပို့ဆောင်၍ သူ့ထံ ခြေလှမ်းစခဲ့မိမြဲ။ ပန်းချီပြခန်းသို့ တစ်ပတ် တစ်ကြိမ် မပြောနှင့်၊ တစ်လ နေလို့မှ တစ်ကြိမ်ပင် သူ လိုက်မပို့တတ်သော်လည်း လင်းကတော့ သူ့ကော်ဖီဆိုင်သို့ တစ်ပတ် နှစ်ကြိမ်လောက် ရောက်တတ်ခဲ့သည်။

လင်း မရောက်ဖြစ်လျှင်လည်း စိတ်လုပ်သော သူ့အသံကို ကြားရမည်။ ဖုန်းထဲက လေသံ ကြားခါမျှနှင့် မျက်နှာကိုပါ လင်း ပြေးမြင်သည်။ ချစ်စိတ်နှင့် ထိတ်ခဲ့ရသည်။ နှင်းဆီတောသို့ အပြေးခြေချခဲ့ရသည်။ ခုတော့ မေမေ့ကို ပြောခဲ့သလိုပင် မောပြီ။

ရွှေရောင် ဘောင်ကွပ်သည့် ဘဲဥပုံမှန်သားပြင်တွင် လင်း၏ အရိပ်ထင် လျက်ရှိသည်။ နံနက်ခင်းမှာပင် နွမ်းလျလျမျက်နှာနှင့် လွင့်သောစိတ်နှင့် မိန်းမပျို။

ထိုမိန်းမပျိုသည် ရှည်သောအရပ်၊ ဖြူသော အသားအရေ ရှိသည်။ ပခုံးကျော်ရုံ နက်မှောင်သော ဆံနွယ်များ ရှိသည်။ လှပသော မျက်လုံးနှင့် နှုတ်ခမ်း ပါးပါး ကျယ်ကျယ်သည် သွယ်သော မျက်နှာတွင် ထင်းကာနေသည်။ အစဉ်သဖြင့် လက်သော မျက်ဝန်းများသည် ခုတော့ဖြင့် မှုန်မှိုင်းနေသည်။ နှုတ်ခမ်းအစုံမှာ တင်းတင်းစေ့မြဲ။ အပြုံး မရှိ။

အခုနေ အခန်းတံခါးပိတ်ကာ အပြင်ရောက်၍ ကေသီနှင့် မျက်နှာချင်း ဆိုင်မိလျှင်တော့ ရွှင်သောမျက်နှာနှင့် လင်းကို တွေ့ရမည်။ ပြခန်းသို့ ရောက်ပြီ ဆိုလျှင်ကား ဖျတ်လတ် သွက်လက်သလောက် အပြုံးချိုသော ပြခန်း တာဝန်ခံ ကို တွေ့ရမည်။

ဒါသည် လင်း၏ နောက်ထပ်သော ဘဝနေနည်းအသစ် ဖြစ်လေသည်။

*

အလုပ်ခန်းငယ်၏ မှန်တံခါးချပ်ကို တွန်းဖွင့်ကာ ပြခန်းတွင်းသို့ လင်း လှမ်းဝင်လိုက်ပါသည်။ ကြမ်းပြင်ပေါ် လေပမာ တရိပ်ရိပ်လွင့်သော ခြေလှမ်း

www.nyisay.com



များနှင့် လျှောက်လာသည်။ စိတ်လှုပ်ရှားမှုကြောင့်ပင် လက်ချောင်းလေးများ အချင်းချင်း ဆုပ်နယ်နေသည်။

လင်း၏ လက်ချောင်းများမှာ ရှည်ရှည်သွယ်သွယ် ဖြစ်သည်။ သဘာဝ အတိုင်း သွေးရောင်ပြေးသည့် လက်သည်းများကို တိုတိုတိတိ မဟုတ်ရဲ ပုံသွင်း ညှပ်ထားသည်။ ဘယ်ဘက် လက်ခလယ်တွင် စိန်ပွင့်သေးသေးလေး မြှုပ်သည့် ပလက်တီနမ်လက်စွပ် စွပ်ထားသည်။ ထိုလက်စွပ်မှာ ၂၀၁၄ ခုနှစ်က အသက် ၂၂ နှစ်ပြည့်သည့် မွေးနေ့မှာ ကိုယ့်ကိုယ်ကိုယ် ပြန်ပေးခဲ့သော လက်ဆောင် ဖြစ်သည်။ တစ်လချင်း ငွေနည်းနည်းချင်း စုကာ ဝယ်ခဲ့သည့် လက်ဆောင် ဖြစ်သည်။

သို့သော် ခင်မင်သူတိုင်းကတော့ စေ့စပ်လက်စွပ်ထင်ကြပေသည်။ ပေါ်ပေါ်ထင်ထင် စနောက်လျှင် လင်းသည် ဆောင်မြဲဖြစ်သောအပြုံးနှင့် ငြိမ် နေသည်။ အာကာ စနောက်တုန်းကသာ အမှန်အတိုင်း ဖွင့်ဟဝန်ခံဖူးသည်။

လင်းသည် စိတ်အလျှင် ပြေးပုံ၊ အတွေးလွင့်ပုံကို သဘောကျကာ အပြုံးနှင့်ပင် ပြခန်း၏ ဘယ်ဘက်ခြမ်းသို့ လျှောက်လာသည်။ ထိုနေရာမှာတော့ ဂျပ်ဆင်ရှေ့က သားအမိနှင့် အရိပ်တစ်ခုကို ရေးဆွဲထားသည့် ပန်းချီကား ရှိမည်။ ထိုပန်းချီကားအနီးတွင် ပန်းချီဆရာ ရှိမည်။ ပန်းချီဆရာ ရောက်နေပြီ ဖြစ်ကြောင်း စောစောကပင် ကျော်ဦး သတင်းပေးခဲ့ပါသည်။

ပန်းချီဆရာသည် လင်း လျှောက်လာနေရာဘက်သို့ ကျောပေးထား ပါသည်။ နောက်ကျောက မြင်ရသည့် ပုံသွင်ကြောင့် လင်း၏ ရင်မှာ ဟာခနဲ။

ပန်းချီဆရာကို မမြင်တွေ့ရခင် အချိန်ပိုင်းလေးအထိ လင်းတွင် တစ်ခုသော မျှော်လင့်ချက်က အရိပ်ပမာ ခိုနေခဲ့သည်။ ပန်းချီဆရာဟာ ဦးဦး မဟုတ်ဘူးလို့ ဘယ်သူ ပြောနိုင်မလဲ။ လင်းတို့ မတွေ့ကြတော့တဲ့ ဆယ်နှစ် အတွင်းမှာ ဦးဦး ပန်းချီဆွဲရင် ဆွဲနေမှာပေါ့။

'အကယ်၍' ဟု အစချီကာ လင်း စိတ်ကူးနယ်ပယ် ချဲ့ထွင်ခဲ့သည်။ အကယ်၍ ပန်းချီဆရာဟာ ဦးဦး ဖြစ်ခဲ့ရင်၊ အကယ်၍ တကယ့်ပြင်ပမှာ ဦးဦး ကို ပြန်တွေ့ခွင့်ရရင်။ စိတ်ကူးသည် နှလုံးအိမ်ထဲ ခိုအောင်းလှည့်ပတ်သော အဆင့်မှာပင် အင်မတန် ပျော်မွေ့ဖွယ် ကောင်းလှသည်။ သည်အချိန်ဆို ဦးဦး ရုပ်ရည် ဘယ်လို ရှိမလဲ၊ ဦးဦး လင်းကို မှတ်မိပါ့မလား။

စိတ်ကူးကို သည်မျှနှင့်ပင် လင်း ရပ်ထားခဲ့သည်။

www.nyisay.com



ခုတော့ ရှေ့မှာ ပန်းချီဆရာကို တွေ့နေရပြီ။ ကျောပေးထားသော်ငြား ထိုပန်းချီဆရာသည် ဦးဦး မဟုတ်ကြောင်း လင်း အသေအချာ သိပါသည်။ ဦးဦးလောက် အရပ်မရှည်။ အနည်းငယ် ပြည့်ပြည့်ဖြိုးဖြိုး ရှိသည်။ ပြီးတော့ မသိစိတ်ကပင် ဦးဦး မဟုတ်ကြောင်း အလိုလို ခံစားသိသည်။ သိသည်နှင့်အမျှ ဝမ်းနည်းစိတ်ဝင်သည်။ မျှော်လင့်ချက်မီးအိမ် ဟုတ်ခနဲ ငြိမ်းရပြီ။

လင်းသည် ပန်းချီဆရာ၏ နောက်ကျောတွင်ပင် ရပ်ကာ အသံပြုရသည်။ မိတ်ဆက်ရသည်။ သူနှင့် တွေ့ချင်ပါကြောင်း တောင်းဆိုထားသည့် ပြခန်းတာဝန်ခံသည် တကယ့်တကယ် တွေ့တော့ သူစိမ်းတစ်ယောက်သာမို့ ပန်းချီဆရာက အံ့အားသင့်ဟန် ရှိ၏။ သို့သော် ဝမ်းသာလှိုက်လှဲပုံတော့ ပြပေသည်။

ပန်းချီဆရာသည် အသက် ၄၀ ဝန်းကျင်တော့ ရှိပြီ။ ဦးဦးသာဆို ခုချိန်မှာ အသက် ၃၅ နှစ်ပေါ့။ ပန်းချီဆရာ၏ မျက်နှာကျပုံရော၊ မျက်နှာဖွဲ့စည်းပုံပါ ဦးဦးနှင့် မဆင်။ မျက်လုံး မကျဉ်း မကျယ်၊ နှုတ်ခမ်းက အနည်းငယ်ထူသည်။ နှာတံ မပေါ်။ ခြုံကြည့်လျှင် မည်သည့် အစိတ်အပိုင်းမျှ မဆင်။ အမျိုးတော်စပ်သူတော့ မဖြစ်နိုင်။ သည်လိုဆို ဓာတ်ပုံကို ဘယ်လို ရသလဲ။

ပန်းချီကားကို တွေ့စဉ်ကပင် စိတ်ဝင်စားကြောင်း လင်း စကားစသည်။ အံ့အားသင့်သော၊ စိတ်အားထက်သန်သော မျက်လုံးများဖြင့် ပန်းချီဆရာက စောင့်စား နားထောင်တော့ လင်း တစ်ခဏ တုံ့သည်။ သည်မေးခွန်းတွေ ဘယ်လို မေးရမလဲ။ ဆရာ ဒီဓာတ်ပုံကို ဘယ်လိုရသလဲ။ အင်း‥ ဒါလည်း မဟုတ်သေးပါဘူး။

လင်း ယောင်၍ ခေါင်းယမ်းလိုက်သည်။ ဘာစကား ဆက်မှာပါလိမ့် စောင့်စားနေသော ပန်းချီဆရာက မျက်ခုံးပင့်သည်။ သည်တော့မှ လင်း ပြုံးရယ်ကာ ပင့်သက်ရှိုက်ကာ စကားဆက်ရသည်။

''ဒီပန်းချီကားကို စိတ်ဝင်စားမိတယ် ဆိုတာကလေ ဟို‥ ကျွန်မနဲ့ ဒီပန်းချီကားနဲ့က တိုက်ရိုက် ပတ်သက်နေလို့ပါ ဆရာ''

'ဗျာ'ဟု အာမေဋိတ် ပြုသည်။ မျက်လုံးများသည် အတန်ငယ် စူးလျက် လင်းထံမှာ စိုက်လျက်။ ငယ်ရွယ်နုပျိုသော ပြခန်းတာဝန်ခံ မိန်းကလေးနှင့် ပန်းချီကားကို စိတ်ကူးတွင် ဆက်စပ်နေပုံရပေသည်။

www.nyisay.com



''ဟိုလေ ဆရာ နားလည်အောင် ပြောပြရရင် ဒီပန်းချီကားထဲက ကလေးမလေးဟာ ကျွန်မကိုယ်တိုင်ပါပဲ၊ ဘေးကတော့ ကျွန်မ မေမေပေါ့''

ပန်းချီဆရာသည် အံ့ဩတုန်လှုပ်သော မျက်ဝန်းများနှင့် လင်းထံ ငေးနေသည်။ စကားပင် မဆိုနိုင်။ 'တိုက်ဆိုင်လှချေရဲ့'များ တွေးနေမလား။ ကံကြမ္မာကို အံ့အားသင့်နေမလား။ ဒီပြပွဲဟာ သူ့အတွက် ပထမဆုံး အတွေ့အကြုံပါပဲတဲ့။ ပန်းချီဆရာအဖြစ် အသက်မွေးသူ မဟုတ်ဘဲ ဝါသနာအရ ဆွဲခဲ့တာ၊ ပန်းချီဆရာသူငယ်ချင်းက တိုက်တွန်းတာကြောင့် တစ်ကားတည်းသာ ပြပွဲတင်ဖြစ်တာဟု စောစောက လင်း မိတ်ဆက်စဉ်မှာပင် သူ ဝန်ခံခဲ့သည်။ ခုတော့ တစ်ကားတည်းသော ပန်းချီသည် ပန်းချီဆရာထံ ဆန်းကြယ်သော ကံကြမ္မာကို ဖိတ်ခေါ်ခဲ့ပြီ။

လင်းသည် မျက်လုံးအကြည့် လွှဲကာ စကားဆက်ရန် အားယူလိုက်ပါသည်။

''အားတော့နာပါတယ် ဆရာ၊ ဒါပေမဲ့ ကျွန်မ မေးချင်တာက ဒီပန်းချီကားရဲ့ မူရင်း ဓာတ်ပုံကို ဆရာ ဘယ်လို ရခဲ့သလဲ ဆိုတာပါ''

လင်း၏ မှုန်ရီသော မျက်ဝန်းများသည် ပန်းချီကားချပ်ပေါ် ရောက်နေပြန်သည်။ ကျက်သရေပြည့်သော၊ ခံ့ထည်သော ဂျပ်ဆင်ဘုရားကျောင်း။ ကောင်းကင်ပြာသို့ ထိုးတက်နေသော လက်ဝါးကပ်တိုင်။ မြက်ခင်းပြင်စိမ်းစိမ်း၊ ဘေးဝန်းကျင်က သစ်ပင် ပန်းပင်ရိပ်။ ကျနေ ထိုးနေသော မြက်ခင်းပေါ်က သားအမိနှင့် အပြုံး အရယ်။ ပြီးတော့ ကင်မရာ ကိုင်ထားသူ၏ အရိပ်။

ပန်းချီဆရာက အံ့အားသင့်မှုကို ဖြေဖျောက်သည်လား၊ ဘယ်ကစ ပြောရပါ့ဟု အားယူသည်လား မသိဘဲ ချောင်းတစ်ချက် ဟန့်ပါသည်။ လင်း၏ အကြည့်သည် ပန်းချီကားမှ ရွေ့ကာ ပန်းချီဆရာထံ ရောက်ပြီ။ ပန်းချီဆရာ၏ မျက်မှန်အောက်က မျက်ဝန်းများသည် စိတ်လှုပ်ရှားမှု မပြယ်သေး။ မျက်မှန်ကို ပင့်တင်လိုက်သည်။ သေသေသပ်သပ် ရှိနေသော ဆံပင်ကို ယောင်ယမ်းဟန်နှင့် သပ်လိုက်သည်။

သူ့ကို ငေးသော လင်း၏ တည်တည်ငြိမ်ငြိမ် အပြုံးမျက်နှာအောက်တွင်လည်း သူ့လိုပင် စိတ်လှုပ်ရှားမှု ခိုတွယ်နေကြောင်း ပန်းချီဆရာ သိချင်မှ သိလိမ့်မည်။

''ကျွန်တော့်သူငယ်ချင်းရဲ့ ဓာတ်ပုံဗျ''

www.nyisay.com



''ဆရာ့သူငယ်ချင်းက..''

''နိုင်မင်းညီပါ၊ ဒီဓာတ်ပုံကို ရိုက်ခဲ့တဲ့သူပါ''

အို.. ထင်တဲ့အတိုင်းပဲ။ ဒီပန်းချီဆရာနဲ့ ဦးဦးကြားမှာ ပတ်သက်မှု ရှိနေတယ်။

လင်းသည် လှိုက်ခနဲ တုန်ယင်သော စိတ်ကြောင့် ခေါင်းကို ငုံ့ချလိုက်သည်။ လေဒီရှူးအနက် စီးထားသော ခြေထောက်များကို အကြောင်းမဲ့ငုံ့ကြည့်နေသည်။ မျက်တောင် တဖျပ်ဖျပ် ခတ်သည်။ လက်ကို တင်းတင်းပိုက်ထားသည်။ ဘယ်ဘက်သို့ ခွဲထားသော ရှေ့ဆံပင်များသည် ဘယ်ဘက် မျက်နှာတစ်ခြမ်းနီးပါးကို ဝဲဖြာအုပ်ကျနေသည်။ နှုတ်ခမ်းအစုံကို တင်းသည်ထက်တင်းအောင် စေ့ထားသည်။ စိတ်ကို ချုပ်ထားသည်။ သက်ပြင်းတစ်စကို လေးလေးပင်ပင် ချသည်။

ခုနေသာ စိတ်ကိုသာ လွှတ်ပေးလိုက်လျှင်တော့ သည်နေရာမှာပင် မျက်ရည်ကျမိပေမည်။

*

လင်း၏ မျက်လုံးအစုံတွင် မျက်ရည်ရိပ်တို့ ရစ်၍နေသည်။ ထိုမျက်လုံးများဖြင့် ရှေ့မြင်ကွင်းကို ငေးနေသည်။ တနင်္ဂနွေညနေခင်းမို့ အင်းလျားတစ်ဝိုက် သွားလာလှုပ်ရှားသည့် လူများစွာ။

သို့သော် လင်းသည် ထိုလူများကို မမြင်။ ပြပွဲတစ်လျှောက်လုံး သတိတရရှိတိုင်း လှမ်းကြည့်ဖြစ်သည့် ပန်းချီကား.. ခုတော့ ပြပွဲပြီး၍ သူ့အခန်းထဲ ထုပ်ပိုးရောက်ရှိနေသည့် ပန်းချီကားကို မြင်သည်။ ပန်းချီရေးဆွဲသူ ဦးမင်းတင်ကျော်၏ စကားသံများကို ကြားယောင်နေသည်။

စိတ်လွင့်သည့်နောက် မြက်ပင်စိမ်းတို့ကိုပင် ဖွဖွဆုပ်မိသည်။ နောက်ပြန်လွှတ်သည်။ 'လင်း'ဟု ဘေးက ခေါ်သံကြားတော့မှ တစ်ယောက်တည်း မဟုတ်ပါလား အသိဝင်သည်။ အာကာ့ထံ ငဲ့ကြည့်သည်။

အာကာသည် လင်းနှင့် ခပ်ခွာခွာ ထိုင်နေသည်။ ငယ်တုန်းကလို ပိန်ပိန်သွယ်သွယ် မဟုတ်တော့ပြီ။ အရွယ်ရောက်လာတော့ အနည်းငယ် ပြည့်ကာ အရပ်မြင့်မားသော၊ မျက်နှာထား ကြည်လင်ကာ အပြုံးဆောင်တတ်၍ပင်

www.nyisay.com



ကြည့်ကောင်းသော လူငယ်လေးတစ်ယောက် ဖြစ်လာသည်။ ငယ်တုန်းက မြင်ရသည့် အာကာနှင့် ခုတွေ့ရသည့် အာကာသည် ခြားနားခဲ့ပြီ။ သို့သော် မခြားနားခြင်း တစ်ခုမှာတော့ လင်းအပေါ် အန္တတာခံခြင်းသာတည်း။

သည်နေ့ ညနေခင်း တွေ့ကြရအောင် ဆိုတော့လည်း အာကာသည် လင်း၏ အင်္ဂလိပ်စာသင်တန်း ရှိရာ ဦးထွန်းလင်းခြံလမ်းသို့ သင်တန်းဆင်းချိန် မတိုင်မီ ကြိုရောက်လာပေသည်။ အာကာသည်လည်း ဝန်ထမ်းအိမ်ရာမှာ နေသူ မဟုတ်တော့ပြီ။ သူ့မိဘများက စစ်ကိုင်းသို့ ပြောင်းရွှေ့ခဲ့ပြီ။ အာကာ တစ်ယောက်သာ လှည်းတန်းတွင် အဆောင်နေကာ အလုပ်ဝင်ကာ ကျန်ရစ်ခဲ့သည်။

''နင်ကလည်း ပန်းချီကားအကြောင်း ပြောပြမယ်ဆို''

''အေးပါဟာ''

ဟု ဆိုကာ လင်း ပြုံးလိုက်သည်။ ဓာတ်ပုံကို ပန်းချီကား အသွင် စတွေ့ရပါပြီ ဆိုကတည်းက လင်း ရင်ဖွင့်ခဲ့သည့် တစ်ယောက်တည်းသောသူမှာ အာကာ ဖြစ်သည်။ အကြောင်းအရာ အတော်များများ ဖွင့်ဟ ပြောပြနေကျ မေမေ့ကိုကျပြန်တော့လည်း သည်တစ်ကြိမ်တော့ ရေငုံနှုတ်ပိတ်နေချင်သည်။ ကေသီကတော့ လင်း၏ ငယ်ဘဝကို အလုံးစုံ မသိ။ မပြောလို။

သည်လို ဆိုပြန်တော့ လင်း ပြောပြလို့ရတာသည် အာကာတစ်ယောက်သာ ရှိတော့သည်။ ပန်းချီဆရာနှင့် မတွေ့ရခင်ကတည်းက ပန်းချီကား အကြောင်း လင်း ပြောသမျှကို အာကာ ဒိုင်ခံနားထောင်ရတော့သည်။ သူသည် လင်း၏ ငယ်သူငယ်ချင်းလည်း ဖြစ်သည်။ တိုးတိုးဖော်လည်း ဖြစ်သည်။ သူနှင့် ဆိုလျှင် လင်းသည် ကျား၊ မ ခွဲခြားခြင်း မရှိတော့သလို ကိုယ်လို လူထဲက လူတစ်ယောက်ပါပဲဟုသာ ခပ်ရိုးရိုး ထင်တတ်သည်။

''ဦးဦးက အဲဒီ ပန်းချီဆရာ ဦးမင်းတင်ကျော်နဲ့ ဂျပန်မှာ အတူတူ နေခဲ့ကြတာ၊ မမနန္ဒာ ရောက်မလာခင်အထိ ဦးဦးက သူနဲ့ အတူတူနေတာတဲ့၊ ဓာတ်ပုံက ရောက်ကတည်းကပဲ စားပွဲပေါ် တင်ထားတတ်တော့ အမြဲတွေ့နေ တာ၊ ပုံလေးက ဆန်းလည်း ဆန်းလို့ သဘောကျတာနဲ့ မေးတော့ ဦးဦးက ငါတို့မိသားစုအကြောင်း ပြောပြတယ်တဲ့၊ သူ သိပ်စိတ်ဓာတ်ကျနေတဲ့အချိန်မှာ သူ့ကို တကယ့်ဆွေမျိုးသားချင်းလို ဆက်ဆံခဲ့တဲ့ ငါတို့ မိသားစုနဲ့သာ မတွေ့ရင် အခုလိုမျိုး ဘဝတောင် ရောက်မလာဘူးလို့ ပြောပြတယ်တဲ့''

www.nyisay.com



လင်းသည် လေသံ မတိုးမကျယ်နှင့် မှန်မှန်ပင် ပြောနေသည်။ မမြင်ဖူးသော ဦးဦး၏ အခန်းငယ်ကို မှန်းကြည့်နေသည်။ စာကြည့်စားပွဲပေါ်မှာ စာအုပ်အချို့ ရှိကောင်းရှိမည်။ တိုလီမုတ်စ ပစ္စည်းအချို့လည်း ရှိကောင်းရှိမည်။ ထိုထိုသော အရာတို့အားမှာတော့ ဓာတ်ပုံ သုံးပုံ ရှိလိမ့်မည်။ မိသားစုဓာတ်ပုံတစ်ပုံ၊ မင်္ဂလာဆောင် ဓာတ်ပုံတစ်ပုံ၊ ပြီးတော့ လင်းတို့ဓာတ်ပုံ။

ဓာတ်ပုံသည် ဆေးသားပင် နည်းနည်း မှိန်ဖျော့နေလောက်ပြီ။ ဓာတ်ပုံကို မြင်တိုင်း ဓာတ်ပုံရိုက်ကူးစဉ် ကာလအား လင်း ပြန်ပြောင်းသတိရတတ်သလို ဦးဦးလည်း သတိရတတ်သလား။ လင်း သိမ်းထားသော ဓာတ်ပုံကတော့ ဒိုင်ယာရီစာအုပ်ကြားမှာ။ ဓာတ်ပုံဟောင်းများကိုတော့ ငယ်စဉ်ကလို အခါခါ ထုတ်မကြည့်တတ်တော့ပါ။

''မမနန္ဒာ ရောက်လာတော့မှ ဦးဦးက အိမ်ခွဲသွားတယ်တဲ့၊ ဦးမင်းတင်ကျော် မြန်မာနိုင်ငံ ပြန်လာခါနီးတဲ့အခါကျတော့ ဒီဓာတ်ပုံလေးကို ကော်ပီလုပ်ပြီး အမှတ်တရ ယူပါရစေ ခွင့်တောင်းတာ ဦးဦးက ဓာတ်ပုံရိုက်ခွင့်ပြုတယ်တဲ့၊ ပန်းချီဆွဲခါနီးတော့လည်း ခွင့်တောင်းထားတယ်၊ ပြခန်းတင်တာကိုလည်း ပြောပြထားတယ်တဲ့''

ဦးမင်းတင်ကျော်သည် လင်းနှင့် တွေ့ဆုံစဉ်တစ်လျှောက်လုံး စိတ်လှုပ်ရှားလျက် ရှိပေသည်။ ပန်းချီကားထဲက ကောင်မလေးကို အပြင်တွင် တွေ့ရလိမ့်မည်ဟု သူ တွေးပင်တွေးခဲ့မည် မဟုတ်။ တစ်ချိန်တစ်ခါက သဘောတကျ ကြည့်နေခဲ့ဖူးသော ဓာတ်ပုံတစ်ပုံကြောင့် နောက်ထပ် နောက်ထပ်သော အခန်းစဉ်များတွင် သူ ပါဝင်ပတ်သက်လာရလိမ့်မည် ဖြစ်ကြောင်း ယောင်၍ပင် တွေးခဲ့မိမည် မဟုတ်ချေ။

မြန်မာပြည် ပြန်ရောက်ပြီးနောက် ဂျပန်ကုမ္ပဏီ တစ်ခုမှာပင် ဦးမင်းတင်ကျော် အလုပ်ဝင်နေသည်။ ဇဟန်းမှာ မိသားစုနှင့် အတူနေသည်။ ပြီးခဲ့သည့်နှစ်ကမှ အိမ်ထောင်ကျသည်။ ဂျပန်ကို ပြန်သွားရန် စိတ်မကူးတော့။ ဦးဦးနှင့်ကား အဆက်အသွယ် မပြတ်ပေ။ ဖုန်းအဆက်အသွယ်တော့ နည်းပါးသည်။ ဦးဦးသည် လူမှုကွန်ရက်ကို မရှိမဖြစ်လို သုံးသူလည်း မဟုတ်။ မေးလ်ဖြင့်သာ အများဆုံး အဆက်အသွယ်ပြုကြသည် ဆိုပါသည်။

လင်းသည် ဦးမင်းတင်ကျော်ထံက နောက်ထပ် သိခဲ့ရသော အကြောင်းအရာတစ်ခုကိုတော့ အာကာ့အား ပြောလျှင် ကောင်းမလား၊ မပြောလျှင်

www.nyisay.com



ကောင်းမလား တွေးနေသည်။ တစ်ခဏ တွေဝေသည်။ အင်းလေ‥ နောက်မှ ပြောတာပေါ့‥။

"အဲဒါဆို နင့်ဦးဦးက ဂျပန်မှာပဲပေါ့ အခု"

"အေးပေါ့"

"ငါတို့ ပြောင်းလာတော့ ၂၀၀၅ လေးလပိုင်းနော်၊ နင့်ဦးဦး မသွားခင် သိပ်တောင် မတွေ့ဖူးလိုက်ဘူး ဘယ်နှခါလဲ၊ သုံး၊ လေးခါ ထင်တာပဲ တွေ့ဖူးတာ၊ ဒါပေမဲ့ ဦးဦးက ခင်စရာကောင်းတယ်ဟ၊ ငါ သူ့ကို ခင်တယ်၊ ဦးဦး ခေါ်တဲ့ ဆိုးပေလေး ဆိုတာကို ငါ လိုက်ခေါ်ခဲ့တာ ကြည့်ပါလား"

'အံမာ' ဟု လင်း မျက်စောင်းချီသည်။ ပြီးမှ ရယ်ကာ စကားတုံ့ပြန်သည်။

"ငါ့မှာ အဲဒီတုန်းဆိုရင် အိမ်နီးနားချင်း အဖော်လည်း ရှိတာမဟုတ်ဘူး၊ ဦးဦးကိုဆို ငါက ရွယ်တူလိုပဲ ထင်ခဲ့တာ၊ ပြီးတော့ ဦးလေးအရင်းလို့ ထင်ပြီး ချစ်တာ သိလား"

မနက်ခင်းကတင် မေမေ ဖုန်းဆက်သည်။ အိမ်မှာ လင်းအကြိုက် ငါးခေါင်းဟင်း ချက်တာမို့ သတိရသတဲ့။ သည်တစ်ဖက်က မသိမသာ အသံမူပျက်နေသော လင်းကို မေမေ မရိပ်မိပါ။ အခါများစွာ ဖုန်းပြောစဉ်လိုပင် အိမ်အကြောင်း ဖေဖေ့အကြောင်း ရောက်တတ်ရာရာ ပြောကာ လင်းအား 'ညနေစာ စားပြီးပြီလား၊ ရေချိုးလည်း မိုးမချုပ်နဲ့နော်' အစရှိသည့် စကားများမှာကြားကာ ဖုန်းချသွားခဲ့သည်။

လင်းသည် ဖုန်းအဖြူလေးကို နားအနီးမှ တော်တော်နှင့်မခွာ။ တွေးနေငေးနေသည်။ ပထမဆုံးအကြိမ်အဖြစ် ပန်းချီကားတစ်ချပ်ကို ကိုယ်တိုင် ဝယ်ယူခဲ့ပြီ။ ထုပ်ပိုးထားသော စက္ကူပတ်များပင် မဖြေမိသေး။ ပြီးတော့ ဘယ်မှာ ချိတ်ရမှာပါလိမ့်။ ချိတ်ရော ချိတ်သင့်ရဲ့လား။ မေမေ အမှတ်မထင် အလည်ရောက်လာလျှင် မေးခွန်းများစွာ မေးမြန်းလျှင် ဘယ်လို ဖြေရပါ့မလဲ။

"နင်တို့နဲ့က တစ်လျှောက်လုံး အဆက်အသွယ် ပြတ်နေတာပေါ့"

လင်း၏ မျက်နှာမှာ တဒင်္ဂ မှိုင်းမှုန်သွားသည်။ တစ်ခဏမျှ တွေ့ရသော်လည်း သူ ချစ်ခင်စိတ်ဝင်မိသည့် အန်တီသီဂိုကို သတိရသည်။ အန်တီသီဂိုကို ချစ်သော မေမေ့ကို သတိရသည်။ ရက်များစွာပင် သတိရတိုင်း ငိုတတ်သည့် မေမေ့မျက်နှာကို ပြေးမြင်တော့ သက်ပြင်းရှိုက်မိပေသည်။

www.nyisay.com



''နှင့်ကို ပြောပြဖူးသားပဲ၊ ၂၀၀၇ မှာ အန်တီသီဂီ ဆုံးတယ် ဆိုတာ၊ ဆုံးတယ် ဆိုတာလည်း သုံးလလောက် ကြာမှ သိရတာပါဟယ်၊ အမှန်တော့ အန်တီသီဂီ မဆုံးခင်ကတည်းက အဆက်အသွယ်က ပြတ်သလောက်ကို ဖြစ်နေတာ၊ သူတို့လည်း အလုပ်များကြတာကိုး၊ အဲ··အန်တီသီဂီ ဆုံးပြီးတဲ့ နောက်ပိုင်းတော့ ဦးဦးတို့နဲ့ ဆက်စပ်စရာ ကိစ္စလည်း မရှိ၊ ဖေဖေတို့လည်း မော်လမြိုင်ပြောင်းသွားတာ ဆိုတော့ ဝေးသွားကြရော၊ အဆက်ပြတ်သွားကြရော၊ ဦးဦးလည်း တစ်ခါမှ ပြန်မလာဘူး၊ ဟိုမှာ အခြေချနေရော၊ အေးလေ··· သူ့ဘဝနဲ့သူ မဟုတ်လား''

''ဒီကြားထဲ နင်တို့နဲ့ အဆက်အသွယ် လုံးလုံးမရှိဘူးပေါ့''

''အဲဒီလိုတော့လည်း မဟုတ်ဘူး အာကာရ၊ သွားစတုန်းက သုံးလ၊ လေးလနေ တစ်ကြိမ်တော့ ဖုန်းဆက်တယ်၊ နောက်ပိုင်းကျတော့ ကျဲသွားရော၊ အန်တီသီဂီ ဆုံးပြီးတဲ့ နောက်ပိုင်းကျတော့ ပိုပြီး အဆက်ပြတ်သွားတာ အခုဆို ပိုဆိုးပေါ့၊ ဖေဖေတို့က အိမ်လည်း ပြောင်းပြီ၊ ဖုန်းလည်း ပြောင်းလိုက်ပြီ ဆိုတော့၊ အင်းလေ··· ဦးဦးလည်း အားမှာ မဟုတ်ပါဘူး၊ ငါတို့ကို မေ့ရင်လည်း မေ့နေရောပေါ့၊ ဒီကြားထဲ ဆက်သွယ်ဖို့ မကြိုးစားတာ ကြည့်ပါလား၊ ဒီလိုပါပဲ လူတွေဟာ ဝေးရင် မေ့သွားကြတာပဲလား မသိဘူး''

လင်းသည် အတိတ်အကြောင်းကို သည်နေရာမှာတင်စကားဖြတ်၏။ သည်လိုမဟုတ်လျှင် သူ မျက်ရည်ကျမိတော့မည်။ အာကာ ရိပ်မိလည်း မတတ်နိုင်။ အခြားသော အကြောင်းအရာများဆီ လမ်းကြောင်းပြောင်းရသည်။ အလိုက်သိတတ်သော အာကာသည် လင်း ပြောင်းလဲရာ စကားရေကြောနောက် ပါလာတော့သည်။ သူတို့ထုံးစံအတိုင်း စကားဦးတည့်ရာ ပြောကြသည်။ စိတ်ကူးပေါက်လျှင် ငြင်းကြသည်။ နောက်ဆုံးတော့ ရယ်ရယ်မောမော အဆုံးသတ်သည်။

မြက်ခင်းပြင်ထက်က ထတော့ မှောင်စပျိုးခဲ့ပြီ။ ကုန်းလျှောလေးအတိုင်း ခပ်ဖြည်းဖြည်း ဆင်းလာကြသည်။ မီးရောင်လင်းလက်နေသော ပြည်လမ်းထက်တွင်တော့ ကားများ တဝီဝီ ပြေးဆဲ။ လင်းသည် ခြေတစ်လှမ်း လှမ်းတိုင်း ခပ်ဖွဖွ ထိမိနေသော မြက်ပင်ဖျားတို့ထံ အာရုံ မရှိ။ ဦးမင်းတင်ကျော် ပြောခဲ့သော စကားများကိုသာ တစ်ဖန် ကြားယောင်နေပြန်သည်။ အာကာ့ကိုပင် ပြန်လည် ဖွင့်ဟ မပြောဖြစ်ခဲ့သော စကားများ။

www.nyisay.com



ထိုစကားများကို လင်းအား ပြောပြနေသည့် အခိုက်အတန့်တွင် ဦးမင်းတင်ကျော်၏ မျက်နှာထက်၌ စိတ်မကောင်းခြင်း အငွေ့အသက်များ လွှမ်းနေသလို လင်းသည်လည်း ဝမ်းနည်း ငြိမ်သက်နေခဲ့ပါသည်။ ဖြစ်ရလေ··။ ချစ်သော ဦးဦးနှင့် မမနန္ဒာမှာမှ သည်လို အဖြစ်မျိုး ဖြစ်ရလေ။

''သူတို့ ကွဲသွားကြတယ်ဗျ။ ကျွန်တော် သိသလောက်တော့ ကောင်မလေးက အခု စင်ကာပူမှာလို့ ဆိုတယ်''

''ဘယ်လိုများ ဖြစ်ကြတာလဲဟင်''

လင်း၏ အသံမှာ ဆို့နင့်လျက်။ တိမ်ဝင်လျက်။

''အေးဗျာ၊ မိသားစုအကြောင်းတွေကြောင့်လို့ ပြောတာပဲ၊ ညီညို့အိမ်ဘက်က ကောင်မလေးကို သိပ်မလိုလားဘူးဆိုတာ ညီမလည်း သိမှာပေါ့၊ အဲဒါက အဓိကပြဿနာပေါ့ဗျာ၊ ချစ်စခင်စမှာ ပြဿနာမဟုတ်ပေမယ့် အိမ်ထောင်သက် ကြာလာတော့ ပြဿနာဖြစ်လာတာပေါ့၊ ခဏခဏ စကားနိုင်လုစရာဖြစ်လာတာပေါ့၊ ကလေးလည်း မရှိသေးတော့ ကွဲဖို့ မြန်သွားတာပေါ့ဗျာ၊ ငယ်စိတ်တွေ မဟုတ်လား၊ ဘယ်·· သူတို့ ကွဲကြ ကွာကြတုန်းက နှစ်ယောက်လုံး ဘာရှိသေးလို့တုံး၊ ၂၉ နှစ်လား ရှိသေးတာ''

''အခု ဦးဦးက အိမ်ထောင် ထပ်မပြုဘူးလား''

ဦးမင်းတင်ကျော်က ခေါင်းခါယမ်းလိုက်သည်။ ဇဝေဇဝါ ပြုံးပါသည်။ ဘာကြောင့် သည်မျှ အဆက်ပြတ်နေကြသနည်းဟု တွေးနေလေသလား။ လင်း မသိနိုင်ပါ။

''မပြုဘူးဗျ၊ တစ်ယောက်တည်းပဲ နေနေတော့တာ''

ထူးအိမ်သင် သီချင်းတွေ ဦးဦး ကြိုက်သေးသလား··။ ပင်စိမ်းကဲတဲ့ အစားအသောက်တွေ ဦးဦး ကြိုက်တုန်းပဲလား··။ ရောဝတီမြစ်ကိုရော ဦးဦး လွမ်းသလား··။ ဘယ်သားချင်းမှ မရှိတဲ့မြေမှာ ဦးဦး ဘာကြောင့် နေနေရသေးသလဲ··။

မေးခွန်းများစွာကို လင်း မျိုချခဲ့ရသည်။ အသေးစိတ်လွန်းသော မေးခွန်းများအတွက် အဖြေကို ဦးမင်းတင်ကျော် သိမည် မဟုတ်။ အလုပ်ချိန်ထဲက ဖဲ့ကာ ကိုယ်ရေးကိုယ်တာအတွက် သုံးရတာလည်း လွန်လှပြီ။ ခင်စန္ဒာနှင့် ကျော်ဦး‌က အလိုက်တသိ တာဝန်ယူနေ၍သာ လင်း ထိုမျှ အချိန်ရခဲ့သည်။ နောက်ဆုံးတော့ ကျေးဇူးတင်စကား ဆိုကာ နှုတ်ဆက်ရသည်။ လိပ်စာကတ်

www.nyisay.com



ပေးရသည်။ ပန်းချီကား ဝယ်မည့်အကြောင်း အသိပေးရသည်။ ဦးမင်းတင်ကျော်က လက်ဆောင်ပေးလိုသည်တဲ့။

လင်း ငြင်းရပါသည်။ မည်သို့ပင် ပန်းချီကားနှင့် ပတ်သက်ရာကာယကံရှင် ဖြစ်စေကာမူ အနုပညာလက်ရာတစ်ရပ်ကို သည်မျှ အလွယ်တကူ လက်မခံရက်ပါ။

အပြုံးမျက်နှာနှင့်ပင် လင်း ကျောခိုင်း လှည့်ထွက်ဆဲ ဦးမင်းတင်ကျော်က 'မလင်းမြရည်လွင်'ဟု လှမ်းခေါ်ပါသည်။

လင်းသည် နောက်ကျောဘက်သို့ ချာခနဲ လှည့်ကြည့်လိုက်သည်။ သူ့ထံသို့ ဦးမင်းတင်ကျော်က လျှောက်လာသည်။ မျက်နှာက ပြုံးနေသည်။

"ပြောဖို့ တစ်ခု ကျန်သေးတယ်ဗျ၊ စကားတွေ ဆက်တိုက် ပြောနေတာနဲ့ အရေးကြီးတာ တစ်ခု ကျန်ခဲ့တယ်၊ ဇူလိုင်လကျရင် ညီညီ ခဏပြန်လာမှာဗျ၊ ရန်ကုန်တော့ တစ်ရက်၊ နှစ်ရက် နေဦးမှာပဲ၊ ကျွန်တော့်ကိုလည်း တွေ့ချင်တယ်တဲ့၊ ကျွန်တော်တို့ ချိန်းဖြစ်တဲ့နေရာ ပြောမယ်လေ၊ မလင်းမြရည်လွင် လာနိုင်မလား"

လင်း၏ မျက်နှာထက်က အပြုံးမှာ ရှင်လျက်။ အို..ဦးဦး ပြန်လာမယ်..။ ဆယ်နှစ်အတွင်း ဦးဦးကို ပထမဆုံးအကြိမ် ပြန်တွေ့ရမယ်..။

အပြုံးနှင့်အတူ တစ်ခဏမျှ တွေသည်။ အဖြေ ဘယ်လို ပေးရမည်နည်း။ စက္ကန့်ပိုင်းမျှအကြာတွင်မှ အဖြေတစ်ခု ခေါင်းထဲ လက်ခနဲ ပေါ်သည်။

"တွေ့တာပေါ့ ဆရာ၊ ဒါပေမဲ့ ကျွန်မအကြောင်းတော့ ကြိုပြောမထားနဲ့ဦး၊ ဦးဦး အံ့သြအောင် လုပ်ကြတာပေါ့ နော် ဆရာ"

* * *

www.nyisay.com

အင်္ကျင်ကြောင်းထင်သော နှင်းဆီတောကို နှမြောတသစွာ ငေးသည့်သဖွယ် မျက်နှာချင်းဆိုင်လျက် ရှိသူကို လင်း ငေးနေသည်။ နှုတ်ခမ်းအစုံသည် ပွင့်ဟလျက်။ အံ့အားသင့်ခြင်း၊ ဝမ်းနည်းခြင်းသည် ရင်ကို ကိုင်လှုပ်လျက် ရှိသည်။ မျက်လုံး၌ မျက်ရည်စများ ရစ်ဝဲလျက်ပင် ငေးနေသည်။

ထိုသူသည် လင်း ချစ်မြတ်နိုးရသူဖြစ်သည်။ ယုံယုံကြည်ကြည် လက်တွဲခဲ့သူ ဖြစ်သည်။ ချစ်ခြင်းမေတ္တာ၏ ရာခိုင်နှုန်း ၁၀၀ အနက် ကြည်နူးခြင်း ၂၀ ရာခိုင်နှုန်း၊ ဒဏ်ရာနှင့် နာကျင်ခြင်း ၈၀ ရာခိုင်နှုန်းမျှ ပေးခဲ့သော ချစ်သူ ဖြစ်သည့်တိုင် ကျောခိုင်းခြင်းငှာ မစွမ်းသာသေးသူ ဖြစ်သည်။

သူသည် ယောင်ယောင်မျှ တွန့်ချိုးထားတတ်သော မျက်ခုံးအောက်က အထင်သေးခြင်း၊ စိတ်ပျက်ခြင်း အရိပ်အယောင် စွက်သည့် မျက်လုံးများဖြင့် လင်းကို စူးစိုက်ကြည့်နေသည်။ သူ့အကြည့်သည် အပြစ်ရှိသူကို ကြည့်သည့် ပမာဖြစ်သည်။ ထိုမျက်လုံးအကြည့်ကို လင်း အမြဲတစေ လန့်ထိတ်ခဲ့သည်။

ခုတော့ ထိုမျက်လုံးများကိုပင် လင်း တုံ့ပြန် စူးစိုက်နေသည်။ လင်းတွင် အပြစ်မရှိ။

"အဲဒီပန်းချီဆရာနဲ့ မင်းနဲ့က ဘာလဲ၊ ငါ အဲဒါပဲ သိချင်တာ လင်း"

လင်း တစ်ကြိမ် ကြားခဲ့ပြီးသော စကားကိုပင် သူ ထပ်ပြောသည်။

ဘုရား..ဘုရား..ဖြစ်မှဖြစ်ရလေ။ လင်းသည် စိတ်အတွင်း၌ ဒုတိယမြောက် အာမေဍိတ်ပြုမိကာ ဝမ်းနည်းစိတ်ပျက်ခြင်းများအား ထွက်သက်ဖြင့် မှုတ်ထုတ်လိုက်သည်။ အထင်အမြင်သက်သက်ဖြင့် တစ်ပါးသူ ပေးပို့သော

www.nyisay.com



သတင်းစကားများကို ယုံရက်ခြင်းအတွက် စိတ်ပျက်သည်။ လင်း၏ အချစ်ကို မယုံကြည်ခြင်းအတွက် ဝမ်းနည်းသည်။

လင်းကတော့ သူ့ကို ဘယ်လောက် ယုံကြည်ခဲ့သလဲ။ ဘယ်လောက် နားလည်ပေးခဲ့သလဲ။

မိဘများဘက်က သဘောတူသူဟု လင်း သိထားရသည့် မိန်းမချောလေးနှင့် ရယ်ရယ်မောမော လှမ်းတွေ့လျှင်ပင် သူ ရှင်းပြသည့် စကားများကို ယုံစားခဲ့သည်။ မိဘများ၏ လက်ငုတ်လက်ရင်း ကျောက်လုပ်ငန်း၊ သို့မဟုတ် သူ့ဝါသနာအရ ဖွင့်ထားသည့် ကော်ဖီဆိုင်တို့ကြောင့် အစဉ်အမြဲ မအားမလပ်ဖြစ်နေတတ်သည့် သူ့ကို နားလည်ပေးခဲ့သည်။ သူ့တွင် လင်းအတွက် အချိန်ပိုများစွာ မရှိ။ လင်းတို့နှစ်ယောက် စကားပြောရာနေရာမှာ သူ့ကော်ဖီဆိုင်သာ ဖြစ်တတ်ခဲ့သည်။ ချစ်သူမဖြစ်ခင်က အလုပ် မပါဘဲ လင်းနှင့် သီးသန့် စကားပြောတတ်ခဲ့သော၊ စကားပြောကောင်းသော လူတစ်ယောက်သည် ခုတော့ ပျောက်ဆုံးခဲ့ပြီ။ သည့်အစား ကွန်ပျူတာတစ်လုံး ရှေ့ချကာ အလုပ် တစ်ခုခု အပေါ် အာရုံစူးစိုက်လျက်ရှိကာ တွေ့ရတတ်သူမှာ သူစိမ်းပမာ။

လင်းတို့သည် ချစ်ခြင်းက ဖန်တီးသည့် တစ်စုံတစ်ရာသော တွန်းပို့ချက်ကြောင့်သာ နီးကပ်လာသူများသာတည်း။ သူ့အတွက် လင်းသည် ရည်ရွယ်ချက် ကြီးကြီးမားမား မရှိသော မိန်းကလေး ဖြစ်သည်။ ဘဝတွင် ဒုတိယ အစီအစဉ် မရှိ။ စိတ်ထက်သန်ရာတစ်ခုကိုသာ တစိုက်မတ်မတ် လုပ်တတ်သူ၊ စိတ်ကူးယဉ်တတ်သူ၊ ခံစားလွယ်သူ၊ အထင်ကြီးလောက်စရာ မရှိ။ ငယ်ရွယ်သွက်လက်ခြင်း၊ ချစ်စရာကောင်းခြင်းတို့သာ ပြစရာ ရှိသည်။

လင်းအတွက်ကျပြန်တော့လည်း သူသည် ရုပ်ဝတ္ထုတို့ကိုသာ နှစ်လိုမက်မောသူ ဖြစ်သည်။ အလှပြရန်တစ်ခုအတွက်က လွဲ၍ အနုပညာ၏ အတွင်းအနှစ်သာရကို မက်မောမှု မရှိ။ သူ့ကော်ဖီဆိုင်တွင် ပန်းချီကား ချိတ်ခြင်း၊ စာအုပ်ကောင်းများအား သီးသန့်စင်ဖြင့် တင်ပေးထားခြင်း၊ ပန်းချီပြခန်းသို့ ရောက်တတ်ခြင်း၊ ပန်းချီကား ဝယ်ယူခြင်းများသည် လင်းအတွက်တော့ အထင်ကြီးဖွယ်ရာ ဖြစ်ခဲ့သည်။ သို့သော် ပန်းချီကားကို အလှဆင်ပစ္စည်းဟုသာ သူ ယူဆကြောင်း၊ ၂၇ နှစ် ဆိုသော အသက်အရွယ်အထိ ရသစာအုပ်တစ်အုပ်ကို ပင် ဆုံးအောင် မဖတ်ဖူးကြောင်း နောက်ပိုင်းကျမှ သိနားလည်ခဲ့ရသည်။ အို… ပြောရင် ကုန်ပဲ ကုန်ပါဦးမလား။

www.nyisay.com



အသေးအဖွဲဟု ထင်ရလောက်သော အချက်ငယ်လေးများသည် အချိန်ကြာလာသည်နှင့်အမျှ ချစ်သူနှစ်ဦးအကြား ခြားနားမှုကို ထင်းလင်းမြင်သာစေတော့သည်။ သူတို့သည် စိတ်ဖြင့်ပြောသော ဘာသာစကား၌ ထပ်တူမညီ။

ထိုထိုသော မတူညီ ခြားနားမှုများကို လင်းဘက်ကတော့ အတတ်နိုင်ဆုံး နားလည်ခဲ့ပါသည်။ ချစ်သူ မိန်းကလေးအတွက် အချိန်ပို မရှိတတ်သော၊ ဖုန်း စဆက်ရန်၊ စာတို စပို့ရန် မျှော်လင့်၍ မရနိုင်သော၊ မွေးနေ့ သို့မဟုတ် ချစ်သူသက်တမ်း နှစ်ပတ်လည်နေ့ကို သတိမရတတ်သော၊ မျက်နှာအမူအရာကို အကဲမဖမ်းတတ်သော၊ သူ့ဘက်ကသာ အချိန်မရွေး သဝန်တိုတတ်သော်လည်း မိန်းကလေးဘက်က သဝန်တိုလျှင် တစ်ပြန်တစ်လှည့် စိတ်ဆိုးတတ်သော စသော စသော နာမဝိသေသနများစွာသည် သူ့အတွက်သာ ဖြစ်တည်လာပုံရသည်။

သို့သော် လင်းသည် အစွယ်ကျိုးသော မြွေပမာ ရှိခဲ့ပါသည်။

"ဘာရမှာလဲ ကိုကိုရဲ့၊ လင်းတို့ ပြခန်းမှာ ပန်းချီကား လာတင်တဲ့ ပန်းချီဆရာပဲ၊ လင်းနဲ့ ဘာပတ်သက်ရမှာလဲ"

'ကျွတ်' ဟု သူ အသံပြုလိုက်သည်။ သူ့မျက်နှာမှာ ဒေါသရိပ်၊ နာလိုခံခက်ရိပ်တို့ တဖျပ်ဖျပ် ပြေးလျက်။ ဒါ ချစ်ခြင်းကြောင့်ပါပဲဟု လင်းမကြည်နူးနိုင်ချေ။ စွပ်စွဲရက်လေခြင်းဟုသာ တနုံ့နုံ့ ဝမ်းနည်းနေသည်။

သည်ညနေခင်း ပြခန်းအရောက် ထူးထူးဆန်းဆန်း လာကြိုတော့ ဘယ်လောက် ဝမ်းသာခဲ့ရသလဲ။ သူ့ဘေးမှာ ထိုင်ကာ သီချင်းနားထောင်ကာ ရနံ့တစ်မျိုးနှင့် မွေးပျံ့စိမ့်အေးသည့် ကားပေါ် ရှိနေရသည့်အခိုက်တော့ လင်းသည် ကားလမ်းပိတ်ခြင်းကိုလည်း စိတ်မညစ်ညူး။ လိုင်းကားများပေါ်က အိမ်အပြန် နွမ်းလျလျ မျက်နှာများကိုလည်း မမြင်။ လင်း၏ အမြင်အတွေးဟူသမျှကို အပျော်ကသာ ဖုံးလွှမ်းနေခဲ့သည်။

ဟော… သတိရလို့ အကဲခတ်တော့မှ စကားတွေ လိုမ့်ပြောနေတာ ကိုယ်ပါပဲလားကွယ်။ သူကတော့ တိတ်လွန်းမက တိတ်လှသည်။ လင်းတို့ နေထိုင်ရာ လမ်းသွယ်သို့ မရောက်ခင် လမ်းထိပ်မှာရှိသည့် သူ့ကော်ဖီဆိုင်သို့ ရောက်ချိန်အထိ စကား ဟက်ဟက်ပက်ပက် မပြောခဲ့။ ပြောမယ့် ပြောတော့လည်း မျှော်လင့်မထားသော စကားပေ။

www.nyisay.com



''မင်းတို့ စကားပြောနေတာ ပန်းချီဆရာနဲ့ ပြခန်းတာဝန်ခံ ဆိုတာ ထက် ပိုတယ် လင်း၊ ငါ့ကို မညာနဲ့၊ ငါ့သူငယ်ချင်းက သာမန်ထက်ပိုလို့၊ ထူးခြားလို့သာ ငါ့ကို ပြောတာ၊ ဒီနေ့ တွေ့တာနဲ့ ငါ့ကို တန်းပြောတာ၊ သူက မဟုတ်တာကို အဟုတ်လုပ် ပြောတတ်တဲ့သူ မဟုတ်ဘူး လင်း၊ မင်း မညာနဲ့''

သူသည် လေသံကို ပို၍ နှိမ့်ထားသည်။ မျက်နှာကြောကို နည်းနည်း လျှော့လိုက်သည်။ လင်း ရောက်သည့် ညနေခင်းတိုင်း ထိုင်ဖြစ်သည့် ထိပ်ဆုံးက စားပွဲဝိုင်းမှာ အမှန်တော့ ကောင်တာနှင့် နီးကပ်နေပါသည်။ နားစွင့်သူရှိလျှင် တစ်စွန်းတစ်စ ကြားနိုင်မည်။ သို့သော် ဝန်ထမ်းများမှာ တစ်ချက်ပင် စပ်စု ရဲခြင်းမရှိ။ လှမ်းပင် အကဲမခတ်ကြချေ။

''မင်းတို့ တစ်ခုခု ပတ်သက်ကြတယ်၊ ပြီးတော့ ချိန်းနေတယ်လို့လည်း ပြောတယ်၊ အဲဒါ ဘာအကြောင်းလဲ၊ ဘာကြောင့် ချိန်းတာလဲ၊ ငါ့ကို ပြောပြ''

လင်း ပင့်သက်ရှိုက်လိုက်သည်။ သတင်းပေးသူက တိကျလှချေ လား။ ဦးမင်းတင်ကျော်နှင့် ဘာကြောင့် တွေ့ဖြစ်ပါကြောင်း သူ့ကို မပြောလျှင် ဘာဖြစ်မည်နည်း။ ပြောလျှင်ကော ဘာဖြစ်မည်နည်း။ မတတ်နိုင်။ မည်သည့် နည်းနှင့်မျှ လင်း ပြောမည် မဟုတ်။ လင်းနှင့် ပတ်သက်သမျှ အမှုမချေးခါးမကျန် အသိပေးခဲ့သော ချစ်သူကို သည်တစ်ခုတော့ ပြောမည် မဟုတ်ပါ။

''ချိန်းတယ်ဆိုတာ ဟုတ်တယ် ကိုကို၊ ကိစ္စရှိလို့ပါ၊ ဒါပေမဲ့ အဲဒါ ကိုကိုနဲ့ မဆိုင်တဲ့ ကိစ္စပါ၊ လင်း ပြောမပြနိုင်ဘူး''

ဆိုင်ထဲမှာမို့ သူ မအော်ပါ။ စိတ်ထိန်းချုပ်ဟန် မြင်ရသည်။ လက်သီး ကို တဆုပ်ဆုပ် ပြုနေသည်။ ချစ်သူသက်တမ်းတစ်လျှောက် ခေါင်းညိတ်ခြင်း တစ်ခုသာ တတ်သော၊ သူ့အမိန့်မှန်သမျှ နာခံတတ်သော မိန်းကလေး၏ ပထမဆုံး ဆန့်ကျင် တော်လှန်ခြင်းသည် သူ့အတွက်တော့ မျက်နှာကို ဖြတ်ရိုက် လိုက်သလိုတည်း။

''ချစ်သူနှစ်ယောက်ကြားမှာ မပြောနိုင်တဲ့ကိစ္စ ဘာတစ်ခုမှ မရှိဘူး လင်း''

''ကိုကိုကော လင်းကို အရာရာ အသိပေးခဲ့သလား၊ ချိုသာနဲ့ ကိုကို့ ဆက်ဆံရေးကို ဒီနေ့အထိ လင်း သံသယရှင်းအောင် ကိုကို တစ်ခွန်း ပြောခဲ့ သလား၊ ရှင်းပြခဲ့ဖူးသလား၊ လင်းတို့ကို ပေးဆုံခဲ့ဖူးသလား''

www.nyisay.com



''သူက ငါ့သူငယ်ချင်းလို့ မင်းကို ငါ ခဏခဏ ပြောဖူးသားပဲ၊ ငါတို့ ငယ်ငယ်လေးကတည်းက ခင်လာကြတာ၊ လူကြီးတွေ သဘောတူတယ် ဆိုတာလည်း ဒီလိုပဲ ပြောဆိုနေကြတာ၊ ဘယ်သူမှ တရားဝင် စီစဉ်ပေးထား တာလည်း မဟုတ်ဘူး၊ မင်းနဲ့ ပေးဆုံရအောင်ကလည်း ဆုံစရာလည်း အကြောင်းမှ မရှိဘဲကိုးကွ''

''တရားဝင် မဟုတ်ဘူး ဆိုပေမယ့် တရားဝင်ပါပဲ ကိုကို၊ ကိုကို့မိဘ တွေကို ဒီနေ့အထိ ကိုကို လင်းအကြောင်း အသိပေးဖူးသလား၊ အသိပေးရဲ သလား၊ မလောက်လေးမလောက်စား အဆင့်အတန်းက မိန်းကလေးတစ်ယောက် လို့ ထင်မှာ၊ ငြင်းလိုက်မှာ ကိုကို သိနေတယ် မဟုတ်လား၊ ကိုကို သိသလို လင်းလည်း သိပါတယ်''

''မင်း စကားလမ်းကြောင်း မလွှဲနဲ့ လင်း၊ ငါနဲ့ချိုသာက ရိုးသား တယ်၊ လူကြီးတွေ ဘာပဲပြောပြော ငါတို့ ရိုးသားတယ်''

''လင်းက မရိုးသားဘူးလို့ ကိုကို ဆိုလိုတာလား''

''မရိုးသားဘူးလို့ ငါ မပြောသေးဘူး လင်း၊ ဒါပေမဲ့ ငါ အမှန်အတိုင်း မသိရမချင်းတော့ မရိုးသားဘူးလို့ ထင်မှာပဲ၊ ငါဟာ မင်းရဲ့ချစ်သူလို့ သတ်မှတ် သေးတယ်ဆိုရင် အမှန်အတိုင်း ပြောပြပေါ့ ဒါပဲ ရှိတယ်၊ အေး‥ မပြောဘူး ဆိုရင်တော့ မင်း မရိုးသားလို့ပဲ''

လင်း၏ စိတ်သည် စူးချွန်တစ်ခုနှင့် အထွခံရသည့်သဖွယ် သွေးစိမ်း ရှင်ရှင်ကျ နာကျင်လာသည်။ သို့သော် အားတင်းပြုံးလိုက်ပါသည်။ မရိုးသား လို့ပဲ‥ တဲ့။ ပြောရက်လိုက်လေ။ လင်း သူ့အပေါ် ဘယ်လောက် ရိုးသားခဲ့သလဲ။ ဘယ်လောက် နားလည်ပေးခဲ့သလဲ။ ခုတော့ အရာရာသည် စကား တစ်ခွန်း အောက်မှာ မှုန်ဝါးခဲ့ပြီ။

မျက်လုံးသည် ရုတ်ခြည်း စိုစွတ်လာသည်။ မျက်တောင် တဖျပ်ဖျပ် ခတ်လိုက်သည်။ နှုတ်ခမ်းကို တင်းတင်းစေ့သည်။ စကားမဆို။ ခေါင်းကိုသာ ခါယမ်းလိုက်ပါသည်။

''အေး- မပြောဘူးပေါ့ ဟုတ်လား၊ ရတယ် လင်း၊ မင်း သွားတော့''

လင်းသည် ဝိုင်းစက်သော မျက်ဝန်းများဖြင့် သူ့မျက်နှာကို ငေးနေ သည်။ လှိုင်းအိတစ်ချက် မလှုပ်သည့် ကန်ရေပြင်ပမာ ငြိမ်သက်အေးစက် သည့် မျက်နှာကို ငေးနေသည်။ သူ ဘာပြောလိုက်တာပါလိမ့်။

www.nyisay.com



'သွားတော့' ဟု သူ နောက်တစ်ခွန်း ထပ်ဆိုသည်။ လင်း၏ မျက်နှာ ပြင်သည် တစ်စစ ပူနွေးလာသည်။ အုံ့အားသင့်ခြင်း၊ နာကျင်ခြင်း၊ ရှက်ခြင်း သည် ထွက်သက်နှင့်အပြိုင် မျက်နှာကို ထိခတ်လျက် ရှိသည်။ သိမ်ငယ်စိတ် သည် ခန္ဓာကို သေးနုပ် ပျောက်ကွယ်စေတော့မလို။

ထိုင်ရာမှ ထရပ်သည်။ ခုံနောက်မှီမှာ ချိတ်ထားသည့်အိတ်ကို လွယ် သည်။ နှုတ်ခမ်းတင်းတင်းစေ့မြဲ။ စကားတစ်ခွန်း မဆို။ သူ့မျက်နှာကိုတော့ တစ်ချက်မျှ ကြည့်လိုက်သေးသည်။ အံ့အားသင့်မှုကို မြင်ရသည်။ သူသည် 'သွားတော့'ဆိုသော အရိုင်းဆန်ဆန် စကားတစ်ခွန်းမျှနှင့် လင်း ထွက်သွား လိမ့်မည် မျှော်လင့်ခဲ့မှာ မဟုတ်။ သူ့အပေါ် အားကိုးယုံကြည်စိတ် အပြည့်နှင့် တစ်မိုးအောက် တစ်ယောက်သာ ရှိတော့သည့်ပမာ ချစ်ခဲ့သော မိန်းကလေး သည်မျှလောက်နှင့် ကျောခိုင်းမည် ထင်ခဲ့မှာ မဟုတ်။ ရှိပါစေ။

'သွားတော့မယ်' ဟု ပြောနေကျလို လင်း မပြောပါ။ 'ဖုန်းဆက်မယ် နော်'ဟုလည်း မှာနေကျလို မမှာကြားပါ။ ထိုစကားများ မလိုအပ်တော့ပါ။

မှန်တံခါးချပ်ကို ချပ်ခနဲ စေ့ပိတ်လိုက်သည်။ လမ်းသွယ်ပေါ် ခြေ ခိုင်ခိုင်ချမိသည်။ လျှောက်နေကျ လမ်းမို့ သိစိတ်မဲ့သော ခြေလှမ်းများသည် နေထိုင်ရာ တိုက်ခန်းအရောက် အလိုလို ဦးဆောင်လာသည်။ လှေကားသော့ ဖွင့်သည်။ လှေကားထစ်များသည် သည်တစ်နေ့မှ ပိုရှည်လာပါသလား။ အထပ် တစ်ထပ် မြင့်လာလေ မျက်လုံးတို့က ပို၍ ပူလာလေလေ။ ဦးခေါင်းအထက်ပိုင်း တစ်ခြမ်းလုံးမှာ အုံခဲ၍နေသည်။

နောက်ဆုံးတော့ လေးလွှာ ရောက်သည်။ သံပန်းတံခါး ဖွင့်သည်။ အတွင်းတံခါး ဖွင့်သည်။ ပြန်ပိတ်သည်။ ကေသီ မရောက်သေးတာကိုပင် ဝမ်းသာစိတ် လှစ်ခနဲ ဝင်သည်။

အိပ်ခန်းသို့ လျှောက်ရန် ပြင်သည်။ သို့သော် မလျှောက်နိုင်။ ဧည့်ခန်း တွင် ခင်းထားသော ဖျာချောထက် ပုံလဲကျသလို ထိုင်ချမိသည်။ အိတ်ကိုပင် ပခုံးထက်မှ မဖြုတ်နိုင်တော့။

လင်း၏ မျက်ဝန်းသည် မျက်ရည်များနှင့် ပြည့်လျက်ရှိသည်။ မျက်တောင် တဖျပ်ဖျပ် ခတ်သည်။ ဟင့်အင်း‥ မငိုဘူး။ ဒီလောက်နဲ့ ငိုစရာ မဟုတ်ဘူး။ နှုတ်ခမ်းကို တင်းတင်းစေ့သည်။ ဆောင့်ကြောင့်ထိုင်ကာ ဒူး နှစ်ဖက်ပေါ် လက်ယှက်တင်သည်။ လက်ခုံတွင် နဖူးအပ်လိုက်သည်။

www.nyisay.com



နောက်တော့ ကျောပြင်သည် တဖြည်းဖြည်း လှုပ်ခါလာသည်။ တင်းထားသော မျက်ရည်များသည် တလိမ့်လိမ့် စီးကျလာသည်။ မျက်ရည်ကို မတားနိုင်။ တားရန် မဖြစ်နိုင်။ ငိုပါရစေ·· နောက်ဆုံးပဲဖြစ်ဖြစ် နှင်းဆီတော အတွက် ငိုပါရစေ။

လင်းသည် တစ်သက်တွင် တစ်ကြိမ်မှ မငိုဖူးသလို၊ မျက်ရည်တစ်ခု သာ အားကိုးရာ ကျန်တော့သလို ရှိုက်လျက် ရှိုက်လျက်နေသည်။

*

ကေသီ့ထံက ဖုန်းဝင်လာချိန်တွင် လင်းသည် လှိုင်သာယာဘက်က ပြန်ထွက်လာသည့် ဘတ်စ်ကားပေါ်ဝယ် ကားပြတင်းအပြင်သို့ စိတ်မှတ်မဲ့ ငေးမောရင်း လိုက်ပါလာချိန် ဖြစ်သည်။ မှောင်ရီပျိုးခဲ့ပြီ။ အမှောင်ဦးက ချင်းနင်း ဝင်ရောက်ခဲ့ပြီ။ လမ်းမီးတို့ပင် လင်းကျင်းနေပြီ။ ဂိတ်က စထွက်လျှင် ယာဉ်ကြော မကျပ်သေးသည့် လမ်းကြောမို့ ကားအရှိန်မှာ ခပ်ပြင်းပြင်း။ နောက်တော့ ယာဉ်ထူထပ်ရာသို့ ရောက်သည့်အခါ အရှိန်လျှော့သည်။ ရံခါ တော့ တရိပ်ရိပ် ရွေ့သည်။

စပယ်ယာသည် ဘတ်စ်ကား မှတ်တိုင်နှင့် နီးကပ်လာတိုင်း ခရီး တစ်လျှောက် တည်ရှိရာ မှတ်တိုင်အချို့ကို နှုတ်တိုက်ရွတ်ကာ လှမ်းခေါ်လျက်။ ကားသည် ဆင်းသူ သိပ်မရှိ။ တက်သူ နည်းနည်း။ ကားမှတ်တိုင်တစ်ဝိုက်တွင် ရပ်လျက် ကျန်ရစ်သူများထံ ငေးသည်။ တက်လာသူများထံ ငေးသည်။ စင်စစ် ဘယ်အရာကိုမှ သဲကွဲစွာ မမြင်။

တစ်နေ့ခင်းလုံး စိတ်ထွေပြားပုံကိုသာ သတိရနေသည်။ ညက တစ်ညလုံး ငိုခဲ့တာကြောင့် လင်း၏ မျက်လုံးများမှာ မို့ဖောင်းနီရဲလျက်။ ပြုံ့ နားထားသော ရက်မို့သာ တော်ပါသေးသည်။ ပထမသော် ခွင့်ယူမည်ပြင်သည်။ သို့သော် အိမ်မှာ ကေသီလည်း ရှိမည် မဟုတ်။ တစ်ယောက်တည်း နေတာထက် အလုပ်သွားတာက ပိုကောင်းလိမ့်ဦးမည်။ ကေသီကလည်း သည်လိုပင် ယူဆ သည်။

နောက်ဆုံးတော့ ပြခန်းသို့ ရောက်လာသည်။ ပြခန်း ခြံဝင်းထဲက ပန်းပင်များသည် လင်းကို နှုတ်မဆက်သာ။ လင်းသည် ငိုင်သော မျက်နှာနှင့်ပင်

www.nyisay.com



ခြံထဲသို့ ဝင်သည်။ ပြခန်းတံခါးကို ဖွင့်သည်။ ပြပွဲ မရှိသော ရက်များ၌ ပြခန်းတွင် တင်နေကျ မြင်နေကျ ပန်းချီကားချပ်တို့သည် မှိုင်းသော အသွင်ဆောင်နေသူ လင်းအား အံ့အားသင့်နေကြဟန် ရှိသည်။

လင်း၏ သိသာလှသော မျက်နှာနှင့်ပတ်သက်၍ ခင်စန္ဒာရော ကျော်ဦးပါ အလိုက်တသိ တစ်ခွန်းပင် မမေး။ တစ်ညလုံး အိပ်မပျော်ခဲ့သောလင်းအတွက် အလုပ်ခွင်၏ တစ်နေ့တာမှာ ရှည်လျားလွန်းလှသည်။ နောက်တစ်ပတ် ပြပွဲအတွက် လုပ်ကိုင်စရာများ စီစဉ်ရသည်။ တကယ်တော့ ခင်စန္ဒာကို လွှဲလိုက်လည်း ရသားပဲ။ သို့သော် သူ စိတ်မအားလပ်ချင်။ ညနေစောင်းလျှင်တော့ လုပ်ဖော်ကိုင်ဖက်တို့ကို နှုတ်ဆက်ကာ ပြန်ရသည်။ ဆောက်လုပ်ရေးမှတ်တိုင်မှ ဘတ်စ်ကား တက်စီးကာ မြေနီကုန်းမှာ ဆင်းသည်။ အိမ်ပြန်ရမလား။ ဟင့်အင်း… မပြန်ချင်သေးပါဘူး။

နောက်တော့ ဝေါခနဲ ထိုးဆိုက်သော လိုင်းကားတစ်စီးပေါ် လှမ်းတက်လိုက်သည်။ ဘာရည်ရွယ်ချက်မှ မရှိ။ အနည်းဆုံးတော့ အိမ်မပြန်ရသေးလည်းကောင်းတာပဲ။ အိမ်ရှိရာ လမ်းသည် လင်းအတွက် နာကျင်မှုကို ပေးလိမ့်မည်။ ကော်ဖီဆိုင်ရှေ့က ဖြတ်ရမှာ စိုးတာကြောင့် အခြားလမ်းသွယ်က ပတ်ဝင်ရလျှင် ဒါသည်ပင် လင်း၏ ဝမ်းနည်းသိမ်ငယ်မှု ဖြစ်လိမ့်မည်။ အခု ခဏတော့ လင်းတွင် သည်မျှ မာကျောမှု မရှိသေး။ ကြိုးစားရဦးမည်။

လိုက်ပါလာသော ဘတ်စ်ကား လှိုင်သာယာ အဝေးပြေးတွင် ဂိတ်ဆုံးသော် ခရီးပြန်စမည့် ကားပေါ် ပြောင်းတက်သည်။ စပယ်ယာသည် လင်းကို အံ့အားသင့်ဟန်ရှိသည်။

အလာတုန်းကလိုပင် ပြတင်းတည့်တည့်တွင် ထိုင်ကာ ငေးသည်။ ဆံပင်တို့သည် လွင့်လျက်။ မျက်လုံးအရိပ်တို့မှာ လွင့်လျက်။ စိတ်မှာလည်း လွင့်လျက်။

မနေ့ညကရော သည်နေ့ပါ မလုပ်မိအောင် ရှောင်ရှားနေခဲ့သော အရာများတွင် မေမေ့ထံ ဖုန်းဆက်ခြင်း ပါသည်။ မေမေ့အသံကို ကြားလျှင် ငိုမိလိမ့်မည်။ ဟန်ဆောင်နိုင်မည် မဟုတ်။ ရှိုက်ကာ ရှိုက်ကာ ထပ်ငိုမိမည်။ မေမေ့သမီးဟာ မေမေ့လိုပဲ ချစ်ခြင်းမေတ္တာမှာ ကံမကောင်းခဲ့ပါဘူး။ မေမေကတော့ ဖေဖေ့မေတ္တာကို ပြန်ရခွင့် ကြုံသေးတယ်။ လင်းမှာသာ…။

www.nyisay.com



လင်းသည် ပထမသော် ဖုန်းမြည်နေသည် မထင်။ ရစ်ဝဲလာသော မျက်ရည်တို့ လိမ့်ကျမည် စိုးစိတ်နှင့် ခေါင်းမော့နေခိုက် သီချင်းသံတစ်စ ကြားသည်။ အတိတ်က သီချင်းသံကို ပြန်ကြားယောင်မိသလို ထင်နေသည်။ နောက်တော့မှ ဖုန်းတုန်ခါမှုကို သတိပြုမိကာ အိတ်ထဲက ဖုန်းထုတ်ယူလိုက်ရသည်။ ကေသီရယ်⋯။

"ဘယ်တွေ လျှောက်သွားနေတာတုံး၊ စပယ်ယာ အော်တာ သမိုင်းဆိုလား၊ သမိုင်းနဲ့ နင်နဲ့ ဘာဆိုင်လို့တုံး"

လင်း ပင့်သက်ရှိုက်လိုက်ပါသည်။ ကေသီ့ကို စိတ်ပူစေမိပြီ။

"ငါ ကားပတ်စီးနေတာ၊ ခုပဲ လှိုင်သာယာက ပြန်လှည့်လာတယ်"

"ငါ ထင်တယ်၊ နင် ပေါက်ကရတွေ လျှောက်လုပ်တော့မယ် ဆိုတာ၊ အခု ဘယ်အချိန်ရှိနေပြီလဲ လင်းရဲ့၊ မှောင်လာပြီ"

"ခုနစ်နာရီပဲ ရှိပါသေးတယ်၊ မမှောင်ပါဘူး၊ မီးတွေ လင်းလို့"

"နင် ငါ့ကို ဆင်ခြေမပေးနဲ့ လင်းရယ်၊ အိမ်ပြန်လာပါ၊ နင် စိတ်ထင်ရာတွေ လျှောက်သွားမနေနဲ့၊ ငါ ဘယ်လောက် စိတ်ပူရတယ် မှတ်လဲ"

ကေသီ့အသံမှာ ငိုမလို တုန်ခါလျက်။ လင်း၏ နဂိုက ကျလုဆဲဆဲ မျက်ရည်တစ်စ ပါးပြင်ပေါ် စီးကျလာပါသည်။ ဪ⋯ သူငယ်ချင်းမေတ္တာက ဒီလောက် အေးမြသလား။ သူငယ်ချင်းက ပိုလို့ ပူပင်တတ်သလား။

ညက တစ်ညလုံး ကေသီလည်း ကောင်းစွာ မအိပ်နိုင်ရှာပေ။ ငိုရှိုက်ရှိုက်သာနေသော လင်း၏ အနီးမှာ။ ည ၂ နာရီ ကျော်ချိန်ကျခါမှ လင်း အတင်းအကျပ် အိပ်ခိုင်းတော့မှသာ 'မငိုတော့ပါဘူး ကတိပေး'ဆိုကာ အိပ်တော့သည်။ 'မငိုပါဘူးဟာ'ဟု လင်း ကတိပေးခဲ့သည်။ တစ်ယောက်တည်း အခန်းထဲ ကျန်ခဲ့သည်။ မငိုပါဘူးလေ၊ မျက်ရည်တွေ သူ့အလိုလို ကျလာတာတော့ ဘယ်လို လုပ်ရမလဲ။

"အခု ပြန်လာမယ်လို့ ငါ့ကို ကတိပေး၊ ပြန်မလာဘူးဆိုရင် ငါ အန်တီမွန့်ဆီ ဖုန်းဆက်မှာနော်"

"ဟာ- ကေသီကလည်း မဆက်ပါနဲ့၊ မေမေ့ကို မပြောပါနဲ့ဆို"

"အေးပါ၊ ငါလည်း မပြောချင်ပါဘူး၊ ဒါပေမဲ့ နင် ငါ စိတ်ပူအောင် လျှောက်လုပ်ရင်တော့ ပြောရမှာပေါ့၊ ရန်ကုန်မှာ နင်က ငါနဲ့ နေတာ၊ ငါ့မှာ တာဝန်ရှိတယ် မယ်မင်းကြီးမရဲ့"

www.nyisay.com



မျက်ရည်ကျလျက်က တစ်ချက် ပြုံးလိုက်သော လင်းကို စောင့်ကြည့်နေသူသာ ရှိလျှင်တော့ အရူး ထင်မည်။ ခေါင်းကို ငုံ့ချလိုက်တော့ ဆံပင်တို့က မျက်နှာကို အနည်းငယ် ကာလိုက်ပြီ။

"အေးပါ၊ အခု သမိုင်း ရောက်တော့မယ်၊ ငါ မြေနီကုန်းရောက်ရင် ဆင်းမယ်ဟာ၊ ကတိပေးတယ်"

ကေသီ ဖုန်းချလျှင်တော့ လင်းသည် မျက်ရည်စ မခြောက်တခြောက် ပါးပြင်ကို တစ်ရှူးနှင့် တို့သုတ်သည်။ နောက် လမ်းညာဘက် မြင်ကွင်းသို့ ငေးမြဲငေးနေသည်။ ဖွန်မိုးစက်များ တဖွဲဖွဲ ကျလျက်ရှိပြီ။ လမ်းဘေးဝဲယာ ပလက်ဖောင်းတစ်လျှောက်မှာတော့ ထီးဆောင်းကာ၊ ထမင်းချိုင့်လက်ဆွဲကာ အိမ်ပြန်သူများ။

မဖြတ်လိုသော လမ်းကို ကွေ့ပတ်ကာ ပြန်ရလည်း ရှိပါစေတော့။ အိမ်ပဲ ပြန်ပါတော့မည်။ အနည်းဆုံးတော့ အရင်းခံစိတ်နှင့် ချစ်ခင်သူရှိရာ အိမ်နှင့်တူသော အိမ်အရိပ်မှာ ပြန်ခိုရလျှင် တစ်ရက်ထက် တစ်ရက် ဒဏ်ရာ ပိုသက်သာလာလောက်ပါရဲ့။

'သွားတော့'ဆိုသည်မှာ တစ်ခဏအတွက် ရည်ရွယ်သလား၊ တစ်ဘဝ အတွက် ရည်ရွယ်သလား။ လင်းကတော့ တစ်ဘဝစာအတွက် ထွက်လာခဲ့ပြီ။ ရက်ပေါင်းများစွာ စေ့စပ်လည်း မပြေတော့မည့် အက်ကြောင်းရှိရာ နှင်းဆီတောကို ကျောခိုင်းခဲ့ပြီ။ နှင်းဆီတောက သူစိမ်းဆန်သည့် ရနံ့တို့ကိုလည်း သည်းခံ ရှူရှိုက်မနေတော့ပြီ။ မတူညီရာ ဘဝကိုယ်စီမို့ တစ်ချိန်ချိန် ဝေးကြရမည်ဆိုလျှင် အခုအချိန်ကတည်းကသာ တိခနဲ ပြတ်တောက်ဝေးကွာ ပါရစေတော့။

နောက်တစ်ကြိမ် ဖုန်းမြည်တော့လည်း လင်းသည် အတွေးနွံမှာ နစ်ဆဲ။ နားထဲ ဝင်လာပြန်သည်မှာ တစ်ကြိမ်နားထောင်တိုင်း တစ်ကြိမ်လွမ်းမြဲ 'နွေဦးကုံကော်'။ ဖုန်းမျက်နှာပြင်မှာ ထင်းလင်းပေါ်သော နာမည်ကို တွေ့တော့ အံ့အားသင့်သည်။

"အာကာ၊ ပြော… ထူးထူးဆန်းဆန်းပါလား"

မရွှင် ရွှင်အောင် အားထုတ်ထားသော လေသံဖြင့် လင်း ဆိုလိုက်ပါသည်။ ခုချိန်အထိ အာကာ့ကို လင်း၏ အဖြစ်အပျက်များ အသိမပေးရသေး။ အသိမပေးလိုသေး။ အနည်းဆုံးတော့ ချစ်ခင်သူတို့ ထပ်ကာ ထပ်ကာ မပူပင်စေ

www.nyisay.com



လို။ ကေသီကတော့ အတူနေသူမို့ မသိမဖြစ် သိရသည်။ အာကာ့ကိုတော့ မပြောလို။ ရှိပါစေ။

"ထူးထူးဆန်းဆန်း မလုပ်နဲ့၊ အခု နင် ဘယ်မှတ်တိုင်နား ရောက်ပြီလဲ"

"ငါက ဘယ်ရောက်ရမှာလဲ"

လင်း၏ လေသံမှာ တွန့်ဆုတ်ဆုတ်။

"ငါ့ကို ကေသီ အားလုံး ပြောပြီးပြီ လင်း၊ နင် အခု ဘယ်မှတ်တိုင်နားမှာလဲ ဆိုတာပဲ ပြော"

"ဘယ်မှတ်တိုင်လဲ ဆိုတော့ အင်း..."

လင်းသည် ဘေးဘီဝဲယာကို လှည့်ပတ်ကြည့်လိုက်ပါသည်။ သည်တစ်ဝိုက်က မှတ်တိုင်များကိုတော့ သိပ်အကျွမ်းမဝင်။ ဘေးမှ ခရီးသည် အမျိုးသားက လင်း၏ စကားသံ၊ ဇဝေဇဝါအကြည့်တို့ကို နားလည်ပုံနှင့် 'ရှေ့မှာ သုခမှတ်တိုင်'ဟု လှမ်းပြောပြပါသည်။

"သုခတဲ့"

"အေး- ငါ အခု လှည်းတန်းမှတ်တိုင်မှာ၊ နင် လှည်းတန်းမှာ ဆင်း၊ ငါ နင့်ကို အိမ်လိုက်ပို့မယ်"

"ငါ..."

"ဆင်းဆို ဆင်းခဲ့နော် လင်း၊ ငါ စောင့်နေမယ်၊ နင် မဆင်းလည်း ငါ ဒီအတိုင်းပဲ ကားမှတ်တိုင်မှာ ရပ်နေမယ်၊ တစ်ညလုံး ရပ်ရ ရပ်ရ"

"မိုးရွာနေတယ်ဟ"

"ရွာပေ့စေ"

လေသံမမာစဖူး မာနေသော အာကာ့စကားပြောဟန်ကြောင့် လင်းမှာ ရယ်ရမလို၊ ငိုရမလို ဖြစ်လာပါသည်။ စောစောကလည်း ကေသီ့အသံကြားရုံနှင့် တစ်ကြိမ် မျက်ရည်ကျခဲ့ပြီ။ ခုနေ အာကာ့ကို မြင်ရလျှင်လည်း သူ ထိန်းနိုင်မည် မဟုတ်။ မျက်ရည်သည် သူငယ်ချင်းတို့ကို ပို၍ နာကျင်ပူပင်စေလိမ့်မည်။

လင်းသည် မဆင်းလိုပါကြောင်း ဆိုမြဲ။ တစ်ဖက်ကလည်း မလျှော့။ ဘတ်စ်ကားသည် တရိပ်ရိပ်နှင့် မှတ်တိုင် တစ်ခုပြီးတစ်ခု ဆက်လာသည်။

www.nyisay.com



ဘူတာရုံလမ်း၊ ဆင်ရေတွင်း၊ စံရိပ်ငြိမ်။ စပယ်ယာ၏အော်သံကို နားစွင့်လာသည်။

"လှည်းတန်း‥ လှည်းတန်းတွေ ပြင်ထားမယ်"

သက်ပြင်းတစ်ချက် ရှိုက်သည်။ ဖုန်းချသည်။ ဘေးက ခရီးသည်ကို ကျေးဇူးစကား ဆိုကာ နေရာမှ ထွက်သည်။ ထိုးဆိုက်ရန် အားယူနေသည့် ဘတ်စ်ကားပေါ်မှပင် အာကာ့ကို လှမ်းတွေ့ရသည်။ ထီးတစ်ချောင်း ဆောင်းကာ မတ်မတ်ရပ်ရင်း ဆိုက်လာသော ကားများထံ ငေးနေသည်။ တော်ပါသေးရဲ့၊ ထီးပါပေလို့။

လင်းသည် ကားရပ်လျှင် ရပ်ချင်း ကသောကမျော ဆင်းလိုက်သည်။ အောက်နှုတ်ခမ်းကို ဖိကိုက်ထားသည်။ မျက်တောင် ပုတ်ခတ် ပုတ်ခတ် လုပ်မိသည်။ ဟင့်အင်း‥မငိုဘူး‥။ အားတင်းမြဲ စိတ်နှင့်ပင် အာကာ့အနီးသို့ ရောက်သည်။ ထီးအရိပ်အောက် ခိုသည်။ ပူပန်ရိပ် မပျောက်သေးသည့် သူ့မျက်ဝန်းအစုံသည် လင်း၏ မျက်နှာထက် မိုးဖြာလျက်။

"ဆိုးပေလေး၊ ငါ ဘယ်လောက် စိတ်ပူနေတယ်မှတ်လဲ ဟင်"

ဟု သံယောဇဉ်၌ အပူစွက်သော စကားသံကို ကြားရလျှင်တော့ သိမ်းဝှက်ရန် ပြင်ထားသည့် လင်း၏ မျက်ရည်တို့ ပိုးခနဲ ပေါက်ခနဲ စီးကျလာရလေသည်။

*

လင်းသည် အဝတ်ဗီရိုကို ကျောကပ်မှီကာ မျက်နှာချင်းဆိုင်က ပန်းချီကား ရှိရာဆီ လှမ်းကြည့်နေသည်။ ညမီးရောင်အောက်မှာမို့ ပန်းချီကားမှာ ပို၍မှိုင်းမှုန်သယောင် ထင်ရသည်။ ပင်ကိုက လွမ်းစရာ မြင်ကွင်းသည်လည်း ညမှာတော့ ပို၍ လွမ်းစရာ ထင်ရသည်။ ပန်းချီကားထဲက သားအမိတစ်တွေ၏ အပြုံးကတော့ သက်ဝင်မြဲ သက်ဝင်လျက်။

စတွေ့စဉ်တုန်းက ရုတ်ခြည်း ပေါ်ပေါက်သည့် ခံစားမှုကို မမိသော်လည်း ထုပ်ပိုးစက္ကူ ဖြေကာ သတိတရ ကြည့်ဖြစ်တိုင်းတော့ ပန်းချီကားသည် လင်းအား လှိုက်ခနဲ လွမ်းတစေမြဲ။ ခုလည်း ည ၁၂ နာရီကျော်ခါမှ ဘာကြောင့် ကြည့်ချင်စိတ် ပြင်းပြလာမှန်း မသိပြီ။ ခေါင်းရင်းဘက်တည့်တည့် ခုတင်

www.nyisay.com



အောက်မှာ ထိုးထည့်ထားသော ပန်းချီကားချပ်ကို ထုတ်ကာ ဖြေရသည်။ ခုတင်ပေါ် နေသားတကျ ထောင်သည်။ တိတ်တဆိတ် ငေးသည်။ အတိတ်ကို လွမ်းရပြန်သည်။

ဓာတ်ပုံကို ဘယ်နှကြိမ်၊ ဘယ်နှလီ ကြည့်ရှုခံစားပြီးခါမှ ဦးမင်းတင်ကျော် သည်ပန်းချီကို ဆွဲပါသနည်း။ လင်းကိုယ်တိုင်ပင်လျှင် အတိတ်သို့ ပြန်ရောက်ပြီ ထင်ရလောက်အောင် လွမ်းစရာ ပန်းချီကားချပ်အား ဆွဲခဲ့သူသည် ခုတော့ ဦးဦးနှင့် လင်းအကြားက တစ်ခုတည်းသော ကြိုးစ ဖြစ်နေပြီ။ ဇူလိုင်လ နောက်ဆုံးပတ် ဆိုတာသည် နေ့ရက်များ သစ်ရွက်လို တဖြုတ်ဖြုတ် ကြွေခိုက် ရောက်လာဦးမည်။

ပြက္ခဒိန်ဆီ လှမ်းကြည့်သည်။ ဇွန် ၁၄ ရက် ရောက်နေပြီ။ အလွန်ဆုံး လိုရင် တစ်လခွဲသာသာပေါ့။ ဘာများ လိုတော့လို့လဲ။ ဦးဦးကို တစ်ကြိမ် ပြန်တွေ့ ရဖို့ဟာ ဘာများ လိုတော့လို့လဲ။

သည်ရက်များအတွင်း လင်းသည် နာကျင်ပင်ပန်းသော နေ့ရက်များ ထဲက လွတ်မြောက်စပြုလာသည်။ စင်စစ် အဆုံးသတ်သည် မျှော်လင့်မထား သော အဆုံးသတ်မဟုတ်။ ထိုချစ်ခြင်း၌ မောပန်းခဲ့ဖူးသည်။ တစ်နေ့နေ့တော့ အဆုံးသတ်မည် ကြိုသိနေခဲ့ဖူးသည်။ ခွဲခွာဖို့ရန် ရက်ပေါင်းများစွာကတည်းက တွေဝေအားယူခဲ့ခြင်းသည် တကယ့်တကယ် ခွဲခွာချိန်မှာတော့ လင်းကို ကုစား ပေးနိုင်သော အကောင်းဆုံး သမားတော် ဖြစ်လာသည်။

လင်းသည် ပြခန်းမှာ တစ်ချက်မျှ အနားမနေ။ အလုပ်ရှာလုပ်သည်။ အလုပ်နည်းပါးသည့် နေ့မျိုးမှာပင် အွန်လိုင်းသုံးကာ စိတ်ဝင်စားရာ ဘာသာရပ် များ ဖတ်သည်။ သင်တန်းက စာအုပ်များထဲ ခေါင်းစိုက်သည်။ ညနေခင်း အလုပ်ဆင်းချိန် အိမ်ရောက်လျှင်လည်း အိမ်အလုပ် တစ်ခုမဟုတ် တစ်ခု ရှာလုပ် သည်။ အင်္ဂလိပ်စာ အရေးသင်တန်းတစ်ခု ထပ်တက်သည်။ စာဖတ်သည်။ သီချင်း နားထောင်သည်။ ညအိပ်ရာဝင်ချိန်အထိ တစ်ချက်မျှ မနား။

တစ်ပတ်လောက်တော့ ညအိပ်ချိန်မှာ မျက်စိကြောင်လိုက်သေးသည်။ သုံး၊ လေးည ဆက်ကာ ကောသိကွယ်ရာမှာ ကျိတ်၍ မျက်ရည်ကျသည်။ နောက် တော့ ရှောင်လွှဲမရသည့် အခြေအနေမှာ နေတတ်အောင် နေရမည်မှန်း နားလည်စ ပြုလာသည်။ စိတ်သည် ပေါ့ပါးစပြုလာသည်။ လုံးလုံး ပျောက်ကင်းခြင်း မဟုတ်စေကာမူ နာလှချေရဲ့ မဆိုနိုင်တော့ပြီ။

www.nyisay.com



လင်းအား စိတ်ဒဏ်ရာမှ ကယ်တင်သည့် သက်ရှိ၊ သက်မဲ့များ၌ မိတ်ဆွေကောင်းတို့က ထိပ်ဆုံးမှ ပါပေသည်။ အထူးသဖြင့် အာကာနှင့် ကေသီ။

အာကာသည် လင်းထံ တစ်ရက် တစ်ကြိမ် ရောက်မလာနိုင်စေကာမူ နေ့စဉ် ဖုန်းဆက်သည်။ နံနက်ပိုင်း တစ်ကြိမ်၊ ညပိုင်း တစ်ကြိမ်။ ပထမ ရက်သတ္တပတ်အတွင်း တစ်ရက်ခြားမျှ ရောက်လာသည်။ ခုတော့ သူ့အလုပ်ကိစ္စနှင့် ကရင်ပြည်နယ်ဘက် ရောက်နေပြီ။ ဖုန်းသာ ဆက်နိုင်တော့သည်။ သူ့ထံက အဝေးစကား ကြားရရုံမျှနှင့် လင်း ခွန်အားရှိရသည်။ သူ့ရယ်သံသည် သည်တစ်ဖက်က လင်းအား ပြုံးစေသည်။ ရံခါတွင် မျက်ရည်ဝဲစေသည်။

တစ်မိုးအောက် အတူရှိရသော ကေသီကတော့ အခြားသူထက် ပိုကာ လင်းကို ဂရုတစိုက်ရှိနိုင်ပေသည်။ ငြင်းခုံ စကားနိုင်လုနေကျ အဖြစ်မှ အရာရာ အလျှော့ပေးတတ်သလို ရှိလာသည်။ လင်း၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ကာ နေတတ်သည်။ ရံဖန်ရံခါတော့ လေအေးနှင့် နှစ်သိမ့်နေတတ်ပြန်သည်။

"ငါကလေ ညည်းမို့ ပြောတာ မဟုတ်ဘူး၊ အချစ်ဆိုတာဟာ ဘဝမှာ အစိတ်အပိုင်း သေးသေးလေးရယ်၊ ရှိဖို့တော့ လိုတယ်၊ ဒါပေမဲ့ မရှိမဖြစ်တော့ မဟုတ်ဘူး၊ အဲဒီ အချစ်ကြောင့် အခန့်မသင့်လို့ အသည်းကွဲတဲ့အခါမယ် ကိုယ့်ဘဝ တိုးတက်ရာ တိုးတက်ကြောင်း လုပ်နေတာတွေ တန့်သွားတာမျိုးကို ငါ လုံးဝ မဖြစ်စေချင်ဘူး၊ ပြီးတော့ ငါ့သူငယ်ချင်းကို သွားနေတဲ့ လမ်းကြောင်း ပေါ်ကနေ ဘေးကို ချော်ထွက်သွားတာမျိုး လုံးဝမမြင်ချင်ဘူး၊ တကယ်ပြောတာ၊ ညည်း ကြိုးစားနေတာတွေ လုံးဝ ရပ်စရာ မလိုဘူး၊ ပိုတောင် လုပ်ရဦးမှာ"

ကေသီ့မျက်နှာတွင် ပေါ်နေသော စိတ်အားထက်သန်ရိပ်နှင့် မေတ္တာရိပ်တို့ကြောင့် လင်း ငြိမ်သက် နားထောင်နေခဲ့ပါသည်။ အရင်ကဆိုလျှင်တော့ အချစ်ကြောင်း ပြောရပါ့မလား နောက်မိမည်။ ကေသီ့တွင် ချစ်သူ မရှိချေ။

"သူ ရှိနေလို့လည်း ငါ့ဘဝ ဘာမှ မထူးခြားခဲ့ဘူး၊ အဲ·· အခု သူ မရှိတော့လို့လည်း ငါ့ဘဝ ဘာမှ မထူးခြားပါဘူး ကေသီရာ၊ ဒါပေမဲ့ စိတ်ခံစားမှု ဆိုတာကတော့ ပြောရခက်သားပဲ၊ သတိမရအောင် နေလည်း သတိရချင် ရလာတတ်တာမျိုး၊ ဒါပေမဲ့ ငါ နေတတ်အောင် နေမှာပါ၊ စိတ်ချ"

"အေးပါ ငါ ယုံပါတယ်၊ ခဏ ခဏတော့ မငိုနဲ့၊ အင်းလေ·· တစ်ခါတလေ ငိုချင်လည်း ငိုပေါ့၊ ငိုတာက ပိုက်ဆံမှ မပေးရဘဲ၊ မအိပ်ဘဲ ငိုရင်သာ

www.nyisay.com



ဆေးကုရင် ပိုက်ဆံကုန်မှာ၊ အဲဒီလို ငိုနေရင်လည်း ငါ အန်တီမွန့်ဆီ သတင်းပို့မှာ၊ မဟုတ်ရင် အာကာ့ဆီ သတင်းပို့မှာ''

''မလုပ်ပါနဲ့ဟာ၊ အာကာ့ကို ပြောရင်ပြော၊ မေမေ့တော့ မပြောနဲ့''

''ညည်း အာကာ့ကို မကြောက်ဘူးပေါ့''

''ဟေ့အေး''

ကေသီမျက်နှာမှာ ပြုံးစစ ဖြစ်လာပါသည်။

''ညည်း သူ့ကို ချစ်ကြည့်ပါလားဟယ်၊ သူနဲ့ဆိုရင် ညည်း စိတ်ချမ်းသာမှာ၊ သူကြည့်ရတာလည်း ညည်းအပေါ် သံယောဇဉ်ကြီးပုံပါ''

အရာရာ အလိုက်သိ လိုက်လျောတတ်သော အာကာ့မျက်နှာကို လင်း မြင်ယောင်သည်။ အသက်နှင့်မမျှ လူကြီးဆန်သော မျက်နှာ၊ သံယောဇဉ်နှင့် လင်းလက်သော မျက်နှာ။ ငယ်စဉ်ကတည်းက လင်းအပေါ် အလျှော့ပေးမြဲ ထိုကောင်လေးသည် ခုတော့ ပြုံလဲလုလု လင်းအား ထူမတ်နေပြန်သည်။ ကားပေါ်က အဆင်း သူ့မျက်နှာကို မြင်ရတဲ့ညက ဘယ်လောက် ဝမ်းနည်းရသလဲ။ စိတ်အားငယ်နေရာက ခွန်အားရှိလာသလိုလည်း ခံစားခဲ့ရပါရဲ့။

သို့သော် ဒါသည် အချစ်သို့ အစပြုရာ လမ်းကြောင်း မဖြစ်သင့်ချေ။ ချစ်ခြင်းမေတ္တာနှင့် သံယောဇဉ်အကြား နယ်စည်း ပါးလျလျ ခြားလိမ့်မည်ဟု လင်း ယုံပါသည်။

ထိုညက ကေသီ့စကားကို လင်း ရယ်မောငြင်းဆန်ခဲ့ရသည်။ နောက်ရက် အာကာ ဖုန်းဆက်လာချိန်မှာပင် ထိုစကားကို တစ်ဖန် သတိရသေးသည်။ သို့သော် လင်း၏ လေသံမှာ တစ်ချက်ပင် မှုမပျက်ပါ။ ခုတစ်လော ပိုတိုးကာ ဂရုစိုက်လာသော အာကာ့အပေါ်တွင်လည်း သံသယမရှိပါ။

ပန်းချီကားထဲ အကြည့်စိုက်လျက်က လွင့်သော လင်း၏ စိတ်သည် တစ်ခဏအကြာတွင် မူရင်းနေရာသို့ ပြန်ရောက်လာတော့သည်။

စိတ်ဒဏ်ရာက လွတ်မြောက်အောင် ကြိုးစားနေထိုင်ရသည့် နေ့ရက်များအတွင်း ဦးဦးအကြောင်း ပြောင်းလဲ တွေးတောရတာသည် စိတ်ကို ဖြေသာရာ တစ်ခု ဖြစ်စေသည်။ မျှော်လင့်ချက် ကြိုးမျှင်သည် လူကို တစ်စစ လန်းဆန်းလာစေသည်။ ဇူလိုင်လ နောက်ဆုံးပတ် ရှိရာ ပြက္ခဒိန်အကွက်လေးများသို့ လှမ်းကြည့်မိလျှင်ပင် စိတ်၌ အမှတ်မဲ့ နွေးထွေးစွာ။

www.nyisay.com



ပန်းချီကားထဲတွင် ဦးဦး၏ ရှည်သောအရိပ်မှာ လင်းနှင့် မလှမ်းမကမ်း သို့ ရောက်နေသည်။ ဦးဦး ရိုက်ပေးခဲ့သည့် ဓာတ်ပုံ နှစ်ပုံအနက် တစ်ပုံမှာ မေမေက လင်းကို ငုံကြည့် ရယ်မောနေပုံ၊ နောက်တစ်ပုံကတော့ မေမေရော လင်းပါ ကင်မရာ ကြည့်နေပုံ။ သည်ပန်းချီကတော့ လင်း ရယ်မောနေခိုက် အပြုံးရိပ်နှင့် မေမေ ငုံကြည့်နေပုံ။

ပန်းချီထဲက မေမေ့ မျက်နှာပေးသည် ပြင်ပနှင့် အနီးစပ်ဆုံး ဆင်တူ လျက်ရှိသည်။ သိမ်မွေ့နူးညံ့စွာ။ ထိုနေ့က ဆံပင်ရှည် ချမထားပါ။ ခေါင်း စည်းကြိုးနှင့် စည်းကာ ဘယ်ဘက်ပခုံးရှေ့ သိမ်းချထားသည်။ ပန်းချီထဲက မေမေသည် ဓာတ်ပုံလောက် မလှသော်လည်း ကဗျာဆန်ဆန် အရိပ်တစ်မျိုး လွှမ်းခြုံထားသည်။ အတော်ကြည့်ကောင်းသည်။

စံကားဖြူ ပန်တဲ့နေ့ကဖြင့် ဓာတ်ပုံရိုက်ဖို့ ပိုကောင်းသေး။ သို့သော် ထိုအုတ်ခုံထက်မှာ နောက်တစ်ကြိမ် ချည်သား ဝမ်းဆက်ဝတ်လျက်၊ ဆံပင်ချ လျက်၊ ပန်းတစ်ပွင့်ပန်လျက် ခပ်န္တဲ့န္တဲ့ထိုင်ရန်၊ ဓာတ်ပုံအရိုက်ခံရန်တော့ မေမေ့ အား လင်း အရေးမဆိုရဲ။ ဦးဦးလည်း မပြောခဲ့ချေ။

ဟော‥ 'နွေဦးကုံကော်' ခေါ်သံလေ‥။

လင်းသည် အိပ်ရာပေါ် ချထားသည့် လက်ကိုင်ဖုန်းထံ လက်လှမ်း လိုက်သည်။ ဒီအချိန်ကြီး ဘယ်သူများ ဆက်ရတာပါလိမ့်။ အာကာလည်း မဖြစ်နိုင်။ မေမေကတော့ ညဥ့်နက်သန်းခေါင် ဆက်လေ့ မရှိပါ။

ဟင်‥ဖုန်းမျက်နှာပြင်တွင် ပေါ်နေသော အမည်ကို ကြည့်ကာ လင်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ထင်မထားသည်မို့ လူက မိုက်ခနဲ ဖြစ်ချင်သည်။ ကိုနေမောင်‥တဲ့။ 'ကိုကို'ဟု မှတ်သားမြဲ အမည်တစ်ခုကို ပြီးခဲ့သည့် တစ်ပတ်ကတော့ နာမည်ရင်း 'ကိုနေမောင်'အဖြစ် ပြောင်းလဲ မှတ်သားခဲ့သည်။ ဓာတ်ပုံတော့ ထည့်မထား။ မထည့်လိုတော့။

''ဟုတ်ကဲ့''ဟု လင်း ထူးလိုက်သည်။ ခုတင်စွန်းမှာ ထိုင်ချလိုက်ပါ သည်။ ချစ်သူသက်တမ်း တစ်နှစ်ခွဲကျော်အတွင်း သူ့ဘက်က စဆက်သော လက်ချိုးရေရသည့် အကြိမ်ရေတွင် သည်တစ်ကြိမ် စာရင်းဝင်ခဲ့ပြီ။ လင်းသည် ဝမ်းနည်းစိတ်က လှစ်ခနဲ ပေါ်၍ အသံပြုပြီးသည်နှင့် အောက်နှုတ်ခမ်းကို ဖိကိုက်ထားသည်။ အိပ်ရာခင်းက ပန်းနုနုင်းဆီကို လက်ညှိုးထိပ်နှင့် တို့ထိ နေသည်။

www.nyisay.com



''ဪ.. လင်း၊ ငါ မေးချင်တာရှိလို့ ဆက်တာ၊ မင်း ငါ့ကို လုံးဝ ပြတ်နိုင်သွားပြီလား ဆိုတာ သိချင်လို့''

သူ့စကားပြောဟန်မှာ အနည်းငယ် အလောတကြီး နိုင်သည်။ သူ့အနေနှင့်ဆိုလျှင် ဆန်းသောစကားပြောပုံ ဖြစ်သည်။ ဖုန်းခေါ်ရန် ဆုံးဖြတ်ချက် လွယ်လွယ် ချခဲ့တာ မဖြစ်နိုင်။ မတတ်သာသည့်အဆုံး ဆက်တာသာ ဖြစ်လိမ့်မည်။ အပြောရခက်သော စကားလုံးတို့ကို ပြီးပြီးရော ပြောချလိုက်သည့်ပမာ တုံးတိတိပင် ရပ်လိုက်သည်။

''အဲဒီလို ထင်လို့လား''

လင်း၏ လေသံမှာ ကိုယ့်ဘာသာပင် အံ့အားသင့်ရအောင် တည်ငြိမ်ခဲ့ပြီ။ ခုတင်စွန်းက ထသည်။ ခေါင်းရင်းပြတင်းအနီးသို့ လျှောက်လာသည်။ တံခါးကို ဖွင့်လိုက်သည်။ မိုးစဲခဲ့ပြီ။ မိုးငွေ့မပြယ်သေးသော လေသည် အေးမြလျက်။ လင်း၏ မျက်လုံးအစုံသည် မှောင်သော ကောင်းကင်တွင် ရွှေ့နေသည်။

''မင်းဘက်က ပြတ်နိုင်တယ်ပေါ့၊ အဲဒီလိုလား''

''ပြတ်နိုင်တယ်၊ မပြတ်နိုင်ဘူး ဆိုတာ မေးမနေပါနဲ့တော့''

ခေါ်နေကျ နာမ်စား သုံးမိမည်စိုး၍ လင်း တစ်ခဏ ရပ်လိုက်သည်။ နောက် စကားဆက်သည်။

''ကိုယ့်ကို တကယ်မချစ်တဲ့ လူတစ်ယောက်အနားမှာ ဆက်ပြီး မနေချင်တော့ဘူး၊ ဘာထူးလာမလဲ၊ ဘာထူးဦးမလဲ''

သူ့ဘက်က သက်ပြင်းရှိုက်သံ ကြားရသည်။ ဒေါသသင့်သော သက်ပြင်း ဖြစ်ဖို့ များပါသည်။

''မင်းကို မချစ်ဘူးလို့ ငါ ပြောခဲ့ဖူးသလား''

''မပြောခဲ့ပါဘူး၊ ဒါပေမဲ့ ချစ်တဲ့ အပြုအမူတွေလည်း မပြခဲ့ဖူးဘူးလေ၊ ထားပါတော့၊ အခု ဘာပြောဦးမလဲ၊ ဖုန်းချလိုက်တော့မယ်''

'ဘာပြောဦးမလဲ၊ ဖုန်းချလိုက်တော့မယ်'ဆိုသည့် စကားလုံးကို သူ့ထံမှ အကြိမ်ပေါင်း ရာနှင့်ချီကာ လင်း နားထောင်ခဲ့ဖူးသည်။ သို့သော် သည်တစ်ကြိမ်ကတော့ လင်းဘက်က ပထမဆုံး ပြောတာပေပဲ။

''အေးလေ၊ ပြတ်တယ် ဆိုလည်း ပြီးတာပါပဲ''

သူ့ဘက်က ဦးနှင့်အောင် ဖုန်းချသွားပြီ။ လင်း မအံ့ဩပါ။ အစဉ်မာနဆောင်သော၊ တစ်ကြိမ် တစ်ခါပင် ချစ်သူ မိန်းကလေးထံ အလျှော့ပေးရန်

www.nyisay.com



စိတ်ကူး မရှိစဖူးသော အမျိုးသားသည် သည့်ထက် ချော့မော့ပျော့ပျောင်းသော စကားကို ဘယ်မှာ ဆိုမည်နည်း။ မျှော်လင့်လျှင်လည်း လင်းသာ ထပ်ရှုံးမည်။

လင်းသည် ဖုန်းကို တင်းတင်းဆုပ်မြဲ၊ ပြတင်းမှာ ရပ်မြဲ။ ခေါင်းကို ဆတ်ခနဲ ငုံ့ချတော့ လမ်းသွယ်ကို ညမီးရောင်မှာ ဝိုးတဝါးမြင်သည်။ နောက် မျက်လုံးအစုံကို မှိတ်လိုက်သည်။ စောစောကပင် မျက်လုံးအိမ်၌ ခိုနေသော မျက်ရည်တို့သည် အဆီးအတား မရှိသလိုပင် ပြို၍ ပြို၍ ကျလာသည်။

ခုတစ်ကြိမ်သည် နှင်းဆီတောအတွက် နောက်ဆုံး ငိုကြွေးခြင်း ဖြစ်ရပါစေမည်။

* * *

www.nyisay.com

ဇူလိုင်လ ပထမပတ်တွင် မိဘများရင်ခွင်၊ အတိအကျ ဆိုရလျှင် မေမေ့ ရင်ခွင်သို့ လင်း ပြန်လည်ရောက်ရှိလေသည်။ စနေ၊ တနင်္ဂနွေ နှစ်ရက် အချိန်ရလေအောင် စနေနေ့ ခွင့်ယူကာ သောကြာ ညကားနှင့်ပင် မော်လမြိုင် သို့ ထွက်လာသည်။ စနေ နံနက်ဦးမှာ မော်လမြိုင်အိမ်ကို ခြေချမိပြီ။

မော်လမြိုင်အိမ်သည် ဖေဖေ မော်လမြိုင် ပြောင်းပြီး နောက်တစ်နှစ်၌ ဘွားဘွား တိုက်တွန်းလွန်းမက တိုက်တွန်း၍ ဝယ်ယူကာ အနည်းငယ် မွမ်းမံ ခဲ့သည့်အိမ် ဖြစ်သည်။ ဘွားဘွားတို့အိမ်နှင့် မလှမ်းမကမ်းမှာ ရှိသည်။ ခြံက များစွာ မကျယ်ဝန်း။ သို့သော် မေမေ့အကြိုက် ပန်းအလှပင်များ စိုက်နိုင် အောင်တော့ လုံလောက်သော အကျယ်အဝန်း ရှိသည်။ တစ်ထပ်တိုက်ပုလေး ဖြစ်သည်။ တိုက်မှာ သစ်သစ်လွင်လွင် ခံ့ခံ့ထည်ထည် မဟုတ်။ အရောင် မှိန်သော်လည်း သေသပ်မှု ရှိသည်။ ရန်ကုန်တက္ကသိုလ်အနီး ဝန်ထမ်းအိမ်မှာ တုန်းကလို ခံစားမှုမျိုးကို အမှတ်ရစေသည်။ အိမ်နှင့် တူသောအိမ်။

သည်ရက်များထဲ အိပ်မက်ဆိုး နေ့ရက်များက လွတ်ခဲ့ပြီဆိုသည့်တိုင် ရံခါတော့လည်း ဒဏ်ရာသည် အနာဖေး မကျက်တကျက်မှာ နာလာစမြဲမို့ တစ်နေရာရာ ထွက်သွားမှပါပဲဟု သူ တွေးခဲ့သည်။ ကေသီကလည်း သည်သို့ ပင် ဆိုသည်။ တစ်နေရာရာ ဆိုမှတော့ အိမ်ထက် သင့်တော်သော နေရာ မရှိ။ မိဘများရှိရာ အိမ်သည် စိတ်ဒဏ်သင့်လာသော သားသမီးတို့အတွက် အကောင်းဆုံး ဖြေဆေး ဖြစ်လိမ့်မည်။

www.nyisay.com



အိမ်တွင် ရုံဖန်ရုံခါမှသာ ပြန်လာသော လင်းအတွက် သီးသန့်ခန်း ရှိမြဲ။ ငယ်တုန်းကလိုပင် မေမေတို့အိပ်ခန်းဘေးမှာ လင်း၏ အိပ်ခန်း ရှိသည်။ လူမနေခိုက်တွင် ခုတင်ကို အဝတ်စတစ်ခုနှင့် မေမေ ဖုံးအုပ်ထားတတ်သည်။ လင်း ရောက်လာမည့် ရက်ဆိုလျှင်တော့ အဆင်တူ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ ဖက်အုံးစွပ်များ လဲလှယ်ပေးထားပြီ။ အခန်းမှာ သန့်ရှင်းသေသပ်စွာပင် လင်းကို ဆီးကြိုတတ်သည်။

တစ်ညလုံး ကားပေါ်တွင် ဒူးနှစ်ချောင်း ဘယ်ထားရမှန်း မသိသလို အိပ်မပျော်တစ်ချက်၊ ပျော်တစ်ချက် ဇိမ်မကျခဲ့သော လင်းမှာ အိမ်ရောက်သည် နှင့် အိပ်တော့သည်။ မနက် ၁၀ နာရီထိုးမှပင် နိုးတော့သည်။ မေမေသည် လင်း အဆင်သင့်စားနိုင်ရန် မော်လမြိုင် မုန့်ဟင်းခါး လုပ်ပေးထားသည်။ မုန့်ဖတ် ထွေးအိအိနှင့် ပြင်ထားသည့် မုန့်ပွဲထဲ ဟင်းရည် ပူပူမွှေးမွှေး ဆမ်းပေး သည်။ ကော်ဖီပူတစ်ခွက် အသင့်ချပေးသည်။

လင်းသည် နောက်ကျ နံနက်စာ စားရင်း မေမေ့အနီးမှာ ငယ်တုန်း ကလို တွတ်တီးတွတ်တာ လုပ်သည်။ နှစ်နှစ်ခြိုက်ခြိုက် ရယ်သော မေမေ့ မျက်နှာမှာ ကြည်လင်လှပေသည်။

၂၀၁၅ ခုနှစ်မှာ မေမေသည် အသက် ၄၃ နှစ် ပြည့်ခဲ့ပြီ။ ခန္ဓာကိုယ် အနည်းငယ် ပြည့်ဖြိုးလာသည်။ သို့သော် မိုက်ပူ၊ ခါးတုတ်ခြင်း မရှိ။ လှပမြဲ။ မော်လမြိုင် ရောက်ခါမှ အသားမှာ ပို၍ပင် ဖြူလာသေးသည်။ မျက်လုံးမျက်ဖန် လှသော၊ ခန္ဓာကိုယ်လှသော ဖြူဖြူဝင်းဝင်း မေမေ့အသွင်မှာ မော်လမြိုင်သူဟု ပင် ထင်ရလိမ့်မည်။ ဆံပင်ကိုတော့ တင်ပါးအကျော်မှာသာ အရှည်ရပ်စေ တော့သည်။ သည်နံနက်တွင် ဆံပင်ကို ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်ထား သည်။

မေမေ့ထက် အသက် ၁၀ နှစ်ကျော် ကြီးသော ဖေဖေကတော့ ၅၃ နှစ်ကျော် ဆိုသော အရွယ်နှင့်မမျှ ရင့်ရော်လှသည်။ အနည်းငယ် ပြည့်ဖြိုး လာသည်။ မိုက်ပူလာသည်။ ငယ်စဉ်ကာလတစ်လျှောက် လင်း၏ အာရုံထဲ စွဲမြဲသည့် ပုံရိပ်လို တည်လှသော မျက်နှာထားမျိုး မဟုတ်စေကာမူ မေမေနှင့် ယှဉ်လျှင်တော့ ဖေဖေသည် အနေအေးစက်သူအဖြစ်သာ ရှိစမြဲတည်း။ ရောက် ကတည်းက ရန်ကုန်အကြောင်း တစ်ခွန်း၊ နှစ်ခွန်း စကားစပြီးသည်နှင့် သားအဖ နှစ်ဦးမှာ ပြောစရာ စကားမရှိတော့သလို ဖြစ်ရသည်။ စကားလက်ဆုံ ပြောပြန်

www.nyisay.com



လျှင်လည်း အလုပ်ပြောင်းစေလိုကြောင်း၊ မော်လမြိုင် ပြန်လာစေလိုကြောင်း ပါလာဦးမည်။ သည်တော့ လင်းကိုယ်တိုင်က ခပ်ရှောင်ရှောင်။

မေမေနှင့်ကျပြန်တော့လည်း ဆန့်ကျင်ဘက် တစ်မျိုး တစ်ဘာသာ။ ပြောစရာစကား မကုန်။ ဖေဖေ့လို သူ စိတ်ဝင်စားရာကိုသာ ဖောင်းပေးပြော တတ်သူ၊ အာရုံစိုက်တတ်သူ မဟုတ်ဘဲ တစ်ဖက်လူ၏ စကားကို နားထောင် တတ်ပုံ၊ ကိုယ်ချင်းစာ ခံစားတတ်ပုံသည် မေမေ့အရည်အချင်း ဖြစ်သည်။

မေမေ့အလှထက် ထိုအရည်အချင်းက ပို၍ နှစ်လိုဖွယ်ကောင်းသည်။ သည်သို့သာ လင်း မြင်ပေသည်။

"ကေသီက ပြောတယ်၊ မေမေ တည်တဲ့ သရက်သီးကုလားတည် ဟာ သိပ်စားကောင်းတာပဲတဲ့၊ အဆင်ပြေရင် အဲ·· ရှိရင် ယူလာပါလားတဲ့"

"တည်ပြီးသား ရှိတာယ် သမီးရဲ့၊ ပြန်ရင် ထည့်ပေးလိုက်မှာပေါ့၊ တခြား ကော ဘာစားမလဲ လှမ်းမေးလိုက်ပါဦး"

"မေးမနေနဲ့ မေမေ၊ စားကောင်းတာသာ အကုန်ထည့်ပေးလိုက်၊ ဘာမဆို စားတယ်"

မော်လမြိုင်မှ လူကြုံရှိတိုင်း မေမေ ထည့်ပေးတတ်သော အစား အသောက်များ၊ ကေသီ့အိမ်က ရောက်လာတတ်သော မန္တလေး အစားအစာ များမှာ အိမ်တွင် မပြတ်တတ်ပေ။ သို့သော် ငယ်ရွယ်နုပျိုသော အရွယ်များမို့ စားသလောက် အဆီအသား မတက်ရာ ညသန်းခေါင်သန်းလွဲလည်း စိတ်ရှိတိုင်း ထကာ စားသောက်တတ်ကြပေသည်။ 'အစားနဲ့လူနဲ့ တည့်တယ်' ဆိုသည်မှာ ကေသီ့ ကြွေးကြော်သံ။

လင်းသည် စားပြီးသား ပန်းကန်ကို ဘေစင်တွင် ဆေးသည်။ ဘေးက စင်လေးမှာ ရေစစ်သည်။ လက်သုတ်သည်။ ပြီးတော့မှ ကော်ဖီခွက်ကို ကောက် ကိုင်သည်။

သည့်အိမ်က ထမင်းစားခန်းသည် တက္ကသိုလ်ဝန်ထမ်း အိမ်တုန်းက လိုပင် ဧည့်ခန်းကို လှမ်းမြင်သာသည်။ ခန်းဆီးပါးလျလျ ခြားထားသော ဧည့်ခန်းထဲ အကြည့်ရောက်သည်။ ဖေဖေ မရှိတော့။ ဘွားဘွားအိမ် ရောက် လေပြီ ထင်သည်။ ဘွားဘွား ခြံဝင်းထဲမှာပင် အဆောက်အအုံတစ်ခု သီးသန့် ဆောက်လုပ်ကာ ဖွင့်ထားသည့် ပုဂ္ဂလိကကျောင်းတွင် ဖေဖေ အင်္ဂလိပ်စာ သင်နေသည်။ ကျောင်းဆရာဘဝကို ဖေဖေ ပျော်ပိုက်ဆဲ။ စာအုပ်ထူကြီးများထဲ

www.nyisay.com



ခေါင်းစိုက်တတ်သော၊ ဘာသာရပ်စာအုပ်များကို မြန်မာဘာသာပြန်တတ်သော အလေ့အထလည်း စွဲမြဲဆဲ။

''မေမေ၊ လင်းအတွက် အင်္ကျီချုပ်မပေးတော့တာ ကြာပြီ''

''သမီးတို့ အရွယ်တွေ ဝတ်တဲ့ ဒီဇိုင်းတွေက အမြဲပြောင်းနေတာကိုး သမီးရဲ့၊ မေမေက အိမ်ထဲက အိမ်ပြင် သိပ်မထွက်ဖြစ်တော့ ဒါမျိုးတွေနဲ့ အလှမ်းဝေးသွားရော၊ ပြီးတော့ ရယ်ဒီမိတ်တွေ ဒီလောက် ခေတ်စားလာတာ၊ ချုပ်ဝတ်တာတွေ ငါ့သမီး ကြိုက်မှ ကြိုက်ပါတော့မလားလို့''

လင်းသည် ဝန်ထမ်းအိမ်ကလေးထဲက မေမေ့ စက်ခုံကို သတိရသည်။ လင်းအတွက်၊ ဖေဖေ့အတွက်၊ မမအုံ့အတွက်၊ သို့မဟုတ် သူကိုယ်တိုင်အတွက် စသဖြင့် တစ်ခုမဟုတ် တစ်ခု ချုပ်နေသော မေမေ့ကို မြင်ယောင်သည်။ နောက်ပိုင်းတော့ ဦးဦးပါ အဆစ်ပါလာခဲ့သေးတာ။ ထိုစဉ်က မေမေ့စက်သံတရှောင်းရှောင်းသည် အထီးကျန်သော အိမ်ရှင်မတစ်ယောက်အတွက် စိတ်ဖြေရာ အဖော်တစ်ခုပမာ ရှိမည်ဖြစ်ကြောင်း အသက်ရလာတော့မှသာ လင်းနားလည်နိုင်ခဲ့ပါသည်။

''မေမေ ချုပ်ပေးတာတွေ အကုန် လင်း ကြိုက်သားပဲ၊ တကယ်တမ်း လင်းက တအားဆန်းတာတွေလည်း မဝတ်ပါဘူး မေမေရယ်၊ အင်္ကျီအသစ်လည်း သိပ်ဝယ်မဝတ်ပါဘူး၊ သင်တန်းတွေ တက်ရသေးတယ်''

လင်းသည် လွယ်အိတ်လစ်လစ်ထုတ်ကာ ရယ်နေသည်။ သူသည် မေမေ့ထံက မုန့်ဖိုး လက်ဖြန့်မတောင်းတတ်။ လစာနှင့် လောက်အောင် နေသည်။ အိမ်ပြန်လျှင် ဘွားဘွားတို့အိမ်၊ မိဘများအိမ်အတွက် လက်ဆောင်မုန့်များ ဝယ်နိုင်ရန်၊ မိဘများအတွက် အထည်စလေးများ၊ အသုံးအဆောင်လေးများ ဝယ်နိုင်ရန်လည်း ငွေစုသည်။ ခရီးစရိတ်နှင့် ထိုထိုသော အသုံးစရိတ်များ ပေါင်းလိုက်သည့်အခါ ပိုက်ဆံအိတ်တွင် ငွေစက္ကူပါးလျလျသာ ကျန်သည်။

သို့သော် အိမ်က ပြန်ချိန်တိုင်းတော့ သူ မသိအောင် မေမေ ထည့်ပေးတတ်သည့် မုန့်ဖိုးတို့ ပိုက်ဆံအိတ်ထဲ ပြန်ပါလာတတ်ပေသည်။

''ပြီးရောလေ၊ ဒါဖြင့် နောက်လကျရင်၊ နောက်တစ်ပတ်လောက်နေရင် အင်္ကျီလေး နှစ်ထည်လောက် ချုပ်ပေးလိုက်ဦးမယ်''

နောက်တစ်ပတ်..။ လင်းသည် ကော်ဖီကို တစ်ကျိုက် အရသာခံကာ 'နောက်တစ်ပတ်'ဆိုသော စကားလုံးကိုပင် တွေးနေသည်။ ဇူလိုင်လ ပထမပတ် ရောက်ပြီ။ နောက်ဆုံးပတ် ရောက်ဖို့ရာ ကြားထဲမှာ နှစ်ပတ်သာ

www.nyisay.com



ကျန်တော့သည်။ ဦးဦးနှင့် တွေ့မည့်အကြောင်း အိမ်ရောက်သည့် တစ်နံနက်ခင်းလုံး စကားမဟမိ။ ပြောရမလား၊ မပြောရဘူးလား မဝေခွဲနိုင်။

ပြောသင့်သည်ဟု သိစိတ်က စဉ်းစားသည်။ တစ်စုံတစ်ရာသော လှိုင်းက ဟန့်တားသည့်ပမာ မသိစိတ်က မပြောသင့်ကြောင်း အချက်ပြသည်။

လင်းသည် သိစိတ်နှင့် မသိစိတ်အကြားတွင် တွေဝေမြဲ တွေဝေလျက် ရှိလေသည်။

*

နေ့လယ်စာ စားပြီး တစ်ရေးတစ်မော အိပ်ပြီးချိန်မှသာ ဘွားဘွားအိမ်ဘက် သွားပါမည်ဟု လင်း တွေးထားခဲ့သည်။ သို့သော် အိပ်ရာနှင့် ကျောနှင့် ထိလိုက်ရုံရှိသေး၊ အိမ်ဝင်းဝက ကြီးကြီးအသံ ကြားရပြီ။ တူမကို အချစ်ပိုသော ကြီးကြီးတစ်ယောက် အိမ်အလာပင် မစောင့်ပြီ။

လင်းသည် အိပ်ခန်းထဲမှ လွင့်ခနဲပင် ပြေးထွက်လာသည်။ ဖိနပ်ချွတ်ပြီးစ ကြီးကြီးကို ဆီးဖက်လိုက်ပါသည်။

"အောင်မယ်လေး- အောင်မယ်လေး၊ တွေ့ရင်တော့ဖြင့် လွမ်းအောင်ချွဲ ဆိုတာ ဒီလိုမျိုးပါလားဟယ်၊ ရောက်တာများ အိပ်ရာလေး ဘာလေးနိုးရင် အိမ်ဘက် လာမယ် မရှိဘူး"

ကြီးကြီးသည် မျက်စောင်းခဲလျက်။ သို့သော် လေသံမှာရော မျက်နှာမှာပါ ချစ်ခင်ရိပ်ကို ဖျောက်မရနိုင်ပေ။ အိအိဖိုင့်ဖိုင့် ခန္ဓာကိုယ်နှင့် ပြုံးမြဲမြဲမျက်နှာနှင့်ပင် ဧည့်ခန်းထဲသို့ တလှုပ်လှုပ် ဝင်သည်။ 'ညော်လို့ပါလား' ဆိုကာ မီးဖိုခန်းသို့ တစ်ဆက်တည်း ဝင်သည်။ ကြီးကြီး၏ ပခုံးနှစ်ဖက်ကို နောက်ကျောမှ လှမ်းခိုသလို ဆုပ်ကိုင်ကာ လင်း လိုက်ဝင်လာပါသည်။

အကြော်နံ့၊ ညော်နံ့မှာ မီးဖိုတစ်ခုလုံးကို ဖုံးလွှမ်းထားသည်။ လင်းပြန်ရောက်လာသည့်အတွက်ပင် မေမေ အလုပ်များနေပြီ။ အသင့် ဝယ်ပြီးသား ကြက်သားကို မွကြော် ကြော်နေသည်။ ညနေခင်းမှာတော့ ပုစွန်ခြောက်ကြော်မည်တဲ့။ တစ်ပတ်လောက်တော့ ရန်ကုန်အိမ်မှာ ဘာဟင်းမှ ချက်စရာလိုမည် မဟုတ်။

မေမေ့မျက်နှာသည် နှစ်များစွာ မီးဖိုချောင်မှာ မြင်နေကျလို ချွေးစေးဖြင့် ဝင်းပြောင်လျက်။ လက်က အဆက်မပြတ် လှုပ်လျက်။ မျက်နှာကတော့ ပြုံးလျက်။

www.nyisay.com



''သြော်- ညော်တာကိုပဲ စဉ်းစားနေတာ၊ အေးဓားပြ ရောက်နေတာပဲ၊ ကြော်ရမှာပေါ့ ဟုတ်၊ ဒီကလူတွေကဖြင့် သူ လာပြီဆို ပျာလို့၊ သူကတော့ တစ်လနေရင် တစ်ခေါက်တောင် ရောက်မလာ၊ ခုလည်း သကြံန်ပြီးကတည်းက ပျောက်သွားလိုက်တာ၊ တစ်ခါတည်း ခုမှ ပေါ်လာတော့တယ်''

မေမေနှင့် တွေ့သည်အထိ ကြီးကြီးက စကားနာထိုးဆဲ။ ဘွားဘွားကလည်း မျှော်နေသတဲ့။ ကြီးကြီးလတ်ကရော အစ်ကိုကြီး၊ အစ်ကိုလေးတို့ကရော အိမ်မလာသေးဘူးလား မေးနေကြသတဲ့။ လင်းသည် နွေးထွေးသော အသိုက်အမြုံ ကမ္ဘာလေးထဲတွင် အပြုံးလှိုင်နေသည်။ စိတ်အနာ ပျောက်သလောက် နီးပါး ရှိပြီဆိုသည်ကို စက္ကန့်နှင့်အမျှ ခံစားသိနေသည်။

ဖုန်းလာတိုင်း အပြေးမကိုင်ရတော့တာ ဘယ်လောက် ဝမ်းသာစရာကောင်းသလဲ။ နို့မို့ဆို ရန်ကုန်မှာရှိခိုက် ဖုန်းဆက်ခဲလှသူသည် နယ်ပြန်လျှင်တော့ စိတ်ကူးပေါက်တိုင်း ဆက်လိမ့်မည်။ ဖုန်းမကိုင်မိလိုက်တိုင်း 'ဘယ်သူနဲ့ ရှိနေလို့လဲ' ဟု သံသယစွက်သော ငြူစူသံကို ကြားရလိမ့်မည်။ အကြိမ်ကြိမ်ဖြေရှင်းချက် ထုတ်ရမည်။ ချစ်သူ ဖြစ်စတုန်းကတော့ သည်လို အငြူစူခံရတိုင်း ကြည်နူးခဲ့ဖူးသားပဲ။ အချိန် ကြာလာတော့မှသာ မွန်းကျပ်မှုကို ခံစားသိသည်။ ခုတော့ လင်း လွတ်မြောက်ခဲ့ပြီ။

ထမင်းစားခန်းက ခုံမှာပင် ဝင်ထိုင်ကာ မီးဖိုခန်းက မေမေ့ကို စကားလှမ်း လှမ်းပြောသော၊ တစ်ဖက်ကလည်း လင်းအား ဟိုဟိုသည်သည် မေးခွန်းများ အခါမလပ် မေးသော ကြီးကြီး၏ မျက်နှာပြင်သည် ပူပင်သောကကို တစ်ကြိမ်ပင် မကြုံခဲ့ဖူးသူပမာ အေးချမ်းလျက် ရှိသည်။ စကားပြောလိုက်တိုင်း ပါးမို့မို့အစုံကပါ ချစ်စဖွယ် လှုပ်လျက်။ တစ်ချက် နမ်းတော့ မျက်စောင်းအချီခံရသည်။

ကြီးကြီးကို မြင်ခိုက်မှာတော့ တစ်ချိန်တုန်းက မောင်လေး မလိုချင်ကြောင်း သူ ငြင်းဖူးပုံကို သတိရသည်။ နောက်ပိုင်းတော့ သူ့တွင် မောင်လေးရော၊ ညီမလေးပါ ရရန်အကြောင်း မပေါ်ပေါက်တော့ပေ။ မေမေ့ကို ကလေးထပ်မယူရန် ဆရာဝန်က အကြံပြုခဲ့ပြီ။ ရုံဖန်ရံခါတော့လည်း မမြင်ဖူးလိုက်သော ကလေးလေးကိုပင် ပြန်တွေးနေသည်။ ၂၀၀၆ မှာသာ မွေးခဲ့တယ်ဆိုရင် ခုနေတော့ ကိုးနှစ် ရှိရောပေါ့။ ဘယ်လောက် ချစ်စရာကောင်း နေမှာပါလိမ့်။ သို့သော် ထိုအတွေးမှာ ခဏသာ ခံသည်။ မောင်လေး ဖြစ်နေခဲ့လျှင်၊ သူ့ကို အေးစက်ခဲ့သလောက် မောင်လေးအပေါ် ဖေဖေ နွေးထွေးလျှင် လင်း ကြည်သာ

www.nyisay.com



နိုင်မည် မဟုတ်။ သည်အတိုင်းဆို မောင် မရှိ၊ ညီမ မရှိ ထီးတည်း ကြီးပြင်းရတာကပဲ ကောင်းဦးမည်။

''အခု ကြီးကြီး ပြန်ရင် သမီး လိုက်ခဲ့မလား ပြော''

''သမီး အိပ်ဦးမယ်''

''အလို- မလင်းလင်း အိပ်ဦးမယ်၊ ရန်ကုန်မှာ မအိပ်ခဲ့ရဘူးလား''

''ကြီးကြီးရယ် သမီးက ဘဝသမားပါ၊ မနက် မနက်ဆိုလည်း ခြောက်နာရီထ၊ ရေမိုးချိုးပြီး ပြခန်းကို အပြေးအလွှား သွားရရော၊ ရုံးပိတ်ရက် အိပ်မယ် ဆိုတော့လည်း သင်တန်းက ကိုးနာရီ စတယ်၊ အိပ်ရာက ထရတာပဲ၊ အိမ်ရောက်တုန်းလေး အိပ်ရတာ၊ သမီးကို မသနားဘူးလား ပြော''

''အလို… အလို၊ မွန်မွန်ရေ နင့်သမီး စကားတတ်တိုင်း ငါ့ကို ပြောနေတာ ကြည့်ဦး''

မေမေရော ကြီးကြီးပါ ရယ်မောနေပါသည်။ လင်းသည် သူ့ထုံးစံအတိုင်း တခိခိ ရယ်မောကာ ကြီးကြီး၏ ပခုံးစွန်းကို ခေါင်းထိုးမှီထားသည်။ မေမေ ကျောပြင်လေး တသိမ့်သိမ့်လှုပ်ပုံကို အမှတ်မထင် ငေးနေသည်။

မီးဖိုခန်းမှာ မေမေ့ကို တွေ့ခဲ့ဖူးတာ လင်း တစ်သက်ပါပဲ။ ဘယ်သောအခါမှ ချက်ပြုတ်ခြင်းကို ငြီးငွေ့ပုံ မပြ။ ချစ်ခင်သူတို့အတွက် တစ်ခုမဟုတ် တစ်ခု ချက်ပြုတ်နေတတ်သည်။ ဒါကတော့ ဖေဖေ့အကြိုက်၊ ဒါကတော့ လင်း အကြိုက် စသည်ဖြင့်။

အိမ်ကို ဦးဦး ရောက်ရောက်လာတတ်သည့် နှစ်များအတွင်း ဗန်းမော်ဒေသ အစားအစာများ ချက်ပြုတ်ပေးတတ်ပုံကို သတိရသည်။ မျှစ်ချဉ်ခေါက်ဆွဲ လုပ်ပေးသည်။ မုန်ညင်း လှိုင်လှိုင်ပေါ်ချိန်တွင် မုန်ညင်းအချဉ်ရည်ဟင်း လုပ်ပေးသည်။ ပိန်းဥနှင့် မုန်ညင်းဟင်းရည် ချက်သည်။ မျှစ်သိုခြောက်နှင့် ပိန်းဥ ဟင်းရည် ချက်သည်။ ဟင်းရွက်စုံ လှော်သည်။ ငါးအုံး လုပ်ပေးသည်။ မျှစ်သိုခြောက်နှင့် ကစော့သီး ထောင်းပေးသည်။ ကစော့သီးမှာ ခါးသက်သက်မို့ လင်း မကြိုက်ပါ။ ထိုအသီးလေးများကို ဦးဦးရော မေမေပါ အတော်ကြိုက်ပါသည်။

ခုကော အဲသည် အစားအစာတွေ မေမေ လုပ်စားဖြစ်သေးသလား။ နေ့လယ်စာ စားရင်း လင်း အမှတ်မထင် မေးတော့ 'တစ်ယောက်တည်း စားရမှာ ဆိုတော့လည်း မလုပ်ဖြစ်ပါဘူး၊ သမီးဖေဖေ အကြိုက်တွေပဲ ချက်ဖြစ်တော့တာပဲ'ဟု မေမေ ဖြေခဲ့သည်။ ဖေဖေ ကြိုက်သော ဟင်းများကို အရသာရှိ

www.nyisay.com



အောင် ချက်ပေးရုံမက ကြိုက်ကြိုက်၊ မကြိုက်ကြိုက် အတူစားသောက်တတ်သော မေမေ။ ဖေဖေကတော့ မေမေ့အကြိုက် ဟင်းချက်လျှင် တစ်ဇွန်းပင် မမြည်းဖူးချေ။

လင်း နေ့လယ်စာ စားနေကတည်းကပင် ခုကြော်နေသော ကြက်သား မွကြော်အတွက် မေမေ ပြင်ဆင်နေခဲ့သည်။ ကြက်သားပြုတ်ကို အမျှင်လေးများ ဖြစ်အောင် စိတ်ရှည်လက်ရှည် မွနေခဲ့သည်။ ထိုခဏတွင် ထမင်း ဝါးရင်း ထမင်းစားခန်း အပြင်ဘက်သို့ လင်း ငေးနေသည်။ သစ်သားပြတင်းမှာ ဟင်းလင်း ဖွင့်ထားသည်။ ခန်းဆီး မရှိ။ သံဆန်ခါကွက်များ မရှိ။

ထမင်းစားခန်းမှ လှမ်းမြင်ရသည့် မြင်ကွင်းတွင် ကံ့ကော်ပင် တစ်ပင် ရှိသည်။ ခြံရှေ့မှာလည်း တစ်ပင် ရှိသေးသည်။ ခြံဝင်း ဝယ်ကတည်းက ပါလာသော သစ်ပင်များ။ ထိုအပင်များသည် နွေဦးပေါက်ချိန်တွင် ဝေနေအောင် ပွင့်တတ်သည်။ အရွက် စိမ်းရင့်ရင့်များအကြားက ပွင့်ဖတ်ဖြူဖြူ ဝတ်ဆံဝါဝါ ကံ့ကော်ပွင့်များ။ ကံ့ကော်ရနံ့သည် ထမင်းစားခန်း၊ မီးဖိုခန်းသို့သာမက ဧည့်ခန်းသို့ပင် လေသင့်တိုင်း မွှေးမြလာတတ်သည်။

ကံ့ကော်ပွင့်ချိန်တွင် မေမေသည် ကိုင်းချိုးယူလေ့ မရှိ။ အပင်မှာသာ သည်အတိုင်း ထားသည်။ လင်း အိမ်ပြန်ဖြစ်သည့် နွေဦးတို့တွင် အိမ်သည် ကံ့ကော်ရနံ့ဖြင့် ထုံသင်းလျက်။ 'ခေါင်းမူးတယ်' ဟု ဖေဖေ ညွှန်းတတ်သော ပန်းရနံ့ကို လင်းကတော့ စွဲလှသည်။ မေမေလည်း လင်းလိုပဲ စွဲလိမ့်သည်။ အိမ်ထဲတွင် ကံ့ကော်ပွင့်ကို အလှဆင် ပန်းအိုးထိုးသည့် အလေ့မရှိသော်လည်း မီးဖိုခန်းပြတင်းဝမှ ဖြစ်စေ၊ ထမင်းစားခန်း ပြတင်းဝမှ ဖြစ်စေ အမှတ်မထင် ရပ်တန့်ငေးကာ ကံ့ကော်ရနံ့ ရှူရှိုက်သည့် မေမေ့ကို လင်း တွေ့ရတတ်ပါသည်။

*

မော်လမြိုင် ရောက်ပြီ ဆိုသည်နှင့် မိသားစုပြီးလျှင် မမအုံကို လင်း သတိရတော့သည်။ သိတတ်စအရွယ်ကတည်းက အတူနေလာရသော မမအုံသည် လင်းအတွက်တော့ သွေးသားရင်းပမာ။ ဦးဦးအား ကာလအတော်ကြာမှသာ အမျိုးမတော်စပ်မှန်း သိနားလည်ရသလိုပင် မမအုံသည်လည်း လင်း၏ အစ်မရင်း မဟုတ်ကြောင်း ကြီးပြင်းတော့မှသာ သိတတ်ခဲ့ပါသည်။

www.nyisay.com



ခုတော့ မမအုံသည် မော်လမြိုင်မြို့ပေါ်မှာ မရှိ။ သူ့ဖခင် နေထိုင်ရာ ရွာမှာပင် အိမ်ထောင်ကျကာ အခြေချနေသည်။ သားသမီး နှစ်ယောက် ရှိပြီ ဟု မေမေ ပြောပြပါသည်။ အိမ်ကို မကြာမကြာ ရောက်လာတတ်သတဲ့။ ရောက်တိုင်းလည်း လင်းအကြောင်း မေးမြန်းတတ်သတဲ့။ ၂၀၀၆ ခုနှစ်မှာ ခွဲခွာရသော မမအုံနှင့် ၂၀၁၀ သီတင်းကျွတ်တုန်းက တစ်ကြိမ်သာ ဖေဖေတို့ကို သူတို့ဇနီးမောင်နှံ လာကန်တော့စဉ် ဆုံလိုက်ရသည်။

'သတိရလိုက်တာဟယ်' ဆိုကာ မမအုံ မျက်ရည်ကျပုံကို မနေ့က အိမ်ရောက်ခိုက်၊ စိတ်အခြေကျခိုက်မှာပင် သတိရလိုက်သေးသည်။ သို့သော် သည်တစ်ကြိမ် အိမ်မှာ မဟုတ်ဘဲ တိုက်ဆိုင်စွာ ဆုံရလိမ့်မည် မထင်ခဲ့ချေ။

လင်းသည် တနင်္ဂနွေ နံနက်ခင်းမှာတော့ အိပ်ရာက စောစောနိုးထ သည်။ ခရီးပန်းတာ ပြေပျောက်ခဲ့ပြီ။ နံနက်စာ စားပြီးချိန်တွင် အစ်ကိုကြီး လိုက်ပို့တာကြောင့် တောင်ပေါ်တန်းသို့ ရောက်ရတော့သည်။ ဦးဇိနဘုရား ဖူးသည်။ နံနက် နေခြည်ဝယ် မြို့မြင်ကွင်းကို အေးချမ်းလှပစွာ မြင်ရသည်။ သံလွင်မြစ်သည် လင်းကို လွမ်းစရာပုံရိပ်နှင့် နှုတ်ဆက်လျက်။ နောက် ကျိုက်သန်လန် ဘုရား ဖူးမြော်သည်။ တောင်ပေါ်တန်းတစ်လျှောက် ဆက်သွားဦးမလားဟု အစ်ကိုကြီးက မေးသော်လည်း 'ဈေးလိုက်ပို့ပေးတော့'ဟုသာ လင်း ဆိုရသည်။ ကေသီအတွက်၊ အာကာ့အတွက် မွန်ရိုးရာအထည်များ ဝယ်မည်။ သစ်သီး ဝယ်မည်။

တောင်ပေါ်တန်းမှ သူတို့မောင်နှမ ပြန်ဆင်းခဲ့တော့ နံနက် ၉ နာရီသာ သာ။ ဈေးရောက်လျှင် အစ်ကိုကြီးက ကားပေါ်မှာသာ စောင့်နေတော့သည်။ လင်းသည် ဈေးအတွင်း ဝင်ကာ ကေသီအတွက် မွန်ရိုးရာ လုံချည်၊ အာကာ့ အတွက် ပုဆိုး ဝယ်သည်။ ဈေးထဲ ဟိုဟိုသည်သည် ငေးကာ ပြန်ထွက်လာ ခိုက်မှာပင် လက်ကို တစ်စုံတစ်ယောက်က ဖမ်းဆွဲလိုက်သည်။

အထိတ်တလန့် လှည့်အကြည့် မြင်လိုက်ရသူကြောင့် လင်း ဟာခနဲ ဖြစ်သည်။ မမအုံရယ်··။ မမအုံသည် ရွှင်ပြုံးကာ မျက်ရည်ဝဲကာ။

''ဘယ်တုံးက ပြန်လာတာလဲ လင်းရဲ့''

မမအုံ၏ လက်များကို ဝမ်းသာအားရ ဆုပ်ကာ လင်းလည်း မျက်ရည် ဝဲလာပါသည်။

www.nyisay.com



“မနေ့ကပဲ ရောက်တာ၊ ဒီည ကားနဲ့ ပြန်ရမှာလေ၊ ကြည့်ဦး မချိန်းဘဲ နဲ့ လာတွေ့တယ်၊ လင်း ဝမ်းသာလိုက်တာ၊ တွေ့လည်း တွေ့ချင်နေတာ”

မမအုံသည် တကယ့်မိန်းမကြီးတစ်ယောက်အသွင် ဖြစ်နေပါသည်။ အသက်ထက် အပုံကြီး ရင့်ရော်နေသည်။ ဆံပင်ကို နောက်တွင် ဖြစ်သလို ထုံးဖွဲ့ထားသည်။ အရောင်မှိုင်းမှိုင်း ချည်လုံချည် ဝတ်ကာ အပေါ်ကတော့ ပွင့်ရိုက်ဘလောက်စ်ကို ဝတ်ထားသည်။ အပျိုပေါက်အရွယ်က အထက် အောက် အရောင်တိုက်ဝတ်တတ်သော မမအုံကို သတိရသည်။ ခုတော့ အောက်က လုံချည်မှာ အညိုမှိုင်းမှိုင်း ဖြစ်သည်။ အပေါ်အင်္ကျီကတော့ အပြာနု ဖြစ်သည်။ တစ်နှစ်သာသာ ရှိမည့် ကလေးငယ်ကို ပိုးထားပါသည်။

စကားများစွာ ပြောသည်။ မေးခွန်းလည်း များစွာမေးသည်။ ဈေးထဲ လူသွားလူလာ ရှောင်နိုင်ရန် ဘေးသို့ တိုးကပ်ကာ စကားပြောနေကြရသည်။ မမအုံသည် ကလေးပေါက်စန ဘဝကတည်းက ထိန်းကျောင်းလာရသော လင်း တစ်ယောက် အပျိုကြီးဖားဖား ဖြစ်ရုံမက သူ့အပေါ် အရပ်မိုးနေပုံကို သဘော တကျ ဖြစ်နေသည်။ တပြုံးပြုံးနှင့် မျက်နှာပြင်ကို အရိပ်လို မော့ကြည့် မော့ကြည့် လုပ်နေသည်။

“အခု ပစ္စည်းဝယ် ဆင်းလာတာ လင်းရဲ့ ရွာက ဆိုင်အတွက်ပေါ့၊ ဆိုင်အကြီးကြီးလည်း မဟုတ်ပါဘူးလေ၊ ကုန်စုံဆိုင်လေးပဲ၊ ပြီးတော့ မမကြီး သင်ပေးထားတဲ့ စက်ချုပ်ပညာဟာ အခုတော့ အသုံးဝင်နေပြီ၊ စက်လည်း ချုပ်တယ်၊ လုပ်လို့ရတာ အကုန်လုပ်တာပဲ၊ ကလေးကလည်း နှစ်ယောက်ပဲ တော်ပြီ၊ ဒါမှပဲ ပညာကောင်းကောင်း သင်ပေးနိုင်မှာ၊ ကိုယ့်တုန်းက စာတောင် မမကြီး သင်ပေးလို့ ရေးတတ် ဖတ်တတ်လာတာ ဟုတ်၊ ကလေးတွေတော့ စာတတ်မှ ဖြစ်မယ်”

မိခင်မေတ္တာသည် မမအုံ၏မျက်နှာထက်ဝယ် လင်းလက်နေပေသည်။

“ကျန်းမာရေးလည်း ဂရုစိုက်နော် မမအုံ၊ ကလေးတွေချည်းပဲ ဂရုစိုက် မနေနဲ့၊ ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်ဦး၊ လူဖြင့် မြင်ရတာ အသက် ၄၀ မိန်းမကြီးတွေလို နေထားတယ်၊ နောက်တစ်ခါ ဒါမျိုး မမြင်ချင်ဘူးနော်”

“အယ်- ကြည့်စမ်း၊ မမအုံ တစ်သက်လုံး ထိန်းလာရတဲ့ လင်းက မမအုံကိုတောင် ပြန်ဆုံးမနေပြီ၊ မမကြီး မြင်စေချင်လိုက်တာ”

www.nyisay.com



မမအုံက ရယ်နေသည်။ ရယ်ရင်းက ရုတ်ခြည်း သတိရပြန်သလို ''မမကြီး နေကောင်းတယ် ဟုတ်''ဟု ကောက်ကာငင်ကာ ဆိုသည်။

''ကောင်းပါတယ်၊ မမအုံကလည်း မြို့ထဲ ရောက်တာတောင် အိမ်ဘက် ဝင်တာ မဟုတ်ဘူး၊ အခု လိုက်မလား ဟင်၊ အိမ်မှာ မေမေ ရှိတယ်''

''မလိုက်တော့ပါဘူး လင်းရယ်၊ ဒီနေ့တော့ ဈေးဝယ်ဆင်းလာတာ မို့လို့ နောက်တစ်ခါမှ သေချာလာခဲ့မယ်လို့ ပြောပေး''

လင်းတို့သည် ရယ်ကာမောကာနှင့်ပင် နှုတ်ဆက်ကျောခိုင်းရသည်။ ခြေလှမ်း နှစ်လှမ်း၊ သုံးလှမ်းမျှ ရှိလျှင်တော့ 'လင်းရေ'ဟု မမအုံ ခေါ်သံကြောင့် ခြေစုံရပ်ကာ လှည့်ကြည့်ရသည်။ မမအုံသည် လင်းရှိရာသို့ ပြန်လျှောက်လာသည်။

''မေးဖို့ဟာ မေ့နေလို့၊ ဦးဦးနဲ့ကော တွေ့သေးလားလို့၊ ဘာရယ် မဟုတ်ပါဘူး သတိရလို့''

''ဦးဦးက ဂျပန်မှာလေ မမအုံရဲ့ အင်း…''

'ဒီလ ပြန်လာမှာ'ဟု စကားဆက်ရန် ပြင်ပြီးခါမှ တွေဝေစိတ်ဝင်၍ တိုးလိုးတန်းလန်း ရပ်သည်။ တစ်ချက် ရယ်ကာ ''မတွေ့တာ ကြာပြီလေ၊ နပန်းသမားတွေလို လူဝကြီးတောင် ဖြစ်နေပြီလားမသိဘူး'' စသဖြင့် ပေါ့ပေါ့ပါးပါးဟန် စကားဆက်လိုက်ပါသည်။

မမအုံသည် မေမေနှင့် အနေနီးသူ ဖြစ်သည်။ အိမ်သို့လည်း နောက်တစ်ပတ်၊ နှစ်ပတ်အတွင်း မရောက်ဘူး မပြောနိုင်။ ဦးဦး ပြန်လာမည့် အကြောင်း မေမေ့ကို ပြောရမလား၊ မပြောရဘူးလား လင်း မဝေခွဲနိုင်သေး။ ချစ်ခင်သူကို လိမ်ညာလိုက်ရ၍ အနေခက်လှသည်။ မမအုံ၏ ရိုးသားသော မျက်လုံးများကို ရင်ဆိုင်နိုင်စွမ်း မရှိ၍ပင် ကလေးငယ်ကိုသာ တခစ်ခစ် ရယ်အောင် အကြောင်းမဲ့ မြှူလိုက်ရလေသည်။

*

လင်းသည် မျက်နှာကြက် ဖြူဖြူကို ငေးနေသည်။ သည်တစ်ခါတော့ စိတ်နှင့် ပန်းချီ မဆွဲတော့။ အနီးမှာ မေမေ ရှိသည်။

ဘွားဘွားနှင့် ကြီးကြီးတို့ကို ကန်တော့ပြီး အပြန် ခုတင်ထက် တစ်ခဏ ကျောခင်းဆဲ အခန်းထဲသို့ မေမေ လိုက်ဝင်လာသည်။ ခုတင်စွန်းတွင် ထိုင်သည်။

www.nyisay.com



လင်းသည် ခေါင်းအုံးထက် ခေါင်းချထားရာမှ ကိုယ်ကို အနည်းငယ် လျှောဆင်းကာ မေမေ့ပေါင်ပေါ်သို့ ခေါင်းအုံးလိုက်သည်။ မေမေသည် လင်း၏ ဆံပင်များကို ကလေးငယ်လိုပင် ဖွဖွ သပ်ပေးနေသည်။

''မေမေ့ သမီးလေးကို အခုလို မြင်ရတာ စိတ်ချမ်းသာလိုက်တာ၊ မျက်နှာလေးကလည်း ကြည်လို့၊ ဒီလို ကြည်ကြည်လင်လင် တွေ့ရမယ်တောင် ထင်မထားဘူး''

''ဘာလို့လဲ မေမေရဲ့''

မေမေ့မျက်နှာကို လင်း မော့ကြည့်သည်။ မေမေသည် လင်း၏ မျက်လုံးများကို စိုက်ကြည့်နေသည်။ ဘယ်လို အရိပ်မျိုးကို မေမေ ရှာသလဲ။

''ဪ- မျက်နှာလေး ကြည်နေတော့ ငါ့သမီးလေး အသည်းကွဲတဲ့ ဘဝက လွတ်လာပြီလို့ သိရတာပေါ့၊ စိတ်ချမ်းသာတာပေါ့''

လင်းသည် ရုတ်ခြည်းဆိုသလို ငုတ်တုတ်ထထိုင်သည်။ မေမေနှင့် မျက်နှာချင်းဆိုင်မိသည်။

''မေမေ့ကို ဘယ်သူ ပြောလဲ''

''ဘယ်သူမှ စမပြောပါဘူး၊ မေမေ့ဘာသာ မေမေ သံသယရှိလို့ ဖုန်းဆက် မေးရတာ၊ ပြောတဲ့သူကိုလည်း စိတ် သွားလုပ်မနေနဲ့၊ မေမေက အစ်အောက်မေးလွန်းလို့ ဖြေရတာ''

''ကေသီလား''

''နိုး''ဟု မေမေ ရယ်နေသည်။ ''အာကာ မဟုတ်လား'' ဆိုတော့မှ မေမေ ခေါင်းညိတ်ပါသည်။

''ကြည့်စမ်း အာကာစုတ်၊ မပြောပါနဲ့လို့ အတန်တန် မှာထားရက်နဲ့''

''မေမေ ပြောသားပဲ၊ မေမေ မေးလွန်းလို့ ပြောရတာလို့''

''မေမေကကော ဘာလို့ သွားမေးသလဲ''

လင်း၏ နှုတ်ခမ်းပါးပါးမှာ စကားဆိုပြီးသည်နှင့် တင်းတင်းစေ့သည်။ မျက်လုံးတွင်တော့ မျက်ရည်ဝဲစပြုလာသည်။ တစ်ယောက်ပြီး တစ်ယောက် ပူပင်စေမိပြီ။ ခုတစ်ယောက်ကတော့ တစ်လောကလုံးမှာ အချစ်ရဆုံးသူ ဖြစ်သည်။ မိခင် ဖြစ်သည်။

''သမီး အဲဒီတလောလေးတုန်းက မေမေ့ကို ဖုန်းစမဆက်တော့ဘူး လေ၊ မေမေ ဆက်မှသာ စကားပြောတာ၊ ဒါပေမဲ့ လေသံက မရွှင်ဘူး၊ မေမေ

www.nyisay.com



သိတာပေါ့၊ သမီး တစ်ခုခု ဖြစ်နေပြီဆိုတာ မေမေ သိတာပေါ့၊ အာကာ မဖြေလည်း အဖြေကို မေမေ သိပြီးသား''

လင်းသည် မေမေ့ရင်ခွင်သို့ ခေါင်းတိုးဝင်လိုက်သည်။ မျက်ရည်က ပေါက်ခနဲ ကျမိတော့မည်။ မျက်တောင်ဖျားနှင့် ခတ်ထုတ်ရသည်။ နှုတ်ခမ်းကိုသာ တင်းသထက် တင်းအောင် စေ့ထားသည်။ မေမေ့ရှေ့ ငိုမည် မဟုတ်။

''ဘယ်သူမဆို ဒီလိုပဲ တစ်လောကလုံး အမှောင်ကျသွားသလိုမျိုး၊ ကိုယ့်ကမ္ဘာ ပျက်သွားသလိုမျိုး ခံစားရတဲ့တစ်ချိန်တော့ ရှိမှာပဲ သမီးရဲ့၊ အဲဒီအချိန်ကို ဘယ်တော့မှ မကျော်ဖြတ်နိုင်တော့ဘူး၊ တစ်သက်လုံး ခံစားသွားရတော့မှာပဲလို့လည်း ထင်ရင် ထင်ခဲ့ကြမှာပဲ၊ ဒါပေမဲ့ အချိန်တန်တဲ့အခါ၊ အချိန်တစ်ခု ရောက်လာတဲ့အခါကျတော့လည်း အားလုံး ပြီးသွားတာပဲ၊ အဲဒီတုန်းက ကိုယ်ဟာ ကိုယ် မဟုတ်သလိုပဲ''

''မေမေရော အဲဒါမျိုး ကြုံဖူးသလား''

မေမေ့အပြုံး တစ်ခဏ ရပ်သည်။ မျက်လုံးများတွင် မှိုင်းမှုန်ရီသော အရိပ်တစ်ခုကို မြင်သည်။ သို့သော် အခိုက်အတန့်သည် လက်ဖျစ်တစ်တွက်ဟုသာ ဆိုနိုင်မည်။ ပြုံးသည်ဆိုရုံ တစ်ချက် ပြုံးလိုက်သည်။ လင်း၏ ပခုံးကို တင်းတင်း ဆုပ်လိုက်သည်။

''ကြုံဖူးပါတယ် သမီးရယ်၊ လူတိုင်း ကြုံဖူးသလိုပဲပေါ့''

''ဘယ်တုံးကလဲ ဟင်၊ မေမေ ငယ်တုန်းကလား''

မေးမည် မရည်ရွယ်သော မေးခွန်း နှုတ်မှ လွှတ်ခနဲ ထွက်ကျသည်။ ဆောရီး မေမေ... မေမေ မဖြေချင်လည်း ရပါတယ်။

စိတ်အတွင်းက တီးတိုးတောင်းပန်သံကို မေမေ ကြားသလား။ မေမေသည် လင်း၏ မျက်လုံးများကို စိုက်ကြည့်နေသည်။ နောက် သက်ပြင်းနှင့်ရောသော အပြုံး။ ပခုံးထက်က လက်တို့ ပြေလျော့၏။

''မငယ်တော့ပါဘူး၊ အချစ်လို့ ကိုယ့်ဘာသာ ယုံကြည်တဲ့ ခံစားမှုကို စခံစားရတော့ မေမေ မငယ်တော့ပါဘူး သမီးရယ်''

မေမေ့အကြည့်သည် ပြတင်းအပြင်ဘက်သို့ ရွေ့၏။ စည်းရိုးကျော်ကာ တစ်ဖက်ခြံက ညွတ်ကျနေသော ခရေကိုင်းများသည် လင်း၏ အိပ်ခန်းဘက်သို့ ငေးမျှော်နေကြဟန် ရှိသည်။ လေတိုးတော့ လှုပ်လှုပ်ခတ်ခတ်။

www.nyisay.com



လင်းသည် ရင် တဒိတ်ဒိတ် ခုန်လာ၏။ အတိတ်ကန့်လန့်ကာတစ်ချပ် လှပ်ခနဲ ပွင့်လာတော့မလား။

''စိတ်ပေါ့၊ စိတ်လေး ခဏလွတ်တဲ့ အချိန်ပေါ့၊ အဲဒီတုန်းက မေမေ့ စိတ်ဟာ ခိုကိုးစရာလည်း မရှိဘူး၊ အမြဲလိုပဲ ဟာနေတယ်၊ ကိုယ် မျှော်လင့်ထားတဲ့ ချစ်ခြင်းမေတ္တာနဲ့ တကယ် ရလာတဲ့ပုံစံ ဘာမှမဆိုင်တဲ့အခါ ဘဝဟာ အသေလိုပဲ၊ အထီးကျန်တယ် ဆိုတာထက် အထီးကျန်တယ်၊ အသက်ရှင်ရတာ ဘာအဓိပ္ပာယ်မှ မရှိဘူးလို့ ခဏ ခဏ တွေးဖူးတယ်၊ သေတာထက် နေတာက ဘာထူးမလဲလို့ ခဏ ခဏ တွေးဖူးတယ်၊ အဲဒီလောက် ပိတ်လှောင်နေတဲ့ အချိန်မျိုး၊ စိတ်လွင့်နေတဲ့ အချိန်မျိုးမှာမှ အချစ်ဆိုတာကို မေမေ တွေ့ခဲ့တာပဲ''

မေမေသည် စကား ခဏရပ်၏။ အကြည့်ကိုမူ အပြင်ဘက်သို့သာ ရွေ့ထားမြဲ။ လင်းသည် မေမေ့မျက်နှာကိုသာ ငေးနေသည်။ မေမေ့နှုတ်မှ သည်လို စကားမျိုး ဖွင့်ဟလိမ့်မည် သူ မထင်စဖူး။ စကားသံတွင် အနိမ့်အမြင့် အတက်အကျ များသလို၊ ရှံခါ တိမ်ဝင်သလို မေမေ့ရင်၌ လှိုင်းခတ်နေမည်ဟု သူ လှမ်းမြင်သည်။ သည်ခံစားမှုက သူ့ကို ကူးစက်သည်။ မျက်လုံးတွင် မျက်ရည်ရစ်လာသည်။ မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်ပြုကာ မေမေ့မျက်နှာကိုသာ ငေးမြဲ ငေးနေပေသည်။

''အဲဒီအချိန်ဟာ ဘဝမှာ အလှဆုံးအချိန်ပဲ၊ အစမရှိသလို အဆုံးလည်း မရှိနိုင်တဲ့အချိန်မျိုးပေါ့၊ တော်ပြီလေ၊ အဲဒီ တစ်ချိန်ကို ပိုင်ဆိုင်ခဲ့ဖူးပြီလေ၊ တော်ပြီပေါ့လို့ပဲ တွေးတယ်၊ အဝေးမှာပဲ နေခဲ့တယ်၊ နေလည်း နေသင့်တယ်၊ ဘယ်လို ပြောရမလဲ ဆိုတော့ အဲဒီအချစ်ဟာ ငှက်ကလေးတစ်ကောင်၊ ပန်းကလေး တစ်ပွင့်ကို ချစ်တဲ့ အချစ်နဲ့လည်း တူတယ်၊ ငှက်ကလေး ကောင်းကင်မှာ ပျံနေတဲ့အခါ၊ ပန်းကလေး လှလှပပ ပွင့်တဲ့အခါ အဝေးကနေ ကျေနပ်တယ်၊ ဒါပါပဲ၊ ဒီလောက်ပါပဲ၊ ဒီလောက်ပဲ သမီးကို မေမေ ပြောပြနိုင်မယ်''

မေမေ့ ငှက်ကလေးကို လင်း သိတယ် မဟုတ်လား၊ မေမေ့ပန်းကလေး ကို လင်း သိတယ် မဟုတ်လား။ မေးရန် မလိုသော၊ အဖြေ မလိုအပ်သော မေးခွန်းများသည် လင်း၏ နှလုံးအိမ်၌ တွန်းထိုးလှုပ်ရှားနေသည်။

ထိုခဏမှာပင် မှိုင်းမှုန်မှုန် အရိပ်အချို့ မေမေ့မျက်ဝန်းမှ ဖျတ်ခနဲ ကွယ်ပျောက်သည်။ အလွှာပါးတစ်ခု ကာလိုက်သလို စောစောကနှင့် မတူခြားနားသော မျက်လုံးများသည် လင်း၏ အကြည့်နှင့် တည့်တည့်ဆိုင်မိသည်။ လင်းသည် စကားတစ်ခွန်း မဆို၊ နှုတ်မဟ။ ထိုမျက်ဝန်းများကိုသာ စူးစမ်းနေသည်။

www.nyisay.com



မေမေသည် လင်း၏ ပခုံးလေးကို တစ်ချက် ဖိညှစ်လိုက်ပါသည်။

''ကဲ- ကောင်မလေး၊ ဘာမေးချင်သေးတာလဲ၊ ဘာစပ်စုချင်သေးတာလဲ၊ မရတော့ဘူးနော်''

ခုတော့လည်း မေမေ့အသံက ရွှင်လို့ပါပဲ။ ရွှင်သလို ထင်ရပြန်တာပဲ။

လင်းသည် မျက်တောင်ကို ဆတ်ခနဲ နှစ်ချက်မျှ ခတ်လိုက်သည်။ ပြီးကာ ရယ်ကာ မေမေ့ရင်သို့ ပို၍ တိုးကပ်လိုက်သည်။ ခေါင်းဝှက်လိုက်သည်။ မျက်တောင်ဖျားမှာ ပြယ်သွားသော မျက်ရည်တို့ကို မေမေ မမြင်လောက်ဘူး ထင်ပါသည်။

''မေမေ ပြောနိုင်တဲ့ အမှန်တရားတစ်ခုတော့ ရှိသေးတယ်''

ဟင်··။

ရုတ်ခြည်း ခေါင်းအမော့နှင့်အတူ ပွင့်လာသော လင်း၏ မျက်လုံးတို့သည် မေမေ့မျက်နှာထက်မှာ။

''သမီးလောက်တော့ မေမေ ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးဘူး''

''ဖေဖေ့ကိုရော မေမေ''

လင်း၏ မျက်လုံးနက်နက်တို့သည် အမှုအရာတစ်ခုချင်းစီကို စူးစိုက်မှတ်နေသည့်ပမာ။ နှုတ်ခမ်းများက ပြုံးတော့မလိုလို။

''သမီးလောက် ဘယ်သူ့ကိုမှ မချစ်ပါဘူးဆို''

''ဟင့်အင်း၊ တိတိကျကျ ဖြေ''

''သမီး ဖေဖေကိုတော့ သွားမပြောနဲ့၊ ငါ့သမီးလေးကို အချစ်ဆုံး''

လင်းရော မေမေပါ ရယ်မောလိုက်ပါသည်။ စောစောတုန်းက ခံစားချက်နှင့် ဆန့်ကျင်ရာအဖြစ် လင်း၏ ရယ်သံက ပေါ့ပါးစွာ။ ပေါ့ပါးဟန်စွက်ကာ။ မေမေ့ရယ်သံကတော့ ကြည်လင်စွာ။

'ဘာတွေ ရယ်နေကြတာလဲဟေ့' ဆိုသော ဧည့်ခန်းထဲက ဖေဖေ့အသံ ကြားတော့မှပင် သားအမိနှစ်ယောက် အိမ်ရှေ့ ရောက်တော့သည်။ ဖေဖေ ပြန်လာပြီ။

ဖေဖေသည် ကျောင်းက ပြန်လာခါစမို့ အနည်းငယ် ပင်ပန်းနေသယောင် ထင်ရသည်။ သို့သော် မျက်နှာမှာ ကြည်လျက်ရှိသည်။ လွယ်အိတ်ကို ဆက်တီထက်တွင် ချလိုက်သည်။ စာအုပ်နှင့် စာရွက်အချို့သည် လွယ်အိတ်ထဲက ထိုးထိုးထောင်ထောင် ထွက်လျက်။ ထိုလွယ်အိတ်မှာ ဖေဖေ့အသက် ၅၀ ပြည့်တုန်းက လင်း အမှတ်တရ ဝယ်ပေးခဲ့သော ကချင်လွယ်အိတ် ဖြစ်သည်။

www.nyisay.com



အိမ်ပြန်ရောက်တိုင်း ဖေဖေ သုံးတာ မမြင်ရ။ မကြိုက်ဘူး ထင်ပါရဲ့ဟုသာ ဝမ်းပန်းတနည်း တွေးခဲ့သည်။

ခုတော့ သုံးနှစ်အကြာမှာ ပြန်တွေ့ရသည်။ ဖေဖေသည် လွယ်အိတ်ထဲ ငေးစိုက်သော လင်း၏ ဝမ်းနည်း ဝမ်းသာ အကြည့်ကို မသိဟန်ပြုနေသည်။ 'ထမင်းဆာပြီ မွန်မွန်ရေ'ဟု ဆိုလိုက်ပါသည်။

ထမင်းစားခန်းသို့ မေမေ ထွက်တော့ လင်းပါ လိုက်လာသည်။ မေမေ ထမင်း ဟင်း ပြင်သည်ကို စောင့်ကြည့်နေသည်။ အတန်ကြာလျှင် ထမင်းစားပွဲမှာ ဖေဖေ ဝင်ထိုင်သည်။ ထမင်းကို ဇွန်းနှင့် ထိုးမွှေသည်။ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်နေသည့် လင်းထံ လှမ်းကြည့်သည်။

''သမီးကော စားပြီးပြီလား'' တဲ့။

''၁၂ နာရီကျော်ကတည်းက စားပြီးပြီ ဖေဖေ၊ ခုပဲ ၂ နာရီထိုးနေပြီ''

''သမီးနဲ့ လက်ဆုံစားချင်လား အစ်ကို'' ဟု မီးဖိုထဲမှပင် မေမေ လှမ်းမေးသည်။ မေမေကလည်း၊ အပိုတွေလို့ ဖေဖေက ပြောလိုက်မှာပေါ့။

''အေးပါ၊ ခူးလာပါ မွန်မွန်ရ၊ နည်းနည်းပဲ စားနိုင်ရင်လည်း စားပေ့စေပေါ့၊ ဘယ်တော့မှ နောက်တစ်ခေါက် ပြန်လာမယ် မသိဘူး''

လင်းသည် ရှေ့ရောက်လာသော ထမင်းပန်းကန်ကို စောစောကလိုပင် ဝမ်းနည်း၊ ဝမ်းသာစိတ်နှင့် ငေးနေသည်။ ဖေဖေ့ပန်းကန်ထဲသို့ ငါးတစ်တုံး မေမေ ထည့်ပေးသည်။ နောက် လင်း၏ ပန်းကန်ထဲသို့ လှမ်းထည့်လိုက်သည်။ မေမေသည် လင်းနှင့် ဖေဖေ၏ အလယ်တွင် နေရာယူလျက်။

ထမင်းဖြူတစ်လုတ် ခပ်ဖြည်းဖြည်း ဝါးရင်း မေမေ့ထံ အမှတ်မဲ့ကြည့်မိသည်။ မေမေသည် ဖေဖေ့ပန်းကန်ထဲက ငါးတုံးကို အရိုးနွှာပေးနေသည်။ အသားကိုချည်း သီးသန့်ပုံပေးသည်။ အရိုးကိုတော့ အရိုးပန်းကန်လေးထဲသို့ ချသည်။

မျက်နှာချင်းဆိုင် ပြတင်းဆီ လင်း အကြည့်ရွှေ့သည်။ ကံ့ကော်ပင်ကို တွေ့ရလေမလား အတွေးနှင့် ဖြစ်သည်။

သို့သော် အပြင်တွင် မိုးသည်းစပြုပြီ ဖြစ်၍ စောစောလေးကတင် မေမေ တံခါးပိတ်လိုက်လေပြီ။

* * *

www.nyisay.com

စတင် ဆုံတွေ့သည့်ရက်မှ အစပြု ရေတွက်လျှင် နှစ်လနီးပါးမျှသော အချိန်ကာလအတွင်း ဦးမင်းတင်ကျော်ထံက ပထမဆုံး ဖုန်းခေါ်ဆိုမှု ဝင်လာချိန်သည် လင်းတစ်ယောက် ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းအတွင်း မိုးထဲ ရေထဲ တလွင့်လွင့် လျှောက်နေချိန် ဖြစ်သည်။ အဓိပတိလမ်း ပလက်ဖောင်းထက်ရှိ သစ်ပင်တန်းများအောက် သစ်ကိုင်းများ၊ သစ်ရွက်များအား ထိုးဖောက်ကျဆင်းသည့် မိုးရေစက်များအကြား ခြေလှမ်းတစ်လှမ်းချင်း ရှေ့ဆက်နေချိန် ဖြစ်သည်။

စင်စစ် မိန်းထဲ ရောက်လာရခြင်းတွင် လင်း၌ ရည်ရွယ်ချက် မရှိ။ ပြေပွဲနားသော ရက်မို့ အလုပ်ပါးခိုက် နေ့တစ်ဝက် ခွင့်ယူကာ သူ ပြန်လာခဲ့သည်။ မြေနီကုန်းမှာ ဆင်းသည်။ သို့သော် အိမ်အပြန်လမ်းပေါ် ခြေမချဖြစ်ဘဲ လှည်းတန်းဘက် ရောက်သည့် ကားတစ်စီးပေါ် တက်လိုက်မိပြန်သည်။ သို့နှင့် လှည်းတန်း ရောက်လာသည်။

နောက်တော့ ပြည်လမ်းကို ဖြတ်ကူးသည်။ ရာမညဆောင် ဝင်ပေါက်ငယ်မှ ကျောင်းဝင်းထဲသို့ ဝင်လိုက်သည်။ တောင်ငူဆောင်ဘက်သို့ ပတ်လာသည်။ ဒဂုံဆောင်··။ ထိုမှ ရွှေဘိုဆောင်နှင့် ဝိဇ္ဇာဆောင် ဆက်ထားရာ စင်္ကြံကို လျှောက်သည်။ ဂျပ်ဆင်ဘက် မချိုးကွေ့သေး။ အပန်းဖြေရိပ်သာ နောက်ကျောကို မြင်ရသည့် နေရာသို့ လျှောက်လာသည်။ သဘာဝအတိုင်း ကွေးကောက်လှပစွာ တည်သည့် သစ်ပင်ကို ငယ်စဉ်ကလိုပင် သဘောတကျ ငေးသည်။

www.nyisay.com



စကြံဘေးဝဲယာတွင် ရေအိုင်ငယ်များကို တွေ့ရသည်။ မြက်ပင်တို့ တောထ ပေါက်ရောက်လျက်။ စကြံမှပင် ဂျပ်ဆင်ဘက်ဆီ သွားသော လမ်းက လေးပေါ် ချိုးကွေ့သည်။ ဂျပ်ဆင်ရှေ့ မြက်ခင်းပြင်မှာ ခဏရပ်သည်။ နောက်တော့ ရွှေဘိုဆောင်ဘက် ဆက်ထားသော စကြံသို့ ပြန်လျှောက်လာသည်။

တောင်ငူဆောင် ကင်တင်း ရောက်သည်။ နောက်တော့ ခိုင်ခိုင်ကျော်မှာ ထမင်းစားသည်။ ဦးချစ်မှာ ကော်ဖီသောက်သည်။ စိမ်းမြအုပ်မိုးသော သစ်ပင်တို့ကို လွင့်သော စိတ်ကူးနှင့် မိနစ်အတော်ကြာ ငေးနေခဲ့သည်။

လင်း မြင်တွေ့နေရသော ကျောင်းဝန်းကျင်သည် အတိတ်မြင်ကွင်းနှင့် ခြားနားခဲ့ပြီ။ သစ်ပင်ကြီးများ နည်းပါးခဲ့ပြီ။ နာဂစ်မုန်တိုင်းသည် လင်းချစ်သော သစ်ပင်ကြီးအချို့၏ အသက်ဝိညာဉ်ကို ခြွေယူသွားခဲ့သည်။ သို့သော် ပြင်ပဝန်းကျင်နှင့် စာလျှင်တော့ ရန်ကုန်တက္ကသိုလ်သည် များစွာ စိမ်းလန်းခြင်း ရှိသေးသည်။

ငြိမ်းချမ်းသော စိတ်နှင့်ပင် ဦးချစ်က ခွာလာသည်။ ရောက်မှတော့ အဓိပတိလမ်းအဆုံးအထိ အလွမ်းပြေ လျှောက်ကြည့်မည်။ သည်ကျောင်းဝင်းသည် ကျောင်းသူ၊ ကျောင်းသားများစွာတို့ ခြေရာများကို သမိုင်းပုံရိပ်များနှင့် အတူ သိမ်းထားသောမြေ ဖြစ်သည်။ လင်း၏ ခြေရာငယ်များစွာလည်း အရိပ်ကျန်ရစ်သောမြေ ဖြစ်သည်။

အဓိပတိလမ်းပေါ်သို့ ခြေချလိုက်စဉ်မှာပင် နေ့ခင်းတစ်လျှောက်လုံး တမှိုင်းမှိုင်း တအုံ့အုံ့ ရှိနေသော မိုးက တသည်းသည်း ရွာချတော့သည်။ လင်းသည် လမ်းတစ်ဖက်ခြမ်း ပလက်ဖောင်းပေါ်သို့ အလျင်အမြန် လှမ်းတက်လိုက်သည်။ ဘေးလွယ်အိတ်ထဲ ဆောင်မြဲ ခေါက်ထီးကို အပြေးအလွှား ဖွင့်ရသည်။ မိုးတွင် လေပါ ပါလာသည်မို့ ထီးမှာ တော်တော်နှင့် ဖွင့်မရ။ ထီးပွင့်ရန် ကြိုးစားနေစဉ်မှာပင် ဆံပင်နှင့် အင်္ကျီစတို့ကို မိုးရေ တပေါက်ပေါက် ထိမှန်စိုကပ်၏။

လင်းသည် ထီးကို တင်းတင်းဆုပ်ကာ ရှေ့ဆက်လှမ်းသည်။ ပဲခူးဆောင်ကို ဖြတ်ကျော်လာသည်။ အသွင်ပြောင်းထားသော အညိုရောင် အကွက်အကွက် ဖော်သည့် ပလက်ဖောင်းတွင် မိုးစက်တို့သည် တစ်စက်နှင့် တစ်စက် ထပ်လျက် ကပ်လျက် ကျနေသည်။ သစ်ရွက်ကြွေ၊ ပန်းပွင့်လွှာ အကြွေ

www.nyisay.com



တို့သည် မိုးရေကျရာ ပလက်ဖောင်းထက် ကပ်လျက်။ မိုးစက်ထိမှန်လျှင် တဆတ်ဆတ် လှုပ်ခါလျက်။

လင်း၏ လုံချည်အောက်ပိုင်းမှာ စိုစပြုပြီ။ သည်နေ့မှ လုံချည်ဝတ် လာမိသည်။ မွန်ရိုးရာ လုံချည် ပန်းဆီရောင်နှင့် ချည်သားအင်္ကျီအနက် လက်စကကို တွဲဝတ်ထားသည်။ လုံချည်က ခြေချင်းဝတ်တွင် စိုကပ်ကာ တုပ်၍ လမ်းကို ခပ်ဖြည်းဖြည်းသာ လျှောက်နိုင်သည်။

မိုးသည်းလှပုံကြောင့် တစ်ချိန်တုန်းက မေမေနှင့်အတူ ညနေခင်းဘက် လမ်းလျှောက် ထွက်စဉ်ကလို ဟိုငေး သည်ငေး မပြုနိုင်။ တစ်နေရာရာမှာ မိုးခိုရမည်။ မျက်လုံးထဲတွင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက် အဆောက်အအုံကိုသာ ပြေးမြင်မိသည်။ ခြေလှမ်း သွက်သွက်လှမ်းသည်။ မိုးမြင်ကွင်းတွင် အရာရာသည် ဝေဝေဝါးဝါး။ မိုးသံမှအပ အခြားအသံဗလံတို့ တိတ်ဆိတ်လျက်။

ပင်းယဆောင်၊ စစ်ကိုင်းဆောင်။ ပျဉ်းမပင်အိုသည် လွန်ခဲ့သော ဆယ့်ငါးနှစ်ဝန်းကျင်က ကျောင်းဝင်းတစ်ဝိုက် ဟိုဟိုသည်သည် မြင်ရတတ်သော ကလေးမလေး အရွယ်ရောက်ကြီးပြင်းလာပုံကို အံ့အားသင့်နေဟန် ရှိသည်။ မိုးသည်းကြားထဲ၌ အခက်အလက်များ ယိမ်းထိုးကာ နှုတ်ဆက် နေဟန်ရှိသည်။

ပျဉ်းမပင်ကြီးကို လွမ်းစိတ်နှင့် တစ်ချက် မော့ကြည့်ကာ ခြေလှမ်း အရှိန်ကို ထပ်တင်သည်။ မိုး ပိုသည်းလာပြီ။

လေရော မိုးပါ ပို၍ပြင်းထန်လာချိန်တွင်တော့ လင်းသည် ရန်ကုန် တက္ကသိုလ်စာကြည့်တိုက် အမိုးအောက် ရောက်ပြီ။ ထီးထည့်သည့်ပုံးထဲမှာ ထီးကို ထည့်သည်။ လက်ဖျံမှာ၊ ဆံပင်မှာ စိုကပ်သည့် ရေတို့ကို တစ်ရှူးထုတ် ကာ သုတ်သည်။ ရေစက်လက်ဖြစ်နေသော လုံချည်အောက်ပိုင်းအတွက်တော့ မတတ်နိုင်။ အချိန်တန်လျှင် ခြောက်လိမ့်မည်။ အိမ်ပြန်လျှင်တော့ ဆေးကြို သောက်ရဦးမည်။

စာကြည့်တိုက်ရှေ့မှ ကံ့ကော်ပင်၊ ခရေပင်တို့သည် မိုးစက်များ အကြား ယိမ်းထိုးလျက်။ မိုးစဲလျှင်တော့ ဝင်းအပြင်ဘက်က မြရာပင်ဘက် သွားဦးမည်။ သစ်ပုပ်ပင်ကိုလည်း ငေးဦးမည်။

ရေစိုတစ်ရှူးကို လွယ်အိတ်ထဲ ပြန်ထည့်ကာ စာကြည့်တိုက်အတွင်း ဘက် ဝင်ရန် ပြင်သည်။ သည်မှာပင် ဖုန်းခေါ်သံ ကြားရသည်။ ‘နွေဦး ကံ့ကော်’သီချင်းသံတစ်စ ကြားတော့ ကံ့ကော်ပင်ထံ လှမ်းကြည့်မိသည်။

www.nyisay.com



ဦးမင်းတင်ကျော်သည် ပြောစရာ သတင်းစကားနှင့်အတူ လင်းထံ ဖုန်းခေါ်လာပေသည်။

''ညီညီက ၂၅ ရက်နေ့ ရောက်မယ်ဗျ။ ၂၆ ရက်နေ့ကို မန္တလေး တန်းသွားမယ်တဲ့၊ သူ့အမေက မန္တလေးက အစ်ကိုအိမ်မှာ ရောက်နေတော့ သူလည်း အဲဒီပဲ လိုက်သွားမယ်တဲ့။ မန္တလေးမှာပဲ တစ်ပတ်လုံး နေမယ်၊ အဲ.. သောကြာနေ့ ၃၁ ရက်နေ့တော့ ပြန်ဆင်းလာမယ်။ ၁ ရက်နေ့ကျ ပြန်မှာပေါ့ ဗျာ၊ အဲဒီလို..''

''ဟုတ်ကဲ့'' ဟု လင်း စကားထောက်လိုက်ပါသည်။

''ပုံမှန်ကတော့ သောကြာနေ့ ညဘက်ကျတော့ ဂျပန်မှာတုန်းက သိကျွမ်းခဲ့တဲ့ အင်း.. အခု ရန်ကုန်မှာ နေနေကြတဲ့ မိတ်ဆွေဟောင်းတွေကို ညီညီက ဒင်နာကျွေးမယ်ပေါ့၊ အဲဒီကျရင် ညီမကိုပါ ကျွန်တော် လှမ်းခေါ်လိုက် မလို့၊ အခုကျတော့ အဲဒီလို အဆင်မပြေတော့ဘူး ဖြစ်လာတယ်''

''ဘာဖြစ်လို့များလဲ မသိ''

စာကြည့်တိုက်ထဲမှ ဆရာတစ်ဦး ပြန်ထွက်လာ၍ ဘေးဘက်သို့ လင်း အနည်းငယ် တိုးကပ်ပေးလိုက်ပါသည်။

''အေးဗျာ၊ ကျွန်တော် အလုပ်ကိစ္စနဲ့ ခရီးသွားရဖို့ ဖြစ်လာတယ်၊ ခရီးက နှစ်ပတ် ကြာမယ်ပေါ့၊ မြိတ်ဘက်ကို သွားရမှာ၊ မနက်ဖြန်ပဲ စသွားရ တော့မှာ၊ ဆိုတော့ ညစာစားပွဲကို ညီမ တစ်ယောက်တည်းပဲ သွားမလား၊ သွားလို့ ဖြစ်မလား''

လင်းသည် အသက်မျှ မရှူနိုင်သလို တစ်ခဏ ငြိမ်သက်နေသည်။ ဖြစ်ရလေ။ အနီးကပ်ကျခါမှ လွဲတတ်သော သူ့ကံကြမ္မာသည် အဘယ်မျှ နာကျင်ဖွယ် ကောင်းပါသနည်း။ ဦးမင်းတင်ကျော် မပါပါဘဲနှင့် သူစိမ်းများ သာ ရှိလေသော ညစာစားပွဲသို့ သွားနိုင်ပါရန် လင်း ဘယ်သို့ ကြိုးစားရမည် နည်း။

''ဟဲလို.. ဟဲလို.. ညီမ ကြားတယ်နော်''

''ဟုတ်ကဲ့ရှင့် ကြားပါတယ်၊ ကျွန်မ စဉ်းစားနေတာ''

''ကျွန်တော် တစ်ခုတော့ စိတ်ကူးမိတယ်၊ ညီမ ဒီကြားထဲ သူ့ဆီ ဖုန်းဆက်ချင်သလား၊ သူ အခု ကိုင်ထားတဲ့ တယ်လီနောနံပါတ် ကျွန်တော် လှမ်းပို့ပေးမယ်''

www.nyisay.com



ဟင့်အင်း။ ဦးမင်းတင်ကျော် မမြင်နိုင်ပါဘဲ လင်း ခေါင်းသာ ခါယမ်းလိုက်ပါသည်။

"ကျွန်မက ရုတ်တရက် နှုတ်ဆက်ပြီး ဦးဦး အံ့သြအောင် ပျော်သွားအောင် လုပ်ချင်တာ၊ ဖုန်းမဆက်ဘဲ တွေ့ပဲ တွေ့လိုက်ချင်တာပါ ဆရာ၊ ဒါပေမဲ့ ဆရာ မပါဘဲနဲ့ကျတော့လည်း သူစိမ်းတွေပဲ ရှိတဲ့နေရာကို ကျွန်မ မသွားချင်ဘူး၊ အဲဒီညတော့ မသွားတော့ပါဘူး၊ နောက်ရက်ကျတော့ ဦးဦး ဘယ်မှာ ရှိမလဲ၊ ဆရာ သိသလားဟင်"

မျှော်လင့်ချက် ကြိုးမျှင်တစ်စသည် မိုးစက်များအကြားတွင် ဝိုးတဝါး ပေါ်လာလိုက် ပျောက်လိုက် ဖြစ်နေသည်။ ထိုကြိုးမျှင်စကိုသာ လင်းသည် စိတ်ကူးလက်နှင့် ဆွဲဆုပ်ရန် ကြိုးစားနေသည်။

"နောက်ရက်နေ့ခင်းကျတော့ သူ့အလုပ်က သူငယ်ချင်းတွေနဲ့ ချိန်းထားတယ် ပြောတယ်၊ သိတဲ့အတိုင်းပဲ ရက်က တိုတော့ လုပ်စရာတွေ တန်းစီထားတယ် ထင်တာပဲ"

ဦးမင်းတင်ကျော်က စကားကို ခဏ တန့်လိုက်ပါသည်။ သူလည်း အနည်းငယ်တော့ စိတ်ရှုပ်သွားလိမ့်မည်။ လင်းကို ကူညီချင်စိတ်နှင့် ဘာလုပ်ပေးရပါ့ဟု ခေါင်းပူအောင် စဉ်းစားနေမလား။ စကားသံအချို့ကိုလည်း နားစွန်နားဖျား ကြားရသည်။ အလုပ်ခွင်ထဲမှာပဲ။ လင်း အားတောင့်အားနာ ဖြစ်လာသည်။

အောက်နှုတ်ခမ်းကို ဖိကိုက်ကာ ကံ့ကော်ပင်ပျိုကို ငေးသည်။ နီစွေးသော၊ စိမ်းရင့်သော အရွက်များကို ငေးသည်။ နောက်တော့မှ တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရသည်။

"ဩော်·· ရပြီ ဆရာ၊ ဦးဦး ပြန်မှာ ဘယ်လေကြောင်းလိုင်းနဲ့လဲ၊ ပြီးတော့ လေယာဉ်ချိန်ကို ဆရာ သိသလား၊ သိရင် ကျွန်မကို တစ်ချက်လောက် မက်ဆေ့ချ် ပို့ပေးပါလား ဆရာ၊ ကျွန်မ လေဆိပ်မှာ သွားတွေ့လိုက်ပါ့မယ်၊ မပြန်ခင် ခဏလေးပဲ တွေ့ရ တွေ့ရပေါ့လေ"

"ဟာ- သိတာပေါ့၊ ကျွန်တော် ပို့လိုက်မယ်၊ ကြည့်စမ်း၊ ကျွန်တော် ဒီတစ်ချက်ကို လုံးလုံး မစဉ်းစားမိဘူး"

လင်း ပြုံးလိုက်ပါသည်။ တစ်မိနစ်ပဲ တွေ့လိုက်ရလည်း ရှိပါစေ။ ဦးဦးကို လေဆိပ်မှာသာ တွေ့ပါတော့မည်။ ဦးဦးကို ဦးမင်းတင်ကျော် မပါဘဲ

www.nyisay.com



တစ်ယောက်တည်း သွားတွေ့ရလည်း မမှတ်မိစရာတော့ မရှိ။ ပန်းချီပြခန်းမှာ တွေ့ကြသည့်နေ့က ဦးမင်းတင်ကျော်ထံမှ တောင်းယူထားသည့် ဓာတ်ပုံတစ်ပုံ ဖုန်းထဲမှာပင် ရှိနေသေးသည်။ လွန်ခဲ့သည့် ဆယ်နှစ်က ဦးဦးနှင့် ပစ္စုပ္ပန်က ဦးဦးကတော့ ကွာခြားခဲ့ပြီ။ မြန်းခနဲ တွေ့ရလျှင် လင်း မှတ်မိမှာ မဟုတ်။ သို့သော် သည်ရက်များအတွင်း အလွတ်ရမတတ် ကြည့်ခဲ့သော ဓာတ်ပုံကြောင့် အလွယ်တကူ မှတ်မိပါလိမ့်မည်။

"ဆရာ၊ ကျွန်မ မေးစရာတစ်ခု ကျန်ပါသေးတယ်၊ ဟိုလေ·· ဆရာ အခုအထိတော့ ကျွန်မအကြောင်း ဦးဦးကို မပြောရသေးဘူး မဟုတ်လား"

ဦးမင်းတင်ကျော်၏ ရယ်သံ ကြားရပါသည်။

"ကျွန်တော်က ကတိပေးပြီးရင် တည်ပါတယ်ဗျာ၊ အခုထိ မပြောရ သေးပါဘူး၊ ဘယ်တော့မှ မပြောနဲ့ ဆိုရင်လည်း မပြောပါဘူး"

ပြောပြီးသည်နှင့် ဦးမင်းတင်ကျော် ရယ်ပြန်သည်။ လင်းလည်း လိုက်ပါရယ်မောမိပါသည်။

အပြင်ဘက်တွင် မိုးတဖွဲဖွဲသာ ကျတော့သည်။ ကံ့ကော်ပင်တို့သည် ယိမ်းနွဲ့ဆဲ။ အပွင့်တစ်ပွင့်ပင် မရှိ။

သို့သော် ကံ့ကော်ရနံ့ မွှေးပျံ့လာသလို လင်း ထင်နေပေသည်။

*

ဇူလိုင် ၃၁ ရက် ညသည် တသည်းသည်း ရွာသော မိုးစက်များ နှင့်အတူ ဆိုက်ရောက်လာခဲ့သည်။ မိုးသက်လေမှာလည်း တသုန်သုန် တိုက်ခတ် လျက်။ တိုက်ခန်းပြတင်းများ၌ နေရောင်ကာ တပ်ထားသော်ငြား သည်မျှ ပက်သော မိုးစက်များကိုမူ မခံနိုင်တော့ပြီ။ ဝရန်တာအထွက် တံခါးမကြီး သာမက ဧည့်ခန်းက ပြတင်းများအားလုံးကို လင်းတို့ လိုက်ပိတ်ရသည်။ အိပ်ခန်းတွင်းက ပြတင်းကိုလည်း ပြေးပိတ်ရသည်။

နောက်တော့ ဧည့်ခန်းကိုပင် ရောက်မြဲလို ပြန်ရောက်လာကြသည်။ ကော်ဖီ ဘယ်လောက် သောက်သောက် ညအိပ်ပျော်တတ်သော ကေသီက ကော်ဖီတစ်ခွက်ပင် ဖျော်လာသည်။ လင်းကတော့ မသောက်နိုင်။ မျက်လုံး ကြောင်လိမ့်မည်။ အထူးသဖြင့် မနက်ဖြန်လို စိတ်လှုပ်ရှားဖွယ် တစ်စုံတစ်ရာ ရှိနေခိုက် သည်ည ကော်ဖီ မသောက်သင့်။ သူ့ အိပ်ပျော်မည် မဟုတ်။

www.nyisay.com



မနက်ဖြန်ည ဦးဦးကို လေဆိပ်မှာ သွားတွေ့ရမည်။ လင်းကို အမှတ်မထင် ပြန်ဆုံရဖို့ သည်ညအထိ ဦးဦး ယောင်၍ပင် ထင်မည် မဟုတ်။ မိတ်ဆွေများနှင့် လမ်းခွဲကာ တည်းခိုရာ ဟိုတယ်မှာ အေးအေးလူလူ ရှိနေလိမ့်မည်။ တစ်ယောက်တည်း ရှိနေမည် ထင်သည်။ စိတ်ရော ခန္ဓာပါ အားလပ် အနားယူနေချိန်မျိုးမှာ ဦးဦး ဘာတွေ တွေးနေမလဲ။

ကာလရှည်ကြာ ခွဲရဦးမည့် မိခင်အကြောင်း၊ အစ်ကိုများ အကြောင်း၊ သူငယ်ချင်း မိတ်ဆွေများအကြောင်း တွေးနေမလား။ လင်းတို့ ပါဝင်သော အတိတ်ကို မြန်မာပြည် ပြန်ရောက်ခိုက် တစ်ချက်တလေတော့ သတိရမှာပဲ။ အနည်းဆုံးတော့ ဘယ်ရောက်နေကြပါလိမ့်ဟု ဦးဦး တွေးမည် ထင်သည်။

သို့သော် မသေချာပါ။ ဆယ်နှစ်အတွင်း ဦးဦး စိတ် ဘယ်လောက် ပြောင်းလဲခဲ့ပြီလဲ လင်း မသိနိုင်ပါ။

''လင်း''

''ပြော ကေသီ''

ကေသီသည် ကော်ဖီခွက်ကို ဖျာချောပေါ် ချလိုက်သည်။ တီဗွီ အသံကို အနည်းငယ် လျှော့လိုက်ပါသည်။

''ညည်း ဘယ်လိုမှ မခံစားရဘူးလား ဟင်၊ ညည်းကို ငါ အကဲခတ်နေတာ ကြာပြီ၊ ဘာမှလည်း မထူးခြားဘူး''

ဆက်တီတွင် ခန္ဓာကို ခပ်လျှော့လျှော့မှီနေရာက လင်း ပြန်မတ်လိုက်သည်။ ပြုံးလိုက်သည်။ ပေါ့ပါးစွာ။

သည်နေ့ နံနက်ခင်း အလုပ်သွားရန် ကားမှတ်တိုင်ဆီ အတူလျှောက်တော့ လမ်းသွယ်တစ်လျှောက် မကွေ့ မပတ်ဘဲ လျှောက်ခဲ့ကြသည်။ ပြီးခဲ့သည့် တစ်ပတ်က စကာ သည်လမ်းကို လင်း မရှောင်တော့။ တည့်တည့်ပင် ဖြတ်သည်။ အလုပ်အသွား၊ အပြန် ကော်ဖီဆိုင်ရှေ့က ဖြတ်သည်။ ဆိုင်ဘက်သို့ လှည့်မကြည့်။ ပထမတစ်ရက်၊ နှစ်ရက်တော့ ခေါင်းကို ခိုင်ခိုင်ထားရသလို၊ သတိဆွဲထားသလို ဖြစ်နေသည်။ နောက်တော့လည်း အသားကျကာ ဆိုင်ရှေ့က ဖြတ်နေပါလား ဆိုတာကိုပင် မေ့လျော့စပြုလာသည်။

သည်နံနက်တော့ ဆိုင်နှင့် နီးကပ်လာခိုက်မှာပင် ဆိုင်ခန်းရှေ့ ကွက်လပ်မှာ ပါကင်ထိုးနေသည့် ကားတစ်စီးကို မြင်ရပါသည်။ သူ့ကားမှန်း လင်း ကောင်းစွာ မှတ်မိသည်။ ခဲရောင်အသွေးရှိသည့် ကားပေါ်ဝယ် သူသည်

www.nyisay.com



ပါကင်ထိုးရန် အာရုံများလျက်။ နောက်တော့ နေရာကျသည်။ ကားတံခါး ချပ်ခနဲ ပွင့်သည်။ သူ ဆင်းလာသည်။ တစ်ဖက်သို့ လှမ်းကြည့်သည်။ ဘယ်ဘက် တံခါးကလည်း ချပ်ခနဲ ပွင့်လာသည်။ လင်း၏ အကြည့်သည် ထိုနေရာသို့ ရွေ့သည်။

အဝေးမြင်နှင့် အခါခါ မြင်ခဲ့ဖူးသည့် မိန်းကလေးကို ခုတော့ အနည်းငယ် နီးကပ်သော အမြင်ဖြင့် မြင်ရပြီ။ 'လှသားပဲ'ဟု သူစိမ်းတစ်ယောက်နှင့် ပတ်သက်သူကို မှတ်ချက်ချသလို လင်း ဆိုတော့ ကေသီက အံ့အားတသင့် ငဲ့ကြည့်ခဲ့သည်။

ခုလည်း ကေသီသည် လင်း၏ အပြုံးကို အံ့အားတသင့် စူးစမ်းနေ ပြန်သည်။

"ဘာမှ မခံစားရဘူး ဆိုရင်တော့ ငါ ညာတာပေါ့ ကေသီရ၊ နည်းနည်းတော့ တုန်လှုပ်သွားတာပေါ့၊ ဘယ်လို ပြောမလဲ၊ အဲဒီခံစားချက်က ဝမ်းနည်းတာလည်း မဟုတ်ဘူး၊ မခံချင်တာ အခံရ ခက်သွားတာ၊ ဒါပေမဲ့ ငါ ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်းပြီး စဉ်းစားကြည့်တယ်၊ တကယ်တော့ ငါတို့က အခု သူစိမ်းတွေပဲ မဟုတ်ဘူးလား၊ သူလည်း သူ့ဘဝ သူ့လမ်းကို ရွေးခွင့်ရှိတယ်၊ ရွေးလည်း ရွေးမှာပဲလို့ ငါ သိခဲ့သားပဲ၊ ဘာလို့ အခံရခက်နေဦးမလဲ၊ ခံစားရင် ကိုယ်ပဲ ပင်ပန်းတယ်"

လင်းသည် စကား ခဏ ရပ်ကာ ဖျာချောကွက်များကို လက်သည်း ဖျားဖြင့် ထိခြစ်နေသည်။ အရင့် အရင်ကလို နှုတ်ခမ်းတင်းတင်းစေ့ကာ၊ မျက်တောင် ခဏခဏ ခတ်ကာ မျက်ရည်ထိန်းရန် မလိုတော့။ နှင်းဆီတော အတွက် ကျစရာ မျက်ရည် မရှိတော့ချေ။

"မေမေက ပြောတယ်သိလား"

ဟု လင်း စကားဆက်လိုက်ပါသည်။

"ချစ်ခြင်းမေတ္တာ ဆိုတာဟာ မေတ္တာပါသော ချစ်ခြင်းတဲ့၊ ပိုင်ဆိုင် လိုခြင်း၊ တပ်မက်ခြင်းတွေနဲ့ ပူလောင်မနေဘူးတဲ့၊ သိပ်အေးချမ်းတယ်တဲ့၊ အခု ငါလေ ဘယ်သူ့အပေါ်ပဲ ဖြစ်ဖြစ် အဲဒီလို မေတ္တာမျိုးပဲ ထားနိုင်အောင် ကြိုးစားနေတယ်"

ထိုထိုသော ချစ်ခြင်းမေတ္တာမျိုးနှင့် ချစ်သူအပေါ် သူ ချစ်ခဲ့ပါသလား ဟု ကေသီနှင့် နှုတ်ဆက်ကာ အိပ်ခန်းတွင်း ပြန်ရောက်ခိုက်မှာပင် တွေးနေ

www.nyisay.com



သည်။ သိပ်တော့ မသေချာ။ ချစ်သူကို ပိုင်ဆိုင်လိုသော စိတ်အပြည့်အဝနှင့် လင်း ချစ်ခဲ့သည်။ သူလည်း ကိုယ့်လို တစ်ထပ်တည်း ရှိလိမ့်မည် ယုံကြည်မှုနှင့် ချစ်ခဲ့သည်။ တပ်မက်ခြင်းအထိ ရောက်အောင် မပူလောင်ခဲ့စေကာမူ ကြည်နူးခြင်း၊ သာယာခြင်းနှင့် ချစ်ခဲ့သည်။ ခုတော့လည်း အရာရာသည် လေနှင်ရာ လွင့်ပါ ကွယ်ပျောက်ခဲ့ပြီ။

လင်းသည် ခုတင်အောက်က ပန်းချီကားကို ထုတ်သည်။ စက္ကူပတ်ကို ဖြေနေကျလို ခပ်ဖြည်းဖြည်း ဖြေကာ ခုတင်ပေါ် ထောင်သည်။ အဝေးက ငေးသည်။ အတိတ်ကို အရင်လိုပင် ပြန်မြင်သည်။ သူ့ခေါင်းလေးကို အုပ်ကာ ငုံ့ကာ ပြုံးနေသော မေမေ့မျက်နှာကို မြင်သည်။

မေမေ့အပြုံးသည် ချစ်ခြင်းမေတ္တာ စွက်သောအပြုံး ဖြစ်သည်။ ထိုသို့ပင် လင်း ခံစားသိမြင်သည်။ ဓာတ်ပုံကို ကြည့်စဉ်ကနှင့်မတူ ပန်းချီကားကို ငေးတိုင်း သည်လိုပင် ခံစားမိသည်။

ပြတင်းအနီးသို့ လျှောက်လာသည်။ အပြင်တွင် မိုး မသည်းလှတော့။ သို့သော် တဖြောက်ဖြောက် ကျဆင်းမြဲ။ မိုးပက်၍ပင် မှန်ပြတင်း၌ မိုးရေစက်များ တင်ကျန်ရစ်နေသည်။

မှန်အနီးသို့ တိုးကပ်ကြည့်တော့ မျက်ရည်စက်လိုတစ်မျိုး၊ ခပ်ဝိုင်းဝိုင်း ကျောက်ပွင့်လိုတစ်သွယ်၊ ခပ်သေးသေး စိန်မှုန်လေးများလိုတစ်ဖုံ ချစ်စရာ၊ မြတ်နိုးစရာ အသွင်ရှိသည့် ရေစက်လေးများကို မြင်သည်။ လက်ဝါးနှင့် ထိကပ်သည်။ အေးစက်သော မှန်သားကိုသာ ထိမိသည်။

တစ်ခါတုန်းကတော့ မှန်သားပြင်တွင် မြင်ရသည့် ရေစက်လေးများကို လက်နှင့် ထိကပ်ရန် ကြိုးစားဖူးသည်။ ပြတင်းတံခါးကို ဖွင့်သည်။ တံခါးဖွင့်သည့် အရှိန်နှင့်ပင် ရေစက်အချို့ ပုံသွင် ပြောင်းလဲတော့သည်။ လက်နှင့် ထိတွေ့မိသည့်အခါ၊ နောက်တစ်ကြိမ် တံခါးပိတ်၍ ပြန်ကြည့်သည့်အခါ မူလက ရှာတွေ့ခဲ့သည့် အလှကို လင်း မမြင်ရတော့ပေ။

ခုတော့ မိုးရေစက်နှင့် လင်း၏အကြား၌ မှန်သားပြင် ခြားနေသည်။ ခြားနားလျက်ပင် အလှကို မြင်လေသည်။

*

www.nyisay.com



မှန်သားပြင်ကို ဖောက်၍ မြင်ရသော အပြင်ဘက် မြင်ကွင်းကို လင်း စူးစူးစိုက်စိုက် ကြည့်နေသည်။ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် ထွက်ခွာ ခန်းမသို့ ဝင်ပေါက်များမှ လှမ်းလာသူများထံလည်း မျက်တောင်ပင် မခတ်တတ်တော့သလို အကြည့် တဖျပ်ဖျပ် ရွေ့နေသည်။

ခုချိန်အထိ ဦးဦး မပြောနှင့်၊ ဦးဦးနှင့် ခပ်ဆင်ဆင် တူသူကိုပင် လင်း မတွေ့သေး။ စင်စစ် ညနေ ၆ နာရီခွဲမျှသာရှိသေးသည်။ ည ၉ နာရီ ၄၅ မိနစ်မှ ထွက်ခွာမည့် ဂျပန်လေယာဉ်အတွက် ဆိုလျှင်တော့ ခရီးသည်တစ်ဦး check in ပြုလုပ်ရန် လာရောက်မည့်အချိန်မှာ အနည်းငယ်စောသေးသည်။

သို့သော် ဝီရိယပိုသော လင်းကတော့ ရန်ကုန်လေဆိပ်သို့ ညနေ ၆ နာရီနီးပါးကတည်းက ရောက်နေသည်။ စနေနှင့် တနင်္ဂနွေကို တာဝန်ချိန် လဲယူကာ တစ်နေကုန် အိမ်မှာပင် နေသည်။ သတိရတိုင်း နာရီ လှမ်းလှမ်း ကြည့်သည်။ အဖော်လိုက်ပေးမည် ကတိခံထားသော အာကာ့ကို လှည်းတန်းမှာ ဝင်ခေါ်တော့ပဲ ညနေ ၄ နာရီခွဲကျော်ကျော်။

ချိန်းထားသော အချိန်ထက် တစ်နာရီနီးပါးစောကာ လိုက်လာရသော အာကာသည် လင်းကို တစ်ခွန်းပင် မငြူစူ။ စိတ်စောနေပုံကို နားလည်စွာ ကြည်ကြည်သာသာပင် လိုက်လာသည်။ ထွက်ခွာခန်းမ ရောက်သည်နှင့် ဝင်ပေါက်များအား အလွယ်တကူ မြင်သာမည့်နေရာမှာ လင်းက မတ်မတ်ရပ်တော့သည်။

လေဆိပ် အပြင်ဘက်မှာတော့ မိုးတဖွဲဖွဲ ကျနေသည်။ ညနေ နေဝင်ချိန် ဖြစ်သော်ငြား ဆည်းဆာ၏ အရိပ်အယောင် လုံးလုံး မရှိ။ တစ်လောကလုံး မှိုင်းမှိုင်းမှုန်မှုန်၊ အေးအေးမြမြ။ အေးစိမ့်စိမ့်ဝန်းကျင် ဖန်တီးထားရာ လေဆိပ် အဆောက်အအုံအတွင်းမှာတော့ ပြင်ပ ရာသီဥတုထက် ပို၍အေးမြနေသည်။

လင်းသည် အိမ်က မထွက်မီလေးတင် ကုတ်အင်္ကျီတစ်ထည် ထပ်ဝတ်ရန် သတိရခဲ့ခြင်းအတွက် ခုတော့ ဝမ်းသာရသည်။ မီးခိုးရင့်ရောင် ကုတ်အင်္ကျီ အောက်မှာတော့ ပြီးခဲ့သည့် တနင်္ဂနွေကမှ မော်လမြိုင်မှ ပို့လိုက်သော အင်္ကျီကို ဝတ်ထားသည်။ အဖြူပေါ် မီးခိုးပွင့်သေးသေးနုပ်နုပ်လေးများ ကြဲပက်ထားသည့် ပိတ်စကို လည်ပင်းအပိတ် ရင်စေ့ လက်တိုချုပ်၍ လည်ပင်းတစ်ဝိုက်နှင့် ရင်စေ့နေရာတစ်လျှောက်မှာတော့ ပိတ်စနှင့် ဇာနားစ ရောကာ အတွန့် အဖတ်များ အမြင်မရှုပ်အောင် ခပ်ရိပ်ရိပ် ထည့်ပေးထားသည်။

www.nyisay.com



လင်းအတွက် မေမေ ချုပ်နေကျပုံစံများထဲက တစ်ခု။ ဖြူဝင်းသော မျက်နှာကို ပို၍ပင် တင့်တယ်စေသော အင်္ကျီ။ လေဆိပ်သွားရန် ပြင်ချိန်၌ သတိတရ ထုတ်ဝတ်လာသည်။ စကတ်မှာ ထုံးစံအတိုင်း အနက်ရောင် ဖြစ်သည်။ ပခုံးကျော် ဆံပင်များကို သည်အတိုင်း ချထားသည်။ စလင်းဘက်ကို ကြိုးခပ်ရှည်ရှည်နှင့် လွယ်ထားသည်။ ဖက်ရှင်ဆိုင်ရှေ့ ချထားသည့် အရုပ်တစ်ရုပ်လို ခပ်တောင့်တောင့် ရပ်သည့် လင်းသည် နံရံ မှန်ချပ်များအား ထွင်းဖောက်မတတ်ပင် ငေးမြဲ ငေးနေသည်။

"လင်း ငါတို့ စောနေသေးတာဟ"

အာကာသည် လင်းနှင့် မလှမ်းမကမ်းတွင် ရပ်နေသည်။ မကြာသေးခင်ကမှ ခရီးက ပြန်ရောက်လာသူမို့ ဆံပင်ကိုပင် ပုံသွင်းညှပ်ခြင်း မပြုရသေး။ အနည်းငယ် ရှည်သော ဆံပင်မှာ နားရွက်ကို ဖုံးအုပ်မတတ် ဖြစ်နေသည်။ ဘယ်ဘက်သို့ ခွဲထားသော ရှေ့ဆံပင်ကလည်း ရှည်နေပြီ။ သို့သော် ဆံသားပျော့သူမို့ အရုပ်ဆိုးမနေ။ ဝတ်နေကျပုံစံလိုပင် ဂျင်းဘောင်းဘီနှင့် တီရှပ်နှင့် ဝတ်လာသည်။ တီရှပ်မှာ အဖြူရောင်။ သည်နှစ် သူ့မွေးနေ့တုန်းက လင်း ဝယ်ပေးခဲ့သောအင်္ကျီ ဖြစ်သည်။

"ဘာလဲ၊ နင် ပျင်းလို့လား"

"မပျင်းပါဘူးဟ၊ ဒါပေမဲ့ စောနေသေးတာ၊ တကယ်ပြောတာ၊ နင် တစ်ချိန်လုံး မတ်တပ်ရပ်နေမလား ပြော"

"ရပ်နေမယ်၊ ညောင်းရင်လည်း ဒီမှာပဲ ရပ်နေမယ်၊ နေရာမရွှေ့တော့ဘူး၊ တော်ကြာနေ ငါ သွားထိုင်နေတုန်း မမြင်လိုက်ရင် ဘယ်လိုလုပ်မလဲ၊ ဒီနားက ခုံကလည်း အားတာ မဟုတ်၊ ငါ ဟိုဘက်မှာ သွားထိုင်ရမှာ၊ ကွယ်နေတော့မှာ"

အာကာသည် ခေါင်းမာသော လင်းကို ထပ်၍မတိုက်တွန်း။ နှုတ်ခမ်းလှုပ်ရုံသာ ပြုံးလိုက်သည်။ စောစောကလိုပင် မလှမ်းမကမ်းမှာ ရပ်မြဲရပ်နေသည်။

ခရီးဆောင်သေတ္တာ ဆွဲကာ ဝင်လာသူများထံ စူးစိုက်နေသောလင်း၏ အကြည့်သည် တစ်ကြိမ်မှာတော့ ဖျတ်ခနဲ လက်လိုက်သေးသည်။ အရပ်အမောင်းနှင့် အသားအရေ၊ ကိုယ်နေဟန် ခပ်ဆင်ဆင် လူတစ်ယောက် ဝင်လာ

www.nyisay.com



တာ တွေ့သည်။ သို့သော် အသေအချာ ကြည့်လျှင် ဦးဦးမဟုတ်။ မျက်နှာ ဖွဲ့စည်းပုံ တစ်ခုပင် မဆင်။

စောစောတုန်းက လမ်းမှာပင် ဦးဦးဓာတ်ပုံကို ထပ်ကြည့်ခဲ့သေးသည်။ ဦးဦးသည် ယခင်နှင့်မတူ အနည်းငယ် ပြည့်ဖြိုးလာသည်။ ဆံပင်ကိုတော့ သေသေသပ်သပ် ညှပ်ထားမြဲ။ မျက်မှန် တပ်ထားသည်။ အသားက ပို၍ပင် ဖြူကြည်လာသည်။ ဂျပန်မှာ အနေကြာတော့ ဂျပန်လူမျိုးနှင့်ပင် ခပ်ဆင်ဆင် တူနေပေသည်။ ခြုံပြောရလျှင်တော့ အသက် ၃၅ နှစ်အရွယ် ခံ့ညားသော အမျိုးသားတစ်ဦးအသွင်။

ထိုဓာတ်ပုံကို တစ်ပတ်အတွင်း အကြိမ်ကြိမ် ကြည့်မိခဲ့သည်။ များသောအားဖြင့် အခန်းတွင်း တစ်ယောက်တည်း ရှိချိန်မျိုးမှာ ကြည့်မိတတ်သည်။ ကေသီ့ရှေ့ ကြည့်မိလျှင်၊ ဓာတ်ပုံထဲက လူအကြောင်း မေးခွန်းများ မေးလျှင် သူ လုံးစေ့ပတ်စေ့ မဖြေလို။ ကေသီသည် ဦးဦးကို မသိ။ သူ့စိမ်းအပေါ် ဖွဲ့နှောင်ဖူးသော သွေးသားသံယောဇဉ်ကို ကေသီ နားလည်အောင် ရှင်းပြနိုင်မည် မဟုတ်ချေ။

မနေ့ညကတော့ ဓာတ်ပုံ ကြည့်နေစဉ်မှာပင် မေမေ ဖုန်းဆက်သည်။ 'နွေဦးကုံကော်'သီချင်းသံသည် လင်းအား အမှတ်မထင် ထိတ်လန့်စေသည်။ ဖုန်းမျက်နှာပြင်မှာ မေမေ့အပြုံးမျက်နှာ။

မေမေသည် လင်းထံ မကြာမကြာ ဆက်နေကျလို ဆက်ခြင်းမျှသာ တည်း။ လင်းကတော့ သည်တစ်ဖက်မှာ ယောင်အအ ဖြစ်နေသည်။ မေး တစ်ခွန်း ပြောတစ်ခွန်း။ သို့သော် အင်္ကျီသစ်တစ်ထည် ချုပ်ပေးဦးမည့်အကြောင်း စိတ်အားထက်သန်စွာ ပြောနေခိုက်မို့ လင်း ငြိမ်နေပုံကို မေမေ မရိပ်မိပါ။

ဦးဦး မနက်ဖြန် ဂျပန် ပြန်တော့မယ် မေမေ။

သည်စကားကို ပြောရမလား၊ မပြောရဘူးလား။ သိစိတ်နှင့် မသိစိတ်သည် လွန်ဆွဲလျက်။ လင်းသည် ဖုန်းကို တင်းတင်းဆုပ်ထားသည်။ နားနှင့် ဖိကပ်ထားသည်။ သက်ပြင်းချသည်။ နှလုံးခုန်သံမှာ ကျယ်လောင်စပြုလာသည်။ ဘာကြောင့်မှန်းမသိ ဝမ်းနည်းလာသည်။

"မေမေ"

"အေး‥ ပြော သမီး၊ ဘာလဲ ဘာပြောမလို့လဲ၊ ဘာမှာမလို့လဲ"

www.nyisay.com



မေမေ့ကို ပြောလိုက်လျှင် ဘာဖြစ်မည်နည်း။ မပြောလျှင်ကော ဘာဖြစ်မည်နည်း။ ပြန်လာကြောင်း သိခွင့်ရသည် ဆိုပါစို့။ မြန်မာနိုင်ငံ တစ်ကြိမ် ပြန်လာခိုက် အဆက်အသွယ်ပြုရန် ဦးဦးဘက်က အားမထုတ်ခဲ့ခြင်းအတွက် မေမေ စိတ်မကောင်း ဖြစ်လိမ့်မည်။ သည်သို့သာ လင်း ထင်နေသည်။

ဖေဖေ သိရင်ကော စိတ်မကောင်းဖြစ်မလား။ သိပ်တော့ မသေချာ။ ဖုန်းအဆက်အသွယ် ကျဲသွားတုန်းလို 'ခုတော့ သူ့ဘဝ အဆင်ပြေနေပြီပဲ၊ တို့မှ မလိုတော့ဘဲ' ဟု ပြောလိမ့်မည်။ လှောင်ပြုံးပင် ပြုံးကောင်းပြုံးလိမ့်မည်။ မပြောလို့ နှစ်ယောက်လုံး မသိတော့လည်း စိတ်ချမ်းသာတာပဲ။

"ဘာမှ မမှာပါဘူး၊ မေမေ ချုပ်ပေးတဲ့ အင်္ကျီလေး တအားကြိုက်တာပဲလို့ ပြောမလို့"

လင်းကို ခွင့်လွှတ်ပါ မေမေ။

လေဆိပ်ခန်းမတစ်လျှောက် လွင့်မျောနေသည့် အေးစိမ့်ခြင်းသည် လင်း၏ ခန္ဓာအား တစ်စစ တိုး၍ရစ်ပတ်လာသည်။ လက်ကို တင်းတင်းပိုက်ထားသည်။ နာရီသည် တချက်ချက် ရွေ့လျက်။

ခုချိန်ဆို ဦးဦးတစ်ယောက် လေဆိပ်သို့ ဦးတည်သော ပြည်လမ်းမ တစ်နေရာမှာ ရှိနေလောက်ပြီ။ ကျပ်သော ကားလမ်းကြောမှာ စိတ်မောနေမလား။ အစစ အကွာကြီးကွာလှသော ပတ်ဝန်းကျင်နှစ်ခုကို နှိုင်းယှဉ်နေလေမလား။ ခုနေ လိုင်းကားတစ်စီးစီးနှင့် ဘေးချင်းယှဉ် ရပ်မိလျှင် ဘေးဘီသို့ ဦးဦး အမှတ်မဲ့ ငေးကောင်း ငေးမိမည်။ လိုင်းကား ကျပ်သိပ်သိပ်ပေါ်က မျှော်လင့်ချက် မဲ့သော နွမ်းလျလျ မျက်နှာများစွာကို ဦးဦး ငေးကောင်းငေးမိမည်။ ပြင်ပကမ္ဘာက ကြည့်သော အပြောင်းအလဲသည် တကယ့်အတွင်းမှာတော့ ပြောင်းလဲခြင်းစစ်စစ် မဟုတ်ကြောင်း ဦးဦး သိပြီး ဖြစ်ပါလိမ့်မည်။ အခိုက်အတန့် ငြိမ်ဝပ်နေကြရသော ထိကရုန်းလေးများကို ဦးဦး သတိရပါလိမ့်မည်။

"လင်း"

"အေး‥ ပြော"

အာကာသည် လင်းထံ မဝ့့မရဲဟန် ကြည့်လျက်ရှိသည်။ 'ပြောပါဆို' ဟု ထပ်ပြောတော့မှ စကားစသည်။

www.nyisay.com



"ငါ ဆေးလိပ် သွားသောက်ချင်လို့ ဟိုဘက်နား ခဏသွားမယ်၊ တကယ် ခဏပါပဲ"

"နင်ကလည်း အဲဒီဆေးလိပ်ဟာ ဖြတ်ပါ ဆိုလည်း မဖြတ်ဘူး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ငါ မပြောလိုက်ချင်ဘူး၊ သွားသောက်ချေ၊ ငါ့မတွေ့ရင် ဖုန်းဆက်"

အာကာ ရယ်ကျဲကျဲနှင့် ထွက်ခွာတော့ လင်းတစ်ယောက်သာ ကျန်သည်။ လက်က နာရီကို ငုံ့ကြည့်သည်။ ၇ နာရီကျော်ပြီ။ ဦးဦး ရောက်တော့မှာပဲ။ ခုနေ လေဆိပ်ဝင်းထဲ ကားကွေ့ဝင်လာနေတာကော မဖြစ်နိုင်ဘူးလား။

လင်း၏ ရင်သည် ဒိတ်ခနဲ ခုန်လှုပ်သည်။ အေးတာကြောင့်လား၊ စိတ်လှုပ်ရှားတာကြောင့်လား မသိဘဲ ကြက်သီးမွေးညင်း ထသည်။ ပိုက်ထားသော လက်အစုံကိုသာ ထပ်တင်းမိသည်။ ပခုံး ကျုံ့သည်။ နှုတ်ခမ်းထက် အပြုံးတစ်စ ရောက်သည်။

ဦးဦးရေ လာပါတော့၊ လင်း မျှော်လှပေါ့။ ငယ်တုန်းကတော့ ဒီလို အော်ဆိုခဲ့ဖူးပါရဲ့။ မမအုံ သင်ပေးတာ မှတ်မိသည်။ တနင်္ဂနွေနေ့လိုမျိုးမှာ သတိရလျှင် ထထအော်တတ်သည်။ နောက်ပိုင်းတော့ မေမေ ငေါက်တာကြောင့် မအော်ဖြစ်။ တိုးတိုးလေးတော့ တစ်ယောက်တည်း ကြားသာရုံ ရွတ်ဖူးသားပဲ။

မိုးစက်မှုန်တို့သည် တဖွဲဖွဲမှ တသည်းသည်းသို့ ရွာသွန်းပုံ ပြောင်းကာ မြေပြင်သို့ ခုန်ဆင်းနေသည်။ ဩဂုတ်မိုးစက်များ။ မိုးစက်များနှင့် မှုန်နေသည့် ဝင်းအပြင်ဘက်သို့ လင်း အကြည့်ရွေ့သည်။ မရောက်ဖြစ်သည့်လများ အတွင်း လေဆိပ်ဝန်းကျင်သည် အတော်ပင် ပြောင်းနှင့်နေသည်။ တည်ဆောက်ပြုပြင်နေပုံ မြင်ကွင်းများကို အငှားယာဉ်ပေါ်မှပင် သူ ငေးခဲ့ရသည်။

ယာဉ်တို့သည် ဝင်းအတွင်းသို့ ကွေ့ပတ်ဝင်လာသည်။ ခန်းမရှေ့တွင် တစ်စီးပြီး တစ်စီး ထိုးဆိုက်သည်။ သည်တစ်ကြိမ် ရောက်လာသော ယာဉ်များသည် ဂျပန်သို့ သွားရောက်မည့် ခရီးသည်များသာ ဖြစ်လိမ့်မည်။ လင်း၏ ရင်ခုန်သံသည် စောစောကထက်ပင် မြန်ဆန်လာပေသည်။ လက်ကို ပိုက်ထားရာမှ ဖြုတ်ကာ လက်ချောင်းများ အချင်းချင်း ဆုပ်နယ်နေသည်။ နှုတ်ခမ်းပါးကို တင်းတင်းစေ့ထားသည်။

ဟော·· လင်းသည် ပါးစပ်အဟောင်းသား ပွင့်ဟကာ မြင်ကွင်းကို ငေးကြောင်နေသည်။ ဝင်ပေါက် တံခါးချပ်များအပွင့်၌ လှမ်းဝင်လာသူသည် လင်း နေ့ရက်များစွာ စောင့်စားနေခဲ့သူပေ။

www.nyisay.com



ဦးဦးသည် ဓာတ်ပုံထဲမှာ မြင်ရစဉ်ထက် သပ်ရပ်နုပျိုလျက်။ သို့သော် လင်း၏ အာရုံထဲ စွဲမြဲခဲ့သည့် မျက်နှာရိပ် မဟုတ်တော့ပြီ။ အပြုံးကြည်ကြည် ပြုံးနေတတ်သော မျက်နှာနေရာတွင် ငြိမ်သက်သော မျက်နှာတစ်ခု အစား ဝင်လာသည်။

သူစိမ်းလား.. ဟင့်အင်း.. မဟုတ်ပါဘူး..။ ဦးဦးရေ..။

စိတ်က လွင့်ခနဲ အပြေးထွက်သည်။ ခရီးဆောင်အိတ်ကို ဆွဲကာ လေဆိပ်ခန်းမထဲ လျှောက်ဝင်လာသည့် ဦးဦးအနီးသို့ ရောက်သည်။ လက်ကို တင်းတင်းဆွဲသည်။ 'ဦးဦး..ဦးဦး၊ လင်းလေ..လင်း၊ မှတ်မိလား ဟင်' ဟု အထပ်ထပ် ပြောသည်။ စိတ်က ပြေးနှင့်သော်လည်း လူကမူ ရပ်မြဲနေရာမှာပင် ရပ်နေသည်။

လင်းသည် လွယ်အိတ်ကြိုးကို တင်းတင်းဆုပ်ထားသည်။ ဦးဦး ဝင်လာပုံကို ငေးကြောင်နေသည်။ ဦးဦးသည် လွန်ခဲ့သော နှစ်များစွာက မြင်တွေ့နေကျလိုပင် ဂျင်းဘောင်းဘီနှင့် စပို့ရှပ် တွဲဝတ်ထားသည်။ ဂျာကင်တစ်ထည် ထပ်ဝတ်ထားသည်။ မျက်မှန်မှာ လေးထောင့်မကျတကျ ဖြစ်သည်။ ကျောပိုး အိတ်တစ်လုံး လွယ်ထားသည်။ လမ်းလျှောက်ဟန်မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသူ တစ်ယောက်၏ ဟန်။

ခရီးဆောင်အိတ်ကို နောက်ကျောဘက်တွင် သက်သောင့်သက်သာ ဆွဲကာ ဦးဦး လျှောက်လာသည်။ လင်းရှိရာ ညာဘက်ခြမ်းကိုရော ဘယ်ဘက် ခြမ်းကိုပါ တစ်ချက်မျှ ဝေ့ကြည့်လိုက်သည်။

ငယ်စဉ်က ရုပ်ရည်၊ အရပ်အမောင်းနှင့် ကြီးပြင်းသည့်နောက် ကွဲကွဲ ပြားပြား ဆိုရမလောက် အသွင်ပြောင်းခဲ့သည့် လင်းသည် ရုတ်တရက် မမှတ်မိ နိုင်မှန်း သိသိနှင့်ပင် ခေါင်းကို ဆတ်ခနဲ လှည့်လိုက်ပါသည်။ အဆင်သင့် မဖြစ်သေး။ တကယ်တမ်း သူ အဆင်သင့် မဖြစ်သေး။ နှစ်လနီးပါးလောက် စွဲမြဲခဲ့သော တွေ့လိုစိတ်သည် ခုတော့ ဘာကြောင့်မှန်း မသိ၊ သူ့ကို တွန့်ဆုတ်စေ သည်။ တစ်စုံတစ်ရာက ပိတ်ကာသလို။ စိတ်က အလျှင်နှင့်ပြေးသည်။ လူက ရပ်မြဲ ရပ်နေသည်။

သည်နှစ်များအတွင်း လင်းဘက်က ဦးဦးကို သတိရသလောက် ဦးဦး သတိတရရှိခဲ့သလား။ မသေချာပါ။ အမှတ်တရများအား လင်း အသေးစိတ် နီးပါး မှတ်မိသလောက် ဦးဦး မှတ်မိခဲ့သလား။ ဒါလည်း မသေချာပါ။ သတိရ

www.nyisay.com



လျှင်၊ မှတ်မိလျှင် ဦးဦးဘက်က ဘာကြောင့် သည်မျှ ဝေးကွာစိမ်းသက်ရသနည်း။ ဘာကြောင့် နေစိမ့်ရသနည်း။

လင်းသည် ရပ်မြဲ ရပ်နေရာကပင် အတိတ်က ဦးဦးကို တွေ့သည်။ လင်းကို ဂရုတစိုက် ချစ်ခင်သော ဦးဦး၊ လင်းကို ပျော်ရွှင်စေခဲ့သော ဦးဦး၊ လင်း၏ ဘဝကမ္ဘာမှာ မိဘများ ပြီးလျှင် ပထမဆုံး ချစ်ခင်ရသူ သူစိမ်းဖြစ်သော ဦးဦး။

ပစ္စုပ္ပန်က ဦးဦးသည် ဝေ့ဝဲသော အကြည့်တို့ကို ရပ်သိမ်းကာ ရောက်နေရာမှာပင် တစ်ခဏ ရပ်နေသည်။ လင်းနှင့် မလှမ်းကမ်းမှာ။ တိတိကျကျ ဆိုရလျှင် လင်း၏ ဘယ်ဘက် မလှမ်းမကမ်းမှာ။ လှမ်းနှုတ်ဆက်ပုံရသည့် ဖုန်းအဝင်ကို ဦးဦး လက်ခံ စကားပြောနေသည်။ ဦးဦးသည် စကားပြောရင်း ပြုံးနေသည်။

သို့သော် ယယ်တုန်းက လင်း တွေ့ဖူးသည့် အပြုံးမျိုး မဟုတ်ပါ။ ယခုအပြုံးတွင် အကာအရံတစ်ခု ပါသည်။

'ဦးဦး ပြောင်းလဲသွားပြီ သိလား၊ ဆယ်နှစ်တောင် ကြာမှတော့ ပြောင်းလဲရောပေါ့၊ လင်း ဆိုတဲ့ ကောင်မလေးကိုရော သူ့မေမေကိုရော မေ့ပြီပေါ့၊ ဘယ်သတိရတော့မလဲ' ဟု လင်း၏ စိတ်အမှတ် (၁) က ပြောသည်။

'အို·· ဦးဦးဟာ ငါ့ကို ဘယ်တုန်းကမှ မေ့မှာ မဟုတ်ဘူး၊ ငါ့ကိုရော မေမေ့ကိုရော သိပ်သံယောဇဉ်ကြီးတာ၊ ဖေဖေ့ကိုလည်း သိပ်ခင်တာပဲ၊ ငါတို့ကို မဆက်သွယ်ခဲ့တာ ဦးဦးမှာ အကြောင်းရှိလို့ပါ၊ သတိမရလို့ မဟုတ်ပါဘူး၊ ဦးဦး ငါ့ကို ချစ်ပါတယ်'ဟု စိတ်အမှတ် (၂) က ငြင်းချက်ထုတ်နေသည်။

လင်းသည် နေရာမှာပင် ရပ်မြဲရပ်သည်။ တလှိုက်လှိုက် ဖြစ်လာသည်။ နှုတ်ခမ်းကို တင်းတင်းစေ့ထားမြဲ။ မျက်တောင်ဖျားကို တစ်ချက်နှစ်ချက် ခတ်လိုက်သည်။ သက်ပြင်း အခါခါ ရှိုက်သည်။ ဘာလုပ်ရမလဲ·· လင်း ဘာလုပ်ရမလဲ ဦးဦးရယ်။

အို·· ဦးဦးသည် ဖုန်းချကာ ခြေလှမ်းစလိုက်သည်။ တစ်စုံတစ်ဦး ပါလာသလို နောက်ကျောဘက်သို့ ငဲ့ကြည့်သည်။ လင်း တွေဝေစွာ ခေါင်းငုံ့ချလိုက်ပြန်သည်။ သို့သော် ခြေလှမ်းကိုတော့ လှမ်းမြဲ။

check in ကောင်တာများရှိရာ အတွင်းခန်းသို့ ဝင်ရန် ဦးဦး ခြေဦးလှည့်လိုက်သည်။ လင်းနှင့် ဦးဦးသည် ခြေလှမ်း ငါးလှမ်း၊ ခြောက်လှမ်းမျှ

www.nyisay.com



သာ ကွာမည်။ ခုနေ အပြေးလိုက်ပြီး အင်္ကျီစဆွဲလိုက်ရင် ဦးဦး အံ့ဩသွားမှာပဲ။

'လင်းပါ၊ ဦးဦး မှတ်မိလား'လို့ ဆိုရင် ဦးဦး ဝမ်းသာအားရ စကားဆက်တိုက်ပြော၊ မေးခွန်းဆက်တိုက်မေးမလား။ ဒါမှမဟုတ် 'သြော်- အေး၊ နေကောင်းတယ် မဟုတ်လား'လို့ အေးတိအေးစက် ပြောမလား။ နောက်လှည့်ထွက်သွားမလား။

လင်းသည် မှန်သားပြင်မှာ ထိကပ်ခဲ့ဖူးသော မိုးရေစက်များကို ပြန်မြင်နေသည်။ လက်နှင့် မထိကိုင်ခင်က အလှကို သတိရသည်။ မှန်သားခြားနေလည်း အလှကို မြင်ရတာပဲ။ ထိတွေ့ရတဲ့နောက်သာ အလှပျက်တော့တာ။

'နွေဦးကံ့ကော်များ… ဒီအချိန်လေးတိုင်းမှာ‥ကိုယ် သတိရစရာတွေ ပေါ်လာမြဲ အချစ်ရေ‥'

လင်း၏ ခြေလှမ်းများ ဖြုန်းခနဲ ရပ်သွားသည်။ ဖုန်းသည် လက်ထဲမှာပင် အသင့်ကိုင်လျက်။ အာကာဟု မကြည့်ဘဲ သိနေသည်။ ဦးဦး၏ ခြေလှမ်းများ တုံ့သွားပုံကို မျက်လုံးထောင့်က မြင်သည်။ ကြည့်စမ်း၊ ဦးဦး 'နွေဦးကံ့ကော်'ကို သိတုန်းပဲ။

လှည့်ကြည့်မည်ဟု လင်း ထင်ခဲ့သည်။ ဖန်းလျှလျှ လှုပ်ခတ်သော စိတ်နှင့် စောင့်သည်။ မျက်ရည်ရစ်သော မျက်ဝန်းများနှင့် စောင့်သည်။

သို့သော် ဦးဦး လှည့်မကြည့်ပါ။ ဝင်ပေါက်သို့သာ တန်းတန်းမတ်မတ် လျှောက်ကာ ဝင်သည်။

ဦးဦးရေ…လင်းသည် အာစေးထည့်ထားသူပမာ အသံထွက်မရချေ။ တွေဝေစိတ်သည် သူ့နှုတ်ကို ချုပ်ထားသည်။ တရွေ့ရွေ့ တိုးဝင်သွားသော ကျောပြင်ကို ငေးနေသည်။ ဦးဦးရယ်‥တစ်ချက်လောက် လှည့်ကြည့်လိုက်ပါ။ ဦးဦးနောက်မှာ လင်းပါ ဦးဦးရယ်…လင်းပါ။

လင်း ငေးနေစဉ်မှာပင် check in ကောင်တာသို့ ဦးဦး ရောက်ပြီ။ လူတန်းနောက်မှာ တန်းစီသည်။ တရိပ်ရိပ် ရွေ့တိုးနေသည်။

ရပ်နေသော အရုပ်ကို သံပတ်ပေးလိုက်သည့်ပမာ တစ်ချက်တုန်ကာ အတွင်းခန်းသို့ ရှင်းလင်းစွာ မြင်ရသည့် မှန်နံရံများရှိရာဆီ လင်း မပြေးရုံတစ်မည် လျှောက်လာသည်။ လူရှင်းရာ တစ်နေရာတွင် သူ ရပ်လိုက်သည်။

www.nyisay.com



မှန်သားပြင်ကို လက်နှင့် ကပ်ထားသည်။ တစ်ဖက်တွင် မိုးရေစက်များ မရှိ။ စိတ်ကူးထဲက မိုးရေစက်များ မရှိ။ ဘာကြောင့် လက်နှင့် ထိကိုင်ရန် တွေဝေရသနည်း။ ဦးဦးကရော ဘာကြောင့် တစ်ချက် ငဲ့မကြည့်သနည်း။

ဖုန်းခေါ်သံ တစ်ကြိမ် ကြားရပြန်သည်။ သည်တစ်ကြိမ်တော့ ဖုန်းကိုင်လိုက်ပါသည်။

''လင်း၊ နင် အခု ဘယ်မှာလဲ၊ ငါ လိုက်ရှာတာ နံ့နေတာပဲ၊ ငါ သူငယ်ချင်းတစ်ယောက်နဲ့ တွေ့လို့ စကားပြောနေတာနဲ့ ကြာသွားတာဟ''

ဟိုဟိုသည်သည် ရှာနေဆဲ ဖြစ်သော အာကာ့ကို လှမ်းတွေ့ရသည်။ အားကိုးရာ တစ်စုံတစ်ယောက်ဟု အစဉ်ထင်မှတ်သူကို တွေ့လိုက်မှပင် လင်း၏ ဝမ်းနည်းစိတ်က ပို၍ လှိုက်လာပါသည်။ စကားမပြန်နိုင်။ သည်တစ်ဖက်သို့ အကြည့် ရောက်ခိုက် လက်လှမ်းပြမိသည်။ နေရာမှာပင် ရပ်မြဲ ရပ်နေသည်။

အာကာသည် လင်း၏ အနီးသို့ လေအလျင်လိုပင် လွင့်ခနဲ ရောက်လာသည်။

''ဦးဦးနဲ့ တွေ့ပြီးပြီလား လင်း''

''ဟင့်အင်း''

''ဘာလို့လဲဟ''

''မသိဘူးဟာ ငါ့ကို ဘာမှ မမေးနဲ့ဦး၊ ဦးဦးကို ဒီကနေ ကြည့်ပါရစေ''

''နင်ကလည်းဟာ''ဟု အာကာ ရေရွတ်နေသည်။ ဝေခွဲမရသော အရိပ်မှာ အာကာ့မျက်နှာပေါ်တွင် ဖြတ်ပြေးနေသည်။ သည်ရက်တွေထဲ စိတ်အားထက်သန် ရွှင်ပျနေတဲ့ လင်းကို သူ ပြန်မြင်နေမှာပေါ့။ လေဆိပ်အလာ လမ်းတစ်လျှောက် ပြုံးနေတဲ့ လင်းကို သူ ပြန်မြင်နေမှာပေါ့။

သူ တစ်ခုခု မေးလိမ့်မည်ဟု လင်း ထင်ခဲ့သည်။ သို့သော် မမေးပါ။ လင်းလိုပင် မှန်သားချပ်၏ တစ်ဖက်သို့ လှမ်းကြည့်နေပါသည်။

လင်းသည် ခန်းမကျယ်ကို ငေးနေသည်။ ရွေ့လျားစက်လှေကားကို ငေးသည်။ ထိုစက်လှေကားသည် ဦးဦးကို သယ်ဆောင်သွားလိမ့်မည်။ လေယာဉ်သည် လင်းတို့နှင့် မိုင်ပေါင်းများစွာ ခြားသော မြေသို့ ဦးဦးကို သယ်ဆောင်သွားလိမ့်မည်။ နောင် ဘယ်နနှစ် ကြာမှ ဦးဦး သည်မြေကို ပြန်လာမလဲ။ လင်း မသိပါ။

www.nyisay.com



မီးပွင့်လေးများ လင်းလက်နေသော မျက်နှာကြက်ကို လင်း မော့ကြည့်သည်။ စိတ်ဖြင့် တဖျပ်ဖျပ် ဆေးစက်ထင်သော ပန်းချီတွင် တက္ကသိုလ်အနီးက ဝန်ထမ်းအိမ်ကို မြင်သည်။ တက္ကသိုလ်ဝင်းထဲက လမ်းသွယ်များကို မြင်သည်။ သစ်ပင်တို့ကို မြင်သည်။ ဂျပ်ဆင်ကို တွေ့သည်။ မြက်ခင်းပြင်‥။ လင်း၏ ရယ်သံများ‥။ သက်ဝင်သော မေမေ့အပြုံး‥။ လှပခဲ့သော နေ့ရက်များ‥။ အလှတရားသည် မှန်ချပ်နောက်တွင် ငြိမ်သက်စွာ တည်မြဲ။

ဟော‥ ပစ္စုပ္ပန်က ဦးဦးသည် ကျောပိုးအိတ်တစ်ခုသာ ပေါ့ပေါ့ပါးပါး လွယ်ကာ ကောင်တာအနီးက ခွာလာပြီ။ ရွေ့လျားစက်လှေကားအနီးသို့ လျှောက်လာသည်။ မှန်သား ကာရံသည့် ခန်းမအပြင်သို့ တစ်ချက် လှမ်းကြည့်သည်။

ထိုခဏတွင် မျက်လုံးချင်း ဆုံလိုက်သည်ဟု ထင်သည်။ သို့သော် မဟုတ်ပါ။ ဦးဦးသည် ဘယ်အရာကိုမှ သေသေချာချာ ကြည့်ခြင်း မဟုတ်။ ခြုံကာ ကြည့်လိုက်ခြင်းသာ ဖြစ်သည်။ တစ်နည်းအားဖြင့် နှုတ်ဆက်ကြည့် ကြည့်ခြင်း။ သူစိမ်းများစွာဟု ဦးဦး တွေးမည်။ သူ့ကို ချစ်သော ကလေးမလေး တစ်ဦး သူ လှမ်းကြည့်သော နေရာမှာ ရှိလေကြောင်း ယောင်လို့မှ တွေးမိမှာ မဟုတ်။

တစ်နေ့တော့ လေဆိပ်ခန်းမထဲ လင်း ရှိနေခဲ့ဖူးကြောင်း ဦးဦး သိခွင့် ရပါလိမ့်မည်။ အဲဒီအခါ ဦးဦး ဝမ်းနည်းမလား။ ဒါမှမဟုတ် အံ့အားသင့် မလား။

လင်းသည် မှန်သားချပ်ကို လက်ဝါးပြင် နှစ်ဖက်လုံးနှင့် ထိကပ်ထားသည်။ မှန်သားပြင် တစ်ဖက်တွင် မိုးရေစက် မရှိ။ ဦးဦးသာ ရှိသည်။ သည် တစ်ဖက်မှာတော့ မျက်ရည် ရှိပါသည်။ ကွဲကြေသော စိတ်နှလုံးနှင့် လင်း ရှိပါသည်။

ဦးဦးသည် ယုံကြည်မှု ဆောင်မြဲဟန်နှင့်ပင် စက်လှေကားပေါ်သို့ ခြေချလိုက်သည်။ စက်လှေကားသည် ကမ္ဘာခြားသို့ ဦးတည်သလိုပင် တရွေ့ရွေ့ မြင့်တက်သွားသည်။ စက်လှေကားထိပ် ကြမ်းပြင်သို့ ရောက်လျှင် ဦးဦး ခြေချသည်။ နောက်ကျောဘက်သို့ လှည့်မကြည့်။ လက်ပြရန် တစ်ဦးတစ်ယောက်မျှ မရှိဟု ဦးဦး ထင်လိမ့်မည်။ ထင်ခဲ့လိမ့်မည်။

www.nyisay.com



ဦးဦးသည် လင်း ဧေးနေစဉ်မှာပင် စက်လှေကား နောက်တစ်ဆင့်သို့ ဦးတည်လိုက်တော့သည်။ မှုန်ပျပျ တရွေ့ရွေ့ မဟုတ်။ တိခနဲ ပျောက်ကွယ်ခြင်း။ ကန့်လန့်ကာတစ်ခု ပိန်းပိတ်ကျလာသလို တိခနဲ ပြတ်တောက်ခြင်း။

ဝေးကြပြီ။ ထိတွေ့ ဖမ်းဆုပ်မရတဲ့ စိတ်ကမ္ဘာကိုယ်စီမှာ အသီးသီး ရှင်သန်ဖို့ရာ ဝေးခဲ့ကြပြီ။

လင်းသည် မျက်လုံးအစုံကို ဖိမှိတ်လိုက်သည်။ မျက်ရည်တလိမ့်လိမ့် ကျလာသည်။ မှန်သားပြင်ကို လက်ဖဝါး နှစ်ဖက်သာမက နဖူးပါ ဖိကပ်ကာ တစ်ခဏ ငြိမ်နေသည်။ ကျောပြင်မှာ တသိမ့်သိမ့် ခါနေသည်။

တစ်ခဏမျှ ကြာလျှင်တော့ ခန္ဓာကိုယ် ဆတ်ခနဲ မတ်သည်။ မျက်ရည်များကို ပွတ်သုတ်ကာ ယောင်ယောင် ပြုံးလိုက်ပြန်သည်။ အရိပ်ပမာ ပူပင်စောင့်ကြပ်သော အာကာသည် စိတ်အစွန်းနှစ်ဖက်၌ တစ်လှည့်စီ ရပ်သည့် လင်းထံ အံ့အားသင့်ဟန် လှမ်းကြည့်နေသည်။

မျက်နှာကြက် ပန်းချီကို စိတ်နှင့် ရေးသည့်အခါတိုင်း အတိတ်ကမ္ဘာမှ ဦးဦး၏ ပုံရိပ်များအား နဂိုနေအတိုင်း အလွမ်းစွက်ကာ ဆွဲခွင့်ရ၍ ပြုံးရကြောင်း တစ်စွန်းတစ်စပင် လင်း ဖွင့်ဟ မပြော။ မျက်ရည်ဝေသော အပြုံးနှင့်ပင် ဆိတ်ဆိတ် ငြိမ်နေသည်။

ကုန်လွန်ခဲ့သော အတိတ်မှ အချို့သော အမှတ်တရတို့သည် ပစ္စုပ္ပန်သို့ ရောက်သည့်တိုင် လှမြဲ လှနေလေ့ ရှိသည်။ အချို့ကတော့ အတိတ်တွင်သာ လှနိုင်သည်။

ဦးဦးသည် အတိတ်တွင်သာ လှမည့် အမှတ်တရမျိုး ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

* * *

*စံပယ်ဖြူနု*



640351004
Price : 2800.00
ရွှေရွှေတုန်းကကဲ့ကော်ပွင့်တွေ(စံပယ်ဖြူ
TAB-Books & Arts

www.facebook.com/NyisayEbookCreator